www.burmeseclassic.com

# လရောင်ရွှန်းမြသော ညတစ်ည

## (နှင့် အခြားဝတ္ထုရှည်များ)

## ဒဂုန်တာရာ

အမှတ် ၅၄၈၊ ဓမ္မရုံလမ်းမကြီး၊ ၆-မိုင်ခွဲ၊
ရန်ကုန်မြို့။ ဖုန်း-၃၂၈၆၁

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ လရောက်ရွှန်းမြသော ညတစ်ည | ... | ၁ |
| ၂။ သတို့သမီး မြကေခိုင်သက် | ... | ၁၅၉ |
| ၃။ ကြွေဝေတို့ ညီအစ်မ | ... | ၂၀၉ |

www.burmeseclassic.com

# လရောင်ရွှန်းမြသော ညတစ်ည

## (နှင့် အခြားဝတ္ထုရှည်များ)

---

## ဒဂုန်တာရာ

www.burmeseclassic.com

(၁)

ယမုန်နာအင်းကြီးကို တောင်များက ဝန်းရံထားကြလေ၏။

အင်းကြီးမှာ စိမ်းနက်သောရေပြင်ရှိ၍ အလျား ၅-မိုင်၊ အနံ ၅-မိုင် ကျယ်ဝန်းသည်ဟု ပြောကြ၏။ အင်းကြီး၏ တစ်ဖက်တွင် မောပြည်နယ်၏မြို့တော် လှပသောယမုနရဋ္ဌမြို့ တည်ရှိ၍ သူနှင့် မျက်နှာချင်းဆိုင် အင်းတစ်ဖက် တောင်ခြေတွင် 'စိတ္တကရ' ရဲတိုက်ကြီး ရှိ၏။ ရဲတိုက်၏ ကျောနောက်တွင် ထင်းရှူးပင်နှင့်ယူကလစ်သစ်ပင်များက ခြံစည်းတံတိုင်းသဖွယ် စီရံထားသော ပန်းဥယျာဉ်ကြီး ရှိသည်။ မြက်လမ်းကလေးများ ယက်ဖောက်ထားပြီး လမ်းဆုံတို့၌ ပန်းရုံကလေးများ ရှိသည်။ ဥယျာဉ်၏အလယ်၌ ကြေးဖုံကောင်၏ ပါးစပ်မှ ရေများ ပန်းထွက်ဖြာကျနေ၏။ ရဲတိုက်၏ ရှေ့မျက်နှာစာ အုတ်

www.burmeseclassic.com



လှေကား ထစ်မှ ကြည့်လိုက်လျှင် တစ်ဖက်ကမ်းရှိ ယမုနရဋ္ဌမြို့ ရှုခင်းကို ကောင်းစွာမြင်နိုင်လေ၏။

'စိတ္တကရ' ရဲတိုက်ကြီးကို ပဒေသရာဇ်မင်းသားတစ်ပါးက လွန်ခဲ့သော အနှစ်တစ်ရာခန့်က တည်ဆောက်ခဲ့သည်။ သီပေါမင်း နန်းကျလောက်သောအခါ ထိုမင်းသားသည် လူစု၍ အင်္ဂလိပ်အား ခုခံတိုက်ခိုက်ရင်း သေဆုံးသွားသည်။ သူ၏ အဆက်အနွယ်မှာ ဆင်းရဲနွမ်းပါးသွားကာ မြန်မာသူဌေး တစ်ဦးအား ရောင်းလိုက်သည်။ မြန်မာသူဌေးထံမှ ခင်က ငှား ထားခြင်း ဖြစ်လေသည်။

အုတ်နီသားအတိုင်းထား၍ အဝေးမှကြည့်လျှင် စိမ်းသော သစ်ပင်များအကြားမှ မြင်ရသော နီနီ အဆောက်အအုံကြီးကို ရွာသားများက ရဲတိုက်ဟု ခေါ်ကြ၏။ အိမ်ထောင်ပရိဘောဂ များမှာ ရှေးဟောင်းလက်ရာများဖြစ်ကြ၍ ခင်၏ အိပ်ခန်းဆောင်သာ ခေတ်ဆန်စွာ ပြင်ဆင်ထားပေ၏။ ဧည့်ခန်းနံရံတို့၌ အင်္ဂတေ ပန်းချီကားများ ခြယ်ရေးမွမ်းမံထားခြင်းကြောင့် အမျိုးသား အနုပညာလိုက်စားသူများ၊ သုတေသနဆရာများ လာရောက် လေ့လာ ကြည့်ရှုတတ်ကြသည်။

နွေဦးပေါက်၌ ခင်သည် မျက်နှာစာရှိ မြက်ခင်းလှေကား ထစ်၌ နေတတ်သည်။ ထိုနေရာမှနေကြည့်လျှင် အင်းတစ်ဖက် ကမ်းရှိ တောင်စောင်း၌ မှေးမှိန်ထားသော ယမုနရဋ္ဌမြို့မှ တန်ဆောင်း ပြာသာဒ်များကို မြင်ရလေသည်။ သို့မဟုတ်လျှင် လည်း ကျောဘက်ဥယျာဉ်ထဲရှိ ထင်ရှူးပင်များ အောက်၌ လမ်းလျှောက်တတ်လေသည်။

မိတ်ဆွေများ လည်ပတ်ကြသည့်အခါ ပင်းတယ ဥမင်၊ မိုင်းပွန်ရေပူစမ်း၊ မိုးနဲ စသောနေရာများသို့ သွားလေ့ရှိကြသည်။ တစ်ခါတစ်ရံသာ မိတ်ဆွေသင်္ဂဟတို့ ဖိတ်မှ ယမုနရဋ္ဌမြို့ဘက်သို့ သွားသည်။

ဥယျာဉ်ထဲရှိသစ်ပင်အောက်၌ စာဖတ်ရခြင်းကို မွေ့လျော်သည်။ စာဖတ်ရခြင်းမှ ငြီးငွေ့လျှင် သူ၏ဘဲလ်အဲယား ကားကို ကိုယ်တိုင်မောင်းကာ အင်းကြီးကို ပတ်တတ်သည်။ ငုနီလာများ ပွင်ချိန်တွင်ကား ပြာလဲ့လဲ့အပွင့်ကလေးများသည် တစ်ခြံလုံးယှက်သမ်းနေပေသည်။ သူသည် အပြာရောင်အောက်တွင် ကြည်မော၍ နေလေသည်။

သူ၏ ခင်ပွန်းသည် စောသီဟ သေဆုံးသည်မှာ တစ်နှစ်ကျော်ပေပြီ၊ သူတို့မောင်နှံသည် ၈-နှစ်ကျော် ကာလပတ်လုံး ငွေကို ရေလိုသုံးစွဲကာ စိတ်မချမ်းမြေ့စွာ ပေါင်းသင်းလာခဲ့ကြသည်။ စောသီဟ သေဆုံးသွားသောအခါ သူ့လက်ထဲ၌ ငွေ အမြောက်အမြား မကျန်ရစ်ခဲ့တော့။ လက်ဝတ်လက်စား အချို့နှင့် ငွေသား အနည်းငယ်သာ ကျန်ရစ်ခဲ့ကာ အသက် ၂၆-နှစ် အရွယ်တွင် မုဆိုးမ ဖြစ်ခဲ့ရလေ၏။

ရန်ကုန်မှထွက်မလာခင်ပင် သူ၏ဝတ်လုံက သူ့အားပြောခဲ့သေးသည်။

'မေမီ . . ဦး ပြောချင်တယ်၊ မေမီ့မှာ ကလေးလဲကျန်ရစ်တာ မဟုတ်ဘူး၊ နောက်ပြီးတော့ စားဖို့နေဖို့ဆိုတာလဲ သိပ်ပူစရာ ရှိလှတာမဟုတ်ဘူး၊ ကျန်းမာအောင် စိတ်ချမ်းသာအောင်သာနေ၊ အရွယ်က ငယ်ငယ်ရှိသေးတယ်၊ လှလဲလှတယ်၊ အဲဒီ

တော့ နောက်ထပ် အိမ်ထောင်ပြုဦးမှာပဲ၊ ဦးပြောချင်တာက ဒီတစ်ခါတော့ အချစ်အတွက်နဲ့ လက်မထပ်နဲ့တော့ ဟုတ်လား၊ မှားခဲ့တယ်ဆိုတာ သိပြီမဟုတ်လား၊ တည်တည်တံ့တံ့နဲ့ ထည်ထည်ဝါဝါ နေရဖို့၊ ဘဝရဲ့ အဖော်သဟဲ ဖြစ်ဖို့အတွက်သာ လက်ထပ်ပေတော့'

ဝတ်လုံမှာ ငယ်စဉ်ကတည်းက သိကျွမ်းလာသူ ဖေဖေ၏ မိတ်ဆွေ အဘိုးကြီး ဖြစ်ပေသည်။ ဝတ်လုံက သူ့ကို ကျောင်းနာမည် မေမီဟုပင် ခေါ်သည်။

ခင်က ရယ်မောခဲ့ပေသည်။

သူသည် လင်မယားဘဝ၏ ခါးသီးသော အတွေ့အကြုံကို ခံစားခဲ့ရပြီ။ နောက်ထပ် အိမ်ထောင် ဘဝ တစ်ခုကို စွန့်စွန့်စားစား မလုပ်ချင်တော့ပြီ။ သို့သော် ဆန်းကြယ်သည်ကား ယခု မောပြည်ရောက်မှ အမြော်အမြင်ရှိသော ဝတ်လုံကြီး၏ ဆုံးမစကားကို စဉ်းစားနေရပေပြီ။ ယနေ့ညနေပင်လျှင် အိမ်ထောင်ရေး ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရမလို ဖြစ်နေပေပြီ။ မကြာမီပင်လျှင် ဦးရဲအောင်သည် စိတ္တကရသို့ ရောက်လာပေတော့မည်ပါတကား။

လွန်ခဲ့သော ၁၅-မိနစ်ခန့်ကပင် ယမုနရဌမြို့ရှိ သူတည်းခိုနေသော ရာဇဂေဟာမှ မမျှော်လင့်ဘဲ ရန်ကုန်သို့ လေယာဉ်ပျံ နှင့် ချက်ချင်း ပြန်ရမည်ဖြစ်၍ မသွားခင် တွေ့လိုကြောင်း တယ်လီ ဖုန်းနှင့် အကြောင်းကြားလိုက်သည်။

ဦးရဲအောင်မှာ နိုင်ငံခြားရေးဌာန အတွင်းဝန်ချုပ် ဖြစ်လေသည်။ ဝန်ကြီးချုပ်ရုံးမှ ခေါ်ခြင်းဖြစ်၍ ရာထူးဌာနန္တရ

အတွက် ဖြစ်ဟန်ရှိ၏။ ဦးရဲအောင်မှာ ငယ်စဉ်ကတည်းက ထူးချွန်သော အုပ်ချုပ်ရေး အရာရှိတစ်ယောက် ဖြစ်၏။ ခင်၏ ဖခင် နယ်ခြားဝန်ထောက်နှင့် ဦးရဲအောင်တို့မှာ အုပ်ချုပ်ရေး ဘက်တွင် အတူ တစ်ချိန်တည်းထမ်းရွက်သူ မိတ်ဆွေများဖြစ်ကြ၏။ ခင်၏ဖခင်မှာ ငယ်စဉ်ကတည်းက ဆုံးခဲ့လေရာ ရန်ကုန်တွင် ပြန်နေကြစဉ် ဦးရဲအောင်မှာ ရုံးပိတ်ရက် ခွင့်ရက်များတွင် ခင်တို့ထံ လည်ပတ်လေ့ ရှိလေသည်။ ဂါဝန်ဝတ်ကလေးနှင့် မေမီကို ဆပ်ကပ်ပွဲသို့ လူပျိုကြီး ဦးရဲအောင်က ခေါ်သွားတတ်သည်။ အပျိုဖြန်းကလေး အရွယ်တွင်လည်း ရုပ်ရှင်ဇာတ်ပွဲများသို့ တကားကား ခေါ်သွားသည်။ ခင်အသက် ၁၆-နှစ်အရွယ်လောက်တွင် သူမိခင်ကပြော၏။

'မေမေတော့ကွယ်. . . မေမေသာ သမီးဆိုရင်လေ ဦးရဲအောင်ကို ငြင်းမှာမဟုတ်ဘူး၊ သမီး သတိထားမိလား၊ သူက သမီးကို ချစ်နေရှာတယ်'

ခင်က ခစ်ခနဲ ရယ်လိုက်သည်။

'မေမေ့လူကဖြင့် ကြီးလှပြီ'

'အခုမှ သုံးဆယ်ကျော်လေး ရှိပါသေးတယ်ကွယ်'

သို့သော် နောက်၂-နှစ်အကြာ ခင်သည် ရွယ်တူ စောသီဟနှင့် လက်ထပ်လိုက်သောအခါ မြိတ်အရေးပိုင် ဦးရဲအောင်ထံမှ ပုလဲသွယ်များ လက်ဖွဲ့အဖြစ် လက်ခံရရှိလေသည်။ သူတို့ အိမ်ထောင် ဘဝမှာ စိတ်မချမ်းမြေ့စရာကောင်းသည် သိရသောအခါ ဦးရဲအောင်မှာ ပို၍ပင် ကြင်နာကြောင်း သတိရကြောင်း

ပြသည်။ နှစ်သစ်ကူးတိုင်း အဖိုးတန်လက်ဆောင်များ ခင့်ထံ ရောက်လာပေသည်။

ယခု သူသည် စိတ်ပြေလက်ပျောက် စိတ္တကရသို့ လာနေသောအခါ ဦးရဲအောင်သည် ခွင့်ရ၍ သူ့ထံ လိုက်လာကာ လက်ထပ်ဖို့ ပြောရန် စောင့်နေခြင်း ဖြစ်သည်ကို သူသိသည်။ ပြန်၍ တွေးလိုက်သောအခါ ဦးရဲအောင်သည် သူ့အပေါ် မေတ္တာရှိနေသည်မှာ ကြာလှပေပြီကော။ ငယ်ငယ် အပျိုဖြန်း ကလေးအရွယ် ကတည်းက ဖြစ်ခဲ့သည်မဟုတ်လော။ သို့သော် ကွာခြားခြင်းကား ရှိခဲ့သည်။ ၁၇-နှစ်အရွယ် အပျိုပေါက်ကလေးနှင့် အသက်သုံးဆယ်ကျော် လူပျိုကြီး၊ ယခု ပြောင်းလဲလာပေပြီတကား၊ ယခု သူက ၂၆-နှစ်။ ဦးရဲအောင်ကား ၄၃-နှစ်။

ဦးရဲအောင်မှာ ကြီးကျယ်သော ဌာနန္တရ ရရှိဦးမည်။ ခင်၏ မိခင်မှာ ကွယ်လွန်ခဲ့ပေပြီ။ လောကအလယ်တွင် အားကိုးစရာ ဦးရဲအောင် တစ်ဦးသာ ကျန်ရှိတော့သည်။

'ဆုံးဖြတ်ချက်တော့ ချရတော့မှာပဲ' ဟု ခင်က တွေး၏။

ဦးရဲအောင်သည် မကြာမီပင် ရောက်လာပေတော့မည်။ ဘယ်အခန်း၌ ဧည့်ခံရမည်နည်း။

ဧည့်ခံ ခန်းမဆောင်ကြီး၌ မကောင်းပေဘူးလော၊ ခန်းဆောင်ကြီးကား နံရံဆေးရေးပန်းချီတို့ဖြင့် ခမ်းနားတင့်ဆန်းလှပေသည်။ ရွှေးဟောင်း ပန်းကြွ ရွှေရေး ဖော်ထားသော ကုလားထိုင်စားပွဲများ၊ ဝေဆာသော မီးပဒေသာပွင့်ကြီးများဖြင့် လှပ ပေသည်။ အဆောင်အယောင်ဖြင့် သားနားလွန်းလှသည်။

ကန္တြေ သိက္ခာရလွန်း၍ သိပ်မကောင်း။ တိုက်ရှေ့ရှိ မြက်ခင်းကလေး၊ ဦးရဲအောင် အင်မတန် နှစ်သက်သောနေရာကလေးပေတကား။ သူလာလျှင် ညနေစောင်းတွင် ဤနေရာမှနေ၍ ယမုန်နာအင်းကြီး၏ ရှုခင်းကို အရသာခံရာ၌ ဘယ်တော့မှ မမောပန်း၊ အဆောင်အယောင် အခမ်းအနား မဆန်တော့ဘဲ ရင်းနှီးမှုပါသည်။ ပေါ့ပါး လွတ်လပ်သည်။ သူ့ကို ညနေခင်းမို့ လက်ဖက်ရည် မုန့်များဖြင့် တည်ခင်း ဧည့်ခံမည်။ အကယ်၍ သူက လက်ထပ်ဖို့ပြောလာလျှင် လက်ဖက်ရည်သောက်ရင်း နှစ်ယောက်သား သက်သာ အေးဆေး စွာ နေနိုင်မည်။ သူက လက်ဖက်ရည်သောက်နေစဉ် မိမိမှာမူကား သဗျက်သီး ကိတ်မုန့်ကလေးကို တမြုံ့မြုံ့ စားနေမည်။

ဤအခင်းအကျင်းကလေးမှာ ယဉ်ပေသည်။ အပိုအမို အမွမ်းအမံသိပ်မပါ၊ ကြိမ်ကုလားထိုင် အနီကလေးများ ဘေး၌ ခွာဝါပင် ခွာဖြူပင်ကလေးများ ရှိသည်။ ကြွေဒေါင်းရုပ်အမြီး၌ နွယ်ပန်းများ တက်နေကြပေလိမ့်မယ်။ ကားရုပ်ရန် ဆင်ဝင်မှ အောက်သို့ လှေကားထစ်များဖြင့် အနည်းငယ် ဆင်းသွားပြီး လက်ရမ်းတွင် ကြွေအိုးကြီးများ စီရရီကို တွေ့ရမည်။ အဆင်း လှေကားထိပ်၌ သူရဿတီနတ်သမီး ရုပ်ထုနှစ်ခုက ကြိုဆို နှုတ်ဆက်လိမ့်မည်။

ခင်သည် မနန်းခိုင်အား ငွေလင်ပန်းနှင့် လက်ဖက်ရည်များ ယူလာရန် မှာထားလိုက်သည်။

ကောင်းကင်ယံ၌ တိမ်များ ကင်းစင်လျှက်ရှိရာ နီလာသားကဲ့သို့ ပြာလဲ့လဲ့ တောင်ရိပ်ခွင်ကို မှေးမှိုထားသော ယမုနရဠ

မြို့ကြီးမှာ ဝင်းပသော နေရောင်၌ ကြည်လင်ပြတ်သားစွာ ပေါ်ထွန်းနေပေသည်။

ကားမောင်းလာသော အသံကြားရသည်။

အတန်ကြာလျှင် မနန်းခိုင်၏ ယောကျ်ား ဦးကြာပွင့်သည် ဦးရဲအောင်အား လမ်းပြကာ လှေကားထစ်ထိပ်သို့ ခေါ်လာသည်ကို တွေ့ရလေ၏။ အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ်၊ မီးခိုးရောင် သက္ကလပ်ဘောင်းဘီအရှည်၊ စိမ်းပြာနုရောင် ဆွယ်တာ အင်္ကျီရင်ခွဲနှင့် တောင့်တင်းဖျတ်လတ်သော ထင်ရှားပေါ်လွင်သည့် ကိုယ်ဟန်ကို ကြည့်၍ ကျန်းမာ၍ အားကစားလိုက်စားသူဟု အကဲခတ်၍ ရသည်။ တင်းနစ်ကစားသူ၊ မြင်းစီးကောင်းသူဟု ခန့်မှန်းနိုင်သည်။ ဆံပင်မှာ ခပ်ကောက်ကောက် မျက်နှာမှာ နုပျိုသည်။ ရှိရင်း အသက်ထက် ၈-နှစ် ၉-နှစ်ခန့် ငယ်သော ဟန်ပန်အသွင်အပြင် ရှိသည်။ ချောမောသူ ဟု ဆိုနိုင်၏။ ခန့်ညားတင့်တယ်သော အသွင်အပြင်မှာ လူတစ်ဖက်သား၏ ယုံကြည်ကိုးစားမှုကို ခံယူရစေသည်။

သူသည် ကြိမ်ကုလားထိုင် အနီကလေး၌ ထိုင်ထိုင်ခြင်း အချိန်မပြောဘဲ စတင်၍ လိုရင်းကို ပြောလေသည်။

'ဝန်ကြီးချုပ်က ဒီကနေ့မနက်ပဲ လေးလေးကို တယ်လီဖုန်းက ခေါ်ပြောတယ်။ မောပြည်မှာ သံအမတ်ကြီး ခန့်ချင်သတဲ့။ ကက်ဘီနက်မှာတော့ ဆုံးဖြတ်လိုက်ပြီတဲ့၊ လေးလေးက မဟာဝိဇ္ဇာတန်းမှာ ရာဇဝင်ယူတုန်းကလည်း အရှေ့အာရှ ရာဇဝင်သုသေတန ယူခဲ့တော့ သူတို့က လေးလေးကို အသင့်တော်ဆုံးလို့ ယူဆနေကြ တယ်မေမီ'

'ကောင်းသားပဲ၊ လက်ခံလိုက်ပေါ့'

'သိပ်မက်ကြတဲ့ နေရာပဲ'

'မေမီတော့ ဝမ်းသာတယ်'

'မေမီနဲ့ စကားပြောစရာ တိုင်ပင်စရာတွေရှိတယ်။ ဒီက ပြန်ရင် ဟဲဟိုးသွားရမယ်၊ ဟဲဟိုးကမှ ရန်ကုန်ပြန်ရမယ်၊ သုံးလေးရက်တော့ ကြာဦးမယ်၊ ဝန်ကြီးချုပ်က လေးလေးနဲ့ ဆွေးနွေးစရာတွေ ရှိသတဲ့'

'ဟုတ်တာပေါ့'

ညင်သာသော အပြုံးရိပ်တစ်ခုသည် သူ၏နှုတ်ခမ်းပေါ်၌ ပေါ်လာ၏။ မျက်လုံးများမှာ ဝင်းပ၍လာ၏။

'မေမီ. . ဒီသံအမတ်ရာထူးက သိပ်အရေးကြီးတယ်၊ လွတ်လပ်ခါစ အရှေ့အာရှ နိုင်ငံငယ်လေးတွေချင်း စည်းလုံးဖို့ လိုအပ်နေတဲ့အခါ ကြားနေနိုင်ငံတွေရဲ့ အင်အား အရာရောက်နေတဲ့ အခါမှာ သိပ်အရေးကြီးနေတယ်'

'မေမီတော့ လေးလေးဟာ အောင်အောင်မြင်မြင် လုပ်နိုင်လိမ့်မယ် ဆိုတာကို ယုံတယ် လေး'

'ဟုတ်တယ်. . လုပ်စရာတွေလဲ အများကြီးရှိတယ်၊ တာဝန်ကလည်းကြီးတယ် လေးလေးက ဒါမျိုးကို ကြိုက်ပါတယ်၊ ခမာပြည်ဆိုတာ ရှေးဟောင်းအနုပညာတွေ လေ့လာစရာကောင်းတဲ့နေရာ တစ်ခုပဲ၊ လေးလေးတို့ မွန်ယဉ်ကျေးမှုဆိုတာ ခမာပြည်က ဆက်ခံလာရတာတွေ၊ သံအမတ်နေဖို့ ဂေဟာဆိုတာကလည်း နန်းတော် အဆောင်တစ်ခုကို ပေးတယ်လို့ သိရတယ်'

ခင်မှာ သူ၏စကားသည် အဘယ်သို့ စီးဆင်းနေသည် ဆိုတာကို သိမြင်လေသည်။ သူက ဦးရဲအောင်ကို စိုက်ကြည့်ကာ ဘာမျှ နားမလည်သကဲ့သို့ ပြုံး၍နေသည်။ အမှန်အားဖြင့် သူမသည် စိတ်လှုပ်ရှားလျက် ရှိနေ၏။

ဦးရဲအောင်က ဆက်လက်ပြော၏။

'ဒီလိုရာထူးမျိုးအတွက်က ဇနီးရှိဖို့လိုတယ်။ လူပျိုနဲ့ မဖြစ်ဘူး။ ခမ်းနားတဲ့ ဧည့်ခံပွဲတွေ လုပ်ရမှာ'

ခင်၏ မျက်လုံးများသည် မကွယ်မဝှက် ထင်လင်းစွာပင် တောက်ပ၍နေ၏။

'လေးလေးရဲ့ အခုလို ခမ်းနားထည်ဝါတဲ့ ရာထူးမှာ အတူနွဲဖို့ အမျိုးသမီးလှလှတွေ အများကြီး ရှိမှာပေါ့၊ ဟုတ်တယ် မဟုတ်လား'

'လေးလေးလည်း နယ်အနှံ့အပြား ရောက်ခဲ့ပါတယ်ကွာ။ ခက်တာက လက်ထပ်ဖို့ရာ ပြောဖို့ တစ်ဦးတစ်ယောက်ပဲ ရှိတယ်လို့ သတ်မှတ်ထားပါတယ်'

လာပြီလေ။ ခေါင်းညိတ်ရမလား၊ ခေါင်းခါရမလား၊ သိပ်ခက်တယ်။ ဆုံးဖြတ်ဖို့ရာ ခက်သည်။ ဦးရဲအောင်က သူမကို ခပ်ထေ့ထေ့ ပြုံး၍ ကြည့်လိုက်သည်။

'မသိချင်ယောင်ဆောင်မနေပါနဲ့ မေမီရယ်။ မေမီငယ်ငယ် အမေရိကန် ဆံထောက်ကလေးနဲ့ အရွယ်ကတည်းက လေးလေးက ချစ်နေတယ်ဆိုတာ မေမီသိပါတယ်။'

ဘာပြန်ပြောရမည်နည်း။ ဝင်းဝင်းပပ ရယ်မောနေရပေမည်။

'လေးလေးကလဲ ဘာတွေပြောနေတာလဲ'

'မေမီဟာ လေးလေးတစ်သက်တာမှာ တွေ့ဖူးသမျှထဲမှာ ဖြင့် အချောဆုံးပဲ၊ တစ်ကယ်တော့ အသက်ချင်းကွာတာ သိပါတယ်။ မေမီထက် ဆယ့်ငါးနှစ်ကျော် ကြီးတယ်။ မေမီ ဖေဖေနဲ့မှ လေးလေးက အတူတူ၊ ငယ်ငယ်တုန်းက မေမီ ကလဲ လေးလေးကို ရယ်စရာ အဘိုးကြီး တစ်ယောက်လို အောက်မေ့တယ် မဟုတ်လား'

'မဟုတ်ပါ. . . ဘူး' ဟု ခင်က အော်ပြော၏။ သို့သော် အမှန်ကို မပြောသည်ကို သူ့ဘာသာသူသိသည်။

'ဘာပဲဖြစ်ဖြစ်လေ၊ အဲဒီတုန်းက မေမီဟာ ရွယ်တူတန်း တူကိုပဲ နှစ်သက်မယ်ဆိုတာ သိပါတယ်၊ ဒါက သဘာဝပဲကွ၊ ယုံပါ၊ မေမီလက်ထပ်တော့မယ်လို့ စာရေးလိုက်တော့ ပျော်ပျော်ရွှင်ရွှင် ဖြစ်ကြမှာပဲလို့ အောက်မေ့တယ်။ ဒါကြောင့် ဝမ်းသာခဲ့တယ်။ နောက် မပျော်ရွှင်ဘူးဆိုတာ သိရတော့ လေးလေးလည်း စိတ်မချမ်းသာပါဘူးကွယ်'

'ဟုတ်တယ်. . . မေမီတို့လက်ထပ်တာ ငယ်ကြသေးတာပဲ'

'လေးလေးစဉ်းစားမိတယ်၊ အခုအခါမှာ အသက်ချင်း ကွာခြားတာဟာ အရေးကြီးသေးသလားဆိုတာ. . . '

ခင်မှာ အဖြေရကြပ်သော မေးခွန်းဖြစ်၍ ဘာမျှပြန် မပြောဘဲ သူ့ဘာသာသူ ဆက်လက်၍ ပြောပါစေတော့ဟု အသာနေလိုက်လေသည်။

'လေးလေးလဲ ကိုယ့်ကိုယ်ကို ကျန်းမာသန်စွမ်းအောင် ကြည့် နေပါတယ်၊ ကိုယ့်ကိုယ်ကိုလဲ အသက်ကြီးတယ်လို့ မထင်ပါဘူး။ တကယ်ပြောတာမေမီ၊ အဆိုးဆုံးကတော့ ဘာလဲ သိလား။ နှစ်တွေ ဘယ်လောက် ရောက်လာပေမယ့် မေမီက တော့ လှသထက်လှတာပဲကွ'

ခင်က ပြုံးနေလေ၏။

'လေးလေးအခု သိပ်စိတ်ပျော့နေတယ်ထင်တယ် ဟုတ်လား၊ တစ်မျိုးပဲလေ၊ လေးလေးကြည့်ရတာ မေမီတော့ အဲ့သည်လို နည်းနည်းမှ မထင်ဆုံးပဲ။ တကယ်တော့ လေးလေး ဟာ သံမဏိပဲ'

'ကောင်မလေးက ပြောတော့မယ်၊ မေမီပြောတာမှန်တယ်၊ လေးလေးဟာ စိတ်ပျော့နေတယ်၊ သံမဏိဟာ အရည်ပျော်နေတယ်၊ မေမီ့လက်ထဲမှာ ဖော့ဖယောင်းဖြစ်နေတယ်'

'လေးလေးက မေမီ့ကို လက်ထပ်ဖို့ပြောနေတာလား'

'ဟုတ်တယ်၊ မအံ့သြဘူးလား'

'မအံ့သြပါဘူး၊ လေးလေးကို မေမီခင်ပါတယ်၊ လေးလေးဟာ ယောကျ်ားကောင်း တစ်ယောက်ပါ၊ တစ်ကယ်တော့ လေးလေးက တောင်းရမ်းတဲ့အတွက် မာနတောင် တက်ရမှာပါ'

'အဲ့ဒီတော့. . . ပြောလေ'

ဦးရဲအောင်သည် ပြုံး၍နေသည် ဦးရဲအောင်ကား ချောမော သူတစ်ယောက် ဖြစ်ပေသည်။ သံအမတ်ကတော် အဖြစ်

ကား ခမ်းနားထည်ဝါ၍ စိတ်လှုပ်ရှားစရာများဖြင့် ပြည့်လျှမ်းနေပေလိမ့်မည်။

'လေးလေး ရန်ကုန်မှာ သုံးလေးရက်ကြာမယ်နော်'

'ဟုတ်တယ် အလွန်ဆုံး လေးရက်ပါပဲ။ ဝန်ကြီးချုပ်ကလဲ ခရီးထွက်စရာရှိတယ် ပြောတယ်'

'ဒါဖြင့် မေမို့ဆီက အဖြေကို လေးလေးရောက်လာတဲ့ အထိစောင့်ပါလားဟင်'

'ကောင်းပြီလေ၊ စောင့်တာပေါ့၊ တစ်ခုတော့ ရှိတယ်နော်၊ မဖြစ်နိုင်ဘူးဆိုတဲ့ အဖြေပေးဖို့တော့ စဉ်းစားတာမဟုတ်ဘူးလို့ တွက်တယ်၊ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် လေးလေးကလဲ' ဟု ခင်က ပြုံးကာ ပြော၏။

ကဲ. . ဒါဖြင့် ပြန်မယ်၊ လေယာဉ်ပျံအမီ သွားရမှာ'

သူသည် ဦးရဲအောင်နှင့်အတူ ယှဉ်တွဲကာ ကားဆီသို့ လမ်းလျှောက်လာ၏။

'ဒါ့ထက် လေးလေး. . ဟို. . မဟာဒေဝီကို ဒီည ထမင်းစားပွဲ မလာနိုင်ဘူးဆိုတာတော့ ပြောပြီးပြီလား'

ညတွင် နှစ်ယောက်စလုံးအား ယမုနရဋ္ဌရှိ မဟာဒေဝီက ထမင်းစားဖိတ်ထားရာ အတူသွားကြရန်ဖြစ်သည်။

'ဟုတ်တယ် မနက်ကပဲ လေးလေးမလာနိုင်တာကိုတော့ ပြောသေးလား'

ဦးရဲအောင်က တစ်ချက်ရယ်မောလိုက်၏။

'မဟာဒေဝီကတော့ ပြောမဖြစ်ပါဘူးကွာ၊ သိပ်ပိုတဲ့ အဖွားကြီး၊ နောက်ကျတော့လဲ အမှန်ကို ဖွင့်ပြောရမှာပဲ'

'အမယ်. . သူက လေးလေးမရှိလည်း တစ်ယောက် အစား ရောက်လာမှာပါ' ဟု ခင်က အမှတ်မထင် ပြောလိုက်လေ၏။

'လေးလေးတော့ လာမခေါ်နိုင်ဘူး၊ ဦးကြာပွင့်ပဲ ကား မောင်းခိုင်းပြီး အဖော်ခေါ်သွားပေတော့ ဟုတ်လား'

'မဖြစ်တော့ဘူး လေးလေးရဲ့၊ ဦးကြာပွင့်ရော မနန်းခိုင် ရော ဒီညခွင့်ပေးလိုက်ပြီ၊ မနက်ဖြန် တနင်္ဂနွေနေ့လေ'

'ညကြီးသန်းခေါင် မေမီတစ်ယောက်တည်း ကားမောင်း တာတော့ လေးလေးမကြိုက်ဘူးကွာ၊ ဒီလမ်းတွေ စိတ်မချရ ဘူး၊ ဟိုဟာယူသွား'

'ဘာလဲ. . . သေနတ်လား၊ ဒီလမ်းတွေ စိတ်ချရပါတယ် လေးလေးရယ်'

ခင် ကားမောင်းဝါသနာပါသည်ကို ဦးရဲအောင် ကောင်း ကောင်းသိသည်။ သို့သော် စိတ်မချရသည်ကို ကျေနပ်စေခြင်းငှာ ခြောက်လုံးပြူးကလေးကို ယူလိုက်က ညဘက် ကား မောင်းလျှင် အမြဲဆောင်မည်ဟု ကတိပေးလိုက်လေ၏။

'ဒီ စိတ္တကရ အနားတစ်ဝိုက်မှာက ရွာကလေးတွေရှိတယ် မဟုတ်လား၊ တချို့လဲ သိပ်ဆင်းရဲကြတာ၊ လေးလေးတော့ စိတ်မချပါဘူး။ သတိဝီရိယနဲ့သွား၊ ကိုယ့်ကိုယ်ကိုလဲ ဂရုစိုက်'

ဦးကြာပွင့်သည် ကားတံခါးကို ဖွင့်ပေး၏။ ဦးရဲအောင် သည် ဦးကြာပွင့်လက်ထဲသို့ ငွေတစ်ဆယ်တန်တစ်ရွက် ထည့် လိုက်သည်။

'ဒီမယ် ဦးကြာပွင့်၊ ကျွန်တော် ခရီးသွားစရာရှိတယ်၊ သုံးလေးရက်လောက်တော့ ကြာမယ်၊ ခင်ဗျားက စောင့်ရှောက်လိုက်ပါ၊ ဒီညလဲ ယမုနရဌကို ကျွန်တော်လိုက်ပို့နိုင်မှာ မဟုတ်ဘူး၊ ညဘက် ကားနဲ့ထွက်ရင် ခြောက်လုံးပြူး ယူသွားဖို့ သူမေ့နေရင် သတိပေးလိုက်ပါ'

'ကောင်းပါပြီ' ဟု ဦးကြာပွင့်က ပြောလိုက်လေ၏။

* * *

## (၂)

ခင်သည် အလုပ်ပြင်နေလေသည်။ မနန်းခိုင်သည် သူ့ဘေးတွင် ထိုင်ကာ လုပ်စရာရှိသည်များကို ကူညီလုပ်ပေး၏။

'ဘယ့်နှယ်လဲ မနန်းခိုင်၊ ပါးဆိုးဆေးကများ များနေသလား၊ ကြည့်စမ်းပါဦး'

'လှပါတယ် မမရဲ့၊ မမပါးကလေးတွေက နဂိုကတည်းက နီနေတာ'

'အမလေး. . . ဒီပွဲက တစ်တောင်လောက် ဖို့လာကြမှာ'

ထို့နောက် ခင်သည် ဇာပြောက် ထမီအနက်ကို ဝတ်သည်။ နက်မှောင်နေသော တိမ်လှိုင်းများဘက်၌ ငွေကြယ်၊ မြကြယ်၊ ပတ္တမြားကြယ်များ သေးသေးမျှင်မျှင် ပြောက်ထား

လေသည်။ သူသည် အတန်အသင့် စိန်ထည်များ ဆင်ယင်လာသည်။ စိန်ကြယ်သီး၊ စိန်လက်စွပ်၊ စိန်လက်ပတ်နာရီ။

နောက်ဆုံး၌ ဆံပင်ပေါ်တွင် ဇာနက်ပိုက်ကွန်ကလေး အုပ်လိုက်သည်။ ကားမောင်းလျှင် ဆံပင်မလွင့်ရန် အုပ်ခြင်း ဖြစ်လေသည်။

သူတို့ကို ဖိတ်ထားသောနေရာမှာ ကမ်းစပ်မှ လှေကလေးနှင့် ငါးမိနစ်ခန့် သွားရသော အင်းရေပြင်ထဲ၌ ဆောက်ထားသည့် ယမုန်နာ ဟိုတယ်၌ ဖြစ်သည်။ အင်းထဲမှရသော လတ်လတ်ဆတ်ဆတ် ငါးများကို ကြော်ချက်ရာ၌ နာမည်ကြီး ဖြစ်၏။ လထွက်သောအခါ တစ်အင်းလုံး ငွေလရောင်ဖြင့် ရွှန်းလဲ့ကာ လှုပနေသော ရှုခင်းကို မျက်နှာပြုထားသည့် နေရာကလေး ဖြစ်လေသည်။

မဟာဒေဝီက အဆိုတော်က ကောင်းကြောင်းလည်း ပြောထား၍ တူရိယာဝိုင်းမှ တေးသံလည်း ကြားရပေဦးမည်။

ခင်သည် ရွှေရောင် လက်ပွေ့အိတ်ကို ယူလိုက်သည်။

'ကဲ. . ပြီးပြီ'

'မမ သေနတ် မေ့နေတယ် ထင်တယ်'

မှန်တင်ခုံပေါ်၌ ဆင်စွယ်ရိုး သေနတ်ကလေးရှိလေ၏။

ခင်သည် ရယ်လိုက်လေသည်။

'တမင်တကာ မေ့ထားတာ၊ ဘာလုပ်ဖို့လဲကွယ်၊ မမဖြင့် တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ သေနတ်မပစ်ဖူးပါဘူး၊ နောက်ပြီး မမမှာ သေနတ်လိုင်စင်လဲ ရှိတာမဟုတ်ဘဲနဲ့၊ တော်ကြာ အမှုမရှိ အမှုပတ်နေလို့ ခွကျနေပါဦးမယ်'

'မမက ဦးရဲအောင်ကို သေနတ်ယူသွားပါ့မယ်လို့ ကတိပေးထားတယ် မဟုတ်လား'

'ဦးရဲအောင်ဆိုတဲ့လူကြီးဟာ အလကားပါ၊ ပိုနေတာပဲ'

'ယောကျ်ားတွေဟာ သူတို့ချစ်လာပြီဆိုရင် ပိုလာကြတာပဲ မမရဲ့'ဟု မနန်းခိုင်က ကြီးကြီးကျယ်ကျယ် ပြောလိုက်သည်။

ခင်သည် တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် လက်ပွေ့အိတ်ကို ဖွင့်လိုက်၏။

'ကဲကွယ်. . ဒီအထဲ ထည့်လိုက်ရမှာပေါ့'

ဦးကြာပွင့်သည် ဘဲအဲယားကားစိမ်းပြာကို ဆင်ဝင်အောက် မောင်းယူလာလေသည်။ ခင်သည် ကားထဲသို့ဝင်ကာ ဂျိုင်းခန်တံခါးပိတ်ပြီး အသာ ဖြည်းညင်းစွာ မောင်းထွက်လာလေသည်။ စိတ္တကရဝင်းထဲမှ ထွက်ကာ မကြာမီ အင်းကြီးကို ပတ်သော ယမုနရဋ္ဌမြို့သို့ သွားသော လမ်းပေါ်၌ ရောက်နေလေတော့သည်။

သူမသည် နာရီ လှမ်းကြည့်လိုက်သည်။ ငါးနာရီထိုးပြီးလေပြီ။

တစ်လမ်းလုံး သူ့ကား တစ်စီးတည်းသာ ရှိလေသည်။ ဘေးတစ်ဖက်တစ်ချက်၌ သစ်ပင်များ ဖြစ်လေသည်။ သစ်ပင်များ ကြားထဲမှ အင်းကြီးကို မြင်လေသည်။ တစ်ခါတစ်ရံ သစ်ပင်များက ထူထပ်၍ ရေအရောင်ကို ဖျူဖျူလဲ့လဲ့ သာမြင်ရ၏။ ကားသည် တရိပ်ရိပ်ပြေးနေလေ၏။

အမှန်အားဖြင့် ယမုနရဠသို့ မရောက်ချင်သေး။ စိတ္တရ မှာပင် ထမင်းစားပြီး ညဘက်အပြင်ရှိ ခြံထဲ သစ်ပင်များ အောက်၌ ထိုင်ရသည်မှာ အင်မတန်ကြည်နူးသာယာဖို့ကောင်း သည်။ ည၏ညက်ညောညင်သာခြင်းသည်တဖြည်းဖြည်းလွှမ်း ခြုံလာသည်ဟု ခံစားရသည်။ ထို့နောက် ဦးရဲအောင်ကို သတိ ရလာပြန်သည်။ လေးလေးမရှိတုန်း သွားဖို့မကောင်းဘူး။

သို့သော် ညနေဘက် သူ့ဘာသာသူသွားရင်း စဉ်းစား တွေးတောဖို့ အချိန်ရလေသည်။ ဦးရဲအောင်က သူ့ကို ရည် ရွယ်မှန်း သိသော်လည်း ညနေက လာလိမ့်မည်ဟုကားမထင် မိပေ။ အချိန် ကာလ၏ ဆန္ဒလက်ထဲ ချန်ရစ်ခဲ့ချင်သည်။ တစ် ကယ်တမ်း တွေ့တွေ့ ဆိုင်ဆိုင် တွေ့လာရပေပြီ။ ခင်သည် မဆုံးဖြတ်တတ်ဘဲ ဖြစ်လာ ပြန်လေသည်။

သို့နှင့် ကားသည် ယမုနရဠမြို့ထဲသို့ ဝင်လာလေသည်။ သူ သည် ကားကို ဂရုစိုက်မောင်းရလေသည်။ ကားကို ကမ်းစပ်တွင် ထားခဲ့ပြီးနောက် အသင့်ရှိနေသော လှေကားလေးနှင့် ယမုန်နာ ဟိုတယ်သို့ လာခဲ့သည်။ သူသည် မဟာဒေဝီ စောမိုခန်း၏ ထမင်း စားပွဲသို့ နောက်ဆုံးရောက်သည် ဖြစ်နေလေသည်။

မဟာဒေဝီကား ခပ်သွယ်သွယ်၊ လှိုင်းထနေသော ဆံပင် ထွန့်ရစ္စန့်နှင့် အသက်လေးဆယ် ကျော်လေပြီ။ ငယ်စဉ်က ဘိလပ်၌ ပညာသင်ဖူးသည်။ စော်ဘွားကွယ်လွန်သည်မှာ ဆယ်နှစ်ခန့်ပင်ရှိပေပြီငယ်စဉ်ကထက်ပင်ချောမောလှပနေ ပေသည်။ စော်ဘွား ရှိစဉ် ကတည်းကပင် ခပ်ပွေပွေဟု အဆိုရှိ

၏။ အပေါင်းအသင်း ဆံ့၍ သူသိချင်သူနှင့် အသိဖွဲ့သည်။ လူများကလည်း သူ့ကို သိချင်ကြသည်။

ထိုည၌ စောမိုခန်းသည် ပန်းရောင်ကို ဆင်ယင်ထားလေသည်။ ယမုနရဋ္ဌ၌ တပ်စခန်းချထားသော တပ်မင်းဗိုလ်မှူးကြီးတင်အောင်ထွန်းနှင့် ဇနီး ရင်ရင်လှိုင်၊ ရန်ကုန်မှ လာလည်ပတ်သော စန္ဒကူး စီးကရက် ကုမ္ပဏီပိုင်ရှင် ကိုကျော့ဖေ စသူတို့လည်း တွေ့ရသည်။ ကိုကျော့ဖေနှင့်ကား ရောက်စကတည်းကသိ၍ ကိုကျော့ဖေက သူ့ကို ဂရုတစိုက် ရှိလေသည်။

ခင်က သူတို့ကို နှုတ်ဆက်သောအခါ သူက. . .

'ကျွန်တော်က လူစားဝင်လာရတာပါဗျာ၊ ပထမက ကျွန်တော့်ကို ဖိတ်တာ မဟုတ်ပါဘူး' ဟု ပြုံးကာ ဆို၏။

မဟာဒေဝီက ခင့်ဘက် လှည့်လျက်. . .

'ဒါပဲကောင်းတယ် ခင်ရဲ့၊ ဦးရဲအောင်ကရန်ကုန်ဆင်းရမှာမို့ မလာနိုင်ဘူးလို့ အကြောင်းကြားတာကိုး၊ ဒါနဲ့ သူ့ကို ဖိတ်လိုက် ရတာ၊ သူကလဲ ကိစ္စတစ်ခုကို ဖျက်ပြီးလာတာ'

'ကျွန်တော်ကတော့ မဟာဒေဝီက ဖိတ်တယ်ဆိုရင် ကမ္ဘာပေါ်မှာ ဘယ်လို ကိစ္စမျိုးဖြစ်ဖြစ် ဖျက်ပြီး လာခဲ့ရသူပါ' ဟု ကိုကျော့ဖေက ဆိုလိုက်၏။

မဟာဒေဝီက ခတ်ပြတ်ပြတ် ပြုံးလိုက်၏။

မဟာဒေဝီ၏ အပြုံးမှာ အတွေ့အကြုံများဖြင့် ရင့်ကျက်၍ အသားကျနေ၏။ လောကကြီးကို လက်ဝါးပြင်ကဲ့သို့ သိကျွမ်းသော အမူအရာကို ဆောင်၏။

ကိုကျော့ဖေမှာ အသက် နှစ်ဆယ့်ရှစ်နှစ်ခန့်ရှိ၍ အသား လတ်လတ်၊ အရပ်အမောင်းကောင်းကောင်း၊ အဝတ်အစားကို ကျကျနန ဝတ်သည်။ သူ၏ မျက်လုံးများမှာ ကြည်လင် တောက်ပသည်။ အမူအရာမှာ ရွှင်ပျသည်။ အပျော်အပါး လိုက်စားသည့် ဟန်ပေါ်၍ သူ့ကိုမနှစ်သက်သူတို့ကမူ လူလည် ဂျပိုးဟု ကွယ်ရာက ရှုတ်ချကြ၏။ သူ့၌ ယုံကြည်စရာမကောင်း သော ကိုယ်ရေးရာဇဝင် ရှိသည်။ အသက်နှစ်ဆယ်အရွယ်လောက် ကပင် တစ်ပါးသူ တစ် ယောက် စေ့စပ်ထားသော မိန်းမပျို တစ်ဦးအား ခိုးပြေး၏။ သုံးနှစ် ခန့်ကြာသောအခါ လင်မယား ကွာရှင်းသော အမှုတစ်ခု၌ တရားခံ ဖြစ်နေ၏။ ထို့ကြောင့် သူ့ မိန်းမကလည်း သူ့ကို ကွာရှင်းလိုက်လေ၏။ သူသည် သူ့ကြောင့် ကွာရှင်းပြတ်စဲခြင်းခံရသော မိန်းမနှင့် ကြာရှည် မပေါင်းသင်းဘဲ သုံးလေးနှစ်အကြာ ထိုမိန်းမကို သူက ပစ်လိုက် လေသည်။ သူ့ မိဘများက ချမ်းသာလေရာ မကြာသေးမီက အမွေများ ရလိုက်၍ စီးကရက် ကုမ္ပဏီတစ်ခု ထောင်ထားလေသည်။ ထို အလုပ်မှာ ဝင်ငွေကောင်း၍ မပူမပင် နေထိုင်လေသည်။

ဗိုလ်မှူးကြီး တင်အောင်ထွန်းမှာ ကိုကျော့ဖေအား သူ့တို့ နှင့်အတူ ထမင်းစားဖိတ်သဖြင့် အံ့သြနေသည်။ မိမိသားမယား နှင့်ပင် နီးနီးကပ်ကပ်စိတ်မချရသော လူစားမျိုးဟု သူက အထင်သေးထား၏။

သို့သော် ထမင်းစား စားပွဲ၌ နေရာယူလိုက်ကြသောအခါ သူ့ဇနီးသည် ရင်ရင်လှိုင်မှာ ကိုကျော့ဖေနှင့် ကပ်လျက်ကျနေ ၏။ကိုကျော့ဖေစကားပြောသည်ကို ရင်ရင်လှိုင်က အေးအေး

စက်စက် သဘောမကျသော ဟန်ဖြင့် နားထောင်နေသည်ကို တွေ့ရ၍ ဝမ်း သာနေမိ၏။ အဆိုးဆုံးသည်ကား ကိုကျော့ဖေမှာ ရင်ရင်လှိုင်နှင့် မောင်နှမဝမ်းကွဲ တော်စပ်နေသည်ကို သိရခြင်းဖြစ်၏။

အမှန်အားဖြင့် ကိုကျော့ဖေမှာ မိကောင်းဖခင် ဂုဏ်သရေရှိ ဆွေမျိုးအဆက်အနွယ်ထဲက ဖြစ်သည်။ ဗိုလ်မှူးကြီးကမူ ဒီအသိုက်အဝန်းထဲကစုန်းပြူး တစ်လုံးတစ်လေတော့ပါမှာပဲဟု စဉ်းစားကာ မိန်းမတွေကသူ့ကိုဘာနှစ်သက်ကြပါလိမ့်ဟု နားမလည်နိုင်အောင် ဖြစ်နေ၏။ မိန်းမနှင့်ပတ်သက်၍ စိတ်မချရခြင်းကို တွေးကာ ဗိုလ်မှူးကြီးသည် မခံချိမခံသာ ဖြစ်နေလေ၏။

မိန်းမများကမူ သူ့အပေါ် အထင်အမြင်မကောင်းစေကာမူ သူနှင့် နာရီဝက်လောက် စကားပြောမိလျှင် အသည်းနှလုံးသည် အရေပျော်ကျမြဲ ဖြစ်၏။ မကြာမီပင် သူ့အကြောင်း မကောင်း ပြောချက်များသည် တစ်ဝက်ပင် မမှန်ပါကလားဟု တွေးမိလာ စေ၏။ အကယ်၍ သူ့အပေါ်ဘာများ မြင်မိသလဲဟု မေးလာလျှင် တော်တော် အဖြေရခက်တတ်ပေ၏။

အမှန်အားဖြင့် ကိုကျော့ဖေမှာ လူချောလူလှတစ်ယောက်ကား မဟုတ်။ အသွင်အပြင်၌ ထူးခြားခြင်းမရှိ၊ သာမန် မြင်နေကျ လူမျိုးပင်ဖြစ်၏။ အဝတ်အစားကိုကား သေသေသပ်သပ်ဝတ်၏။ ဘာကိုမျှ လေးလေးနက်နက် ရှိပုံမရ။ အချစ်ကိစ္စကိုပင် ယင်းသို့ သဘောထားဟန်ရှိ၏။

သို့သော် အကြမ်းထဲမှပင် သိမ်မွေ့မှုကလေးများကို တွေ့ရတတ်၏။ မိန်းမတို့၏ သဘောထားကို သိမြင်သူဖြစ်၏။ သူ၏ နှုတ်ခမ်းနှင့် မျက်လုံးများအပေါ်၌ အာရုံခံစားမှုနှင့် ကြင်နာခြင်း များကို မြင်နိုင်၏။ မဟာဒေဝီသည် သူနှင့် ပတ်သက်၍ ဘွင်းဘွင်း နှင့်ကြမ်းကြမ်းပင် ပြော၏။

'မမတော့ အသက်သာ ၁၄-၅-နှစ်လောက် ငယ်သေးမယ်ဆိုရင်လေ. . . ကိုကျော့ဖေကသာ ခိုးပြေးရင် တစ်မိနစ်မဆိုင်းဘဲ လိုက်သွားမှာပဲ၊ နောက်မှသာ သူကပစ်သွားလို့ ဒုက္ခရောက်ချင်ရောက်ပါစေကွယ်'

မဟာဒေဝီသည် နေသားတကျ ရှိသွားသောအခါ ခင့်ဘက်သို့ လှည့်ကာ စကားပြောလေသည်။

'ဦးရဲအောင်တစ်ယောက် မလာနိုင်တာတော့ ဝမ်းနည်းသကွယ်'

'သူကလဲ လာချင်တာပဲ မမရဲ့၊ ရန်ကုန် ပြန်ရလို့လာကို'

ထို့နောက် စောမိုခန်းသည် အခြားသူများဘက် လှည့်ကာ

'လျှို့ဝှက်ချက် တစ်ခုတော့ ပြောရဦးမယ်၊ ပေါက်တော့ မပေါက်ကြားကြနဲ့နော်၊ ဦးရဲအောင် သံအမတ်ကြီး ဖြစ်သွားပြီ၊ ခမာပြည်ကို သွားရမယ်တဲ့'

ဗိုလ်မှူးကြီးကအံ့ဩ၍ဆို၏။

'ဟာ. . . သိပ်ကောင်းတာပဲဗျာ'

'ဘာလဲ. . .၊ မမျှော်လင့်ပဲ ခန့်အပ်ခြင်းခံရတာလား'

'စဉ်းစားထားတဲ့ အထဲမှာတော့ ပါတာပေါ့' ဟု ခင်က ဝင်ထောက်လိုက်သည်။

ဗိုလ်မှူးကြီးက 'သူနဲ့ အတော်ဆုံးပါပဲဗျာ'

'မမတော့ သံအမတ်ကတော် သိပ်ဖြစ်ချင်တာပဲ'

'ဒါဖြင့် မမ သူ့ကို လက်ထပ်လိုက်ပါလား. . . .'

'အချိန်ရှိပါသေးတယ်'ဟု ခင်က ပြုံး၍ ပြောလေသည်။

'သူက လူပျိုပဲ ရှိသေးလား' ဟု တိုင်းမင်းကြီးကတော် သက်သက်က မေး၏။

စောမိုခန်းသည် ခင့်အား မလိုတမာဟန်နှင့် ပြုံးလှည့်ကာ 'မမကတော့ ထိန်ချန်ထားစရာ မရှိပါဘူးကွယ်၊ သူ ဒီလာနေတုန်း မမအခန်း ညတိုင်း လာလည်နေတာပဲ'

ကိုကျော့ဖေသည် ပြုံးကာ ခင့်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ခင်က 'မဟာဒေဝီနဲ့ သိပ်လိုက်တာပဲ'ဟု ပြောလေသည်။

မဟာဒေဝီနှင့် ကိုကျော့ဖေက သူ့အား စ,နေကြသည်ကို သိလေသည်။ ဦးရဲအောင် ကလည်း သူ့မိတ်ဆွေများနှင့် သူမ၏ မိတ်ဆွေများအား ခင့်ကို ချစ်နေကြောင်း ပြောပြထားပြီးဖြစ်သည်။ မဟာဒေဝီက ခင့်ထံမှ ဘာစကားရမည်လဲဟု နှိုက်လေ့ရှိသည်။

တိုင်းမင်းကြီး ကတော် သက်သက်က လေးနက်စွာပင် 'မဟာဒေဝီက ခမာပြည် ရာသီဥတုကို နှစ်သက်ပါရဲ့လား၊ မိုးသိပ်ကောင်းတယ်လို့ ကြားတယ်'

မဟာဒေဝီက ပြန်ပြော၏။

'အို. . . . ကျွန်မအရွယ်ကအကြိုက်တစ်ခုကိုယာယီပဲထားနိုင်တဲ့ အရွယ်ပါ၊ ကျွန်မက အချိန်သိပ်ဖြုန်းနိုင်တာ မဟုတ်

ဘူး၊ ဒါကြောင့် ဟောဒီက ကိုကျော့ဖေနဲ့ တွဲနေတာပေါ့၊ သူကတော့ အလကားပါ၊ ရည်ရွယ်ချက်ကောင်းတာ မဟုတ်ပါဘူး’

ဗိုလ်မှူးကြီးသည် ပန်းကန်ထဲ၌ထည့်ထားသော ငါးပေါင်းများကို စိုက်ကြည့်နေသည်။ ယမုန်နာအင်းထဲမှ ငါးများမှာ ချိုသောအရသာ၌ နာမည်ကြီးသည်။

ယမုန်နာဟိုတယ်၌ အမြဲတမ်း တူရိယာအဖွဲ့ ရှိလေသည်။ ထမင်းစားခန်းနှင့် ဒိုးယိုပေါက်အခန်းမှ တီးမှုတ်သီဆိုသော အသံများ ထွက်ပေါ်လာ၏။

မဟာဒေဝီက. . .‘အဆိုတော် မောင်အုံ့ထိုက် ဆိုတော့မယ် ထင်တယ်၊ သိပ်အသံကောင်းတဲ့ အဆိုတော်ပဲ၊ အသံ ကောင်းရုံ တင်မဟုတ်ဘူး၊ သူ့ အသံက လှိုက်လှိုက်လှဲလှဲဖြစ်ပြီး နားထောင်တဲ့ သူ ရင်ကို လာရိုက်ခတ်တယ်၊ အမတ်ချုပ်ကြီးကတောင် သူ့ကို ရေဒီယိုမှာဆိုဖို့ ရန်ကုန် ခေါ်သွားမယ် ပြောတယ်’

မဟာဒေဝီသည် စားပွဲထိုး ဦးအိုက်စံဘက်လှည့်ပြီး ‘ဒီမယ် မောင်အုံ့ထိုက်ကို ဟို. . . မိုးမြေအဆုံး ရောက်စေတော့ ဆိုတဲ့ သီချင်း ဆိုခိုင်းစမ်းပါ၊ ဟို. . . ညက ဆိုတဲ့ သီချင်းလေ’

‘ဒီည ကိုအုံ့ထိုက် မလာနိုင်ဘူးတဲ့ သခင်မ၊ ဖျားနေလို့ပါတဲ့’

‘ဟာ. . . သိပ်ခက်တာပဲ၊ သခင်မက ဧည့်သည်တွေတောင် ဖိတ်ထားတာ၊ ဒီသီချင်း နားထောင်ရအောင် တမင်တကာ ဖိတ်ထားတာ၊ တယ်ဂွကျတာကိုး’

'သူအစား လူတစ်ယောက် လွှတ်လိုက်တယ်၊ အဆိုတော့ မဟုတ်ဘူး၊ ဒိုးမင်းတီးတဲ့ဆရာ'

ပြောပြီးလျှင် စားပွဲထိုးသည် တူရိယာဝိုင်းသို့ သွားကာ ယောကျ်ားပျို တစ်ယောက်အား တစ်စုံတစ်ရာ ပြောလေသည်။ သူက စောမိုခန်းသည် ဒိုးမင်းတီးသည်ကို နားထောင်ချင်သည်ဟု အောက်မေ့ကာ ပြောခြင်း ဖြစ်ဟန်တူပေသည်။

ဒိုးမင်းဆရာမှာ ခပ်ခပ်ပိန်ပိန်၊ ခပ်ပျော့ပျော့. . . ၊ အသက် ၂၀-ခန့်ရှိမည်။ သူ၏ မျက်လုံးများမှာ မှေးစင်း၍ လွမ်းနေသော ဟန်ရှိသည်။ သူ၏ ဆံပင်များ ထောင်ပွကာ အကောက် အခွေ ကလေးများ နဖူးပေါ်၌ ကျဆင်းနေ၏။ ဟောင်းနွမ်းနေသော ကုတ်အင်္ကျီအနီကို ဝတ်ထား၏။ မျက်နှာမှာ နေရောင်ထိသဖြင့် ညို နေ၏။

ဒိုးမင်းသံ ထွက်ပေါ်လာလေသည်။

'သူ ကြည့်ရတာ ကြောက်နေပုံ ရတယ်နော်'

စားပွဲထိုး ဦးအိုက်စံက မဟာဒေဝီအား ရှင်းပြနေ၏။

'ဟုတ်တယ် သခင်မ၊ သူ့နာမည်က မောင်ဝေဇင်တဲ့၊ သူက ပွဲတွေလမ်းတွေမှာ သိပ်တီးတာမဟုတ်ဘူး၊ ဒါကြောင့်မို့ ကြောက် နေတာနဲ့ တူတယ်'

ထိုနောက် သီချင်းတစ်ပုဒ်သို့ ပြောင်းသွားလေသည်။

တူရိယာများအားလုံး သံပြိုင်တီးနေ၍ စီညံနေလေသည်။ ထိုအခွင့်ကောင်းကိုယူ၍ ကိုကျော့ဖေက ခင့်ဘက်သို့ စကား စပြော၏။

'ခင်. . . ဒီည သိပ်လှတာပဲ'

'ကျေးဇူးတင်ပါတယ်ရှင်'

သူ၏ မျက်လုံးများသည် ဖိတ်လက်လာလေ၏။

'တကယ်ပြောတာပါ၊ ကျွန်တော် ခင့်ကို သဘောကျတာ တစ်ခုရှိတယ်၊ တခြား မိန်းမတွေလို မဟုတ်ဘူး၊ ခင်ဗျား လှတယ် ပြောရင် ဘာမှမသိသလို ဟန်ဆောင်မနေဘူး၊ မှန်မှန်ကန်ကန်ပဲ လက်ခံတယ်၊ လက်တစ်ဘက်မှာ လက်ဆယ်ချောင်း ရှိတယ်လို့ ပြော တာကို လက်ခံသလို လက်ခံတာပဲ'

'ခင် လက်မထပ်ခင်ကတော့ ခင့်အလှကိုပဲ အားကိုးနေရတာ၊ ခင်တို့ဖေဖေ ဆုံးသွားတော့ မေမေနဲ့ ခင်တို့မှာ ဘာကျန်ရစ်ခဲ့လို့လဲ၊ ဖေဖေ့ ပင်စင်လခလေးနဲ့ နေရတာ၊ ခင် အနုပညာ ကျောင်းမှာ အက, သင်သေးတယ်၊ အဲဒါလဲ ရုပ်ကြောင့် ဝင်ခွင့်ရတာ၊ ကံကောင်းတာပေါ့လေ. . . .'

'ကျွန်တော်တော့ ခင် ရုပ်ရှင်မင်းသမီးလုပ်ရင် သိပ်ဝင်ငွေကောင်းမယ်ထင်တယ်'

ခင်က ရယ်မောနေလေသည်။

'ခင့်မှာ အရည်အချင်းမှ မရှိဘဲ၊ တကယ်ပြောတာ၊ ရုပ်ပဲ ရှိတာ၊ ကြာရင်တော့ အမူအရာ လုပ်တာ တတ်လာမလား မပြော တတ်ဖူး၊ ဒါပေမယ့် ခင်လဲ လက်ထပ်လိုက်တာနဲ့ ဇာတ်ခုံကို စွန့်လိုက်ရတာပဲ. . . .'

မှိန်ဖျော့ဖျော့ အရိပ်ကြီးတစ်ခုသည် သူ့ မျက်နှာပေါ်သို့ ထိုးကျလာသည်ဟု မှတ်ရလေသည်။

ခင်သည် အတိတ်ဆီသို့ ရောက်သွားလေသည်။ ကိုကျော့ဖေသည် သူမ၏ ဘေးတိုက်ပုံကို ငေးကြည့်နေ၏။ ခင်ကား ချော

မောလှပသော မိန်းမပေတကား။ ခင်၏ ကိုယ်လုံးကိုယ်ပေါက် သည်သာ ကျော့ရှင်းသည်မဟုတ်၊ ထူးခြားချက်ကား အသား ရောင်ပေတည်း။

'ခင်ဟာ မဟူရာနဲ့ ရွှေရောင် တွဲထားတာပဲ'ဟုကိုကျော့ဖေ က ဆိုလိုက်လေသည်။

ခင်၏ ဆံပင်များမှာ နက်မှောင်နေ၏။ မျက်ခုံးမွေးများ မှာ ထူကာမည်းနေ၏။ အသားရောင်မှာ ရွှေဝါရောင် ဖျော့ ဖျော့ဖြစ်၏။ ဤ ရွှေနှင့် အနက်ရောင်အတွဲသည် တစ်ဖက်သား ကို စွဲငြိ တသစေ၏။

'ကျွန်တော်တွေ့ဖူးသမျှ အမျိုးသမီးထဲမှာဖြင့် ခင်ဟာ အလှဆုံးပါပဲ'

'ရှင် အဲဒီစကားမျိုးကို မိန်းမဘယ်နှစ်ယောက်ကို ပြောဖူး သလဲ. . . . ပြောစမ်း'

အများကြီးကို ပြောဖူးပါတယ်၊ ဒါပေမယ့်. . . . အခုပြော တာက အမှန်ပါ'

ခင်က ရယ်လိုက်လေသည်။

'ခင်ကတော့ မယုံပေါင်ရှင်၊ ဒါပေမယ့်. . . . ဒါကို အငြင်း ပွားမနေပါစို့နဲ့ ဟုတ်လား. . . .'

'ဘာဖြစ်လို့လဲ. . . . အဲဒါကို ကျွန်တော် စိတ်အဝင်စား ဆုံးပဲ'

'ခင် အသက် ၁၆-နှစ်ကတဲက ခင့်ကို လှတယ်လို့ ပြောကြ တာပဲ၊ လှတယ် ပြောလို့များတော့ နဲနဲမှ ဘာမှမဖြစ်တော့ဘူး၊ ကြွက်ထိုရုပ် ဥစ္စံခနံ့ဆိုတဲ့ စကားလဲ ရှိသားပဲဟာ၊ အလှဟာ

ပစ္စည်းတစ်ခုဆိုတာ ခင်သိတာပေါ့၊ ဒါပေမယ့် လှပတာ အကျိုးရှိသလို အပြစ်လဲ ရှိတာပဲရှင့်'

'ခင်ဟာ သိပ်သိတတ်တာပဲ'

'အို. . . ခင့်ကို မြှောက်နေပြန်ပြီလား'

'မမြှောက်ပါဘူးဗျာ၊ တစ်ကယ်ပြောနေတာပါ၊ စိတ်ထဲက ထင်တာကိုပြောတာပါ'

'ခင် သိပါတယ်၊ ဒီလိုပြောတာလဲ ကြားရပေါင်း များလှပါ ပြီလေ၊ ဒီမယ် နှုတ်ချိုလျှိုတစ်ပါးတဲ့ရှင့်၊ လူမှာ အကြိုက်ဆိုတာ ရှိ ကြတာပဲ၊ အကြိုက်လိုက်ပြီးပြောရင် ကျတာပေါ့၊ ဟုတ်တယ် ဟုတ်လား'

ကိုကျော့ဖေကား အပြုံးမပျက်။

'ဒီည သူ တော်တော် သရော်ချင်နေတယ်နဲ့တူတယ်၊ ဟုတ်လား'

'ဒီလိုထင်တာ ဝမ်းနည်းပါတယ်ရှင်၊ ခင်ကစိတ်ထဲရှိတာ ပြောတာပဲလေ'

'ခင့်ကို ကျွန်တော် သိပ်ပြီး ချစ်နေတယ်ဆိုတာ မသိဘူး လား'

'အို. . . သိပ်ပြီးဆိုတဲ့ စကားလုံးက မလွန်ဘူးလားရှင့်၊ ဒီမှာ ရှင်နဲ့ စတွေ့ကတည်းက ခင့်အပေါ်မှာ ပျံ့ဝဲနေတယ်ဆို တာတော့ သိပါတယ်၊ အမျိုးသမီးက မုဆိုးမ၊ ချောတယ်၊ စိတ္တကရမှာ ခပ် အေးအေး တစ်ကိုယ်တည်းနေတယ်၊ ရှင်စိတ် ကူးထဲက ပစ်ကွင်း ဖြစ်ချင်လဲ ဖြစ်မှာပေါ့လေ'

'ဒီအတွက်ကျွန်တော်ကိုအပြစ်တင်မှာလားဗျာ. . . ။ခုလို သာယာလှပတဲ့ နွေဦးပေါက်မှာ ယောက်ျားပျို တစ်ယောက်ဟာ ချစ်မေတ္တာအကြောင်း စိတ်ကူးတာဟာ သဘာဝ မကျပေဘူးလား'

သူ၏ အမူအရာမှာ တည်ကြည်နေ၏။ ရှင်းရှင်း ပြောင်ပြောင် ပြောသည့်အတွက်မူ ခင်က မပြုံးဘဲ မနေနိုင်ပေ။

'ရှင့်ကို အပြစ်တင်နေတာ မဟုတ်ပါဘူးရှင်၊ ခင်ပြောချင်တာက ရှင် သစ်သီးမှားပြီး အခွံနွှာနေပြီ၊ ရှင် အချိန်တွေကုန်မှာမို့ ပြောရတာပါ'

'ဒီလောက်စဉ်းစားရင် တော်ပါပြီ၊ တကယ်တော့ဗျာ ကျွန်တော့်မှာ ကုန်စရာ အချိန်တွေ ရှိပါတယ်'

'ခင် အသက် ၁၆-နှစ် အရွယ်ကတည်းက ယောက်ျားတွေဟာ ခင့်ကို ချစ်ကြတာပဲ၊ ငယ်ငယ်ကော၊ ကြီးကြီးကော၊ လှတာကော၊ အရုပ်ဆိုးတာကော၊ တကယ်က သူတို့ဟာသူတို့ အာသာရမ္မက်ကို ကျေနပ်မှုရအောင် ပါပဲရှင်'

'ခင် တစ်ခါမှ မချစ်ဖူးဘူးလား'

'ချစ်ဖူးပါတယ်၊ တစ်ခါပဲ'

'ဘယ်သူနဲ့တုန်း'

'ခင့် ယောက်ျားနဲ့ပေါ့၊ ဒါကြောင့်လဲ သူ့ကို လက်ထပ်လိုက်တာပေါ့'

အတန်ကြာ တိတ်ဆိတ်၍သွားလေသည်။ မဟာဒေဝီက ဝင်၍ စကားလှမ်းပြောလိုက်သည်။ ထို့နောက် စကားရေယဉ်သည် တခြားဘက်သို့ စီးဆင်းသွားပြန်လေသည်။

# (၃)

ညစာ ထမင်းစားပွဲသည် ညဉ့်နက်မှ ပြီးလေသည်။ မဟာဒေဝီ ငွေရှင်းနေသောအခါ (၁၂)နာရီ ထိုးလေပြီ။

ဧည့်သည်များ လူစုခွဲစပြုစဉ် ဒုံမင်းဆရာကလေးသည် ငွေ လင်ပန်းကိုကိုင်ကာ ရှေ့သို့ ရောက်လာလေသည်။ အခြားစားပွဲမှ ဧည့်သည်များကလည်း ကျပ်တန်များ ဆယ်တန်များ ထည့်ကြသည်။ ခင်သည် လက်ပွေ့အိတ်ကို ဖွင့်လိုက်၏။

ကိုကျော့ဖေက ဝင်၍ 'နေပါစေ ကျွန်တော် ပေးလိုက်မယ်'

သူသည် အိတ်ထဲမှ ငွေတစ်ဆယ်တန်တစ်ရွက် ထုတ်ကာ ငွေလင်ပန်းပေါ်တွင် တင်လိုက်လေ၏။

'ခင်လဲ ပေးချင်သေးတယ်' ဟု ခင်ကပြောကာ ရာတန်တစ်ချပ်ကို ငွေစက္ကူအပုံပေါ်၌ တင်လိုက်၏။ ဒုံမင်းဆရာမှာ အံ့အားသင့်နေကာ ခင်အား စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်ပြီး ကိုယ်တစ်ချက်ညွတ်၍ အသာထွက်သွားလေသည်။

ကိုကျော့ဖေက အံ့သြသောအသံဖြင့် 'ဟာ. . . များလှချေကလား'

'သူတီးတာ သိပ်မကောင်းပါဘူး၊ ခင်သိတယ်၊ ဒါပေမယ့် သူ့ကြည့်ရတာ ဆင်းရဲပုံရတယ်'

'သူတို့က ဒီလောက်တောင် မျှော်လင့်မှာ မဟုတ်ဘူး'

'ခင်သိပါတယ်၊ ဒါကြောင့်တမင်ပေးတာ၊ သူ့အဖို့တော့ များ မှာပေါ့၊ သူ့ဘဝမှာ ထူးခြားချက်တစ်ခု ဖြစ်ပလေစေ'

ကမ်းဘက်သို့ လှေနှင့် ကူးကြပြီးနောက် ဧည့်သည်များသည် ကားကိုယ်စီနှင့် ပြန်ကြလေသည်။ မဟာဒေဝီသည် ကားမပါသူများ ကို သူ့ကားနှင့် ခေါ်သည်။

မဟာဒေဝီက ခင့်ဘက်သို့လှည့်၍'ခင်ရေ. . . ကိုကျော့ဖေကို သူတို့တည်းတဲ့ ဟိုတယ်မှာ ဝင်ချပေးလိုက်ပါ၊ မမလမ်းနဲ့ တခြားစီမို့ပါ'

'ဟုတ်တယ်ဗျာ. . . တဆိတ် ကျေးဇူးပြုပြီး'ဟု ကိုကျော့ဖေက ဝင်ပြော၏။

ခင်မှာ တမင်ကလာကြိုတင်ကြံစည်၍လုပ်တာပဲဟုသက်ာမကင်း ဖြစ်သွား၏။ မဟာဒေဝီအကြောင်းကို ခင် ကောင်းကောင်းသိသည်။ ဒီမိန်းမကြီးမှာ ရမက်ကြီးသူ ဖြစ်သည်။

သူများ အချစ် ဇာတ်လမ်းကိုလည်း ဖန်တီးချင်သူဖြစ်သည်။ ကိုကျော့ဖေမှာ မဟာ ဒေဝီ၏ အချစ်တော်တစ်ယောက် ဖြစ်သည်။ ကိုကျော့ဖေ တည်းနေ သော ကမ္ဘောဇဟိုတယ်မှာ စိတ္တကရသို့သွားသော လမ်းပေါ်တွင် တည်ရှိနေသဖြင့် မဟာဒေဝီ၏ တောင်းပန်ချက်မှာ အဆင်ပြေ လေရာ ငြင်းပယ်ရန် ခက်နေပေသည်။

'ပို့ပေးပါမယ်လေ. . . တက်'

ကိုကျော့ဖေသည် သူ့ဘေးက ဝင်ထိုင်လိုက်လေသည်။

ကားသည် အင်း၏ ဆိပ်ကမ်းလမ်းတစ်လျှောက် မောင်း လျက်ရှိလေသည်။ ငွေလရောင်သည် တလက်လက် တောက် ကျူးနေလေ၏။ အင်းရေပြင်ကြီးမှာ တဖိတ်ဖိတ် ဝင်းပနေ၏။ လမ်းမ ကြီးမှာ အစိမ်းနုရောင်တစ်ဝက်၊ အပြာနုရောင်တစ်ဝက် ထွန်းလက် နေသော ဖဲပြားကြီးနှင့် တူနေ၏။

မည်သူမျှ တစ်ယောက်ကို တစ်ယောက် စကားမပြောကြ။ ကိုကျော့ဖေက ခင်သည် သူ့အကြောင်း မဟုတ်ဘဲ အခြား အကြောင်း များကို တွေးနေသည်ဟု အောက်မေ့၍ အနှောင့် အယှက်မပြု၊ အသာငြိမ်သက်စွာ လိုက်ပါလာ၏။ သို့သော် ကမ္ဘောဇ ဟိုတယ်အနီး ရောက်သောအခါ သူက စ၍ စကား ပြော၏။

'ဒီည သိပ်လသာတာပဲ၊ ခုလို လှပတဲ့ညမှာ အိပ်ရာထဲဝင် နေရရင် အလှအပကို လျစ်လျူရှုရာကျမယ်၊ ရှေ့ဆက်မောင်း ပါလား ဟင်၊ ခင် အိပ်ချင်ပလား'

'မအိပ်ချင်သေးပါဘူး'

'ဒါဖြင့် တောလမ်းကလေးဘက်မောင်းပါလား၊ ယူကလစ် တပ်ပင်တွေရှိတဲ့ လမ်းကလေးလေ'

'ညဥ့်မနက်ဘူးလား'

'ခင်က ကြောက်နေပြီထင်တယ်၊ တောလမ်းကို ကြောက်တာလား၊ ကျွန်တော်ကို ကြောက်တာလား'

'ခင် ဘယ်သူ့မှ မကြောက်ဘူးရှင့်'

ခင်သည် ကားကို ဆက်လက်မောင်းလေသည်။

ကားလမ်းသည် အင်းနှင့် နီးကပ်လာ၏။ ယူကလစ်တပ် ရနံ့များ သင်းပျံ့လာလေသည်။ တစ်ခါ ယာတဲကလေး တစ်တဲစ နှစ်တဲစကို ဖြတ်လာရ၏။ ထင်းရှူးတောကို ဖြတ်လာ ရပြန်သည်။ သစ်ပင်ထိပ်ဖျားတို့သည် ငွေလရောင်သရဖူကို တင့် တင့် ဆောင်း ထားကြလေ၏။

'ခင် ဦးရဲအောင်ကို လက်ထပ်တော့မလို့လား'

ကိုကျော့ဖေက ရုတ်တရက် ကောက်မေးလိုက်သည်။

ခင်သည် သူ့ကို လှည့်ကြည့်လိုက်၏။

'ခင် စဉ်းစားနေတယ်ဆိုတာ သိသလား'

'ဘယ့်နဲ့ မသိရမှာလဲ'

ခင်သည်အနည်းငယ် ရပ်နေပြီးမှ စကားကို ပြော၏။

'သူ ရန်ကုန်မပြန်ခင်က ခင့်ကို လက်ထပ်ဖို့ပြောတယ်၊ ခင်က ပြန်လာမှ အဖြေပေးပါရစေလို့ ပြောလိုက်တယ်'

'ဟင်. . . . ဒါဖြင့် ခင် သူ့ကို မချစ်ဘူး၊ သေချာတယ်'

ခင်သည် ကားကို အရှိန်လျှော့လိုက်လေသည်။ ခင်သည် စကားအနည်းငယ် ပြောချင်ဟန်တူလေသည်။

'ဘာဖြစ်လို့လဲရှင့်'

'အို့ . . . တကယ်တမ်းသာ ခင်သူ့ကိုချစ်နေရင်ဘယ်ရက် ဆိုင်းဖို့ ပြောမလဲ၊ တစ်ခါတည်း အဖြေပေးလိုက်ရောပေါ့'

'ဟုတ်တယ်၊ ရှင်ပြောတာ မှန်တယ်ထင်တယ်၊ ခင် သူ့ကို မချစ်ပါဘူး၊ ရိုးရိုးသာခင်တာ'

'သူကတော့ ခင့်ကို ချစ်တယ်ထင် တယ်၊ ဟုတ်လား'

'ဟုတ်တယ်၊ သူက ခင့်ဖေဖေနဲ့ မိတ်ဆွေ၊ သူ့ကို ငယ်ငယ် ကတည်းက ခင်တို့သိတာ၊ ခင့်အပေါ်မှာတော့ သူသိပ်ကြင်နာ တယ်၊ ဒါကြောင့်လဲ သူ့ကို ကျေးဇူးတင်တယ်လေ'

'ခင့်ထက် သူက ဆယ့်လေးငါးနှစ်လောက် ကြီးမယ် ထင် တယ်'

'ဆယ့်ခြောက်နှစ် ကြီးတယ်'

'သူ့ ရာထူးဌာနန္တရဂုဏ်ထူး ဝိသေသနတွေကတော့ မက် မောလောက်စရာပဲဗျာ'

'ဟုတ်တယ်၊ ဘာမှပြောစရာမရှိဘူး၊ လူတော် လူကောင်း တစ်ယောက်လဲ ဖြစ်တယ်၊ ငွေကြေးလဲ ချမ်းသာတယ်၊ မိန်းမ တစ် ယောက်ဟာ သူ့လိုလူကို ငြင်းစရာမရှိပါဘူး၊ တကယ်က ခင်လဲ မိန်းမသားတစ်ယောက်ပဲရှင့်'

'ကိုယ်မချစ်တဲ့ လူတစ်ယောက်နဲ့ အတူနေလို့ ပျော်ပါ့ မလား ဟင်'

'အို. . . ခင်က ချစ်မေတ္တာကိုအလိုမရှိပါဘူး၊ ခင်တော့ ရှင် အချစ် ဆိုတာကို ငြီးငွေ့ပါပြီ'

ခင်ကဟန်ပါပါပြော၍ ကိုကျော့ဖေသည် အံ့ဩသွားလေသည်။

'ခင့်လိုအရွယ်က ဒီစကားမျိုးပြောတာ အံ့ဩစရာပဲ'

ထင်းရှူးတောကိုလွန်၍ လယ်ကွက်အစသို့ ရောက်လာလေပြီ၊ လမ်းတစ်ဖက်၌ တစ်မျှော်တစ်ခေါ် ကျယ်ပြန့်သော လယ် ကွက်များ ရှိလေသည်။ တိမ်သားကင်းစင်သော လသည် ဖြာကျဝင်းစည် နေလေ၏။ ခင်သည် ကားကို ရပ်လိုက်သည်။

'ခင်လေ. . . ခင့်ယောကျ်ားကို သိပ်ချစ်တာပဲ၊ အရူး အမူးကိုချစ်တယ်၊ ပတ်ဝန်းကျင်ကတော့ မက်လို့ချစ်တာလို့ ပြောကြတာပဲ၊ သူက ကစားသမား၊ အရက်သမား၊ ဒါတွေ ခင်ဂရုမစိုက်ပါဘူး၊ သူကလဲ ခင့်ကို ယူချင်တာပဲရှင့်၊ မိဘ သဘောမတူဘဲ သူ ခင့်ကို ယူတာ၊ အဲဒီတုန်းက သူ့မှာ ပိုက်ဆံရှိတယ် ဒါပေမယ့် သူမှာ တစ်ပြားမှမရှိလဲ ခင်တော့ သူ့ကို ချစ်မှာပဲ၊ သူက လူချော လူလှ၊ ပျော်ပျော်နေတတ်တယ်၊ အင်မတန်မှလဲ အားကောင်းတယ်၊ ခင်ဖြင့်သိပ်ပျော်တာပဲလေ၊ ကြင်နာတယ်၊ သိမ်မွေ့တယ်၊ ရယ်စရာကောင်းတယ်၊ မမူးရင် ပြောတာလေ၊ မူးရင်တော့လား စကားညံနေအောင်များတယ်၊ ကြွားဝင့်တယ်၊ ကြမ်းတမ်းလာတယ်၊ ရိုင်းလာတယ်၊ ရန်လိုလာတယ်၊ စိတ်ညစ်ဖို့သိပ်ကောင်းတာပဲရှင်၊ ခင်ဖြင့် ရှက်လည်းရှက်တယ်၊ ဒါပေမယ့် ခင် သူ့ကိုစိတ်မဆိုးခဲ့ပါဘူး၊ အမူး

ပြေရင် သူ နောင်တရနေတာပဲ၊ သူက အရက်သောက်ချင်တာ မဟုတ်ဘူး၊ ခင်နဲ့ တစ်ယောက်တည်းနေရင် သူ သိပ်ကောင်းတာပဲ၊ ဒီပြင် သူ့မိတ်ဆွေတွေနဲ့ အတူရှိနေရင်တော့ စိတ်ပြောင်းသွားရော၊ နှစ်ခွက်သုံးခွက်ဝင်မိရင် သူ့ကိုယ်သူမထိန်းနိုင်တော့ဘူး၊ သူ့ကို စောင့်ကြည့်နေပြီး အိပ်ရာထဲရောက်အောင် ပို့ရတာပဲ၊ အဲဒါ ခင့်အလုပ်ပဲ၊ သူကို ဘယ်လိုပြုစုရမယ်ဆိုတာ ခင်သိပါတယ်၊ ဒါပေမယ့် အပိုပါပဲရှင်၊ အလကားပါပဲ၊ အရက်သမားကို ကုလို့ ရမယ်လို့ ခင်တော့ မယုံပါဘူး၊ ခင်လဲ တဖြည်းဖြည်းနဲ့ သူနာပြုဆရာမ ဖြစ်မှန်းမသိဖြစ်ရတော့တာပါပဲ၊ ခင်က အရက်လျှော့သောက်ဖို့ ပြောလဲ မကြိုက်ဘူး၊ စိတ်ဆိုးတာပဲ၊ ခင်လဲ ဘာတတ်နိုင်မှာလဲ၊ တော်တော်ခက်တယ်။ ခင့်ကို သူ့ကို အုပ်ထိန်းသူဆရာမအဖြစ် သဘောမထားစေချင်ပါဘူး။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ၊ အရက်မသောက်အောင်တော့ လုပ်ရမှာပဲ မဟုတ်လား၊ တစ်ခါ တစ်ခါလဲ ခင်ဖြင့် စိတ်မရှည်နိုင်တော့ဘူး၊ သူနဲ့ ရန်ဖြစ်ကြတာပဲ၊ သူက ကစားသမားလဲ ကစားသမားဆိုတော့ မူးမူးနဲ့ကစားရင် ထောင်သောင်းချီ ရှုံးတော့တာပဲ၊ သူမသေရင်လဲ ကြွေးတွေဝိုင်းလို့ ဒေဝါလီခံပြီး ခင်လဲ ဇာတ်ကပြီး သူ့ကိုလုပ်ကျွေးရမှာပဲထင်တယ်၊ သူအသေစောသွားလို့ ခင့်မှာ ငွေသားအနည်းအကျဉ်းနဲ့ လက်ထပ်စက သူပေးတဲ့ လက်ဝတ်လက်စားလေး ကျန်ရစ်ခဲ့တာပေါ့၊ တစ်ခါတစ်ခါများလေ တစ်ညလုံးပြန်မလာဘူးရှင့်၊ တွေ့ရာမိန်းမနဲ့ အိပ်တာပါပဲ၊ ပထမ တော့ ခင်လဲမနာလိုဖြစ်ပြီး စိတ်ဆိုး စိတ်မချမ်းမသာ ဖြစ်မိ

သေးတယ်၊ နောက်ကျတော့လဲ ဒါကမှ တော်သေးတယ်လို့ နား လည် လာတယ်၊ ဘာဖြစ်လို့လဲသိလား၊ အိမ်ပြန်လာရင် အရက်စော်နံ့နံ့နဲ့ ခင့်ကို လာလည်မှာ၊ မျက်နှာကြီးကလဲ နီရဲ ပြီး ပြောင်နေ တာပဲ၊ ခင့်ကို တကယ်လူစိတ်နဲ့ချစ်တာမှမဟုတ် ပဲ၊ အရက်က ချစ်တာပဲ၊ ခင်ဖြစ်ဖြစ်၊ ဒီ့ပြင်တခြား မိန်းမဖြစ် ဖြစ် သူ့အဖို့မှာ ဘာမှ ခြားနားမှာ မဟုတ်ဘူးလေ၊ လူမှန်း မသိတသိ အရက်နံ့ကြီးနဲ့ သူက လာနမ်းတာ သိပ်စက်ဆုပ် တာပဲ၊ ခင်ဖြင့် စိတ်ကို ကုန်တော့တာပဲ ရှင်၊ အာသာပြေပြီဆို ရင်တော့ တခေါခေါဟောက်ပြီး ခြေပစ်လက်ပစ် အိပ်သွား တာပါပဲ၊ ခင်က အချစ်ကို ငြီးငွေ့နေတယ် ဆိုတော့ ရှင်က အံ့သြ နေတယ် ဟုတ်လား၊ ရှင်စဉ်းစားကြည့်စမ်းပါ၊ ခင်ဟာ နှစ ‘ပေါင်းများစွာ ခံစားလာရတော့ ဘယ်လောက် ခါးတယ် ဆိုတာ သိတယ်’

‘ဒါဖြင့် ဘာဖြစ်လို့ သူ့ကိုမစွန့်ပစ်သလဲ’

‘သူ့ကို ပစ်နိုင်ပါ့မလား၊ သူက ခင့်အပေါ်မှာမှီတွယ်နေ တာ၊ တစ်ခုခု ဖြစ်ရင်၊ စိတ်ညစ်စရာ တွေ့ရင်၊ ဒုက္ခရောက်ရင်၊နေ မကောင်းရင်၊ ခင့်ကိုသာ သူက အားကိုးတာ၊ ခင့်ကို သူက ကလေးလေး တစ်ယောက်လိုတွယ်နေတာ’

ခင်၏အသံသည် ကြေကွဲသံ ပါလာလေသည်။

‘သူ့အတွက် ခင် စိတ်မချမ်းမသာ ဖြစ်နေတယ် ဆိုတာလဲ သူသိတယ်၊ သူဘယ်လောက်ပဲ ခင့်အပေါ် သစ္စာပျက်ပေမယ့် သူ သောက်ချင်တိုင်းသောက်ရအောင် ခင့်ကိုရှောင်နေပေမယ့်

တစ်ခါ တလေ ခင်က သူ ခင့်ကို မုန်းလာအောင်ရန်လုပ်ပေမယ့် သူကခင့်ကိုလေးလေးနက်နက်ချစ်တာပဲ၊ခင်သူ့အပေါ် ဘယ်တော့မှ ပစ်ပစ်ခါခါ မလုပ်ဘူး၊ ခင်မရှိရင် သူလဲ အစိတ်စိတ်အမြွှာမြွှာ ကွဲစင်ပြီး လဲကျသွားမယ်ဆိုတာ သူ သိတယ်လေ၊ မူးပြီဆိုရင် လူစိတ် မရှိတော့ဘူး၊ ဘယ်မိတ်ဆွေမှလဲ အနားမကပ်ချင်ကြတော့ဘူး၊ ကပ်မယ့်လူတွေကလဲ သူ့ဆီက နှိုက်ယူ၊ ရန်ဖြစ်ပြီး ထိုးကြိတ်ပစ်၊ သူအသက်ရှင်တုန်းမှာဖြစ်ဖြစ်၊ သေတုန်းမှာပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာ ခင်တစ်ယောက်သာသူ့အပေါ်ကြင်နာတယ်ဆိုတာသူသိတယ်၊ဒါကြောင့်လဲ ခင့်လက်ထဲမှာ ခင်ပွေ့ထားရင်း အသက်ထွက်သွားလို့ ခင်တော့ရင်ကွဲပြီး ကျန်ရစ်ခဲ့တာပဲရှင်’

ခင်၏ မျက်လုံးများထဲမှ မျက်ရည်များ ကျဆင်းလာလေသည်။ ခင်သည် ထိန်းချုပ်ခြင်းမပြု၊ သူ့စိတ်ကိုသူလွှတ်ထားသည်။ ကိုကျော့ဖေကလည်း သက်သာသလို နေပါစေတော့ဟု စကား တစ် ခွန်းမျှမပြောဘဲ ငြိမ်သက်စွာ ထိုင်နေကြလေသည်။ အတန်ကြာ သောအခါ သူသည် စီးကရက်တစ်လိပ် ညှိသောက်လေသည်။

‘ခင့်လဲ တစ်လိပ်လောက် ပေးစမ်းပါရှင်’

သူသည်စီးကရက်တစ်လိပ်ကိုယူကာခင့်အားကမ်းပေးလိုက်သည်။

‘လက်ကိုင်ပဝါတစ်ထည် လိုချင်တယ်၊ခင့် လက်ပွေ့အိတ်ထဲမှာ’

လက်ပွေ့အိတ်မှာ ကိုကျော့ဖေနှင့်ခင်တို့ကြားတွင် ရောက်နေ၏။ ခင်၏ လက်ပွေ့အိတ်ထဲမှ လက်ကိုင်ပဝါထုတ်ယူသောအခါ ခြောက်လုံးပြူးသေနတ်ကိုတွေ့၍ အံ့သြနေ၏။

'သေနတ်က ဘာလုပ်ဖို့လဲ'

'ဦးရဲအောင် ပေးထားတာ၊ သူက ခင်တစ်ယောက်တည်း ကားမောင်းသွားလာတာ မကြိုက်ဘူး၊ သူ့ကို သေနတ်ယူသွားပါမယ် လို့ ကတိ အပေးခိုင်းတယ်၊ အပိုဆိုတာ ခင် သိပါတယ်'

စကားပြောင်းသွားသဖြင့် ခင်သည် စိတ်ကို အနိုင်ရလာလေ၏။

'ခင် စိတ်လှုပ်ရှားသွားတယ်ကွယ်'

'ခင့်ယောကျ်ား ဘယ်တုန်းက ဆုံးသွားသလဲ'

'တစ်နှစ်ကျော်သွားပြီ၊ အခုတော့ သူမရှိတာဘဲ ကျေးဇူးတင်မိပါသေးတယ်၊ သူနဲ့နေရတာ အင်မတန် စိတ်ဆင်းရဲရတာပါ'

'အသက်ငယ်ငယ်နဲ့ သေသွားရရှာတာပဲနော်'

'မော်တော်ကားမှောက်ပြီး သေရတာ၊ အဲဒီတုန်းက မူးနေ တယ်၊ တစ်နာရီကို မိုင်ခြောက်ဆယ်နှုန်းနဲ့ မောင်းနေတုန်း အကွေ့ မှာ ချော်ပြီးမှောက်သွားတာ၊ နှစ်နာရီပဲခံတယ်၊ ခင်လဲ အသက်မီ ရုံကလေးပဲ၊ ခင့်ကို သူ နောက်ဆုံးပြောသွားတာက တော့ မောင် ခင့်ကို ချစ်တယ်တဲ့'

ခင်သည် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'မောင်ဆုံးသွားတာ မောင်ရောခင်ရော နှစ်ယောက် စလုံး အတွက် လွတ်မြောက်ရေး ရကြတာပါပဲ'

သူတို့သည် တိတ်ဆိတ်စွာ ဆေးလိပ်သောက်နေကြသည်။ ကိုကျော့ဖေသည် ပထမ ဆေးလိပ်မှပင် နောက်တစ်လိပ်မီးကူး၍ သောက်လေသည်။

'ဦးရဲအောင်နဲ့လက်ထပ်ရင်ကော အရင် ခင်ချစ်တဲ့ သူနဲ့ လက်ထပ်တာထက် ပိုပျော်မယ်လို့ ထင်သလား'ဟု ကိုကျော့ဖေက မေးလေ၏။

'ရှင် ဦးရဲအောင်အကြောင်း ဘယ်လောက်သိသလဲ'

'တွေ့ကြတာတော့ ဘာကြာသေးသလဲ၊ ဒီရောက်မှပဲ သိကြတာ၊ တစ်လ နှစ်လလောက်ပဲ ရှိပါသေးတယ်၊ ခင့်ကို လို ချင်တယ် ဆိုတာလဲ သိပါတယ်၊ သူက နန်းတော်ဆောက် နေတဲ့သူပဲ၊ အဲဒီလို လူမျိုးက ခင့်ကို မဆွဲဆောင်နိုင်ပါဘူး'

ခင်သည် ခစ်ခနဲ ရယ်လိုက် လေသည်။

'ဟုတ်တယ်၊ ရှင်တွေးတာ မှန်တယ်၊ ဒါပေမယ့် သူဟာ အား ကောင်းတယ်၊ ယဉ်ကျေးတယ်၊ ယုံကြည်စိတ်ချရတယ်'

'ကျွန်တော့်မှာမရှိတဲ့ အရည်အချင်းတွေပဲ'

'ရှင့်အကြောင်း ခဏလောက် မပြောဘဲနေကြရအောင် လားရှင်'

'ကောင်းပါပြီဗျာ၊ သူ့ အရည်အချင်းတွေ ဖော်ကျူးစမ်း ပါဦး'

'ကြင်နာတယ်၊ စဉ်းစားမျှော်ခေါ်တယ်၊ အကြံကြီးတယ်၊ ကြီးကြီးကျယ်ကျယ်တွေကို လုပ်ခဲ့တယ်၊ သူ့အနာဂတ်မှာလဲ လုပ်

ဦးမယ်၊ခင်ကလဲ သူ့ကို အကူအညီပေးနိုင်ပါလိမ့်မယ်၊ တိုင်းပြည် အတွက် နည်းနည်းပါးပါး အကျိုးပြုဖို့လိုမယ်လို့ ခင်ပြောရင် ရှင်က ရူးတယ် လို့ထင်မှာပဲ ဟုတ်လား'

'ခင်က ကျွန်တော့်ကိုတော့ အထင်မကြီးဘူးထင်တယ်'

'မကြီးပါဘူး' ဟု ခင်က ရယ်မောပြော၏။

'ဘာဖြစ်လို့လဲ၊ ဆိုစမ်းပါဦး'

ခင်က အေးဆေးစွာပင်ဖြေ၏။

'သိချင်ရင်တော့ ပြောပြရတာပေါ့လေ၊ ရှင့်မှာ ပိုက်ဆံအတွက် ပူစရာပင်စရာမရှိဘူး၊ ခပ်ပေါ့ပေါ့နဲ့ အချိန်ကိုဖြုန်းနေတယ်၊ ပျော်ပျော်ပါးပါးနေပြီး မိန်းမတွေ ရေလဲနဲ့ တွဲနေတယ်'

'ခင်သရုပ်ဖော်တာ သိပ်တိကျမှန်ကန်တယ်၊ ကျွန်တော့်မှာ ဝင်ငွေကောင်းကောင်းရဖို့ အမွေတွေရထားတယ် ဒီတော့ကံ ကောင်းတာပေါ့၊ အသက်မွေးဝမ်းကျောင်း ရှာဖို့မလိုတော့ဘူး၊ ကျွန် တော့်မှာ ဘာများအလုပ်လုပ်ဖို့လိုသေးသလဲ၊ အဲဒီတော့ ကျွန် တော့်မှာ ဘဝကို ဘဝနဲ့တူအောင် နေဖို့ပဲရှိတော့တယ်၊ ဒီအခွင့် အရေးတွေကို မယူဘဲ လွှင့်ပစ်ရမှာလား၊ ကျွန်တော် မိန်းမတွေကို နှစ်သက်တယ်၊ ဆန်းတာက မိန်းမတွေကလဲ ကျွန်တော်ကို နှစ်သက် ကြတာပဲဗျ၊ ကျွန်တော်ဟာ အသက်ငယ်သေးတယ်၊ လူပျိုဘဝ ငယ် ရွယ်တဲ့ ဘဝဟာ ကြာရှည်ခံတာမျိုး မဟုတ်ဘူး၊ ဒီလို အခွင့်သာ တုန်းမှာ ကျွန်တော် ဒီလိုမနေလို့ ဘယ်လိုနေရဦးမှာလဲ'

'ဦးရဲအောင်နဲ့တော့ သိပ်ကွာတာပဲ၊ အပြတ်ကို ခြားနားတာပဲ'

'ခင်ပြောတာ ဟုတ်တယ်၊ ကျွန်တော့်ဘဝဟာ ပေါ့တယ် လွင်တယ်၊ ကျွန်တော်ကတော့ ဒီထက်တောင် ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် နေချင်သေးတယ်'

'ဦးရဲအောင်က ခင့်ကို လက်ထပ်ချင်တယ်ဆိုတာ မေ့နေပြီထင်တယ်၊ ရှင်က ဘာမဆို ယာယီသဘောနဲ့ စဉ်းစားတာကိုး'

'ဘာဖြစ်လို့ ဒီလိုထင်တာလဲ'

'အချက်တစ်ခုကတော့ ရှင်ဟာ မိန်းမရပြီးသား လူတစ်ယောက် မဟုတ်လား'

'အဲဒါ ခင်မှားတာပဲ၊ ကျွန်တော် ကွာရှင်းလိုက်တာ နှစ်လသုံးလ လောက်ရှိပြီ'

'ရှင်က တိတ်တိတ်ကလေး နေတာကိုး'

'ဒါကတော့ သဘာဝပဲ၊ မိန်းမတွေက လက်ထပ်တယ် ဆိုတာ ကို တစ်မျိုးအယူရှိတာပဲ၊ ကိုယ့်အကြောင်းကိုယ် သိပါတယ်ဗျာ'

ခင်ကတစ်ဝက် ပြုံးလိုက်လေသည်။

'ဩော် . . ရှင်က ဒီလိုကိုး၊ ဘာဖြစ်လို့ ရှင်က ရှင့် လျှို့ဝှက်ချက်ကို အန်ထုတ်ရတာလဲ၊ ရှင်က ကျွန်မကျေနပ်ရင် ကျွန်မကို လက်ထပ်လက်စွပ် လက်ဆောင်ပေးဦးမှာပေါ့လေ'

'ဒီမယ် ဒါလင်၊ ခင်ဟာ ဒီလောက်မညံ့ဘူးဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်၊ ဒီလောက်တော့ ပါးပါသေးတယ်ဗျာ'

‘ကျွန်မကို အလကား ဒါလင်လို့ မခေါ်ပါနဲ့’

‘ဒီမယ် ရှင်းရှင်းကတော့ ခင့်ကို လက်ထပ်ပါလို့ တောင်းပန် တော့မယ့် ဆဲဆဲပဲ’

‘ဩော်’

‘သဘောမကျဘူးလားဗျာ’

‘ရှင်ကလား’

‘ခုနက ခင်က ခင့်ယောကျ်ားအကြောင်း ပြောနေတယ် ဟုတ်လား၊ အဲဒီတုန်းက ကျွန်တော်က တွေးနေတယ်၊ ကျွန်တော့် ကိုယ်ကိုလဲ ကျွန်တော် ဆန်းစစ်ကြည့်နေတယ်၊ ကျွန်တော် ဟာ ခင့် ကို သိပ်သနားနေတယ်၊ တကယ်ပြောတာ၊ ဒါလဲ ချစ်မေတ္တာ သဘောပဲ မဟုတ်လား’

‘ဒီလို မပြောစမ်းပါနဲ့ရှင်၊ ရှင်က ဒီလိုပြောရင် မိန်းမ တစ် ယောက်ဟာ ကျမယ်လို့ ထင်သလား’

‘ကျွန်တော်က တကယ့်ကို ရင်ထဲကခံစားမှုနဲ့ကို ပြောတာ ပါ’

‘တော်စမ်းပါရှင်၊ ခင်က ခေါင်းအေးအေးတွေးတတ်တာ၊ ဟာသအဖြစ်ထားတတ်တယ်၊ ရှင်ကံကောင်းတယ်၊ ကဲပါ. . . ပြန် ကြပါစို့၊ ရှင့်ဟိုတယ်မှာ ချထားခဲ့မယ်’

‘ဒါဖြင့် ကျွန်တော့်ကို ငြင်းတာပေ့ါ၊ ဟုတ်လား’

‘အင်း. . ဟင်’

‘ဘာဖြစ်လို့’

‘အမှန်ပြောရရင် ရှင် အံ့ဩမှာလား၊ ရှင့်ကို ကျွန်မ နည်း နည်းလေးမှ မချစ်ပါဘူး’

'မအံ့ဩပါဘူးဗျာ၊ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် တံခါးတော့ မပိတ်ပါနဲ့ဦးနော်'

'အို. . . ခင်က တံခါးတစ်ဝက်လဲ လှပ်မထားချင်ပါဘူး'

'ဦးရဲအောင်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား'

'ဆုံးဖြတ်လိုက်ပြီလေ၊ အခုပဲ ဆုံးဖြတ်လိုက်ပြီ၊ ရှင့်ကို ပြောခွင့်ရတာ ကျေးဇူးတင်ပါတယ်၊ ခင်ဆုံးဖြတ်အောင် ရှင် အကူအညီ ပေးလိုက်တာပဲ'

'နောက်ကျသွားပြီပေါ့'

'မိန်းမတွေဟာ ယောကျ်ားတွေလို တွေးခေါ်တာ မဟုတ်ဘူးရှင့်၊ ရှင်လဲ ပြောစရာပြောပြီးပြီ၊ ခင်လဲ ပြောပြီးပြီ၊ ခင့် ယောကျ်ားနဲ့ နေခဲ့ရတဲ့ ဘဝတွေ၊ စိတ်ညစ်ညူးရတာတွေ၊ အဲဒီဟာတွေကြား ထဲက ဦးရဲအောင်ဟာ ကျောက်တိုက်ကြီးလို မားမားမတ်မတ် ရပ် နေတယ် သူက အားလဲကောင်းတယ်၊ ထက်လဲထက်မြက်တယ်၊ ခင်သူ့အပေါ်မှာ ယုံကြည်အားကိုးနိုင်တာကို ခင် သိပါတယ်၊ သူ ခင့်ကို ညှာတာတယ်၊ နောက်ပြီး ခင်ရဲ့ နေရေးထိုင်ရေးကိုလဲ အပြည့် အဝ ပေးနိုင်မှာ၊ ခုနေ အခါမှာ ခင်သူ့အပေါ်မှာ သိပ်ခင်မင်မြတ်နိုး နေတယ်လေ၊ ဒါဟာ အချစ်ပေါ့'

'လမ်းက တော်တော်လေး ကျဉ်းနေတယ်၊ ကျွန်တော်ကားကို ကွေ့ပေးရမလား'ဟု ကိုကျော့ဖေက ပြော၏။

'ခင့်ဘာသာခင် ကွေ့နိုင်ပါတယ်၊ မပူပါနဲ့၊ ကျေးဇူးတင်ပါ တယ်'ဟု ခင်က ချက်ချင်း ပြန်ပြောလိုက်၏။

ကိုကျော့ဖေက ပြုံးနေ၏။

'ချိုင့်ကလေးတွေက လမ်းနှစ်ဖက်စွန်း စလုံးမှာ ရှိနေတယ်၊ ကျွန်တော့်ကို ချောက်ထဲ မချလိုက်ပါနဲ့နော်'

'ရှင့်ပါးစပ် ပိတ်ထားစမ်းပါ'

သူသည် စီးကရက်တစ်လိပ် ညှိသောက်ရင်း ကားကို ဆုတ် လိုက်၊ တက်လိုက်၊ ကားစက်နှိုးလိုက်၊ ရှေ့တိုးနောက်ငင် လုပ်နေ သည်ကို ငေးကြည့်နေလေသည်။ ကားမှာ တဝူးဝူး ညည်းအော်ကာ စက်လည်း ပူလာ၏။ မကြာမီ ကားသည် လာခဲ့သည့် လမ်းဘက်သို့ ဦးတည်ကာ မောင်းထွက်သွားလေသည်။

ဟိုတယ်သို့ရောက်သည်အထိ စကားတစ်ခွန်းမှ မပြောကြဘဲ တိတ်ဆိတ်စွာ ပါလာကြသည်။ ညဉ့်နက်ပြီဖြစ် ကမ္ဘောဇ ဟိုတယ် ဆင်ဝင်အောက်မှ မှန်တံခါးကြီးမှာ ပိတ်၍ပင် နေလေပြီ။ ကားရပ် လိုက်သော်လည်း ကိုကျော်ဖေသည် ကားထဲမှ မထွက်သေး။

'ရောက်ပြီလေ'ဟု ခင်က ပြောလိုက်၏။

'သိပါတယ်'

ကိုကျော့်ဖေသည် ငြိမ်သက်စွာထိုင်ကာ ရှေ့သို့ စူးစိုက်ငေး ကြည့်နေ၏။ ခင်က သူ့ကို ဘာသဘောလဲဟု မေးမြန်းစူးစမ်းသော မျက်နှာထားနှင့် ကြည့်လိုက်သည်။

သူက ခင့်ကို ပြုံး၍ ပြန်ကြည့်လေ၏။

'ဒီမယ် ခင်. . .၊ ခင်ဟာ မိုက်တာပဲ၊ ခင်ကျွန်တော့်ကိုပယ်လိုက်ပြီ၊ ကိစ္စမရှိပါဘူး၊ တကယ်ကတော့ ကျွန်တော်ဟာ ခင်ထင်တာထက်ကောင်းတဲ့ လင်ယောကျ်ားတစ်ယောက် ဖြစ်မယ် ဆိုတာ ရဲရဲဝံ့ဝံ့ပြောရဲပါတယ်ဗျာ၊ ဒါပေမယ့် ခင်က ကိုယ့်

ထက် အသက် နှစ်ဆယ်လောက်နီးပါး ကြီးတဲ့လူကို လက်ထပ်မှာတော့ မိုက်တယ်လို့ ပြောချင်တယ်၊ ခင်က အသက် ဘယ်လောက်ရှိသေး လို့လဲ အစိတ်ကျော်ကျော် ရှိပါသေးတယ်။ ခင့်ရဲ့ နှုတ်ခမ်းတွေ၊ မျက်လုံးတွေ၊ ကိုယ်လုံးကိုယ်ပေါက် အနေအထားကိုကြည့်ပြီး ခင်ဟာ သွေးသားကောင်းတယ်၊ တက်ကြွတယ်ဆိုတာ သိနိုင်ပါတယ်။ ခင်ဟာ နောက်တစ်ခါ ချစ်မိဦးမှာပဲ၊ ရှင်းရှင်းပြောရရင် ခင်ဟာ ခင့်ရဲ့ ချစ်ရမှုက်တွေကို ပေလာယျက်ံ ပြုနိုင်ပါ့မလား၊ ခင့်ရဲ့ လှပတဲ့ ရုပ်ဟာ အချစ်အတွက်ပဲဗျ၊ ဒါကို ခင်ငြင်းမလား၊ ပြောစမ်းပါဦး၊ ဘဝရဲ့ တံခါးကို ပိတ်ထားဖို့ရာ ခင်ဟာ ငယ်လွန်းပါသေးတယ်'

'ဒီမယ် ကိုကျော့ဖေ၊ ရှင့်ပြောပုံကို ကျွန်မ မကြိုက်ဘူး၊ ရှင့် ပြောပုံကြီးက အိပ်ရာဘဝရဲ့ ရည်ရွယ်ချက်၊ ဘဝရဲ့ နိဂုံးချုပ် ဖြစ်နေတဲ့ အတိုင်းပဲ'

'ခင့်မှာ ချစ်သူသက်ထားမရှိခဲ့ဘူးလား'

'တစ်ခါမှ မရှိခဲ့ပါဘူး။ ကျွန်မယောကျ်ားက လွဲရင်လေ'

'ခင့်ယောကျ်ားအပြင်၊ ဒီပြင်လူတွေကလဲ ခင့်ကို ချစ်ကြမှာပဲ'

'မသိဘူး၊ ချစ်တယ်လို့ ပြောကြတာတွေတော့ ရှိသားပဲ၊ သွေးဆောင်ဖျားယောင်းတာကို တွန်းလှန်နိုင်တယ်လို့တော့ မပြောနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့တစ်ခါမှ မကြုံခဲ့ဖူးလို့ပါ'

'ခင်က ငယ်ရွယ်ပျိုမြစ်ခြင်းနဲ့ အလှကို အလကား ဖြုန်းတီးပစ်တာကိုး၊ ဒါတွေဟာ ကြာရှည်ခံတာ မဟုတ်ဘူးနော်၊

ချမ်းသာ တယ် ဆိုတာကော၊ တန်ဖိုးမထားရင် ဘာလုပ်ဖို့လဲ၊ ခင်ဟာ ကြင်နာ တတ်တယ်၊ ရက်ရောတယ်၊ ကျွန်တော်သိပါတယ်၊ ကိုယ့်ရဲ့ စည်းစိမ် ချမ်းသာကို သူများ စွန့်ကြဲဖို့များ ဆန္ဒ မရှိဘူးလားဟင်'

ခင်သည် အတန်ကြာ ငြိမ်သက်နေလေ၏။

'ခင် ပြောရမလား. . . .၊ ခင်ပြောရင် ရှင်က မိုက်တယ်လို့ ပြောဦးမှာပဲ'

'ဆိုစမ်းပါဦး၊ ခင်က ရင်ထဲရှိတာ ပြောတဲ့သူပဲ'

'ခင်က လှတယ်၊ ဘာလှတယ်ဆိုတာ ခင့်ကိုခင်သိပါတယ်၊ မသိဘူးဆိုရင် အလကားကောင်မပေါ့၊ တစ်ခါတလေများ ကြံကြံ ဖန်ဖန် တွေးတယ် သိလား၊ လူတစ်ယောက် တန်ဖိုးထားတဲ့ဟာကို ခင်ပေးလိုက်ချင်တယ်၊ ယုံသလား'

'ယုံပါတယ်ဗျာ'

'ခင်က အချိန်ကလဲ ရတယ်မဟုတ်လား၊ အဲဒီတော့ လျှောက် တွေးနေတာပဲ၊ ခင်မှန်တာကိုပြောမယ်၊ ချစ်သူ တစ်ယောက်ထားရ မယ်ဆို မသကာ ရှင်လိုလူတစ်ယောက် နဲ့တော့ မဟုတ်ဘူး၊ ကိုကျော့ ဖေကို နောက်ဆုံးမှ စဉ်းစား မှာပဲ'

'ရှင်းပေ့ ဗျား'

'တကယ်ပြောတာ၊ ခင်တွေးထားတာ ရှိသေးတယ်၊ လူ တစ်ယောက် ဆင်းရဲတယ်၊ တစ်ကိုယ်ထီးတည်း နေရပြီး စိတ်လဲ မချမ်းသာ နေတယ်၊ လောကကြီးမှာ ပျော်စရာလဲမရှိဘူး၊ အဲဒီ

လို လူမျိုးများ တစ်နာရီလောက်ဖြစ်ဖြစ်ပေါ့ သူပျော်မွေ့မယ် ဆိုရင်ပေါ့ ခင်ပေး ပါတယ်၊ ခင့်မှာရှိတာ ပေးပါတယ်’

‘ဒီလောက်ရှုးတဲ့စိတ်ကူးတော့ ဒီတစ်ခါပဲ တွေ့ဖူးပါတယ်’ ဟု ကိုကျော့ဇေက ပြောလိုက်၏။

‘ကဲ. . ခင့်အကြောင်း သိရပြီမဟုတ်လား ဆင်းပေတော့၊ ခင်ပြန်တော့မယ်’ ဟု ခင်က ပြုံးပြုံးရွှင်ရွှင်နှင့် နှင်လိုက်၏။

‘တစ်ယောက်တည်း သွားဝံ့တယ်နော်’

‘သွားဝံ့ပ့ါ’

‘ဒါဖြင့်သွားတော့. . .၊ ခင်ဗျားရဲ့ နန်းတော်တည်ဆောက်မယ့် မဟာဗိသုကာကြီးကို လက်ထပ်ပေတော့ဗျာ. . . ’

* * *

(၄)

ခင်သည်ရှင်းလင်းတိတ်ဆိတ်သောယမုနရဋ္ဌမြို့လမ်းများမှ ထွက်ကာ အင်းကြီးကို ပတ်သော တောင်ပေါ်လမ်းသို့ တက်လေ သည်။ မြို့မှထွက်စဉ် တောင်ကမူတစ်ခုကို ကွေ့ကာ တက်ရလေ သည်။ ထို့နောက် ထင်ရှူးပင်တောသို့ ဝင်လေသည်။ ခင်သည် ကားကို အမြန်မောင်းလေသည်။

လသည် ခင်နှင့်အပြေးပြိုင်နေလေ၏။

စိတ္တကရသို့ မရောက်ခင် ယမုနရဋ္ဌနှင့်မျက်နှာချင်းဆိုင်သို့ ရောက်လာသောအခါ မြေအငူစွန်း တစ်ခုသို့ ကပ်၍မောင်းရလေ သည်။ လမ်းမှာ ကုန်းအမြင့်တွင်ဖြစ်၍ အင်းရေပြင်ကို အပေါ်မှ ဆီး၍ကြည့်ရလေသည်။

တဖိတ်ဖိတ်လက်နေသော ရေပြင်တစ်ဖက်မှ ယမုနရဋ္ဌမြို့ ရှုခင်းကိုလည်း ကောင်းကောင်း မြင်ရလေသည်။ ရေထဲသို့ ထိုးထွက် နေသော ကျွန်းဆွယ် မြေအငူကမ်းပါးကလေးထိပ်၌

မြင့်မားရင့်အို သော ကျွန်းပင်ကြီး ပေါက်လျက်ရှိသည်။ ကျွန်းပင်ကြီးမှ ရနံ့သည် သင်းပျံ့၍နေ၏။

ည၏အလှတွင် ဆွတ်ပျံ့ကာ ခင်သည် ကားကိုရပ်ပြီး ဆင်းလေသည်။

ခင်သည် မြေအငူအစွန်းသို့ လမ်းလျှောက်သွားလေသည်။ သူမသည် ကမ်းပါးထိပ်မှ မျှော်ကြည့်ချင်လေသည်။ ကောင်းကင် သည် နီလာသားကဲ့သို့ ကြည်လင်စွာပြာနေ၏။ လဝန်းသည် ရေပြင် ထဲမှ လင်းနေ၏။ ယမုန်နာ အင်းကြီးတစ်ခုလုံး ငွေလရောင်ဖြင့် ပြည့်နေ၏။ လရောင်၏ အလှကြောင့်ခင်၏ ရင်သည် တဒိတ်ဒိတ် ခုန်လာ၏။ လရောင်သည် ခင်၏ကိုယ်ထဲသို့ တစိမ့်စိမ့်ဝင်နေလေ၏။

ရုတ်တရက် ခင်သည် ကျွန်းပင်ရိပ်အောက်မှာ လူ တစ်ယောက် ရပ်နေသည်ကိုမြင်ရ၍ လန့်သွားလေသည်။ ထိုလူ သောက် နေသော စီးကရက်မီးကြောင့်သာ လူမှန်းသိခြင်း ဖြစ်လေသည်။ ထိုလူသည် အမှောင်ရိပ်ထဲမှ သူမထံသို့ လျှောက်လာသည်။ ခင် သည် ထိတ်ခနဲ ဖြစ်သွားသော်လည်း ကြောက်ရွံ့ဟန် မပြဘဲ ငြိမ် သက်စွာ ရပ်မြဲရပ်နေ၏။ထိုသူသည်ဦးထုပ်အပျော့ လေးကို ချွတ်လိုက်လေသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ယမုန်နာမှာ ကျွန်တော့်ကို ရက်ရက်ရောရော ဆုချတဲ့ မမ မဟုတ်လား၊ ကျွန်တော် မမကို သိပ်ကျေးဇူးတင်တာပဲ' ဟု ထိုသူကပြော၏။

ခင်က သူ့ကို မှတ်မိလေသည်။

'ဟာ. . ဒုံမင်းဆရာကလေး မဟုတ်လား'

'ကျွန်တော်နေတဲ့ အိမ်ရှင်ကို ထမင်းလခ ကြွေးပေးစရာ တွေ အများကြီးရှိတယ်၊ သူတို့ ကျွန်တော့်အပေါ်မှာ သိပ် ကောင်းကြ တယ်၊ ဒါပေမယ့် သူတို့က သိပ်ဆင်းရဲကြတာ၊ သိပ်လဲ ငွေလိုနေ ကြတာ၊ အတော်ပဲ မမဆီကငွေနဲ့ အကြွေး ဆပ်ရမယ်'

'မင်းက ဒီမှာဘာလာလုပ်နေတာလဲ'

'ကျွန်တော် အိပ်ပြန်လာတာ၊ လ-သာတာနဲ့ ရှုမျှော်ခင်း ရပ်ပြီး ကြည့်နေတာ'

'ဒီနားမှာ နေသလား'

'မမ နေတဲ့ စိတ္တကရ မရောက်ခင် ရှမ်းရွာကလေးမှာ နေပါ တယ်'

'မမ ဒီမှာနေတာ ဘယ့်နှယ်လုပ်သိသလဲ'

'မမ ကားမောင်းသွားတာ မြင်သားပဲ၊ လှပတဲ့ခြံကြီးရှိ တယ်ဆိုတာ၊ နံရံပန်းချီတွေရှိတယ်ဆိုတာ သိတာပေါ့'

'ရဲတိုက်ကြီးထဲ ရောက်ဖူးသလား'

'မရောက်ဖူးပါဘူးခင်ဗျာ၊ တောင်သူတွေက ပြောလို့ ကြား ရတာပါ'

ခင်သည် စိတ်လှုပ်ရှားမှု သက်သာရာ ရလာ လေသည်။ ဒီမင်းဆရာကလေးသည် ယဉ်ကျေးစွာပြောသည်။ ရက်တတ် ဟန် ရှိ၍ စကားပြောလျှင် ခေါင်းငုံ့ကာ ပြောသည်။ အသက် နှစ်ဆယ်ခန့် ပင် ရှိဦးမည်။

'မင်း. . . မမခြံကြီးနဲ့ နံရံပန်းချီတွေကို ကြည့်ချင်သလား'

ခင်က ပြုံးကာ ပြောလိုက်သည်။

'ဟာ. . . . ဘယ့်နှယ်ပြောပါလိမ့်မလဲ၊ ကြည့်ချင်တာပေါ့ ခင်ဗျာ၊ ကျွန်တော်ဘယ်တော့လာရမလဲ'

ခင်သည် ကိုကျော့ဖေက သူ့ကိုလက်ထပ်ရန် တောင်းရမ်း၍ စိတ်ထဲတွင် လှုပ်ရှားရွှင်ပျ၍နေခဲ့သည်။ စိတ်၌တစ်မျိုးဖြစ်ကာ အိပ်ရာသို့ မဝင်ချင်သေး။

'အခုလိုက်နိုင်မလား' ဟု ခင်ပါးစပ်မှ ရှောရှောရှူရှူ ထွက်လာလေသည်။

'အခုလားခင်ဗျာ' ဟုသူက အံ့အားကြီးသင့်နေ၏။

'ဘာဖြစ်သလဲ၊ ခြံကြီးက လ-သာသလောက် ဘယ်တော့မှ မလှဘူး'

'သိပ်ဝမ်းသာတာပေါ့ဗျာ' ဟု သူကရိုကျိုးစွာ ပြော၏။

'ကဲ. . . ကားပေါ်တက်ပေတော့'

သူသည် ခင်၏ဘေး၌ မရဲတရဲနှင့် ဝင်ထိုင်လေသည်။

ကားသည် လျှောကနဲ ထွက်ခွာသွား လေတော့သည်။ အနည်းငယ် မောင်းမိသောအခါ လမ်း၏အောက် အနိမ့်ဘက်၌ တဲအစုလေးများကို တွေ့ရလေသည်။ ဆင်းရဲသားများနေသော တဲများဖြစ်၍ လရောင်၌ ပြားဝပ်ကာ ကုပ်ကုပ်ကလေး နေကြလေသည်။

'အဲ့ဒီမှာ ကျွန်တော်နေတာပေါ့' ဟု သူက ခင့်အား ပြောသည်။

ခင်သည် ကားအရှိန်ကို လျှော့ကာ တဲစုကလေးများကို ကြည့် လိုက်လေသည်။ ဆင်းရဲကြပါကလားဟု ခင်ကတွေး

လေသည်။ မကြာမီ ခြံတံခါးဝသို့ ရောက်လေသည်။ ဝင်းတံခါးကိုဖွင့်ထား၍ ကားသည် မောင်းဝင်လာလေသည်။

အုတ်လှေကားထစ်အဝ၌ ကားရပ်ကာ သူတို့သည် ဆင်ဝင်ဝ အရောက် လမ်းလျှောက်လာကြ၏။ ခင်သည် ခန်းမကြီးကို ပထမ ဝင်သည်။ နံရံဘေးမှ မီးများကို အရင်ဖွင့်လိုက်သည်။ ထို့နောက် နံရံပန်းချီများဖြင့် ခြယ်ရေးထားသော ညှိခန်းဆောင်သို့ ခေါ်သွား လေသည်။ အခန်းထောင့်ရှိ ကြွေပန်းအိုးကြီးများထဲမှာ ပန်းတို့သည် လန်းဆတ်လျှက်ရှိကာ အမွှေးနံ့ ယဉ်ပျံ့ပျံ့ ထွက်လာ၏။

နံရံရှိ အင်္ဂတေပေါ်မှ ပန်းချီများ ဟောင်းအိုဖျော့မှိန်နေပြီ ဖြစ်သော်လည်း လွန်ခဲ့သော အနှစ် တစ်ရာခန့်က အနုပညာ လက်ရာမှာ ထင်ရှားစွာ ဖော်ကျူးလျက် ရှိလေသည်။

မြေဝါရောင်၊ အညိုရင့်၊ အနက်၊ ဟသ်ပြဒါးအနီစသော အမျိုးသား အရောင်စစ်များကိုမြင်ရသည်။ အဖြူနှင့်အစိမ်းနုမှာ အနည်းဆုံးဖြစ်၏။ ရေးမြန်မာများမှာ ကျန်းမာဖွံ့ဖြိုးကြ၍ အဝတ် အစားတို့မှာလည်း လှပကြပေသည်။

'ဟာ. . . . သိပ်အံ့သြဖို့ကောင်းတာပဲ၊ သိပ်ကိုလှတာပဲဗျာ၊ ကျွန်တော်တော့ ဒီလောက်လှတဲ့ပန်းချီတွေကို ပြတိုက်တွေမှာသာ မြင်ရမှာပဲထင်တယ်' ဟု တအံ့တသြနှင့်ပြောလျက် ရှိ၏။

'ဒါတွေအားလုံးကို မမပိုင်တာပဲလားဟင်'

'မဟုတ်ပါဘူး၊ မမမိတ်ဆွေတစ်ယောက်ပိုင်တာပါ။ သူ့ဆီက မမက ငှားနေတာပါကွယ်'

'ဟုတ်လား၊ဒီပန်းချီတွေကသိပ်လှတာ. . .၊မမကလည်းလှတယ်၊ ဒီတော့ မမကလှတာတွေကို ပိုင်ဆိုင်ထိုက်တာပေါ့'

ကျောက်ပြားရောင်စုံတို့ ခင်းထား၍ အေးမြလျှက်ရှိသည်။

'ကဲ. . . မမနဲ့လိုက်ခဲ့၊ ဝိုင်လေးဘာလေး သောက်ရအောင်၊ နည်းနည်းလဲနွေးသွားတာပေါ့၊ ပြီးတော့မှ ခြံကြီးထဲလျှောက်ကြည့်ကြတာပေါ့'

'ဟာ. . . မသောက်ပါရစေနဲ့ခင်ဗျာ၊ ကျွန်တော့်ဗိုက်ထဲမှာဘာအစာမှမရှိဘူး၊ ဝိုင်အရက်သောက်ရင် မူးနေလိမ့်မယ်'

'ဘာဖြစ်လို့ ညစာမစားသလဲ'

သူသည် ကလေးငယ်ကဲ့သို့ လွတ်လွတ်လပ်လပ် ရယ်မောလိုက်၏။

'ကျွန်တော့်မှာ ပိုက်ဆံတစ်ပြားမှ မှ မရှိဘဲ၊ ကိစ္စမရှိပါဘူး မမရယ်၊ မနက်ကျရင် စားမှာပေါ့'

'အို. . . ဘယ်ဖြစ်ပါ့မလဲကွယ်၊ လာ. . . ထမင်းစားခန်းထဲသွားကြည့်ရအောင်၊ ဘာများစားစရာရှိသေးသလဲလို့'

'ကျွန်တော်မဆာပါဘူး၊ ဒီလိုအလှအပတွေ ကြည့်နေရတာ က ထမင်းစားရတာထက် ကောင်းပါသေးတယ်။ ကျွန်တော်ခြံကြီး ကို ကြည့်ချင်တယ်၊ လ-သာနေတုန်း ကြည့်ရမှကောင်းတာ'

'အို. . . ခြံကြီးနဲ့လဝန်းကဘယ်မှထွက်ပြေးကြမှာမဟုတ်ပါဘူး၊ ရှိနေကြမှာပါ၊ လာ. . . မမ မင်းကို ညစာလုပ်ပေးပါ့မယ်'

ခင်သည် ပန်းရောင်ခြယ်ထဲသို့ ထမင်းစားခန်းကြီးမှ ဖြတ်ကာ မီးဖိုချောင်ထဲသို့ ခေါ်သွားသည်။ ဦးကြာပွင့်၊ မနန်းခိုင်တို့နှင့် အခိုင်းအစေများမှာ ခြံကြီး၏အစွန်းရှိ သူတို့၏ အိမ်၌ အိပ်ရာဝင် သွား ကြလေပြီ။ ခင်နှင့်သူ၏ ညှော်သည်တို့သည် သူခိုးကဲ့သို့ ရှာဖွေ နေကြလေသည်။ ဝိုင်ပုလင်း၊ ကြက်ဥ၊ ထောပတ်၊ ပေါင်မုန့်၊ ဝက် သားခြောက်၊ ဘီစကွတ် စသည်များကို သွားတွေ့သည်။

ခင်သည် လျှပ်စစ်မီးဖိုကို ခလုတ်ဖွင့်လိုက်သည်။ထို့နောက် ဒယ်အိုးတည်ကာ ကြက်ဥကြော်ရန် ပြင်ဆင်၏။

'ကဲ. . . မင်းက ဟောဒီဝက်ပေါင်ခြောက်ကို ဓားနဲ့လှီးပေးကွာ၊ နေပါဦး၊ မင့်နာမည်ဘယ့်နှယ်ခေါ်သလဲ၊ အေးကွယ် နာမည် တောင် ခုမှမေးရတယ်' ဟု ခင်က ရယ်ရင်းမေးလိုက်သည်။

'မောင်ဝေဇင်လို့ ခေါ်ပါတယ်'

'ဩြော်. . . မမက ရှမ်းလို့အောက်မေ့နေတာ'

'မြန်မာအစစ်ပါ၊ ကျောင်းကထွက်ပြေးပြီး ဒီဘက်ရောက်လာတာ၊ ကျွန်တော် အိုင်အေမှာ တက်နေတုန်း တိုင်းပြည်မငြိမ် မသက် ဖြစ်လာတာပဲ၊ တောခိုတဲ့ ကျောင်းသားတွေနဲ့ အတူထွက် လိုက်လာတာ'

'ဒါဖြင့် မင်းက စွန့်စားသူပေါ့'

မောင်ဝေဇင်က ပြုံးလျှက် 'ဒီလိုလဲမဟုတ်ပါဘူး၊ ဒါထက် မမက လုပ်တတ်ကိုင်တတ်သားပဲ'

'ဘာလုပ်တတ်တာလဲကွယ်'

'ချက်တာပြုတ်တာပေါ့'

'ဩော်. . . ကြက်ဥကြော်တတ်လို့ အံ့ဩနေသလား၊ မမ ထမင်းဟင်းချက်တဲ့ ပြုတ်တဲ့အလုပ် လုပ်ဖူးတယ်ဆိုရင် အံ့ဩမှာလား'

'ကျွန်တော်တော့ မယုံပါဘူးဗျာ'

'ဒါဖြင့် မမတစ်သက်လုံး စည်းစိမ်နဲ့နေရမယ်၊ ဘာမဆို လုပ်ကိုင်ပေးမယ့် အစေခံတွေ တမကြီးနဲ့ဆိုရင်တော့ ယုံမယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ဝတ္ထုတွေထဲက ထိပ်ထားမင်းသမီးလေးလို. . '

'ဒါဖြင့် မင်းတွေးတာ မှန်တာပေါ့၊ မမ ကြက်ဥကြော်တတ်တယ်၊ ဝက်ပေါင်ခြောက်ကြော်တတ်တယ်၊ ငယ်ငယ်က ကွန်ဗင့် ကျောင်းမှာ နေကတည်းက ထမင်းချက်ပညာသင်တန်း တက်ခဲ့ဖူး ပါတယ်'

အားလုံး ကြော်လှော်ပြီးသောအခါ ငွေလင်ပန်းကလေး ထဲတွင် ထည့်ကြကာ ခင်က ရှေ့ကသွားလျက် မောင်ဝေဇင်က နောက်က လိုက်လာလေ၏။

ထမင်းစားခန်းကြီးမှာ အကျယ်ကြီး ဖြစ်လေသည်။ မျက်နှာ ကြက်တို့မှာ နံ့သာရောင် ခြယ်ထား၍ ကြာပွင့်များ အလယ်က ဖူးဝေနေလေသည်။ ကြာပွင့်အဝန်း၏ တစ်ဘက် တစ်ချက်တို့၌ ရွှေရောင်ပန်းတွန့်များဖြင့် ဆင်သထားသော ဖလ် အပြွတ်အပြွတ် အခိုင်ခိုင် မီးပဒေသာပွင့်ကြီးများ ရှိလေသည်။ သူတို့သည် တဖိတ် ဖိတ်တောက်ပနေသော စားပွဲကြီး၏ ထိပ်၌ ထိုင်ကြလေသည်။

မောင်ဝေဇင်က ပြုံးကာ 'ကျွန်တော့အဝတ်တွေက သိပ် စုတ် ပြတ်နေတယ်၊ အခန်းကြီးက သိပ်ခမ်းနားနဲ့ . . ရှက်စရာ တောင် ကောင်းနေပြီ၊ ဒီအခန်းကြီးနဲ့က ပိုးတွေဖဲတွေ ကတ္တီပါ တွေနဲ့မှ တန် တာ'

သူ၏ ကုတ်အင်္ကျီအနီမှာ ဖုံတွေပေ၍ ဖျော့နေ၏။ သူ၏ ရှပ်အင်္ကျီ အပြာစင်း ကော်လာမှာ အနားစုတ်နေကာ မဲသဲ၍ နေ လေ၏။ သူ၏မျက်လုံးများမှာ နက်မှောင်ပြီး အထဲချိုင့် ဝင်နေ၏။ ပါးရိုးပေါ်၊ နှာခေါင်းပေါ်နှင့် အချိုးအစား ကောင်းသည်။ နှုတ်ခမ်း မွှေးရေးရေးမှာ သူ၏ ဖရိုဖရဲ အဝတ် အစား ကျကျနနနှင့် ပြင် ဆင်ထားလိုက်လျှင် ကြည့်ကောင်း မည်ဟု ခင်က စိတ်ကူးကြည့်နေ လေသည်။

'အသက် ဘယ်လောက်ရှိပြီလဲ'ဟု ခင်က မေးလိုက်၏။

'နှစ်ဆယ့်တစ်နှစ်'

'ငယ်ငယ်လေး ရှိသေးတာပဲ၊ ဘာဖြစ်လို့ တေနေရ တာလဲ'

'ကျွန်တော်က မိထွေးနဲ့ နေရတယ်၊ အိမ်က ထွက်လာ ကတည်းကလဲ ဘယ်တော့မှ မပြန်ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ ဆူဆူ ပူပူဖြစ်တုန်း ကျွန်တော်လဲ ကျောင်းကထွက်လာခဲ့တာ၊ တိုက်ပွဲတွေ တိုက်ခဲ့ရသေးတယ်'

'မင်းက အနုပညာသမားပဲ'

'အနုပညာသမား. . ဟုတ်လား၊ အမှန်ကကျွန်တော်ဒုံမင်း သမား မဟုတ်ပါဘူး၊ ငယ်ငယ်က ပန်းချီ ဝါသနာပါတယ်၊ ဒါပေ မယ့် ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မတတ်ပါဘူး၊ ဒီ မရောက်ခင် ဆိုင်းဝိုင်းထဲဝင်ပြီး ပတ္တလားတီးသေးတယ်၊ ပုလိပ်က လိုက်တာနဲ့ ရှမ်းပြည်ဘက် ထွက်ပြေးလာခဲ့ရတာ၊ ထမင်းဆိုင်မှာ ပန်းကန်ဆေး တဲ့အလုပ် လုပ်နေရသေးတယ်၊ ရောက်စကများ ၂-ရက်မှ ထမင်း တစ်နပ်ပဲ စားရတယ်၊ ကျွန် တော်က သူများလဲ အပူမကပ်ချင် ဘူးလေ'

ခင်က ပလုပ်ပလောင်း စားသောက်နေသည်ကို ငေး၍ နား ထောင်နေ၏။ ခင်သည် ဆာလောင်မွတ်သိပ်နေသည်ကို ကျွေးရ မွေးရသဖြင့် ကျေနပ် နှစ်သိမ့်နေ၏။

'မင့် အနာဂတ်ကကော'

သူ၏ မျက်နှာပေါ်၌ စိတ်ပျက်ခြင်းသည် ဖြတ်သန်း၍ သွား၏။ သူသည် ခေတ္တနားနေပြီးမှ အဖြေပေး၏။

'အနာဂတ်အကြောင်းကို အခုမပြောကြပါစို့နဲ့လားဗျာ၊ အဖိုး မဖြတ်နိုင်တဲ့ အခု အချိန်အခါကို ပျော်စမ်းပါရစေ၊ ကျွန်တော် တစ်သက်လုံးမှာ တစ်ခါမှ ဒါမျိုး မကြုံတွေ့ဖူး ပါဘူး၊ နောက်မှ ဘာပဲဖြစ်ဖြစ် အခုအချိန်ကလေးကိုတော့ လှိုက်လှိုက်လှဲလှဲ အပူ အပင်မရှိဘဲ ခံစားချင်တယ်လေ. . ၊ ကျွန် တော့်တစ်သက်တာမှာ တန်ဘိုးထားစရာကလေး အဖြစ် အမှတ်တရ နှလုံးထဲမှာ သိုဝှက် ထားချင်တယ်'

ခင်သည် သူ့အား ဆန်းကြယ်စွာ စိုက်ကြည့်နေ၏။ တိတ် ဆိတ်သော ညအခါ၌ သူ၏စကားသံသည် ပဲ့တင်ထပ်နေ၏။

ခင်သည် သူ့ရင်ခုန်သံကိုပင် သူကြားရသည်ဟု မှတ်ရလေသည်။

မကြာသေးခင်က ကိုကျော့ဖေအား ရယ်စရာပြောခဲ့သေးသည်။ ကိုကျော့ဖေကပင် သူ့အား 'သိပ်ရူးတာပဲ' ဟု ပြောခဲ့သည်။ တကယ် နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ရလျှင်ကား အမှန်ပင် တွန့်မိမည် ဖြစ်ပေသည်။ ထိုအချိန်အခါသည် ဆိုက်ရောက်လာလေပြီလော။

ခင်သည် စိတ်လှုပ်ရှားနေလေသည်။ အဖော်ရပါစေတော့ဟု ဝိုင်အရက်အနီကို အနည်းငယ် သောက်လိုက်သည်။ ခင်သည် ရီ တီတီဖြစ်လာသည်။ သန်းခေါင်ကျော်ပြီ ဖြစ်၍ ညလေသည် နှင်းနံ့ များ ပန်းရနံ့များ ပေါင်းစပ်ထားသော မွှေးထုံလာပေသည်။ ခင် သည် တလှိုက်လှိုက်ဖြစ်လာ၏။ တစ်စုံတစ်ရာကို တသသလို ဖြစ်လာ၏။ သွေးတို့သည် အကြောတွင်း၌ ပြေးလွှား တိုးဝင်နေကြ၏။

ခင်သည် ရုတ်တရက် စားပွဲမှ ထလိုက်သည်။

'ကဲ. . . ခြံကြီးထဲ သွားကြည့်ရအောင်၊ ပြီးတော့ ပြန်ပေတော့'

ခင်သည် နံရံပန်းချီများရှိသော အခန်းကြီးမှ ပတ်၍ခေါ်သွားလေသည်။ လမ်းကြားကလေးထိပ်ရှိ စားပွဲ၌ ဓာတ်စက်ကို သွားတွေ့လေသည်။ ဓာတ်စက်မှာ ရေဒီယိုနှင့် ဆက်ထားလေသည်။

'သီချင်းကောင်းကောင်းတွေ ရှိသလား'

'မေမီခြံထဲ ထွက်ထိုင်နေရင် ဖွင့်တတ်တယ်'

သူသည် တင်ထားသော ခွေပြားကို ကြည့်လိုက်လေသည်။

'အင်္ဂလိပ် ခွေပြားတွေပါလား'ဟု ဆိုကာ သူသည် ခလုတ် ဖွင့်လိုက်၏။ သီချင်းသံ ထွက်ပေါ်လာလေသည်။

'အကတီးလုံး ဝေါ့ဇ်တီးကွက်ပါလား'

သူ၏ မျက်လုံးများသည် တောက်ပ၍လာ၏။

'အင်္ဂလိပ်သီချင်းတွေ နားလည်တယ်ထင်တယ်၊ ကတတ်လား'

'ငယ်ငယ်က အကသင်ဖူးတယ်၊ ကျွန်တော်က တီးတာထက်ပိုကတတ်တယ်'

'ဟုတ်လား၊ ဒါဖြင့် ကရအောင်'

သူသည်လက်ကို ကိုင်ကာ ခါးကိုကပ်လိုက်လေသည်။ သူတို့သည် စီးချည်အတိုင်း ပြောင်လက်သော ကြမ်းပြင်ပေါ်၌ ရွေ့လျား နေကြလေ၏။ ထို့နောက် ခင်သည် လက်ကိုကိုင်ကာ ခြံထဲသို့ ခေါ်သွားလေသည်။

လရောင်၌ ခင်သည် နေ့အရောင်နှင့်မတူ ခြားနားနေသည်။ အသက်ရသော သစ်ပင်ကြီးများသည် လရောင်၌ နုပျိုနေကြ၏။ မြက်ခင်းများသည် သစ်လွင်လတ်ဆတ်နေကြ၏။ နှစ်ကာလအပိုင်း အခြားသည် ပြိုလဲသွားလေပြီ။ ကမ္ဘာကြီးတစ်ခုလုံးသည် ပျိုမျစ်၍ နေလေသည်။ လေသည် မွှေးထုံ၍ နေပေသည်။

သူတို့သည် တိတ်ဆိတ်စွာ လမ်းလျှောက်၍ လာကြသည်။

သူက ကဗျာတစ်ပုဒ်မှ ကောက်နုတ်၍ ကိုးကားပြောဆို၏။

'သိပ်လှတာပဲ။ မခံမရပ်နိုင်အောင် လှတာပဲ'

ကဗျာထဲ၌ အချိန်ကာလကို ကုန်လွန်မသွားစေချင်ဘဲ 'အလှ ၏ဒဏ်၊ မခံရပ်နိုင်'ဟု သီကုံးထားခဲ့လေသည်။

'မမတော့ သိပ်ပျော်မှာပဲနော်၊ ဒီခြံကြီးနဲ့ ဒီအိမ်ကြီးနဲ့'

'အေးပေါ့' ဟု ခင်က ပြုံး၍ ဖြေသည်။

'ကျွန်တော် သိပ်ဝမ်းသာတာပဲ၊ မမက ကြင်နာတယ်၊ သဘောကောင်းတယ်၊ ရက်ရောတယ်၊ စေတနာကောင်းတယ်၊ မမ ဟာ ပျော်ရွှင်ထိုက်ပါတယ်။ ကျွန်တော်ကတော့ မမဟာ ကမ္ဘာ ပေါ်မှာ မမဆန္ဒရှိတာတွေ အကုန်ရတယ်လို့ ထင်တယ်'

ခင်က ပါးကလေးများခွက်လာအောင် ပြုံးနေ၏။

'အေးပေါ့'

သူက သက်ပြင်းချ၏။

'ကျွန်တော် ဒီည သေလိုက်ချင်တယ်၊ အခုလို ဆန်းကြယ် အံ့သြဖွယ်ကောင်းတာ နောက်ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး။ ဒါကိုပဲ ကျွန်တော် အမြဲစဉ်းစားနေမှာ၊ ဒီညကို ဘယ်တော့မှ မေ့မှာ လဲမဟုတ်ဘူး။ မမရဲ့ အလှအပ၊ ဒီနေရာလေးရဲ့ ချစ်စရာကောင်း ပုံတွေ ကျွန်တော်တော့ မမကို နတ်သမီးလို့ပဲ အောက်မေ့တယ်လေ'

သူသည် ခင်၏လက်ကလေးကိုဆွဲကိုင်ကာကိုယ်ကိုညွတ်၍ နမ်းလိုက်သည်။ ထို့နောက် သူသည် ဒူးထောက်လိုက်ကာ ခင်၏ ခြေသလုံးများကိုဖက်ကာ နမ်းလိုက်သည်။ ခင်၏ ထဘီသည် သူ၏ မျက်နှာနှင့် ထိလျက်ရှိလေသည်။

ခင်သည် တုန်လှုပ်သွားလေသည်။ ရင်၌ လှိုက်ဖိုလာကာ သူ့ခေါင်းကိုအသာမ၍ ကိုယ်ကိုမတ်စေလျက် သူ၏ မျက်လုံး၊ ပါးနှင့် နှုတ်လမ်းတို့ကို နမ်းလေသည်။ သူ့ဘာသာပင် ဘာလုပ်မှန်း မသိ စိတ်၏ လျှပ်တစ်ပြက်အတွင်း စေခိုင်းသည့်အတိုင်း လာမိခြင်း ဖြစ်လေသည်။ ခင်သည် ဆန်းကြယ်သော ရသကို ခံစားလျက်ရှိ ပေသည်။ သူမ၏ ရင်ထဲ၌ သနားကြင်နာသော မေတ္တာဝေဒနာဖြင့် ထုံကျင်လျက်ရှိသည်။

သူသည် ခင့်အား ပြန်၍ တအားဖက်ထားသည်။ သူ၏ သွေးတို့သည် ဆူဝေ၍ လာ၏။ ခင်ကား ကိုးကွယ်ရန် နတ်သမီး မဟုတ်။ ပိုင်ဆိုင်ရာ မိန်းမတစ်ဦးပေတည်း။

သူတို့သည် ငြိမ်သက်လျက်ရှိသော အိမ်ကြီးဆီသို့ သွားကြ လေသည်။

* * *

(၅)

အခန်းထဲ၌ကား မှောင်လျက် ရှိသည်။ သို့သော် ပြတင်းပေါက်မှန်မှ လရောင်သည် ထိုးဝင်၍နေ၏။ ခင်သည် ဆိုဖာပေါ်၌ နောက်သို့ ခပ်မှေးမှေး ထိုင်ကာ မောင်ဝေဇင်သည် ခင်၏ခြေရင်း ခင်၏ဒူးပေါ်တွင် ခေါင်းမှီ၍နေသည်။ သူသည် စီးကရက် သောက်လျက်ရှိရာ အမှောင်ထဲမှ မီးနီရောင်ကလေးလက်နေ၏။

မောင်ဝေဇင်က သူ၏အတ္ထုပ္ပတ္တိကို ပြောပြလျက် ရှိလေသည်။

သူ၏မိခင်မှာ ငယ်ငယ်ကတည်းက ဆုံးသွား၍ သူ့ဖခင်သည် မိန်းမငယ်ငယ်လေး ယူထားလေသည်။ မိထွေးမှာ ကွယ်ရာ

တစ်မျိုး ရှေ့တွင် တစ်မျိုးအစားထဲကဖြစ်သည်။ မိထွေး၏ ကုန်း ချောချက်ကြောင့် မကြာခဏ ဖခင်၏အရိုက် ခံခဲ့ရသည်။ သူ လူပျို ပေါက်ကလေး ဖြစ်လာသောအခါ မိထွေးမှာ အငယ်ထားသည်ကို တွေ့ရသည်။ တစ်ယောက်ပြီးတစ်ယောက် ထားသည်။ တစ်နေ့ တွင် သူ့ဖခင် အလုပ်သွားရာမှပြန်အလာ မိ၍စကားများကြသည်။ နောက်ဆုံးဖခင်မှာ စိတ်ညစ်၍ သူ့ကိုယ်သူ သတ်သေသွားလေ သည်။

'အဲဒီတုန်းကများ ဆင်းကဆင်းရဲ၊ စိတ်ကလဲညစ်နဲ့ သေနတ် သာရှိရင် ကိုယ့်ကိုယ်ကို ပစ်သတ်ချင်မှာပဲ'

ပြောရင်းသူသည် ခင်၏လက်ကို ကိုင်ကာ သူ၏ ရင်ဘတ် ပေါ်၌ တင်ထား၏။

'တွေ့လား၊ မမ တင်ထားတဲ့ အရိုးကြားထဲက နေရာကိုပေါ့၊ ကျည်ဆံမြုပ်လိုက်ရရင်. . '

'ဒါမျိုးတွေ မပြောစမ်းပါနဲ့ကွယ်'ဟု ခင်က လက်ကိုဖယ်ပစ် ကာ ပြောလေ၏။

ခင်သည် ဟင်းခနဲ သက်ပြင်းချ၏။ ခင် မည်မျှပင် နှစ်သိမ့် သော်လည်း သူကား ရမည့်သူမဟုတ်။ သူက ခင်၏ လက်ကို ညှစ် လိုက်၏။

မောင်ဝေဇင်က ကြင်နာယုယသောအသံဖြင့်. . .

'သက်ပြင်းမချပါနဲ့ဗျာ၊ ကျွန်တော် အခုဘာမှ နောင်တမရ တော့ဘူး၊ ဒီညအဖို့ရာနဲ့တင် တန်နေပြီ၊ နေပျော်ပြီ'

'ထို့နောက် သူတို့သည် စကားမပြောကြဘဲ တိတ်ဆိတ်သွား ကြသည်။ ခင်က သူ၏ မှောင်မိုက်သော ဘဝကို တွေးနေ၏။ သူ့ အတွက် ဘာလုပ်ပေးရမည်နည်း။ ငွေကြေးပေးရမည်လော။ ငွေ ပေးရုံနှင့် ခဏသာခံမည်ဖြစ်၏။ သူကလည်း လက်ခံမည်မဟုတ်။ စိတ်ကူးယဉ်သော လူငယ်တစ်ယောက်ပေတည်း။

အဝေးမှ ကြက်တွန်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ခင်သည် လန့်သွားလေ၏။ ခင်သည်သူ၏လက်ကို အသာဖယ်ပစ်လေ၏။

'ကဲ. . ပြန်ပေတော့ အချစ်ရယ်' ဟုခင်က ဆို၏။

'မပြန်နိုင်သေးဘူးဗျာ၊ မပြန်နိုင်သေးဘူး'

သူက ခပ်ကျယ်ကျယ် ပြောလိုက်၏။

'မကြာခင် အရုဏ်တက်တော့မယ်'

'နည်းနည်းလိုပါသေးတယ်'

သူသည် ဒူးထောက်ရာမှ ခင့်ကို တအားဖက်ပြီး 'မမကို သိပ်ချစ်တာပဲ'

ခင်က သူ့လက်မှ ရုန်း၏။

'မဟုတ်ဘူး၊ ပြန်တော့. . အချိန်လင့်နေပြီ'

မောင်ဝေဇင်၏မျက်နှာပေါ်၌ အပြုံးရိပ်ကို မတွေ့ရတော့၊ သူသည် မျက်နှာပျက်နေ၏။ သူသည် နေရာမှထကာ ကုတ်အင်္ကျီကို ဝတ်၏ ခင်သည် မီးခလုတ်ကို ဖွင့်လိုက်သည်။ ထို့နောက် သူသည် ခင့်အား ဖက်ထားလေသည်။

'အို. . အချစ်ရယ်၊ မမ ကျွန်တော့်ကို ပျော်အောင်လုပ်ပေး တာပဲနော်' ဟု သူက တိုးတိုးကလေးပြော၏။

'ဝမ်းသာပါတယ်ကွယ်'

'မမက ကျွန်တော့် ဘဝကို လှပအောင် လုပ်ပေးတာပဲ၊ ဟော. . အခု ကျွန်တော် မမကိုရပြီ၊ အနာဂတ်ကတော့ ဘာကြီးပဲ ဖြစ်နေဖြစ်နေ ကျွန်တော့် ဘဝဟာ မဆိုးတော့ဘူး'

'ဘယ်တော့မှ မမေ့ဘူး မဟုတ်လား'

'ဘယ်တော့မှ မမေ့ဘူး'

ခင်သည် သူမ၏ နှုတ်ခမ်းကို သူ့နှုတ်ခမ်းနှင့် ထိနမ်းလိုက်သည်။

'ကဲ. . . သွားပေတော့နော်'

'ဘယ်တော့တွေ့ရဦးမလဲ' ဟု သူက တိုးတိုးကလေး မျက်စိမှေးကာ မေး၏။

ခင်သည် သူ့လက်မောင်းထဲမှ ရုန်းထွက်၏။

'ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး အချစ်ရယ်၊မမကြာခင် ဒီက ထွက်သွားရတော့မှာ၊ သုံးလေးရက်အတွင်းလောက်ပေါ့၊ တစ်ယောက်နဲ့တစ်ယောက် မတွေ့နိုင်ကြတော့ဘူး၊ နောက်ပြီး မမဟာ လွတ်လွတ်လပ်လပ် မဟုတ်ဘူးကွယ်'

'မမက ယောကျာ်းနဲ့လား၊ ဒါနဲ့ မမဟာ မုဆိုးမဆို'

အကယ်၍ လိမ်ပြောလျှင် ရမည်ဖြစ်၏။ သို့သော် ခင်သည် မလိမ်ချင်။

'လွတ်လွတ်လပ်လပ် မဟုတ်ဘူး ဆိုတော့ မင်းက မမကို ဘယ်လိုအောက်မေ့လို့လဲ၊ မမနဲ့ မင်းနဲ့ နောက်ထပ် ထပ်တွေ့ကြဖို့ မဖြစ်နိုင်ပါဘူးကွယ်၊ မမရဲ့ဘဝကို မင်း မဖျက်ဆီးချင်ဘူး မဟုတ်လား၊ ပြောစမ်း'

'ဒါပေမယ့် ကျွန်တော်မမနဲ့ နောက်ထပ် တွေ့ချင်သေး တယ် လေ၊ တစ်ခါတည်းပါ မမရယ်၊ နို့မို့ရင် ကျွန်တော် သေမှာပဲ'

'အချစ်ကလဲကွယ်၊ မမပြောတာ နားလည်စမ်းပါ၊ တစ် ဇွတ်ထိုး မလုပ်ချင်စမ်းပါနဲ့၊ အခုခွဲပြီးကြပြီးတဲ့နောက် မတွေ့ ကြရတော့ဘူး'

'ဒါပေမယ့် မမကို ကျွန်တော် ချစ်တယ်လေ၊ မမကော ကျွန် တော့်ကို မချစ်ဘူးလား၊ ပြောစမ်းပါဦး'

ခင်သည် ခဏမျှ တွေနေ၏။

ခင်သည် သူ့အပေါ် နည်းနည်းမျှ မရက်စက်ချင်။ သို့သော် ယခု အချိန်အခါတွင်ကား အမှန်ကို ပြောရပေတော့မည်ဟု တွေး တောလျက် ရှိ၏။ ခင်သည် အနည်းငယ်ပြုံးကာ ခေါင်း ခါ၏။

'ဟင့်အင်း. . . မချစ်ပါဘူး'

သူသည် ခင့်အား နားမလည်သကဲ့သို့ ကြောင်ငေး၍ ကြည့်နေ၏။

'ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော့်ကို အခန်းထဲ ခေါ်ရ တာလဲ'

'မင်းဟာ အထီးကျန်ဖြစ်နေတယ်၊ ဒုက္ခရောက်နေတယ်၊ မမ က တဒင်္ဂဖြစ်ဖြစ် ပျော်ရွှင်မှုပေးချင်တယ်'

'ဟာ. . . ရက်စက်လှချည်လားဗျာ၊ ရက်စက်လှချည်လား ဗျာ၊ ဟင်'

သူ၏ အသံက ကွဲအက်၍ နေ၏။

'ဒီလိုမပြောပါနဲ့ကွယ်၊ မမ မင်းကို ရက်စက်တာ မဟုတ်ပါ ဘူး၊ မမရဲ့နှလုံးသားဟာ ကြွင်နာမှု သနားမှု အပြည့်ရှိပါတယ်'

'ဩော်. . . ဟုတ်လား၊ ကျွန်တော့်ကို သနားပါလို့ တောင်းခံ နေတာ မဟုတ်ဘူးဗျ၊ သနားတာလဲ မလိုချင်ပါဘူး၊ ဘာဖြစ်လို့ ကျွန်တော့်ကို တစ်ယောက်တည်း မထားရစ်ခဲ့သလဲ၊ ခုနကတော့ ကောင်းကင်ယံကိုခေါ်ပြီး အခု မြေကြီးကို ကန်ချတာပေါ့လေ ဟုတ်လား၊ မရဘူးဗျ. . . မရဘူး'

'မမ မိုက်ပါတယ်ကွယ်၊ မမ မင့်ကို စိတ်ထိခိုက်အောင် လုပ်တာ မဟုတ်ပါဘူး'

သူ၏မျက်လုံး၌ ချစ်မေတ္တာ မရှိတော့၊ အေးစက်တင်းမာသော ဒေါသဖြင့် တညီးညီး တောက်နေ၏။ သူ၏ ဖျော့တော့သောမျက်နှာမှာ ပို၍ဖြူလာလျက် လူသေကောင်မျက်နှာဖုံးကို စွပ်ထားဘိ သကဲ့သို့ မှတ်ထင်ရလေ၏။ သူ၏ အကြည့်ကြောင့် ခင်မှာ အနေ ခက်နေ၏။

ခင်သည် သူမှားပြီဟု တွက်မိလေပြီ။ အစေခံများကား အဝေး၌ အိပ်ပျော်ကုန်ကြပေပြီ။ အကယ်၍ အော်လျှင်လည်း ကြားရမည် မဟုတ်။ သက်သက်မိုက်တာ၊ မိုက်တာ။ အကောင်းဆုံးထား ခေါင်းကို ခေါင်းအေးအေးထား၍ ကြောက်ရွံ့ကြောင်း နည်းနည်းမျှမပြရန် ဖြစ်လေ၏။

ခင် တုန်ယင်စွာပြော၏။

'မမ သိပ်ဝမ်းနည်းပါတယ်ကွယ်၊ မင်းကို မမ ဘာမှ စိတ်မချမ်းမသာဖြစ်အောင် လုပ်ဖို့ မရည်ရွယ်ပါဘူးကွယ်၊ မမ

မင်း အတွက် ဘာလုပ်ပေးရမလဲ ပြောပါ၊ မမ ဝမ်းပန်းတသာ လုပ်ပေးပါ့မယ်'

သူသည် မျက်မှောင်ကုတ်နေ၏။

'ခင်ဗျားက ဘာလုပ်ဦးမလို့လဲ၊ ကျွန်တော့်ကို ပိုက်ဆံပေး လွှတ်မလို့လား။ ကျွန်တော် ပိုက်ဆံမလိုချင်ပါဘူးဗျာ၊ မမမှာ ဘယ် လောက်ရှိလို့လဲ'

ခင်သည် မှန်တင်ခုံပေါ်၌ တင်ထားသောလက်ပွေ့အိတ်ကို ယူကာ ဖွင့်၍ လက်နှိုက်ကြည့်သည်။ သူမသည် သေနတ်ကို သွားစမ်းမိလေသည်။ တစ်သက်တာ၌ တစ်ခါမျှ သေနတ် မပစ်ဖူး။ ယခုအချိန်အခါကား ဆိုက်ရောက်ပေပြီလော။ အို. . . အလကား ဘာတွေတွေးနေပါလိမ့်။ သို့သော်. . . သေနတ် လက်ဝယ်ရှိသည် ကိုကား ကျေးဇူးတင်ရပေမည်။ လေးလေး ဦးရဲအောင်ကား အမြော်အမြင် ရှိသူပေတကား။ သူမ၏ ဦးနှောက်ထဲ၌ လျှပ်ပျက်သလို အတွေးများ ဝင်လာကြလေ၏။

သူမသည် တည်ငြိမ်၍လာ၏။

'မမမှာ ငွေနှစ်ထောင်ကျော်လောက်ရှိတယ်၊ ယူသွား. . .၊ ဒီငွေနဲ့ ယိုးဒယားဘက်ကို ထွက်ပြေးရင်ရတယ်၊ အဲဒီမှာဆိုရင် ဘေးကင်းတယ်၊ မမလဲ စိတ်အေးရတာပေါ့'

'စိတ်အေးရတယ်. . . ဟုတ်လား၊ စိတ်အေးမှာကို ယုံပါ တယ်၊ ခင်ဗျားက ချမ်းသာတာပဲ၊ တစ်ညတာလောက် ပျော် ဖို့ကို ငွေနဲ့ ဝယ်ယူနိုင်တာပေါ့၊ ဒီလိုပဲ ရည်းစားတွေ ဘယ် နှစ်ယောက် ဝယ်ယူခဲ့သလဲဟင်၊ ခင်ဗျားက ကျွန်တော့်ကို ငွေ တစ်ထောင် နှစ် ထောင်ပေးရင် ကျွန်တော်ကျေနပ်မယ် ထင်

နေသလား၊ ငွေသာ လိုချင်သပဆိုရင် ခင်ဗျားဝတ်ထားတဲ့ ပုလဲတွေ စိန်တွေကို ယူလိုက် မှာပေါ့'

'လိုချင်ရင် ယူပါကွယ်၊ မမရှိတာ အကုန်ပေးပါတယ်၊ မမ ဒါတွေ မမက်ပါဘူး၊ ယူ. .၊ မှန်တင်ခုံပေါ်မှာ အကုန်ရှိတယ် ယူလေ'

'ခင်ဗျားကြီး အလကားမိန်းမဘဲ၊ ခင်ဗျား ယောကျ်ား တစ် ယောက်ကို ဘယ်လောက်ပေးပေးရမယ် ထင်သလား၊ ကျွန်တော် သာ ငွေကိုလိုချင်ရင် ရဲဘော်တွေကို လက်ထောက် ချပြီး ဆုငွေ သောင်းနဲ့ချီထုတ်နေမှာပေ့ါ၊ ဒီလောက်လဲ အထင် မသေးပါနဲ့ဗျာ၊ ကျွန်တော် ငတ်ရမှာ မကြောက်ပါဘူး'

'မမကို မင်းနားမလည်ပါလားကွယ်၊ မင်းကို မမ သနား တာ အမှန်ပါပဲ၊ မင်းကတော့ မင်းကိုဒုက္ခပေးတယ် အောက်မေ့ နေတယ်၊ မမက မင်းကို စော်ကားရာရောက်ရင် စိတ်ဒုက္ခ ပေးရာရောက်ရင် မမကို ခွင့်လွှတ်ပါကွယ်၊ မမ မင်းကို အကျိုး ပြုချင်ပါတယ်'

'ခင်ဗျား ဘာလိမ်ညာ ပလီနေရတာလဲ ပြောစမ်းပါဦး၊ ခင်ဗျား လောကကြီးမှာ ဘာများ ကောင်းကျိုးပြုခဲ့လို့လဲ၊ ခင်ဗျားက ရင်ခုန်စရာတွေ၊ အတွေ့အကြုံသစ်တွေ ရှာဖွေနေတဲ့ မိန်းမပဲ၊ ခင်ဗျားရဲ့ ငြီးငွေ့မှုကို ဖြေဖျောက်မယ့်ဟာတွေလေ၊ ဘယ်သူ့မှာ ဘာဖြစ်ဖြစ်ပေါ့ ဟုတ်လား၊ ဒီတစ်ခါတော့ ခင်ဗျားမှားပြီ၊ အတွက်လွဲပြီ၊ တစိမ်းတရံစာ ယောကျ်ား တစ်ယောက်ကို အိမ်ထဲ ခေါ်လာတာကိုက ဂျောက်ကျပြီ အောက်မေ့ပေတော့၊ ပထမက တော့ ခင်ဗျားကို နတ်သမီး

တစ်ယောက်လို့ အောက်မေ့ခဲ့ရတာပဲ၊ အခုမှ ကာမဘီလူးမှန်း သိရတယ်၊ ခင်ဗျားကို အခုကျွန်တော် လည်ပင်းညစ်သတ်ရင် ရတယ် သိရဲ့လား၊ နောက်ကို ဘယ်သူ့ကိုမှ ဒုက္ခမပေးနိုင် အောင်လေ'

သူသည် ပြောရင်း ရှေ့သို့ ခြေတလှမ်း တိုးလာ၏။

ခင်သည် လန့်၍သွား၏။ သူ့ကြည့်ရသည်မှာ ကြောက်စရာ ကောင်းနေ၏။ သူ၏မျက်နှာမှာ အမုန်းနှင့် ဒေါသ ကြောင့် ရုပ်ပျက် နေ၏။ မျက်လုံးများမှာ ရက်စက်ခြင်းဖြင့် အလျှံ တောက်ပြောင် နေ၏။ ခင်သည် စိတ်ကို ထိန်းချုပ်ကာ တစုံတရာ ပြုလုပ်ရန် ဆုံး ဖြတ်၏။ ခင်သည် လက်ပွေ့အိတ်ကို ကိုင်လျက် ရှိရာ ချက်ချင်း သေနတ်ကို ထုတ်၍ချိန်လိုက်လေသည်။

'မင်းဒီကထွက်မသွားရင် ပစ်လိုက်မယ်၊ နားလည်လား' ဟု ခင်က အော်ပြောလိုက်၏။

'ပစ်လေ. . .'

သူသည် နောက်တစ်လှမ်း ရှေ့သို့ တိုးလာ၏။

'ဒီတစ်ခါ တစ်လှမ်းတိုးလာရင် ပစ်လိုက်မယ်'

'ပစ်ပါ၊ ကျွန်တော့်အဖို့ ဘဝအသက်ဆိုတာ အလကား ပါ၊ ကျွန်တော့်အဖို့ ဝန်ထုပ်ကျသွားတာပဲ၊ ပစ်လေ ပစ်စမ်း ပါ၊ ခင်ဗျား ကို ကျွန်တော် ခွင့်လွှတ်တယ်၊ တစ်ကယ်ပဲ ခင်ဗျား ကို ကျွန်တော် ချစ်တယ်'

သူ၏ မျက်နှာအသွင်အပြင်သည် ပြောင်းလဲ၍သွား၏။ စောစောက ဒေါသများသည် လွင့်စင် ပျောက်ကျသွားလေပြီ။

နက်မှောင်သော မျက်လုံးများသည် ပီတိဖြင့် တောက်ပ၍လာ၏။ သူသည် ခင့်ထံသို့ လျှောက်လာ၏။

'အခန်းထဲ ကျူးကျော်ဝင်ရောက်လာတဲ့ သူခိုးမို့ ပစ်သတ်လိုက်တယ်ပြောပေါ့ဗျာ၊ ဟုတ်လား၊ ပစ်စမ်းပါ၊ အသေသာ ပစ်လိုက်စမ်းပါ၊ မြန်မြန်. . မြန်မြန်'

ခင်သည် သေနတ်ကို ပစ်ချကာ ဘေးရှိဆိုဖာတွင် ထိုင်ချလျက် လက်ရမ်းကို ခေါင်းဝှက်ကာ ရှိုက်ငိုနေလေသည်။ မောင်ဝေဇင်သည် သူမအား စိုက်ငေးနေလေသည်။

'သတ္တိမရှိတော့ဘူးလား၊ မမက သိပ်မိုက်တာပဲ၊ ကျွန်တော့်ကို ကစားသလို တခြားယောကျ်ားတွေနဲ့ သွားမကစားပါနဲ့၊ ကဲ. . . လာပါဗျာ'

မောင်ဝေဇင်သည် ခင်၏ပခုံးကိုဖက်ကာဆွဲယူ၏။ခင်ကား သူဘာအလိုရှိသည်ကို မသိဘဲ ရှိုက်လျက်သာ ဆိုဖာကိုတွယ်၍ထား၏။ သူသည် ခင်၏လက်ကို တအားဆွဲလိုက်သည်။ ခင်သည် နာသွားကာ တစ်ချက်ညည်း၍ အသာလက်ကို လျှော့ပေးလိုက်သည်။

'မမက ကျွန်တော့ကို မမေ့ဖို့ပြောတယ်၊ကျွန်တော်ကတော့ မမေ့နိုင်ပြီ၊ မမေ့မှာက ဒီတစ်ခါ မမ'

ခင်ကား မလှုပ်မယှက်၊ သူ့ကို ကြောက်ရွံ့သော မျက်လုံးများဖြင့်သာ ငေးကြည့်နေ၏။ သူသည် အသံထွက်၍ခပ်ရှရှရယ်မောလိုက်၏။

'မကြောက်ပါနဲ့ဗျာ၊ မမကို ကျွန်တော် နာအောင် ကျင်အောင် မလုပ်ပါဘူး'

ခင်သည် ဘာမှပြန်မပြော။ သူ၏ ရက်စက်ခက်ထန်သော အကြည့်ကို မမြင်ချင်၍ ခင်သည် မျက်စိကိုမှိတ်ထားသည်။ မှောင် မည်းသော အခန်းထဲမှ ထွက်ခွာသွားသော ခြေသံများ ကြား နေရ၏။ ရုတ်တရက် သေနတ်သံကဲ့သို့ ဖျောက်ကနဲ အသံ ကြား ရကာ လူတစ်ယောက် လဲကျသွားသည်ကို မြင်လိုက်ရ၏။ ခင်သည် ထိတ်လန့်တုန်လှုပ်ကာ ချက်ခြင်း နေရာမှ ငေါက်ကနဲ ထလိုက်လေ သည်။

'ဘာများ လုပ်လိုက်ပါလိမ့်'

မောင်ဝေဇင်သည် ပြတင်းပေါက်ဘေး၌ လဲကျနေ၏။ လ ရောင်သည် သူ့ကိုယ်ပေါ်သို့ ထိုးကျလျက် ရှိလေသည်။ ခင် သည် သူ့ဘေး၌ဒူးထောက်ကာ ခေါ်၏။

'မောင်ဝေဇင်. . . မောင်ဝေဇင်၊မင်း. . . ဘာများလုပ်လိုက် သလဲ'

ခင်သည် သူ၏လက်ကိုကိုင်မြှောက်ကြည့်ကာ လေးလံ သော သက်မဲ့အရာဝတ္ထုကဲ့သို့ ကြမ်းပေါ်သို့ ဒုန်းကနဲ ကျသွား ၏။ သူမ သည် မျက်နှာနှင့် ရင်ဘတ်ကို စမ်းကြည့်သည်။ သူကား အသက် ထွက်သွားလေပြီတကား။

ခင်သည် မိုက်ခနဲဖြစ်သွားကာ ကြောက်ရွံ့စွာဖြင့် အသေ ကောင်ကြီးကို ငေးကြည့်နေမိသည်။ သူ၏ရင်သည် တဒိတ်ဒိတ် ခုန် နေ၏။ ဘာလုပ်ရမည်နည်း။ မူးရိပ်ရိပ်ဖြစ်လာကာ သတိ မေ့မည် ကဲ့သို့ဝေလာ၏။

ထိုအခိုက် အပြင်ဘက်မှ ပြေးလာသော ခြေသံတစ်ခုကို ကြားရလေသည်။ ခင်သည် ထိတ်သွားကာ နားထောင်နေ၏။

ထို့နောက် ခြေသံသည် ရပ်သွားကာ တံခါးဝသို့ ရောက်လာပြီကို သိရလေ၏။

ခင်သည် တလှပ်လှပ်ဖြစ်လာ၏။ တံခါးကို ဖြည်းညင်းစွာ ခေါက်သံတစ်သံ ထွက်ပေါ်လာ၏။ ခင်သည် တဆတ်ဆတ် တုန် လာကာ မအော်မိအောင် မနည်းပါးစပ်ဝ ရောက်လာသည်ကို ချုပ် တည်းလာရသည်။ သူမသည် ကြမ်းပေါ်၌ မလှုပ်မယှက် သေသူ၏ ဘေးတွင် ထိုင်လျက်ရှိသည်။ တံခါးခေါက်သံ နောက်ထပ် ထွက်ပေါ် လာပြန်သည်။

ခင်သည် ကြိုးစား၍ စကားပြောရန် အားယူ၏။

'တံခါးခေါက်တာ ဘယ်သူလဲ'

'ကျွန်မပါ၊ မမ ဘာဖြစ်သလဲ၊ သေနတ်သံလိုလို ကြားရသလားလို့၊ အိပ်ရာက လန့်နိုးတာနဲ့' ဟူသော မနန်းခိုင်၏ အသံထွက်လာလေသည်။

ခင်သည် လက်ကို တင်းကျပ်စွာဆုပ်ကာအသံမှန်ရအောင် ကြိုးစား၍ စကားပြော၏။

'အိပ်မက်များ မက်နေသလား၊ မမတော့ဘာအသံမှမကြားဘူး၊ ကဲ. . . အိပ်ချေတော့'

'ဟုတ်ကဲ့ မမ'

ခဏမျှ ဘာသံမှမကြားဘဲနေပြီးနောက် အပြင်သို့ ထွက်သွား သော ခြေသံများ ကြားရသည်။ အသံကို မှန်းဆ၍ ရလာသလိုပင် အသံသွားရာဘက်သို့ လိုက်ကြည့်နေမိလေသည်။ ခင်သည် အသံ မှန်မှန်နှင့် ပြောနိုင်သည့်အတွက် သက်သာရသည်။ ထို့နောက် လေးလေးပင်ပင် သက်ပြင်းချလိုက်လေသည်။

သို့သော် တစ်ခုခုကား လုပ်ရပေမည်။

မောင်ဝေဇင်အား ထပ်၍ ကြည့်မိပြန်သည်။ သူမသည် လန့်သွားသည်။ ခင်သည် အလောင်းကောင်ကြီးကို ဤနေရာမှ အပြင်ထုတ်ရန် လိုအပ်သည်ဟုသတိရကာ ကုန်း၍လက်မောင်းကို ဆွဲ၏။ သူမသည် လုပ်မိလုပ်ရာဖြစ်နေခြင်းဖြစ်၏။ ကိုယ်လုံးကား လေးလံ၍နေရာမှ အနည်းငယ်သာရွေ့သည်။ ခင်သည် စိတ်ပျက်၍ သွား၏။ ခင်သည် အားနည်းလျက်ရှိသည်။

ခင်သည် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွား၏။မနန်းခိုင်ကို နှင်လွှတ်လိုက်သည်ပင် မှားသလားဟု ထင်မိပြန်၏။မနန်းခိုင်ကို ပြန်ခေါ်လျှင်ကော ဘာမှမဖြစ်ဘူး ပြောပြီးမှ အလောင်းကောင်ကြီး တွေ့လျှင် ဘာပြောရမည်နည်း။ ဘာသံမျှမကြားမိဘူးဟု ပြောတာများ မှားလေသလော။

ပြဿနာအားလုံးတို့သည် ခေါင်းထဲသို့ စုပြုံတိုးဝင်လာကြကုန်၏။ အရှက်၊ ဂုဏ်သရေပျက်ခြင်း။ မောင်ဝေဇင်သည် သူ့ဘာသာသူ ဘာကြောင့်သတ်သေသည်ကို မေးလာလျှင် မည်သို့ဖြေရမည်နည်း။ အမှန်အတိုင်း ပြောရမည်လော။ အမှန်ကား ရှက်စရာကောင်းလှပေသည်။ တစ်ယောက်တည်း ဤသို့ နေရခြင်း ကား ပို၍ဆိုးလာပေလိမ့်မည်။ ဘယ်သူ့ထံ အကူအညီတောင်းရ ပါမည်လဲ။ တစ်ယောက်ယောက်ကို တွေ့ချင်လာ၏။ အကူအညီ၊ အကူအညီ ကိုကျော့ဖေကို ပြေးသတိရလာလေသည်။ သူတစ် ယောက်တည်းကိုသာ ခုနေခါ မြင်မိသည်။

အကယ်၍ သူ့ကို ခေါ်လာလျှင် လာမည်ဟု သူမသည် ယုံကြည်၏။ မကြာသေးခင်ကပင် သူမကို ချစ်ကြောင်းပြောခဲ့

သေးသည်။ အနည်းဆုံး ကိုကျော့ဖေက ဘာလုပ်လျှင်ကောင်း မည် ဆိုတာကိုတော့ အကြံဉာဏ် ပေးတတ်ပေလိမ့်မည်။ သို့သော် နောက်ကျနေပေပြီ။ ညဥ့်နက်သန်းခေါင်ကျော်ကြီး သူ့ကို ခေါ်လို့ လာပါ့မလား။ မနက်မိုးလင်းသည်အထိ စောင့်၍ကားမဖြစ်။ ချက်ခင်းလုပ်နိုင်မှ ကောင်းချိမ့်မည်။

ခင်သည် အိပ်ရာဘေး၌ တယ်လီဖုန်းရှိလေသည်။ ခင်သည် သတိရရချင်း တယ်လီဖုန်းကို ကောက်ကိုင်ကာ ကမ္ဘောဇ ဟိုတယ်ကို ဆက်လေသည်။ ဟိုတယ်အစောင့်၏အသံ ကြားရ၍ ကိုကျော့ဖေ၏ အခန်းကို ဆက်ခိုင်းသည်။ တစ်ဖက်သော သတ္တု ကြိုးမှ လူခေါ်သံကို တတင်တင် ကြားနေရ၏။ ဘာသံမှ ထူးသံမကြားရ။ ခင်သည် တထိတ်ထိတ်နေ၏။ အပြင်များ ထွက်သွားနေမလား၊ ညောင်ရွှေက ကစားဝိုင်းများ နေမ လား၊ သို့မဟုတ် မိန်းမတစ်ယောက်ယောက်ထံ သွားလည် နေ မလား။

ခင်သည် သက်ပြင်း တစ်ချက်ချလိုက်ပြီးစဉ် နားခွက်မှ အိပ်ချင်မူးတူးနှင့် အသံတစ်သံ ထွက်လာ၏။

'အခု စကားပြောနေတာ ဘယ်သူလဲ'

'ကိုကျော့ဖေလား၊ ခင်လေ ခင်စကားပြောနေတယ်၊ ခင့် မှာ ဒုက္ခတစ်ခုနဲ့ တွေ့နေရလို့ပါရှင်'

ခင်သည် အသံကျယ်လာသည်ကို ချက်ချင်း သိလိုက်ရ သည်။ အိပ်ချင်ပြေသွားသည့်အသံ။

'အချိန်မတော်ကြီးမှာ ဘာဖြစ်လို့လဲ'

'ဒီကနေ စကားနဲ့ ပြောလို့မဖြစ်ဘူးရှင့်၊ သိပ်အရေးကြီးတယ်၊ ခင့်ဆီကို လာမှဖြစ်မယ်'

'ဘယ်တော့လဲ'

'အခု၊ အခုချက်ချင်းလာမှဖြစ်မှာ၊ အမြန်ဆုံး လာပါရှင်နော်'

သူမ၏အသံ တုန်နေသည်ကို ရိပ်မိစရာဖြစ်သည်။

'ကောင်းပြီလေ. . . အခု လာခဲ့မယ်၊ မပူနဲ့'

မပူနဲ့ဟူသော စကားသုံးလုံးက သူမအား သက်သာရာရစေသည်။ သူမသည် တယ်လီဖုန်းကို ချက်ချင်းကောက်ချလိုက် လေသည်။

ဘယ်လောက်ကြာအောင် စောင့်ရမလဲဟု ခင်သည် တွေးနေ၏။ ကမ္ဘာ့ဇမှ စိတ္တရသို့ ငါးမိုင်ခန့်ဝေးသည်။ တောင်ဆင်း တောင်တက်နှင့်ဆိုက နာရီဝက်ကျော်ခန့်မျှ ကြာနေမလား၊ အချိန် မတော် တက္ကစီကားမှ ရပ့်ါမလား၊ တက္ကစီကားစောင့် နေရတာနှင့် ဘာနဲ့ တစ်နာရီခွဲနှစ်နာရီခန့်မျှ ကြာနေပါက မိုးလင်းသည့်ဘက် နီးလာနိုင်သည်။ သူမသည် အခန်းထဲ၌ စောင့်မနေနိုင်။ စောင့်ရ သည်မှာပင် အသည်းထိတ်စရာကောင်းနေပေသည်။ ထို့ကြောင့် ကုတ်အင်္ကျီတစ်ထည်ကို ထပ်ဝတ်ကာ အပြင်ဘက်သို့ အသာအယာ ထွက်ခဲ့လေသည်။

ခင်သည် ဆင်ဝင်အောက်မှ လမ်းလျှောက်၍ လှေကားထစ်များမှဆင်းကာ ကားလမ်းထိပ်အထိ သွားလေသည်။ လသည် အင်းကြီးတစ်ဖက်သို့ ရောက်နေလေပြီ။ သစ်ပင်များထဲ၌

လရောင် သည် ကွက်ကျား ပြေးလွှားကစားနေလေ၏။ စော စောကသာယာ ကြည်နူးဖွယ်ကောင်းသလောက် ယခုမှောင်ရိပ် များနှင့် ယှက်သန်း ကာကြောက်စရာဖြစ်နေ၏။ သူမသည် မလှုပ်မယှက်ရပ်ကာ ကားသံ ကို မျှော်နေ၏။

ထိုအခိုက် သစ်ပင်များကြားမှ ခြေသံတစ်သံကို ကြားရ လေ၏။ ခြေသံမှာ လူသွားဖြတ်လမ်းကလေးမှ ဖြစ်၏။ ဘယ်သူ များ ပါလိမ့်ဟု ထိတ်သွား၏။ သစ်ပင်အောက်မှ လူတစ် ယောက် ဘွားခနဲ ထွက်လာ၏။ ကိုကျော့ဖေမှန်းသိ၍ သက် သာရာ ရသွားလေသည်။

'ဘယ်လိုလုပ်လာတာလဲ'

'အစောင့်ကလဲ အိပ်နေပြီ၊ ကားကလဲ တစ်စီးမှမရှိတော့ ဘူး၊ မြို့ထဲသွားရှာရင်လဲ ကြာမယ်မဟုတ်လား၊ ဒါနဲ့အစောင့် ဆီက ဘိုင်စကယ်ယူပြီး လာခဲ့ရတာပေါ့၊ အဝမှာ ဝှက်ထား ခဲ့တယ်'

'လာ. . . အပေါ်တက်မယ်'

ထိုအခါမှ ကိုကျော့ဖေသည် ခင့်မျက်နှာကို မြင်ရလေ၏။

'ဘာဖြစ်သလဲ၊ ပြောစမ်းပါဦး'

ခင်ကား ဘာမှမပြောနိုင်၊ သူ့လက်မောင်းကို ကိုင်ကာ သာ အိမ်ဆီသို့ ခေါ်လေ၏။

'မြန်မြန်လာ. . . အသံမပြုနဲ့'ဟု ခင်ကခပ်တိုးတိုးပြော၏။

ခင်သည် သူ့အခန်းမှဖြတ်ကာ ဧည့်ခန်းမကြီးသို့ လမ်းကြား ကလေးမှ ဖြတ်ခေါ်သွားလေသည်။ မီးခလုတ်ကို ဖွင့် လိုက်သည်။ ဖလ်မီးပဒေသာပွင့်ကြီး လင်းလာကာ နံရံပန်းချီ

များသည် ထင်းခနဲ ပေါ်လာကြလေသည်။ ကိုကျော့ဖေသည် ပြတင်းပေါက် ဘေး၌ လဲနေသောလူကို သွားမြင်လေသည်။

'ဟာ. . . ဘာဖြစ်တာလဲ'

'သေနေတာ'

ကိုကျော့ဖေသည် ဒူးထောက်ကာ မျက်လုံးကို သွားဖွင့်၏။ ထို့နောက် ရင်ဘတ်ကို စမ်းကြည့်၏။ လက်တစ်ဖက်က သေနတ်ကို ဆုပ်ကိုင်ထားလျက် ရှိသေးသည်။

'သေပြီ၊ သူ့ကိုယ်သူ ပစ်သေတာပဲ'

'ခင်ပစ်တယ်လို့များ ထင်သလား'

'အိမ်က အဖော်အလျော်တွေကော၊ ပုလိပ်တွေကော အကြောင်းမကြားဘူးလား'

'ဟင့်အင်း'

'ပုလိပ်ကို တိုင်ရမှာပေါ့၊ ဒီလိုထားလို့ ဘယ်ဖြစ်မလဲ'

ပြောရင်းပင် ကိုကျော့ဖေသည် သေသူ၏ လက်ထဲမှ သေနတ်ကိုယူကြည့်လိုက်သည်။ သူသည် သေနတ်ကိုသေသေချာချာ ကြည့်နေ၏။

'ညက ကားပေါ်မှာ ခင်ပြတဲ့သေနတ်နဲ့ တူလိုက်တာ'

'အဲ့ဒီ သေနတ်ပဲ'

သူသည် ခင့်ကို စိုက်ကြည့်လိုက်သည်။ သူသည်နားမလည်နိုင်အောင် ဖြစ်နေသည်။

'ဘာဖြစ်လို့ သူ့ကိုယ်သူ သတ်သေရတာလဲ'

'ဒါတွေကို မမေးပါနဲ့ရှင်'

'သူ့ကိုကော သိသလား'

'မသိဘူး'

ခင်သည် ဖြူဖပ်ဖြူလျော်ဖြစ်ကာ တုန်နေ၏။ ရုတ်တရက် မေ့လဲသွားတော့မည်ကဲ့သို့ အောက်မေ့ရသည်။

'စိတ်ငြိမ်လာအောင် လုပ်မှပေါ့၊ ကြောက်နေလို့တော့ ဘယ် ဖြစ်မလဲ၊ နေဦး. . . ဘရန်ဒီရှိလား၊ နည်းနည်း သောက် လိုက်၊ ထမင်းစားခန်းထဲမှာလား'

သူ သွားမည်ပြု၍ ခင်က ငိုမည်ကဲ့သို့ အော်ကာ လက်ကို ဆွဲထား၏

'နေဦး၊ ခင်တစ်ယောက်တည်း ဒီမှာမနေဝံ့ဘူး'

'ဒါဖြင့်. . . လာ'

ကိုကျော့ဖေသည် သူမ၏လက်ကိုဆွဲကာ ခေါ်သွားလေ သည်။

ထမင်းစားပွဲကြီးတွင်ကား စောစောကအတိုင်းပင်မူမပျက် ရှိနေပေသေးသည်။ ဖယောင်းတိုင် သဏ္ဌာန်လုပ်ထားသော နံရံမှ မီးများ လင်းလျက်ပင်ရှိသည်။ စားပွဲပေါ်၌ သူတို့ စား ထားခဲ့သည့် အတိုင်း ပန်းကန်၊ ဝိုင်ဖန်ခွက်နှစ်ခွက်၊ မောင်ဝေဇင် ထိုင်သော ကုလားထိုင်ဘေး၌ ဦးထုပ်အပျော့ကလေး၊ ကိုကျော့ ဖေသည် ကောက်ယူလိုက်ကာ ခင့်အား ငေးကြည့်နေလေ၏။ ခင်သည် သူ့ အကြည့်မှ လွှဲဖယ်လိုက်သည်။

'သူ့ကို မသိဘူးပြောတာ ခင်ညာပြောတာပါ'

'ကျွန်တော်လဲ ရိပ်မိပါတယ်'

'ခင် ဘာလုပ်ရမှန်း မသိဘူး၊ သိပ်စိတ်ရှုပ်နေတယ် ကိုကျော့ဖေ'

‘ဟုတ်ပါပြီလေ၊ သူကဘယ်သူလဲ’ ဟု ကိုကျော့ဖေက ပျော့ပျောင်းစွာမေး၏

‘ဒိုမင်းတီးတဲ့ ဆရာလေ၊ ညက ယမုန်နာမှာပေါ့၊ ခင်တောင် ရာတန်တစ်ချပ် ဆုချလိုက်သေးတယ်လေ’

‘ဩော်. . မှတ်မိပြီ၊ မှတ်မိပြီ၊ ဘယ့်နှယ့်လုပ် ဒီရောက်လာသလဲ’

ခင်သည်တွေနေ၏။

‘အိမ်အပြန် လမ်းမှာတွေ့တာ၊ သူ့ကြည့်ရတာ သိပ်ဆင်းရဲနေပုံရတာနဲ့’

ကိုကျော့ဖေသည် အံ့ဩနေ၏။ သူမမျှော်လင့်တာကို ယခုသူမသည် လုပ်ခဲ့လေပြီ။

‘ဒီမှာ ခင်၊ ဘာမှမကြောက်ပါနဲ့၊ ခင့်ကို အစွမ်းကုန်ကူညီမယ်’

‘သူက သိပ်ဆာနေပုံရတယ်၊ ဒါနဲ့ ရှိတာချကျွေးလိုက်တယ်’

ကိုကျော့ဖေက မျက်မှောင်ကုတ်လိုက်သည်။

‘စားသောက်လဲပြီးရော ခင့်သေနတ်နဲ့ သူ့ကိုယ်သူသတ်သေတာပဲ မဟုတ်လား’

ခင်သည် ငိုတော့မည်ကဲ့သို့ ဖြစ်နေ၏။

‘ကဲ. . ရော့၊ ဝိုင်တစ်ခွက် သောက်လိုက်ဦး၊ နောက်မှငို’

ခင်သည်ခေါင်းခါလေသည်။

‘မငိုတော့ပါဘူး၊ ခင်မိုက်မှန်း မှားမှန်း သိပြီ၊ ကားပေါ်မှာ ခင်ပြောတာ ရှင်မှတ်မိသေးလား’

ကိုကျော့ဖေသည် ခင်၏ စကားများကို အမှတ်ရလာ၏။

'ဒါက စိတ်ကူးယဉ်တာပဲ၊ အစက ခင်ဒီလောက်တောင် တော့ ရူးမှာမဟုတ်ဘူးလို့ထင်တာ၊ ဘာဖြစ်လို့ သူ့ကိုယ်သူ သတ်သေရတာလဲ'

'ခင်မသိဘူး၊ ခင်မသိဘူး'

ကိုကျော့ဖေသည် တစ်မိနစ်ခန့်မျှ တွေနေပြီးနောက် စားပွဲပေါ်မှ ပန်းကန် ခွက်ယောက်များကို သိမ်းကာ လင်ပန်းထဲစုထည့်၏။

'ဘာလုပ်တာလဲ'ဟု ခင်ကမေး၏။

'ဧည့်သည်တစ်ယောက် ဒီမှာလာစားတယ်ဆိုတာသဲလွန်စ မရှိအောင်ပေါ့၊ မီးဖိုချောင်က ဘယ်မှာလဲ'

'ဟိုဘက်တံခါးကဝင်၊ နောက်ပြီး ဆင်းလိုက်'

သူသည် လင်ပန်းကိုယူကာ ထွက်သွားပြီးနောက် မကြာမီ ပြန်ရောက်လာ၏။ ခင်မှာ ခေါင်းငိုက်စိုက်နှင့် ထိုင်လျက်ရှိလေသည်။

'သိပ်ကံကောင်းတယ်၊ မနေ့ကပန်းကန်တွေ ဆေးမှမဆေးသေးဘဲ၊ အကုန်စုပြုံထားတာကိုး၊ ဒါနဲ့ အဲဒီအပုံထဲ ထည့်ထားလိုက် တယ်၊ အဲဒီတော့ လက်ရာခြေရာ မကျန်တော့ဘူးပေါ့၊ ကဲ . . ပုလိပ် အကြောင်းကြားရအောင်'

ခင်ကလန့်၍အော်၏။

'ရှင် ဘာပြောတယ်'

'နားထောင်၊ ခေါင်းအေးအေးထားမှဖြစ်မယ်၊ ကျွန်တော် အကုန် စဉ်းစားတယ်သိရဲ့လား၊ ခင်က ဒီလိုပြော၊ အိပ်

ပျော်နေတုန်း သူခိုးတစ်ယောက်ဝင်လာတယ်၊ သူနိုးတာနဲ့ မီးဖွင့်ပြီး စားပွဲပေါ်က သေနတ်ကို ယူလိုက်တယ်၊ သူခိုးကဝင်လုလို့ တစ်ယောက်တစ်ပြန် ဖြစ်နေတုန်းသေနတ်ထွက်သွားတယ်ပေါ့၊ ခင်က သူ့ကိုပစ်တာပဲ ဖြစ်ဖြစ်၊ သူ့ကိုယ်သူပဲ ပစ်မိတာပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး၊ ဒါဆိုပြီး တာပဲ'

'ဒါကို ဘယ်သူက ယုံဦးမှာလဲ'

'အမှန်ထက်တော့ ဒါက ယုတ္တိရှိသေးတာပေါ့၊ နေပါဦး၊ သေနတ်သံက မမြည်ဘူးလား'

'သိပ်မမြည်ဘူး၊ မနန်းခိုင်ကြားလို့ ပြေးလာသေးတယ်၊ ခင် က ဘာသံမှမကြားဘူးလို့ ပြောလိုက်လို့ ပြန်သွားတယ်၊ သူလဲ အိပ်ရာကလန့်နိုးလို့ ယောင်တောင်တောင် ဖြစ်နေတယ်နဲ့ တူပါရဲ့၊ ဒါပေမယ့် ပုလိပ်ကစစ်ရင်တော့ သေနတ်သံကြားရတယ်လို့ ထွက် မှာပဲ၊ အဲဒီတော့ ရှေ့နောက်မညီ ဖြစ်ကုန်မှာပေါ့၊ ဒါလဲ မဖြစ်ပါ ဘူးရှင်'

'တကယ်ဖြစ်တဲ့အတိုင်း ကျွန်တော့်ကို ပြောမပြနိုင်ဘူးလား'

'အိုး. . . အဖြစ်က သိပ်ဆိုးတာပဲ၊ ဒါပေမယ့် အရုပ်မဆိုးအောင်တော့ တစ်ခုခုလုပ်ရမှာပဲ'

ခင်သည် ထိုထက် ပို၍ မပြောချေ။ ကိုကျော့ဖေသည်သူမအား ငေးကြည့်နေ၏။

'ပုလိပ်တိုင်လိုက်ရင် အကုန်လုံး ဒုက္ခဖြစ်တော့မှာပဲ၊ ခင်တော့ ဘယ်သူ့မျက်နှာမှ ကြည့်ဝံ့တော့မှာ မဟုတ်တော့ဘူး၊

သတင်း စာတွေကလဲ ရေးလိုက်ကြမယ့်ဖြစ်ခြင်း၊ ဦးရဲအောင်က ကော၊ ခင့်ဘဝတော့ ဆုံးမှာပါပဲရှင်'

ထို့နောက် ဆက်လက်၍ 'နောက်ပြီးတော့လဲ လူက သူခိုး မဟုတ်ဘူးရှင့်၊ သနားစရာကောင်လေးသက်သက်ပါ၊ တကယ် တော့ ဒီအပြစ်တွေအားလုံးကို ခင်ပဲ ခံထိုက်တယ်၊ ခံလဲခံမယ် လေ'

'ဒါက ဘယ်လိုလဲ၊ ခင်က နာမည်ပျက်ခံမှာလား'

'ခံမယ်ရှင်'

ကိုကျော့ဖေက ခင့်ကို စိုက်ကြည့်နေ၏။

'ဒီအလောင်းကြီးကို အပြင်ထုတ်ပစ်လို့ မရတော့ဘူးတဲ့ လား၊ ဒီမှာမတွေ့ရင် သူတွေ့တာနဲ့ ဘယ်လိုလုပ် ဆက်စပ်ကြည့် နိုင်ဦးမှာလဲ'

'မဖြစ်နိုင်ပါဘူးရှင်'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ဖြစ်နိုင်တယ်၊ ခင်က နည်းနည်း ကူပေး၊ အလောင်းကြီးကို ကားနဲ့အပြင်ယူသွားပြီး တောထဲ တစ် နေရာရာမှာ ပစ်ထားခဲ့မယ်။ လူအရောက်နည်းတဲ့နေရာမှာ ထားခဲ့ ရင် ဘယ်သူမှတောင် တော်တော်နဲ့ တွေ့မှာမဟုတ်ဘူး'

'သူပျောက်နေတာကို သိကြမှာပေါ့၊ လိုက်ရှာနေရင် ဘယ့်နှယ့်လုပ်မလဲ'

'ရှာချင်မှ ရှာကြမှာပါ၊ သူကတေလေနေတာ မဟုတ် လား၊ ထမင်းလခ မပေးနိုင်တာနဲ့ ထွက်ပြေးတာ၊ ဒါမှမဟုတ် လင်ရှိမိန်းမ တစ်ယောက်နဲ့ ထွက်ပြေးတာ ဖြစ်နိုင်တာပေါ့'

'သူက ရှမ်းပြည်က မဟုတ်ဘူး၊ ရန်ကုန်ကနေပြီး အိမ်က ထွက်ပြေး တောထဲရောက်'

'ဒါဖြင့် သာကောင်းတာပေါ့၊ ဘယ်သူမှ သူပျောက်နေတာ သိမှာမဟုတ်ဘူး'

'ကိုကျော့ဖေလဲ ဒီအရှုပ်ထဲ ပါနေမှာပေါ့'

'ဒါက ကိစ္စမရှိပါဘူး၊ မပူစမ်းပါနဲ့၊ ကျွန်တော်က စွန့်စွန့်စား စားတွေကို လုပ်ချင်တယ်'

ကိုကျော့ဖေကပေါ့ပေါ့ပြောသည်ဟုခင်ကအောက်မေ့ကာ တွေနေလေ၏။ သို့သော် ကိုကျော့ဖေ ပြောဆို အကြံပေးချက်များ အား အဆီလျော်ဆုံး ဖြစ်ပေသည်။

'မကြာခင် မိုးလင်းတော့မယ်'

ကိုကျော့ဖေသည် လက်ပတ်နာရီကို ကြည့်လိုက်သည်။

'ဘယ်တော့ မိုးလင်းမှာလဲ၊ ငါးနာရီ မထိုးခင် မလင်းသေးပါဘူး၊ တစ်နာရီလောက် အချိန်ကျန်ပါသေးတယ်၊ မြန်မြန်ဆန်ဆန် လုပ်ကြရအောင်'

ခင်သည် ဟင်းခနဲ သက်ပြင်းချလိုက်သည်။

'ခင်တော့ ရှင့်ကို အပ်ထားတာပဲ၊ ရှင်ပြောတာ ခင်လုပ်မယ်'

'ဒါဖြင့် . . . လာ'

ကိုကျော့ဖေသည် သေသူ၏ ဦးထုပ် အပျော့ကလေးကို ကောက်ယူလိုက်ကာ ဧည့်ခန်းဆောင်သို့လာခဲ့ကြသည်။

'ခင်က ခြေထောက်က မ, ကျွန်တော်က ခေါင်းပိုင်းကနေ မ, မယ်'

သူတို့သည် အလောင်းကြီးကို တံခါးဝသို့ ရွှေ့ခဲ့ကြသည်။ ကိုကျော့ဖေက နောက်ပြန်၍ ခဲယဉ်းစွာ မ,လာသည်။ ထို့နောက် အဝ၌ ချလိုက်သည်။

'ခင်က ကားမောင်းပြီး လှေကားထစ် အဝအထိ ယူခဲ့. . . ဟုတ်လား'

ခင်ထွက်သွားစဉ် သူသည် အိမ်ထဲပြန်ဝင်ကာ နေရာပြန်စစ်ဆေးသည်။ ကြမ်းပြင်ပေါ်၌ သွေးစသွေးနများ ရှိနေသည်။ တော်သေးသည်မှာ ရင်ဘတ်၌မှန်၍ အပြင်သိပ်မထွက်ဘဲ နေခြင်း ဖြစ်၏။သူသည် ရေချိုးခန်းဘက်သွားကာ မျက်နှာသုတ်ပုဝါ ရေ ဆွတ်၍ သွေးများကို စင်အောင်သုတ်သည်။ ကြမ်းမှာ အနီရောင် ဖြစ်ရာ အရာအကြောင်း မထင်တော့။ သွေးပေနေသော အဝတ်ကို ယူကာ ပြန်သွား၍ ရေ၌ နှစ်ဆေးသည်။ ခင်မှာ ကားဘေး၌ရောက် နေလေပြီ။ ခင်က သူ့ကို ဘာမျှ မမေး။

ထို့နောက် သူတို့သည် အလောင်းကို မကာ ကားဆီသို့ယူခဲ့ကြသည်။ ကားနောက်ဘက်သို့ တင်ရာ ခင်က ခြေထောက်ကကူညီဖေးမပေးသည်ကားနောက်ဘက်သို့လူတစ်ကိုယ်လုံးဝင်မိသော အခါ ကိုကျော့ဖေက ဦးထုပ်အပျော့ကလေးကို သေသူအား ဆောင်းပေးလိုက်သည်။ သူသည် ကားမောင်းသည့် နေရာ၌ ဝင်ထိုင်လိုက်သည်။ ခင်သည် သူ့ဘေးက ဝင်ထိုင်လေသည်။

ကားသည် အသာထွက်လာလေသည်။

'ပေတစ်ရာပေါ်သာ ရောက်အောင် မောင်း. . .၊ လမ်းတစ်ဆစ်ချိုး တစ်ခုရောက်ရင် တောကြီးရှိတယ်'

လမ်းမကြီးပေါ်သို့ ရောက်သောအခါ ကိုကျော့ဖေသည် ကားကို စက်ကုန်တင်လေတော့သည်။

'မြန်လှချည်လား'ဟု ခင်ကမေး၏။

'မမြန်လို့မဖြစ်ဘူး၊ အချိန်က သိပ်ရှိတော့တာ မဟုတ်ဘူး ခင်. . .'

ခင်သည် ငြိမ်သက်စွာ လိုက်ပါလာ၏။

လသည် အင်းကြီးတစ်ဘက်ရှိ တောင်နောက်သို့ ရောက်သွားပြီဖြစ်၍ မှောင်မည်းသိပ်ခဲနေလေ၏။

ခင်သည် မိုင်ပြဒိုင်ခွက်ကို မမြင်ရ၊ သို့သော် တစ်နာရီ ခြောက်ဆယ်ကျော်မည်ဟုကား သိနေ၏။ ခင်သည်လက်များကို ဆုပ်ထား၏။ သူတို့သည် တကယ့်အန္တရာယ်ကြီးတစ်ခုကို လုပ်နေ ခြင်းဖြစ်၏။ သို့သော် ဤအခွင့်တစ်ခုသာ ရှိပေ၏။

ခင်သည် ရင်တလှပ်လှပ် ခုန်နေ၏။ ပါးစပ်ကလည်းညည်းနေ၏။

'ခင် သိပ်မိုက်တာပဲ'

'ကျွန်တော်တို့ မောင်းလာတာ ငါးမိုင်လောက်တော့ရှိပြီ၊ မိုင်းစပ် လမ်းခွဲမရောက်သေးဘူးလား'

'နီးပါပြီ ဖြေးဖြေးမောင်း'

သစ်ပင်များသည် ထူထပ်လာ၏။ ခင်သည် ဤဘက်သို့ မကြာခဏ ရောက်ဖူးသည်။ လမ်းသည် ကျဉ်းလာကာ တောင်ကမ္ဘားရံ တစ်ခုကျော်ပြီးနောက် လမ်းကွေ့ကို မြင်လာရလေ၏။

'ရောက်ပြီ. . .'

လူသူ အရောက်အပေါက်နည်းသော လမ်းကလေးကိုတွေ့လိုက်ကြသည်။အနည်းငယ်လွန်သွား၍ နောက်ပြန်ဆုတ်ကာ ချိုးဝင်ရလေသည်။ မှောင်မည်းနေသဖြင့် ဘာမျှကောင်းစွာ မမြင်ရ၊ ခင်သည် ကိုကျော့ဖေ၏ လက်မောင်းကို ကိုင်ဆုပ်ကာ နေရာကို ပြ၏။

ကိုကျော့ဖေသည် ကားကို ရပ်လိုက်လေသည် တစ်ဖက်၌ ချောက်ကြီးရှိကာ ချုံပုတ်များဖြင့် ထူထပ်နေသည်ကို ရေးရေးမြင် ရလေ၏။ ကိုကျော့ဖေသည် ကားမီးလုံးကို ပိတ်လိုက်လေသည်။

'ကျွန်တော် အောက်ဆင်းကြည့်လိုက်ဦးမယ်၊ နေရာကတော့ ခေါင်တယ်'

ကိုကျော့ဖေသည် ကားထဲမှထွက်ကာ သစ်ပင်များအောက်သို့ လျှောက်သွားလေသည်။ ချုံပုတ်များကြားမှထိုးထွက်သွား နေသော သူ၏ခြေသံမှာ တိတ်ဆိတ်သော ညအခါ၌ ကျယ်လောင် နေ၏။ နှစ်မိနစ် သုံးမိနစ်ခန့်ကြာသောအခါ သူသည် ပြန်ရောက် လာလေသည်။

'ဒီနေရာ အတော်ပဲ'

သူသည် အနီးတွင်မည်သူမျှမရှိသော်လည်းလေသံကလေးနှင့် ပြောလေသည်။

'ကားအပြင်ရောက်အောင်သာ မ,ထုတ်ပေး၊ ချုံထဲရောက်အောင်တော့ ကျွန်တော် တစ်ယောက်တည်း ယူသွားမယ်၊ ခင်လိုက်လို့တော့မရဘူး၊ ခြေသလုံးတွေ ရှကုန်မယ်'

'ကိစ္စမရှိပါဘူး၊ ခင်ပါလိုက်ပါ့မယ်'

'ခင့်အတွက်ပြောနေတာမဟုတ်ဘူး. . .'ဟုကိုကျော့ဖေက အသံမာလာကာ 'ဖိနပ်တွေ၊ထမီတွေ ဆူးခြစ်ရာတွေ တွေ့ရင် မနန်းခိုင်တို့တတွေက ဘယ့်နှယ်ပြောကြမလဲ၊ ဒါကြောင့် ပြောတာ၊ ကျွန်တော်ဘာသာ ကျွန်တော် ဆွဲယူသွားပါ့မယ်'

ခင်သည် ကားထဲမှထွက်ကာ ကားနောက်တံခါးကို ဖွင့် ပေးလေသည်။ သူတို့သည် အလောင်းကောင်ကို မ,ထုတ်မည် ဟု ပြုစဉ် တောင်တစ်ကွေ့မှ ကားမီးရောင်သည် လက်ကနဲ ထိုး လာလေ သည်။ မိုင်းစပ်ဘက်မှ ကားတစ်စင်း မောင်းလာခြင်း ဖြစ်ပေသည်။

'ဘုရားရေ. . . အကုန်မိကုန်တော့မှာပဲ၊ ဘယ့်နှယ်လုပ်ကြ မလဲ ကိုကျော့ဖေ၊ ရှင်ထွက်ပြေး'

'ဘာတွေ လျှောက်ပြောနေတာလဲ'

'ရှင့်ကို ခင် ဒီအရှုပ်ထဲမပါစေချင်ဘူး၊ ခင့်ဘာသာခံမယ်'

'မရူးစမ်းပါနဲ့ဗျာ၊ စိတ်ကူးကောင်းရင် ဖြစ်ပါတယ်'

'မဖြစ်ပါဘူး ကိုကျော့ဖေ၊ ခင့်ကံနဲ့ခင်ပဲ ရှိပါစေတော့'

'အသာနေစမ်းပါ၊ ခေါင်းအေးအေး ထားမှပေါ့၊ ကဲ. . . ကားထဲပြန်ဝင်ရအောင် မြန်မြန်'

ကိုကျော့ဖေက ခင့်လက်မောင်းကို ကိုင်ကာ ကားထဲပြန် တွန်းပို့လိုက်သည်။ လမ်းတစ်ကွေ့၌ ကားမီးရောင် ပျောက် ကွယ် သွားလေသည်။ မကြာခင် ပြန်လင်းလာပေလိမ့်မည်။

'ကျွန်တော့ကိုဖက်ထား. . .၊ ဟန်ဆောင်ပေါ့ဗျာ၊ သမီး ရည်းစားလို့ ထင်အောင်ပေါ့၊ စိတ်မရှိနဲ့နော်'

ကားသည် မောင်းဆင်းလာလေသည်။ နှစ်မိနစ် သုံးမိနစ် အတွင်း သူတို့ကားကို ဖြတ်သွားပေလိမ့်မည်။

'ကျွန်တော်ခင့်ကို နမ်းမယ်'

ကားသည် နီးလာကာ အော်ဟစ် သီဆိုသံများ ကြားလာရလေ၏။

'ဒီကောင်တွေမူးလာကြတယ်နဲ့ တူတယ်၊ ကဲ. . သဏ္ဍာန်လုပ် သရုပ်နဲ့တူပေစေနော်၊ ကျွန်တော့်ကို ဖက်ထား'

သူတို့နှစ်ယောက်သည်တစ်ယောက်ကိုယ်တစ်ယောက်ဖက်ထားကြလေသည်။

သူတို့သည် မင်္ဂလာဆောင်တစ်ခုမှ မူးယစ်သောက်စားလာကြဟန်တူသည်။ အသံကုန် ဟစ်အော်၍ သီဆိုနေကြသည်။ လမ်း ပေါ်၌ ကားတစ်စင်း ရပ်ထားသည်ကို မီးရောင်တွင် ရုတ်တရက် မြင်လိုက်သောအခါ အော်လိုက်ကြသည်။ ကား ဘရိတ်အုပ်သံပေါ် လာကာ ကားမောင်းသူသည် အရှိန်ကို လျှော့လိုက်လေသည်။ ကား သည် တဖြည်းဖြည်း နီးကပ်လာရာ ကားပေါ်၌ တအားပွေ့ဖက် ထားကြသော စုံတွဲကို ထင်းထင်း ကြီး မြင်ကြ၍ တစ်ယောက်က ညစ်ညမ်းသော စကားလုံးတို့ဖြင့် ရယ်စရာ ပြောလိုက်လေသည်။ ကိုကျော့ဖေက ခင့်ကို တင်းကျပ်ပွေ့ဖက်ထားပုံမှာ လောကကြီး တစ်ခုလုံးအား မေ့နေဟန်. . .။

တစ်ယောက်က အသံဝါ အသံလေးကြီးဖြင့် 'ချစ်စ ခင်စ ကြင်နာစမို့' ဟူသော သီချင်းကို အော်ဆိုလေသည်။ ကျန်လူ

များက ဝိုင်းလိုက်ဆိုကာ ကားသည် လှိမ့်၍ ဖြည်းဖြည်းကလေး ဖြတ်ကျော် နေလေတော့သည်။

'ကျွန်တော့်ကို ပြန်ဖက်ထား'ဟု ကိုကျော့ဖေ တိုးတိုးကလေး လေသံဖြင့်ပြော၍ နှစ်ယောက်သားပို၍ ပါးခြင်းနှုတ်ခမ်းခြင်း ထိအပ်နေကြသည်။ ကိုကျော့ဖေက အရက်မူးများအား လက် မြှောက်ပြရာ ကားထဲမှ လူတစ်ယောက်ကစပြီး 'ဟေး'ဟု အော်လိုက် လေသည်။ ဝေးဝေးရောက်သွားသည်အထိ 'ချစ်စခင်စကြင်နာစမို့' ဟူ၍ သံပြိုင်လိုက်သံကို ကြားနေလေ၏။

ကိုကျော့ဖေက ဖက်ထားသော လက်များကို ရုပ်လိုက်၍ ခင်သည် ကားထောင့်၌ မောပန်းစွာပုနေလေ၏။

'ကဲ. . . အလုပ်စကြရအောင်'

'စိတ်ချရပ့ါမလား၊ ဒီအနီးအနားမှာ အလောင်းကောင်ကြီးတွေ့ရင်. . .'

'ကိစ္စမရှိပါဘူး၊ ဒီ့ပြင်နေရာတွေ လျှောက်ရှာနေရင် မိုးလင်း သွားမှာ၊ ဒီကောင်တွေက မူးနေတာပါ. . .၊ တွေ့လဲ ကိုယ့်ကိုယ်ကို သတ်သေတယ်လို့ပဲ ထင်မှာပေ့ါ၊ လာ. . . ဆင်း'

'ခင်တော့ တုန်နေတယ်'

'ကားထဲက ထုတ်ရုံ ထုတ်ပေး၊ နောက်ပြီး ထိုင်နေတာပေ့ါ'

ကိုကျော့ဖေသည် ခင့်လက်မောင်းကို ကိုင်ကာ ကားအပြင် သို့ ဆွဲခေါ်လေသည်။ ခင်သည် ခြေနင်းခုံ၌ ထစ်နေကာ

တွဲလောင်း ထိုင်လျက် မျက်ရည်များကျဆင်းပြီး ရှိုက်ငိုနေလေသည်။ ကိုကျော့ ဖေသည် ခင့်ကို တစ်ချက်ကြည့်ကာ နားထင်ကို ဖြန်းခနဲ လှမ်းရိုက် လိုက်လေသည်။ ခင်လည်း အံ့အားသင့်နေပြီးနောက် ချက်ချင်း ထသည်။ အငိုလည်း ရပ်သွားလေတော့သည်။ မျက်ရည်လည်း ထွက်မလာတော့'

'ကဲ. . . ကျွန်တော့်ကို ကူပေတော့'

နှစ်ယောက်သား စကားမပြောကြဘဲ အလောင်းကြီးကို ကားထဲမှ ထုတ်ကြလေသည်။

သူတို့သည် အလောင်းကြီးကို ချောက်ထဲရှိ ချုံအောက်သို့ ပစ်ချလိုက်ကြလေသည်။ ကိုကျော့ဖေသည် အခြားတစ်ဖက်မှ လမ်း ပေါ်သို့ တက်လာလေ၏။

'ခြေရာကောက်လို့ မရအောင် လုပ်ရတာ'

'ရှင်ဘာမှ မဖြစ်ဘူးနော်'ဟု ခင်က စိုးရိမ်စွာမေး၏။

'ကိစ္စတော့ ပြီးသွားပြီ'

ထို့နောက် သူတို့သည် ကားထဲပြန်သွားကြသည်။ ကိုကျော့ဖေက ဆက်မောင်းလေသည်။

'ဘယ်သွားမလို့လဲ'

'ဒီနေရာကပြန်ကွေ့လို့မရဘူး၊ လမ်းကျဉ်းတယ်၊ နောက်ပြီး ဒီနေရာမှာ ကားတစ်စီးရပ်တယ်၊ ပြန်ကွေ့တယ်ဆိုတာ အရာမထင် ရင် ကောင်းတာပေါ့၊ လမ်းမကြီးပေါ် ပြန်ရောက်မယ့် လမ်းခွဲ ရှေ့မှာ ရှိသေးလား'

'မရှိဘူး ထင်တယ်'

'ကိစ္စမရှိဘူးလေ၊ တစ်နေရာမှာ ကွေ့တာပေါ့'

သူတို့သည် စကားမပြောကြဘဲ နေကြသည်။ သုံးလေးမိုင်ခန့်သွားမိသောအခါ လမ်းမှာ ကျယ်လာ၍ ကွေ့လိုက်လေသည်။

'ဟာ. . . မေ့နေလိုက်တာ၊ သေနတ်ကော'

ဟု ကိုကျော့ဖေက မေးလိုက်၏။

'အခန်းထဲမှာပေါ့၊ ဘာဖြစ်လို့လဲ'

'သတိမေ့နေတယ်၊ အလောင်းတွေ့ပြီး သေနတ်မတွေ့ရင် တွေးစရာဖြစ်နေမှာ စိုးရတယ်၊ သူ့ဘေးမှာ သေနတ်ထားခဲ့ဖို့ ကောင်းတယ်'

'ဒါဖြင့် ဘယ့်နဲ့လုပ်မလဲ'

'ကိစ္စတော့ မရှိပါဘူးလေ၊ ကံတရားပေါ့၊ ပုလိပ်က သူ့ဘာသာသူ တွေးလေဦးပေါ့'

သူတို့သည် လာလမ်းအတိုင်း ပြန်ခဲ့ကြလေသည်။

ကိုကျော့ဖေသည် ကောင်းကင်အား စိုးရိမ်စွာ လှမ်း၍ ကြည့် လေသည်။ အမှောင်သည် ပါးစပြုလာပေပြီ။ မကြာမီပင် အလင်း ရောင် လာတော့မည်ကိုကား သိနေလေသည်။ သူတို့သည်စိတ္တကရသို့ဝင်သည့်လမ်းသွယ်ကလေးထိပ်ရောက်လာလေသည်။

'ခင့်ဘာသာ မောင်းသွားပေတော့၊ ကျွန်တော့် ဘိုင်စကယ်က ဒီနားမှာဝှက်ထားခဲ့တာ'

ခင်သည် လှဲ့လှဲ့ကလေး ပြုံးသည်ကို သူက မြင်လေသည်။ ခင်က တစ်ခုခုကို ပြောချင်နေလေသည်။ ကိုကျော့ဖေက ခင့် ပုခုံးကို ပုတ်ကာ. . .

'ပြီးပြီ၊ အိပ်ဆေးရှိရင် သောက်ပြီးအိပ်၊ ပျော်အောင် အိပ် ပေတော့၊ အိပ်ရာကနိုးရင် လန်းလာလိမ့်မယ်'

'ခင်တော့ မအိပ်ချင်တော့ဘူး၊ ကတုန်ကယင်ကြီး ဖြစ် နေတယ်'

'သိနေတယ်လေ၊ ဒါကြောင့် အိပ်ဆေးရှိရင်သောက်ဖို့ပြော တာ၊ မနက်ဖြန်လောက်တော့ လာခဲ့ဦးမယ်'

'ခင် တစ်နေ့လုံးရှိမယ်'

'အမတ်ချုပ်ကတော်က ထမင်းစားပွဲ ဖိတ်ထားတာ ရှိသေး တယ် မဟုတ်လား၊ သတိရလား'

'ခင် နေမကောင်းလို့ဆိုပြီး ဖျက်လိုက်မယ်'

'မဖျက်ပါနဲ့၊ ဒါမျိုးမလုပ်ပါနဲ့၊ ခါတိုင်းလိုပဲ လုပ်မြဲလုပ်၊ ကိုင်မြဲကိုင်၊ လောကကြီးမှာ အပူအပင် ဘာမှမရှိသလိုပေါ့၊ တကယ်လို့ဗျာ မပြောကောင်းဆိုကောင်း ကိုယ့်အပေါ်မှာ သံသယရှိစရာ ပေါ်လာရင် ကိုယ်က အပြစ်မရှိကြောင်း ပြရ တာပေါ့၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ကဲ့'

ခင်သည် ကာမောင်းသည့်နေရာ၌ဝင်ထိုင်၍ ကိုကျော့ဖေ သူဝှက်ထားသည့် ချုံထဲမှာ ဘိုင်စကယ်ယူကာ တက်စီးသွား

သည် အထိ စောင့်ကြည့်နေပြီးမှ အထဲမောင်းဝင်လာလေသည်။ ခင်သည် ကားကို ကားရုံထဲ အသာသွင်းကာ အသံမကြားရ အောင်အိမ်ထဲ ဝင်လေသည်။

သူမသည် အိပ်ခန်းဝသို့ရောက်သောအခါ တွေကာရပ်နေမိလေသည်။ အခန်းထဲဝင်ရမှာ မုန်းသလိုလို၊ ကြောက်သလိုလို၊ တံခါး ဖွင့်လိုက်လျှင် မောင်ဝေဇင်များ ရပ်နေသည်ကို မြင်ရမလား။ ခင် သည် တံခါးကို တွန်းဝင်ပြီး မီးခလုတ်ဖွင့်လိုက်လေသည်။

တစ်ခန်းလုံးမီးလင်းသွားသည်ကိုမြင်မှသက်သာရာရသွားလေသည်။ အခန်းမှာ ယခင်ကအတိုင်းပင် မပျက်မယွင်း တည်ရှိနေသည်။ သူမသည် စားပွဲပေါ်မှ နာရီကို ကြည့်လိုက်သည်။ ငါး နာရီပင် မထိုးသေး၊ ဤမျှတိုတောင်းလှသော အချိန်ပိုင်းအတွင်း ကြောက်စရာတွေ ဖြစ်ပျက်ခဲ့သည်။

ဘာပဲပေးရပေးရ၊ အချိန်ကာလကို ပြန်၍ နောက်ရောက်အောင် လုပ်နိုင်လျှင် ကောင်းလေစွ။ ညဉ့်ဦးကဲ့သို့ လွတ်လပ်၍ ပျော်ရွှင်သော မိန်းမတစ်ဦးအဖြစ်နှင့် နေချင်စမ်းပါဘိ။ မျက်ရည် များသည် ပါးပေါ်သို့ စီးကျလာလေသည်။

ခင်သည် ပန်းလျလျက်ရှိသည်။ ခေါင်းမှာ ဝေကာ အဖြစ်အပျက် အားလုံးတို့သည် တပြိုင်နက်တည်း ဖြစ်ပျက်သကဲ့သို့ ရောထွေးစုပုံကာ တရိပ်ရိပ်ပေါ်လာကြလေ၏။ သူသည်အဝတ်အစားတို့ကို အသာဖြည်းညင်းစွာ လဲလှယ်သည်။ ဤအိပ်ရာသို့ ဝင်မအိပ်ချင်တော့။ သို့သော် မတတ်နိုင်၊ ဤအိမ်ကြီး၌ ရက်

အနည်းငယ်မျှတော့ နေရပေဦးမည်။ အကယ်၍ ဦးရဲအောင်နှင့် စေ့စပ် ကြောင်းလမ်းကြောင်း ကြေညာပြီးလျှင်ကား ယမုန ရှဌ၌ ဆက်နေ ရန်လိုတော့မည်မဟုတ်။ ထို့နောက် သံအမတ်ကတော် အဖြစ် နိုင်ငံခြားသို့ သွားရမည်ဖြစ်လေသည်။ ထိုအခါ အားလုံးသည် စိတ်ချသွားရကာ အရာအားလုံးကိုလည်း မေ့နိုင်ပေတော့မည်။

သို့သော် အိပ်ရာထဲ ဝင်လှဲလိုက်လျှင် ပန်းကန်များကိုကိုကျော့ဖေ ယူငင် သိမ်းဆည်းသည်ကို သွားသတိရလာ၏။ ခင်သည် သက္ကလပ်ညဝတ်အင်္ကျီကို ကောက်စွပ်ကာ ထမင်းစား ခန်းထဲမှ ဖြတ်လျက် မီးဖိုချောင်ထဲသို့ ဆင်းသွားလေသည်။ အကယ်၍ အခိုင်းအစေများ မြင်တွေ့ပါကလည်း ဆာ၍ တစ်ခုခု စားရန် လှန်လှောရှာဖွေသည်ဟု ပြောနိုင်ပေသည်။

အိမ်ကြီးမှာ လူသူကင်းမဲ့လွန်း၍ ကြောက်စရာပင်ကောင်းနေကာ မီးဖိုချောင်အခန်းမှာ ဂူလိုဏ်ကြီးနှင့် တူနေပေသည်။ စားပွဲ ပေါ်၌ ဝက်ပေါင်ခြောက် အပိုင်းအစများကို တွေ့၍ကြောင်အိမ်ထဲ ပြန်ထည့်လိုက်သည်။ ကြက်ဥအခွံအကွဲအစများကို ယူ၍ အမှိုက်ပုံး ထဲသို့ထည့်သည်။ ဝိုင်ကလပ်ကလေးများကို ဆေးကြော၍ သူ့နေရာ သူပြန်ထားသည်။ ထို့နောက် ကြက်ဥကြော်သည့် ဒယ်အိုးကို ချိတ် ကလေး၌ နေရာတကျချိတ်ထားသည်။ သက်သေမကင်းဖြစ်စရာ လက်ရာခြေရာတစ်ခုမှ မရှိတော့မှ အသာ အိပ်ခန်းသို့ ပြန်လာခဲ့ လေသည်။

ခင်သည် အိပ်ရာဘေးမှအိပ်ဆေးပုလင်းကိုဖွင့်ကာအပြား ကလေးများကို မျိုချလိုက်သည်။ စားပွဲပေါ်မှ မီးတိုင်ကို ခလုတ်ပိတ်လိုက်သည်။ သူမသည် များစွာပင် ပင်ပန်းနွမ်းနယ် လျက် ရှိလေရာ အကယ်၍အိပ်မပျော်လျှင် သွက်သွက်ပင် ရူး ရ ချေရဲ့ဟု တွေးနေ၏။

ထို့နောက် မျက်တောင်များစင်းကျလာကာ အိပ်ပျော် သွားလေတော့သည်။

* * *

# (၆)

ခင်သည် မျက်လုံးကို ဖွင့်လိုက်သောအခါ မနန်းခိုင်သည် ခုတင်အနီး၌ ရပ်နေသည်ကို မြင်ရလေ၏။

'ဘာလဲ' ဟု ခင်ကအိပ်ချင်သံနှင့် မေးလိုက်၏။

'နေသိပ်မြင့်နေပြီ မမ၊ မမ အမတ်ချုပ်ကတော်အိမ်ကို တစ်ချက်ရောက်ရမယ်မဟုတ်လား၊ အခု ဆယ့်နှစ်နာရီ ထိုးနေပြီ'

ခင်သည် သတိရလာကာ စိတ်ပျက်သွားလေသည်။

ခင်သည် မျက်စိ ကျယ်လာပြီဖြစ်၍မနန်းခိုင်ကိုလှမ်းကြည့်လိုက်သည်။ မနန်းခိုင်သည်ကား ခါတိုင်းကဲ့သို့ပင် ပြုံးပြုံးကြည်

ကြည်နှင့် ကြည့်နေပေသည်။ ခင်သည် စိတ်ကို တည်ငြိမ်အောင် လုပ်လိုက်၏။

'မနန်းခိုင် လာနှိုးပြီးကတည်းက မမလဲ အိပ်လို့မရ တော့ဘူး၊ ဒါနဲ့အိပ်ဆေးသောက်အိပ်လိုက်တာနဲ့ နေမြင့်သွားတာပါကွယ်'

'ကျွန်မလဲ မနှိုးချင်ပါဘူး၊ အသံကြားတာနဲ့ ဘာများလဲ ဖြစ်ပါလိမ့်လို့ လာကြည့်တာ'

'ဘာသံကြားလို့လဲ'

'သေနတ်သံလိုပဲ မမရဲ့. . .၊ ကျွန်မလဲဦးရဲအောင်ပေးပစ်ခဲ့တဲ့ သေနတ်ကို သွားသတိရပြီး လန့်သွားတာပဲ'

'ကားဘီးပေါက်သံနဲ့တူပါတယ်ကွာ၊ ကားတွေက တစ်ညလုံး သွားလာနေကြတာ၊ ညဆိုတော့ အသံသိပ်မြည်တယ်ထင်ရတာပေါ့၊ကဲ. . . မမကိုကော်ဖီလေးတစ်ခွက်လောက်ပေးစမ်းပါ၊ အချိန်က သိပ်မရှိတော့ဘူး ရေလည်းချိုးရဦးမယ်. . .'

မနန်းခိုင် အခန်းထဲမှ ထွက်သွားသောအခါ ခင်သည် အိပ်ရာထဲမှ ငေါက်ကနဲ ထလိုက်ကာ သေနတ်ထားခဲ့သော မှန်တင်ခုံ အံ့ဆွဲကို ဖွင့်ကြည့်လေသည်။ သူအိပ်ပျော်နေတုန်းများ မနန်းခိုင် များ ယူသိမ်းမလားဟုလန့်သွားလေသည်။ အကယ်၍ သူ့ယောကျ်ား ဦးကြာပွင့်က ကျည်အိမ်တစ်နေရာ လွတ်နေသည်ဟု ပြောလျှင် ဒုက္ခပဲဟုတွေး၏။ သို့သော် သေနတ်မှာ နဂိုအတိုင်းပင် အံဆွဲထဲ၌ ရှိနေလေသည်။

ကော်ဖီအလာကို စောင့်နေရင်း ခင်သည် တွေးလျက်ရှိလေသည်။ ကိုကျော့ဖေက ဘာ့ကြောင့်အမတ်ချုပ်ကတော်၏

ထမင်းစားပွဲ ဆက်ဆက်သွားရန် တိုက်တွန်းသည်ကို နားလည် လာလေသည်။ ခါတိုင်းလုပ်နေကျထက် ဘာမှပို၍ထူးခြားခြင်း မရှိသည်ကို နားလည်လာလေသည်။ ကိုကျော့ဖေအတွက်ရော သူ့အတွက်ရော အစစအရာရာ သတိထားရမည် ဖြစ်လေသည်။

သူမသည် ကိုကျော့ဖေကို ကျေးဇူးတင်မိလေသည်။ သူကား ခေါင်းအေးအေးနှင့် စဉ်းစားနိုင်သူ၊ အရာရာကို သိမြင်သူ၊ တေလေဂျပိုးတစ်ယောက်ဟု ထင်မြင်ခြင်း ခံရသူကား စဉ်း စားတတ်ပါ ကလား၊ စိတ်ကူးရှိပါကလားဟု အံ့သြနေမိသည်။ အရက်မူးများ ပါသောကား ဖြတ်ကျော်စဉ်က သူသာ စိတ်ကူးမရှိလျှင် မည်သို့ ဖြစ်မည်နည်း။

ခင်သည် သက်ပြင်းတစ်ချက်ချလိုက်လေသည်။ ထိုသူ သည်ကား တိုင်းပြည်အား အကျိုးပြုသူတစ်ယောက် မဟုတ် ပေသော်လည်း သူမ၏ မိတ်ဆွေကောင်းတစ်ယောက်ကား ဖြစ်၏။ ဤအချက်ကို မည်သူမျှ မငြင်းနိုင်။

ခင်သည် ကော်ဖီသောက်ပြီးနောက် ရေမိုးချိုးကာ မှန်တင် ခုံရှေ့၌ ပြင်ဆင်ချယ်သနေသောအခါ ရင်ထဲ၌ နေသားတကျ ရှိခြင်း ကို ခံစားလာမိလေသည်။ ညကဖြစ်ပျက်ခဲ့သည်နှင့် ဘာ မျှမဆိုင် တော့ဘဲ ခါတိုင်းကဲ့သို့ပင် ဖြစ်နေ၍ မိမိကိုယ်ကိုယ်ပင် အံ့သြနေ၏။ ကြောက်စရာတွေ၊ မျက်ရည်စတွေသည် အစ အနမျှ မကျန်ရစ်ခဲ့ တော့။

မှန်ထဲသို့ ကြည့်လိုက်ရာ သူမ၏မျက်နှာသည် ရွှင်ပျလန်း ဆန်းနေသည်ကို တွေ့ရ၏။ သူမ၏ ဝါသောအသားအရေသည် ညိုးလျှခြင်း အမှတ်အသား လုံးဝမရှိ၊ ဆံပင်တို့သည် တောက်

ပကာ မျက်လုံးတို့သည် ဝင်းလျှက်ပင်ရှိ၏။ ထမင်းစားပွဲသို့ လာရောက်သူ များက သူ့၏ပေါ့ပါးဖျတ်လတ် လှပဝင်းလက်သော ခါတိုင်း အမူ အရာကိုပင် မြင်ရပေမည်ဟု သူကတွက်ကာ ရင်ဖိုနေ၏။ ခါတိုင်း ကဲ့သို့ပင် ခင်သည် ကြည်မော၍နေ၏။

အမတ်ချုပ်ကတော်၏ ထမင်းစားပွဲသို့ ကိုကျော့ဖေ လာမလာ မေးရန်မေ့နေခဲ့သည်။ သို့သော် သူလာမည်ဟု ခင်က မျှော်လင့် လျှက်ရှိသည်။

နောက်ဆုံး၌ ဝတ်ဆင်ပြီး၍ သွားရန် အသင့်ရှိနေလေသည်။ ခင်သည် မသွားခင် နောက်ဆုံးအနေနှင့် မှန်ထဲသို့ ကြည့်လိုက် သည်။ မနန်းခိုင်က သူမကို ကျေနပ်စွာ ပြုံးကြည့်နေပေသည်။

'မမကတော့ ခါတိုင်းထက်တောင် ချောနေသေးတယ်'

'မမကိုမြှောက်မနေပါနဲ့ကွယ်'

'အမှန်ကို ပြောတာပါ၊ ညကအိပ်ရေးဝအောင် အိပ်ရလို့လားမသိဘူး၊ လန်းဆန်းပြီး နုနေတယ်'

အမတ်ချုပ် ဦးမိုးသီးကတော် မခင်မီမှာ ဧည့်သည်များကို ဖိတ်၍ ကျွေးမွေးဧည့်ခံတတ်သည်။ သူတို့သည် ယမုနရဠမြို့၏ တောင်ခြေရှိ ယူကလစ်တပ်ပင် ထင်းရှူးပင်များကို ကျောပေး၍ ဆောက်ထားသော တိုက်ကလေး၌နေကြသည်။ သူတို့သည် ရှေးဟောင်း၊ အနုပညာလက်ရာ ပစ္စည်းများကို စုဆောင်းတတ် သည်။ မိုးနဲသို့ မကြာခဏတက်ကာ ပန်းပုရုပ်ထုများ ဝယ်ယူတတ်သည်။ သူတို့၏ ဧည့်ခန်းဆောင်မှာ ကြည့်ချင်စဖွယ် အနုပညာ ပစ္စည်းများဖြင့် ဆင်ယင်ထားပေသည်။

ယူနန်နယ်မှရရှိသော ဖားစည်၊ ပင်းတယ ဥမင်အနီးမှ တူး ဖော်ရရှိထားသော ကြေးဆင်းတု၊ မှန်စီရွှေချ အိုးစည်၊ မော်လမြိုင် ဘက်မှ ရသော သစ်သားပန်းဖောက်စားပွဲ၊ နံ့သာ ဖြူဖြင့် ပြုလုပ် ထားသော ပန်းဖော်ခန်းဆီး၊ သီပေါမှ နယား ရုပ်ကြွကုလားထိုင် များ။

ခင်ရောက်လာသောအခါ ဧည့်သည်များ ရောက်နှင့်နေ ပေပြီ။ ခင်သည် ဧည့်ခန်းဆောင်၏ လှပခြင်း၌ ကြည်နူးမိလေ သည်။ ပြတင်းပေါက်မှ တောင်ကြီးကို လှမ်းမြင်နေရလေသည်။ တောင်နံရံ၌ ထင်းရှူးပင်တို့ ထူထပ်စွာ ပေါက်နေကြလေ သည်။

ခင်သည် ပြတင်းပေါက်မှ တောင်ခြေတောရိပ်ရှုခင်းကို ငေးကြည့်ရင်း မောင်ဝေဇင်ကိုသွားအမှတ်ရသည်။ သနား စရာ ကောင်းလေတကား၊ ရင်ဘတ်တွင် ကျည်ဆံနှင့် ဤကဲ့ သို့သော တောင်ခါးပန်းတွင် လဲလျောင်းနေပေလိမ့်မည် တကား။

ခင်သည် အခန်းထောင့်ရှိ စားပွဲတစ်ခု၌ ကိုကျော့ဖေကို လှမ်းမြင်လိုက်ရသည်။ သူမှာသည့်စကားများကိုလည်း သွား သတိရ သည်။ ကိုကျော့ဖေက သူ့ကိုလှမ်းတွေ့လိုက်၍ သူ့ထံ လာနေသည်။

ထိုအခိုက်တွင် ခင်သည် အိမ်ရှင် ဦးမိုးသီးနှင့် နှုတ်ဆက် စကား ပြောလျက်ရှိလေသည်။ ဦးမိုးသီးမှာ အသက်လေးဆယ် ကျော်ကျော် ရှိပေပြီ။ ဆံပင်အနည်းငယ်ဖြူ၍ အသားနီသည်။ သူသည် ရှမ်းသွေးအနည်းငယ် စပ်ပေသည်။ ခပ်ဝဝ၊ အရပ်

ခပ်ပုပု၊ မိန်းမလှလှများ၌ စိတ်ဝင်စားသည်။ သူသည် ခင့်ကို လူကြီးတစ်ယောက်အနေနှင့် အစ်ကိုကြီးဆံဆံ ဆက်ဆံက ရိတိတိ လုပ်လေ့ ရှိသည်။ ကိုကျော့ဖေသည် သူတို့ထံပါးရောက် လာ၏။

'အခုပဲ ခင့်ကိုပြောနေရသေးတယ်၊ ခင့်အလှဟာ ပန်းချီ ကားခြယ်ရေးထားသလိုပဲ၊ အမြဲလတ်ဆတ်နေတယ်လို့၊ ဟုတ်တယ် မဟုတ်လားဗျာ' ဟု ဦးမိုးသီးက ကိုကျော့ဖေဘက် သို့လှည့်ကာ ပြောလိုက်လေသည်။

'အစ်ကိုကြီးကလည်းဗျာ စောမွန်လှကိုချောတယ်လို့ချီးမွမ်း သလို ဖြစ်မနေပေဘူးလားဗျာ၊ မင်းသမီးပဲ လှမှာပေါ့'

'ခင့်ကြည့်ရတာ အမြဲနုပျိုနေတာကိုက အလှတပါးပဲ'

'ခင်တော့ရှင် နုပျိုတာကို မကြိုက်ပေါင်၊ ငယ်ရွယ်တာဟာ အလကားပါရှင်၊ ခင့်အတွေ့အကြုံအရ ပြောရမယ်ဆိုရင်တော့ လူဟာ အသက်လေးဆယ်လောက်ရှိမှစကားပြောလို့ကောင်း တယ်'

'ဒီအကြောင်းတွေ နောက်ဆွေးနွေးကြသေးတာပေါ့' ဟု ဦးမိုးသီးသည် ဧည့်သည်အသစ်တစ်ဦးရောက်လာ၍ စကား ဖြတ် သွားလေသည်။ သူသည်ဧည့်သည်အသစ်နှင့် နှုတ်ဆက် ပြောဆို နေလေသည်။

'ခင်ကတော့ သိပ်လှတာပဲ' ဟု ကိုကျော့ဖေက တိုးတိုး ကလေး ပြော၏။

သို့သော် ခင်သည် သူ့အား ခပ်ငေးငေးကြည့်လျက်ရှိသည်။ ခင်၏အကြည့်အငေးမှ စိုးရိမ်ပူပန်ခြင်းပေါ်နေ၏။

'ကိုယ့်ကိုယ်ကို ဇာတ်ခုံပေါ် ရောက်နေတယ်လို့ အောက်မေ့ထား၊ ပြဇာတ်တစ်ခုမှာဝင်ပြီး အမူအရာ လုပ်နေတယ် လို့မှတ်လိုက်. . . ဟုတ်လား'

'ခင်ပြောခဲ့ဖူးပါပြီကော၊ ခင်ကဒီဘက်မှာ မတော်ဘူးလို့' ဟု ခင်ကပြုံးကာ ပြောလေ၏။

'မိန်းမပဲဗျာ၊ မိန်းမဆိုတာ အမူအရာလုပ်တတ်ပါတယ်ဗျာ'

နေ့လည်စာစားပွဲ၌ ခင်သည် ဤသို့ပင်နေလေသည်။ သူမ၏ လက်ယာဘက်၌ အိမ်ရှင်ဦးမိုးသီးရှိသည်။ ခင်သည် ဦးမိုးသီး နှင့် ရယ်ရယ်မောမော စကားပြောလျက်ရှိလေသည်။ ဦးမိုးသီးမှာ သူမနှင့် နီးနီးကပ်ကပ် စကားပြောခွင့်ရ၍ ကျေနပ်နေသည်။ သူ၏ လက်ဝဲဘက်တွင်ကား ယမုနရဋ္ဌ၌နေသော ပန်းပုဆရာ ဦးစံဝေ ဖြစ်လေသည်။ ယမုနရဋ္ဌမြို့မှာ မြို့ငယ်ကလေး ဖြစ်ပေရာ မနေ့ ညက မျက်နှာများပင် ပြန်မြင်တွေ့နေရပေသည်။ မဟာဒေဝီ စောမိုခမ်းမှာ ဦးမိုးသီး၏ လက်ယာဘက်၌ ထိုင်လျက်ရှိ၏။

မဟာဒေဝီသည် ခင့်ဘက်သို့ကျော်ကာ စကားပြော၏။

'ဒီမယ်ခင်. . .၊ အမတ်ချုပ် ယမုံနာလာပြီး ထမင်းစားဖို့ဖိတ်နေရသေးတယ်၊ တီးဝိုင်းက အဆိုတော်က သိပ်အသံကောင်းတာ၊ ဒါပေမယ့် အခုမရှိပြန်ဘူး'

ဦးမိုးသီးက ဝင်၍ 'အဲ့ထိုက်ရဲ့ အသံမဟုတ်လား၊ ကြားဖူးပါတယ်၊ မခင်မှီကတောင် ခဏခဏပြောတယ်၊ ရန်ကုန်ပို့ပြီး ရေဒီယိုမှာ အဆိုခိုင်းမလို့ ရန်ကုန်ပို့ရင် သူက စရိတ်ခံမတဲ့'

'ဒါပေမယ့်ရှင်၊ မနေ့ညကတော့ သူမလာနိုင်တာနဲ့ ဒုံမင်းဆရာတစ်ယောက် အစားလွှတ်လိုက်တယ်၊ မြောက်ပိုင်းက ပြေးလာတာဆိုလား၊ ဘာလား ခင်မှတ်မိသေးလား'

'ဒုံမင်းလည်း သိပ်မတီးတတ်ပါဘူး'

ခင်သည် သူ့အသံ နဂိုအသံမှ ဖြစ်ရဲ့လားဟု တွေးနေသည်။

'ခင်က လျှော့ပြောနေတာပါကွယ်၊ ကိုယ်သာ ဒီလောက် ဒုံမင်းတီးညံ့ရင်တော့ ကိုယ့်ကိုယ်ကို သေနတ်နဲ့ ပစ်သတ်သေတော့မယ်၊ တကယ်ပဲ'

ခင်သည်ငြိမ်သက်နေ၍မဖြစ်၊ တစ်ခုခုတော့ ဝင်ပြောမှ ဖြစ်မယ်ဟု အောက်မေ့လေသည်။

'ခင်က ဝေဖန်တတ်တာမဟုတ်ပါဘူး'

'ဒုံမင်းဆရာက ငယ်ငယ်ပဲ ရှိသေးလား' ဟု ဦးမိုးသီးက မေး၏။

'ငယ်ငယ်ပါပဲ၊ ကောင်လေးပါပဲ၊ ဒါပေမယ့် ခေါင်းကလေးကတော့ ကြည့်လို့ကောင်းသား၊ ဆံပင်ကောက်ပုံကလေးက လှသား၊ ခင်တွေ့တယ်မဟုတ်လား' ဟု မဟာဒေဝီကပြောလေသည်။

'ခင်တော့ ဒီလောက်သတိမထားမိပါဘူး'

'ထွက်ပြေးလာတာ ဘာညာဆိုတာတော့ မမမသိပါဘူး၊ နောက်မှသိရတာကို နောက်ကို တီးဝိုင်းထဲလာပြီး ဒုံမင်းမတီးရင် ကောင်းမယ်လို့တောင် ပြောမိသေးတယ်၊ သူအလုပပြုတ်ရင် မမပယောဂ မကင်းဘူးပေါ့၊ တွေ့ရင်ငွေလေးဘာ

လေး ပေးချင်ပါ သေးတယ်၊ နောက်အလုပ်တစ်ခု မရသေးခင် ပေ့ါဟယ်၊ မမတော့ သနားတောင်နေတယ်'

သူတို့သည် မောင်ဝေဇင်အကြောင်း ဆက်၍ပြောနေကြသည်။

ခင်သည် ကိုကျော့ဖေအား လှမ်းကြည့်လိုက်သည်။ သို့သော် ကိုကျော့ဖေမှာ စားပွဲအစွန်းတွင် ရောက်နေ၍ သူ့ကို မကြည့်ပေ။ သို့သော် ခင်သည် အခြေအနေအရ ဆီလျော်အောင် ကြည့်လုပ်ရ မည်ဟု အောက်မေ့လိုက်၏။

နောက်ဆုံး၌ စကားပြောသည့်အကြောင်းသည် ပြောင်းသွားလေသည်။

ခင်ကားပန်း၍နေ၏။ ခင်သည်ကျရာစကားကို လိုက်၍ ပြော သည်။ ဦးမိုးသီးက ရယ်စရာပြောသည်ကို လိုက်၍ ရယ်မောသည်။ ပြုံးလိုက်ရယ်လိုက်နှင့် ပျော်စရာအောက်မေ့ရလေ၏။ သို့သော် စိတ်တွင်း၌ကား ဇာတ်ခုံပေါ်၌ ပြခန်းများ တစ်ခုပြီးတစ်ခု ထွက် လာသကဲ့သို့ ညကအဖြစ်အပျက်များသည် တစ်ဖျတ်ဖျတ်ပေါ်လာ ကြလေသည်။ ထမင်းစားပွဲ ပြီးသွားသဖြင့် ကျေးဇူးတင်ရပေသေး သည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ မှီဖြင့် သိပ်ပျော်တာပဲ'

မခင်မှီသည် ခင့်လက်ကို ဆုပ်ကိုင်ကာ ပြောလေသည်။ မခင်မှီမှာ ခပ်ပိန်ပိန်၊ အသားဖြူဖြူ ပါးအို့နီနီ။

'ခင့်ကို သိပ်ကျေးဇူးတင်တာပဲ၊ ခင်ကသိပ်လှတယ်၊ ပွဲတိုင်းမှာ ခင်လာရင် သဘောကျကြတယ်၊ ကိုကိုကလည်း ခင့်ကို ခဏခဏ မေးတာ'

'ဦးမိုးသီးက စကားပြောကောင်းပဲ'

'ခင်ရန်ကုန်ပြန်တော့မယ်ဆို၊ မှီတို့ကြားတာပဲ၊ ဟုတ်လား'

ဦးရဲအောင်ကို ရည်ညွှန်း၍ မခင်မှီကပြောသည်ဟု ခင်က နားလည်လိုက်သည်။ မဟာဒေဝီက မခင်မှီအား ပြောပြဟန်တူပေသည်။

'မသိတော့ဘူးလား' ဟုခင်ကပြုံး၍ ဖြေ၏။

'မှီကြားရတာ မှန်ပါစေလို့ ဆုတောင်းပါတယ်ရှင်၊ မှီဟာ ဒီပြင့်ဟာ မတတ်နိုင်ပေမယ့် လူကဲခတ်တော့မညံ့ပါဘူး၊ ခင်က လှလဲလှ၊ ချစ်စရာလဲကောင်း၊ ခင်ပျော်ရွှင်တာကို အလိုရှိပါတယ်'

ခင်၏မျက်လုံးသည် တောက်ပ၍ လာသည်။ မျက်ရည်ဖြင့် မရွှန်းစိုလာအောင် မနည်းလုပ်ထားရသည်။ ခင်သည် မခင်မှီအား ပြုံး၍နှုတ်ဆက်ကာ ထွက်ခဲ့လေသည်။

* * *

(၇)

ခင် အိမ်ပြန်ရောက်သောအခါ သံကြိုးစာ တစ်စောင် ရောက် နှင့်နေသည်ကို တွေ့ရလေသည်။

မနက်ဖြန် လေယာဉ်ပျံနှင့် လာခဲ့မည်။

**ရဲအောင်**

ကမ်းစပ်ရှိ ငုနီလာပင်အောက် မြက်ခင်းကား သာယာ ပေသည်။ ဘေးပတ်လည်၌ နှင်းဆီပင်များ ရံထားသည်။ မြက် ခင်းလေး မှာ ရေစပ်နှင့်အနီးဆုံးဖြစ်၍ လှိုင်းသံတဖျတ်ဖျတ်ကို ကြားရလေ သည်။ နေရာမှာ အရှေ့ဘက်သို့ တစ်ပိုင်းမျက်နှာ မူထားသည်ဖြစ်၍ အင်းကြီး၏ တစ်ဖက်ကမ်းရှိ ယမုနရဌမြို့ ကိုသာ မဟုတ်၊ အရှေ့ ဘက် တောင်တန်းများပေါ်ရှိ စေတီ ဖြူဖြူများ၊ တန်ဆောင်း ပြာသာဒ် အမိုးနီနီများကိုသာ မြင်

ရလေ၏။ ရေစပ်ဘက်သို့ လျှောဆင်းနေသော မြက်ခင်း အောက်ဆုံး အထစ်ကို အိမ်ဝမှ မမြင် နိုင်ပေ။

ခင်သည် ဤနေရာလေးကို အနှစ်သက်ဆုံးဖြစ်သည်။ ခင် သည် ကြိမ်ကုလားထိုင် အဝါလေးများကို ခင်းထားသည်။ ခင်သည် နောက်မှီကို မှီနိုင်သမျှမှီကာ တွေးနေ၏။

မနန်းခိုင်သည် လက်ဖက်ရည် ယူလာသည်။ သူ့ကို ကိုကျော့ ဖေ မကြာခင် လာလိမ့်မည်ဟု ပြောထားသည်။

'ကိုကျော့ဖေလာရင် ဝီစကီရယ်၊ ဆိုဒါ ရေခဲပါ ယူခဲ့ နော်'

'ဟုတ်ကဲ့ မမ'

မနန်းခိုင်ကား ခပ်ငယ်ငယ်ဖြစ်၍ အတင်းအဖျင်းလည်း ပြောတတ်သူ ဖြစ်သည်။ ယခု သူမ၌ သတင်းဆန်းတစ်ခု ရရှိ နေသည်။ ထမင်းချက် မောင်ခွန်စန်းက ရွာကလေးမှ သတင်း တစ်ခု ယူလာသည်။ ထိုရွာရှိ သူ၏ဆွေမျိုး တစ်ယောက်က အိမ်မှ ထွက်ပြေးလာသော ကောင်လေးတစ်ယောက်အား ထမင်းလခနှင့် တင်ကျွေးထား၏။ ထိုကောင်လေးမှာ နှစ်လ သုံးလနေသော်လည်း ထမင်းလခမပေးနိုင်ဘဲ ယခု ထွက်ပြေး သွားသည်ဟု သိရ၏။ သူတို့မှာ ဆင်းရဲသူများဖြစ်၍ ထမင်း လခကို လိုချင်နေကြ၏။ ကောင်လေး ထွက်ပြေးသွားသော အခါ အင်္ကျီတစ်ထည်၊ လုံချည် တစ်ထည်သာ ကျန်ရစ်ခဲ့ရာ ရောင်းစား၍ ငါးကျပ်ပင် ရမည် မဟုတ်ပေ။ သို့သော် ကောင် လေး ပြန်မလာသည့်အတွက် ဘယ်များ သွားငတ်နေပါလိမ့် ဟု ပူပန်နေကြသည် ဆို၏။

'ဒီကောင်လေး ဘယ်များ ထွက်သွားတာတဲ့လဲ'

ဟု ခင်က မေးလိုက်၏။

'ညနေကတော့ ယမုန်နာမှာ ဒုံမင်းတီးဖို့ဆိုပြီး ထွက်သွားတာ ပဲတဲ့၊ မသွားခင်ကတောင် ဒုံမင်းတီးခရရင် ထမင်းလခ အကြွေး ဆပ်မယ်လို့ ပြောသွားသေးသတဲ့၊ အဲဒီညကတည်းက ပြန်မလာဘူး ဆိုပဲ မမရဲ့၊ အိမ်ရှင်မိန်းမကြီးက ယမုန်နာတောင် သွားလိုက်မေး သေးတယ်၊ အဲဒီကလဲ ဘာမှမသိတဲ့အကြောင်း ပြောလိုက်သတဲ့၊ အမျိုးသမီးတစ်ဦးကတောင် ငွေတစ်ရာဆုချသေးသတဲ့၊ သူတို့က တောင်. . .'

ခင်သည် ဆက်လက်၍ မကြားချင်တော့ပေ။ခင်ကစကားဖြတ်ပစ်လိုက်၏။

'မောင်ခွန်စန်းကို မေးလိုက်စမ်းပါ၊ အဲဒီ အဘွားကြီးကဘယ်လောက်ရစရာရှိသလဲလို့၊ သူတို့ခများလဲ ရှိရှာတာမှမဟုတ်ပဲ၊ မမက ဆပ်လိုက်ပါ့မယ်၊ အဘွားကြီး ကြားထဲက သနားစရာကွယ်'

'ဟာ. . . သိပ်ကောင်းတာပေါ့မမရယ်၊ အဘွားကြီးကသိပ်သဘောကောင်းတယ်၊ လူတစ်ဖက်သားကို သိပ်စေတနာရှိတာ၊ ဆင်းရဲလွန်းလို့သာပါ၊ မမက စိုက်ပေးမယ်ဆိုရင် သိပ်ဝမ်းသာကြမှာ'

'ဒါပါပဲ၊ သွားပေတော့. . . လုပ်စရာရှိတာ လုပ်ထား'

ထိုနေ့အဖို့ရာ၌ မောင်ဝေဇင် အကြောင်း ပြောသည်မှာ ဒုတိယအကြိမ် ကြားရခြင်းဖြစ်လေသည်။

ခင်သည် ထိတ်လန့်လျက် ရှိသည်။ မသေခင်ကမူ သူ့အကြောင်း ပြောစရာများ ပေါ်လာသည်။ မဟာဒေဝီ ပြောသော စကားများကိုလည်း သတိရလာမိသည်။ မဟာဒေဝီက သူပြော သည့်အတွက် အလုပ်ပြုတ်သည်ဟု စိတ်မကောင်းဖြစ်နေ၏။ မဟာဒေဝီမှာ စကားတည်သူ ဖြစ်သည်။ အကယ်၍ မောင်ဝေဇင်ကို မတွေ့တွေ့အောင် ရှာဖွေနေပါက မည်သို့ ဖြစ်မည်နည်း။

ငါတော့ ဒီအရပ်က မြန်မြန်ထွက်သွားရင် ကောင်းမယ်၊ ထို့နောက် ကိုကျော့ဖေကို တမ်းတမိလေသည်။ ကိုကျော့ဖေ တစ် ယောက်သာလျှင် သူ့ကို သက်သာရာရအောင် လုပ်နိုင်သည်ဟု ထင်လေသည်။

ခင်သည် လက်ပွေ့အိတ်ထဲမှ ဦးရဲအောင် ပေးလိုက်သော သံကြိုးစာကို ထုတ်ကာ တစ်ခေါက် ဖတ်ကြည့်မိပြန်သည်။ ဤသည်လည်း လွတ်မြောက်ရာ လမ်းတစ်လမ်း ဖြစ်ပေသည်။ ခင်သည် လေးလေးနက်နက်တွေးတော၍ နေ၏။

နောက်ဆုံး၌ သူ့အမည် ခေါ်သံကြားရလေသည်။

'ခင်'

ကိုကျော့ဖေ ဖြစ်နေ၏။ သူသည် မြက်ခင်းဘေး လမ်းကလေးမှ လမ်းလျှောက်လာနေသည်။ သူ့ကြည့်ရသည်မှာ ဘာမှ မဖြစ်သလို အေးအေးဆေးဆေး အမူအရာရှိ၏။

'မနန်းခိုင်က ပြောလို့ ဒီလိုက်လာတာ၊ ခင်ဘာဖြစ်နေသလဲ၊ တစ်မျိုးပဲ ကြည့်ရတာ'

ကိုကျော့ဖေက ခင့်ကို အကဲခတ်သည့်ဟန်ဖြင့် ပြောလိုက်လေသည်။

'နေဦးနော်၊ ဝိစကီ ယူလာလိမ့်မယ်'

သူသည် ထိုင်ကာ စီးကရက်တစ်လိပ် မီးညှိသောက်နေ၏။ မနန်းခိုင် လင်ပန်းကလေးနှင့် အရက်ယူလာသောအခါ ပြုံး၍နေ၏။

'ဝက်အူချောင်းနဲ့ အမဲသားကြော်လည်း ယူခဲ့နော်'

'အေး. . အေး'

ကိုကျော့ဖေက မနန်းခိုင်ထွက်သွားသောအခါ ခင့်အား 'ဘာထူးသေးသလဲ' ဟု မေးလိုက်၏။

ခင်က ဦးမိုးသီး၊ မခင်မှီတို့အိမ်တွင် မဟာဒေဝီ စောမိုခမ်း ပြောပြသော စကားနှင့် မနန်းခိုင်ယူလာသော သတင်းတို့ကို တဆင့် ပြန်ပြောပြ၏။

'ဒါတွေက ကိစ္စမရှိပါဘူးခင်ရယ်၊ ထမင်းလခ ကြွေးပေးစရာ ရှိတယ်၊ ဒုံမင်းတီးခရရင် ပေးဖို့အဘွားကြီးကို ကတိပေးတယ်၊ သူ့ အလောင်းကိုတွေ့ရင်လည်း ကိစ္စမရှိပါဘူး၊ စိတ်ညစ်လို့ ကိုယ့် ကိုယ်ကို သတ်သေတယ်ပေ့ါ၊ သူ့မှာစိတ်ညစ်စရာ အကြောင်းတွေ အများကြီးရှိပါတယ်၊ ဒါတွေကို ပူမနေစမ်းပါနဲ့'

ကိုကျော့ဖေပြောပြသည်ကို ကြားရ၍ ခင်သည် ပြုံးလာကာ သက်ပြင်းချလေသည်။

'ကိုကျော့ဖေပြောတာမှန်တယ်၊ ခင်သိပ်စိတ်မကြည်ဘူး၊ တစ်မျိုးကြီးပဲလေ၊ ကိုကျော့ဖေသာ မရှိရင်တော့ ခင်ဘာလုပ်ရမှန်း တောင် မသိဘူး'

'ဒီလိုလည်း မဟုတ်ပါဘူးလေ၊ တစ်ခုခုတော့ဖြစ်မှာပေါ့'

'ညကသာ နှစ်ယောက်သားမိရင် ဘယ့်နှယ့်များဖြစ်မလဲ'

'ဒုက္ခတော့၊ ဒုက္ခပေါ့'

ခင်သည် နှုတ်ခမ်းကို ကိုက်ထား၏။

'ရှင်က ခင်တို့ထောင်ထဲရောက်ကုန်မယ်လို့ ထင်သလား'

ကိုကျော့ဖေက သူ့အား တစ်ဝက်ပြုံးကာ ကြည့်၍ ပြောလိုက်လေသည်။

'တွေးစရာတွေက အများကြီး ရှိတာပေါ့လေ၊ သူ့ကိုယ်သူ သတ်သေတယ်လို့ ပြောဖို့ရာတော့ မလွယ်ဘူးထင်တယ်၊ ကျွန် တော်နဲ့ ခင်တစ်ယောက်ယောက်ကတော့ သတ်တယ်ဖြစ်ရမယ် ထင်တယ်'

'ဘာဖြစ်လို့လဲ'

'ပုလိပ်ဘက်ကတော့ တွေးစရာတွေ တစ်ပုံတစ်ခေါင်းကြီးရှိမှာပေါ့လေ၊ ကျွန်တော်တို့နှစ်ယောက် ယမုံနာက ထွက်လာကြ တော့ လူတွေသိကြတယ်၊ ကျွန်တော်က မိန်းမနဲ့ ပတ်သက်လာရင် နာမည်သိပ်ကောင်းတဲ့ကောင် မဟုတ်တာတော့ အားလုံးသိကြ တယ်၊ ဒီတော့ ကျွန်တော်နဲ့ခင်နဲ့ ဘာမှ မပတ်သက်ဘူးလို့တော့ တွေးကြမှာ မဟုတ်ဘူးနော်၊ ခင့်အခန်းမှာ သူ့ကို ကျွန်တော်က တွေ့တာနဲ့ မနာလိုဖြစ်ပြီး သတ်တာဖြစ်မယ်၊ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့ နှစ်ယောက်ကို သူတွေ့

တာနဲ့ ခင့်အသရေကို ဆယ်ခြင်း အားဖြင့် ကျွန်တော်က သတ်ပစ်တာ ဖြစ်မှာပေါ့၊ လူတွေက ဒီလိုဘဲတွေးကြမှာ'

'ရှင်လဲ ခင့်အတွက်နဲ့ အရှုပ်တော်ပုံထဲ ပါနေရတာပဲ နော်'

'ဒါတွေပြောစရာမလိုပါဘူးဗျာ'

'ညကတော့ သိပ်ကိုစိတ်ရှုပ်သွားတာပဲ၊ ရှင့်ကိုတောင် ကျေးဇူး မတင်အားဘူး၊ သိပ်လဲကြောက်နေတယ်၊ ဒါပေမယ့် တကယ်က ခင် ကိုကျော့ဖေကို ကျေးဇူးတင်ပါတယ်ကွယ်၊ ကိုကျော့ဖေ လက်ထဲ မှာ ရှိတာပဲ၊ ကိုကျော့ဖေသာ မရှိရင် ခင်လည်း ကိုယ့်ကိုယ်ကို သတ်သေမိမှာပဲ၊ ကိုကျော့ဖေ ခင့်အပေါ် မှာ သိပ်ကောင်းတာပဲ'

ကိုကျော့ဖေသည် ခင့်အား အတန်ကြာစိုက်ကြည့်နေကာ ပြုံး၏။

'ကျွန်တော်ကတော့ ဘယ်မိတ်ဆွေအတွက်ဖြစ်ဖြစ် လုပ်ပေး မှာပါပဲ၊ သိပ်စိမ်းနေတဲ့လူတစ်ယောက်အတွက်တော့လဲ ဒီလို လုပ် ဖြစ်ချင်မှလည်း လုပ်ဖြစ်မယ်၊ ခင်သိတဲ့အတိုင်း ကျွန်တော်က စွန့် စွန့်စားစား လုပ်ရတာ ကြိုက်တယ်၊ တကယ်က ကျွန်တော်ဆိုတဲ့ ကောင်က ဥပဒေလိုက်နာတဲ့ကောင် မဟုတ်ဘူး၊ အဲဒီတော့ သာပြီး ဖိုလှိုက်မှုရတာပေါ့၊ တစ်ခါကလည်း ညောင်ရွှေက ကစားဝိုင်းတစ်ခု မှာ ငွေတစ်သောင်းလောင်း မိလို့ အသည်း ‌‌. တထိတ်ထိတ် ရင်တဖိုဖို ဖြစ်ရဘူးတယ်၊ အဲဒါမျိုးကို ကျွန်တော် ကြိုက်တတ်တယ်၊ ဒါထက် သေနတ်ကော'

'လက်ပွေ့အိတ်ထဲမှာပဲပေါ့၊ ခင်တော့ အိမ်မှာ မထားဝံ့တော့ဘူး၊ သွားလေရာ ယူသွားတာပဲ၊ မနက်ကလည်း ပါလာတယ်၊ မနန်းခိုင်တို့တွေ့သွားရင် ဘယ့်နှယ်လုပ်မလဲ'

ကိုကျော့ဖေက လက်လှမ်းလိုက်၏။

'ခင့်လက်ပွေ့အိတ်ပေးစမ်းပါ'

သူဘာကြောင့် သေနတ်တောင်းသည်ကို မသိပေ။သို့သော် လက်ပွေ့အိတ်ကို ကမ်းပေးလိုက်လေသည်။ ကိုကျော့ဖေသည် လက်ပွေ့အိတ်ကို ဖွင့်ကာ သေနတ်ကို ထုတ်ယူ၍ သူ၏ကုတ်အင်္ကျီအောက်ထဲသို့ ထည့်လိုက်လေသည်။

'ဘာလုပ်တာလဲ'

သူသည် ကုလားထိုင်နောက်မှီကို ပျင်းရိစွာ မှီနေ၏။

'သူ့အလောင်းကိုတော့ အနေးနဲ့အမြန် တွေ့ကြမှာပဲ၊ ကျွန် တော်တွေးနေတာက သေနတ်ကိုလည်း သူနဲ့အတူ တွေ့ရမယ်ဗျ'

ခင်သည် အံ့အားသင့်၍ သွား၏။

'ဟိုနေရာတော့ ပြန်မသွားရဘူးနော်'

'ဘာဖြစ်လို့လဲ၊ ဒီညနေ လ,သာယာတယ်၊ကျွန်တော်လည်း ကိုယ်လက်လှုပ်ရှားမှုလိုနေတာနဲ့ ဘိုင်စကယ် ငှားထားတယ်၊ ပေတရာ လမ်းမကြီးကနေ စီးသွားပြီး နောက်လမ်းခွဲကလေးကနေ တက်သွားမှာပေါ့၊ အဲဒီကနေပြီး ဟိုဘက်ရွာကလေးနဲ့ ရှုမျှော်ခင်းကို ကြည့်ရမယ်'

'တောထဲဝင်သွားတာ တစ်ယောက်ယောက် မြင်သွားရင်ကော'

'မမြင်အောင်သွားရမှာပေါ့ခင်ရဲ့၊ ဘေးဘီကို ကြည့်ဦး မှာပေါ့'

သူသည်နေရာမှ ထလိုက်သည်။

'အခုသွားတော့မလို့လား'

'ဟုတ်တယ်လေ၊ ညကခင့်ကိုမပြောမိဘူး၊ တောက သိပ် နက်တာတော့ မဟုတ်ဘူး၊ သနပ်ဖက်ပင်တွေတော့ ရှိတာပေါ့၊ အလောင်းကို တော်တော်နဲ့တော့ တွေ့မှာ မဟုတ်သေးဘူးလို့ ထင်တယ်'

'ခင်တော့ တထင့်ထင့်နဲ့နေဦးမှာပဲ၊ ကိုကျော့ဖေ ပြန် ရောက်လာမှပဲ စိတ်အေးရမှာနော်'

သူကပြုံးလိုက်၏။

'ဟုတ်လား၊ မြန်မြန်ပြန်ခဲ့မယ်၊ ပြန်လာမှ တစ်ခွက်သောက် ဦးမယ်လေ'

'အို. . . ကိုကျော့ဖေကလဲ'

'စိုးရိမ်မနေပါနဲ့ဗျာ၊ ဒီကောင်က အားကစားသမားပါ ကိုယ့် ကိုယ်ကို ဘေးမဖြစ်အောင် လုပ်တတ်ကိုင်တတ်ပါတယ်'

သူသည်ထွက်သွားလေသည်။

သူ့ကို စောင့်ရသည်မှာ ရင်တမမနေရပေဦးမည်။ သို့သော် မနေ့ညကအတွေ့အကြုံနဲ့ နှိုင်းယှဉ်လျှင်ကား အသေးအမွှား လေး မျှသာပင်၊ သူကား စွန့်စားမှုအတွက် ခြသေ့ံပါးစပ် ထဲသို့ ခေါင်း ထည့်သူ။ သူသည် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရ မှာကို ပျော်ရွှင်သူ ပေတည်း။

ခင်သည် သူ့ကို ရုတ်တရက်စိတ်ဆိုးလာသည်။ ဤကဲ့သို့ မိုက်မဲသော အလုပ်မျိုးကို လုပ်ရန်မသင့်။ သူမကလည်း မသွားရန် တားမြစ်ဖို့ ကောင်းပေသည်။ သို့သော် သူသည် ခပ်အေးအေး ဆေးဆေး ခပ်ရှင်ရှင်ပင်လုပ်လေရာ အမှန်အကန်ကို မြင်နိုင်မည် မဟုတ်ပေ။ သူသည် အလုပ်တစ်ခုကို ဆုံးဖြတ်ပြီးလျှင် မည်သူက ဖျက်ဖျက် စိုက်စိုက်မတ်မတ် လုပ်သူဟု ခံစားသိမြင်လာလေသည်။ သူကား ထူးဆန်းသူပေတည်း။ ဤကဲ့သို့ လျော့ရဲရဲ ပေါ့ဆဆအမူ အရာအောက်၌ ဆုံးဖြတ်ထားသည့် စိတ်ဓာတ် ရှိလိမ့်မည်ဟု မည်သူမျှ တွေးထင်တတ်လိမ့်မည် မဟုတ်။

ငါ့ကြောင့်သူလည်းထိခိုက်နေတာပဲဟုခင်ကတွေးနေသည်။

နောက်ဆုံး၌ကား ကိုကျော့ဖေ ပြန်ရောက်လာလေသည်။ ခင်သည် ဟင်းချလိုက်လေသည်။ သူ၏ကျေနပ်စွာ ဖျတ်ဖျတ်လတ် လတ် လမ်းလျှောက်လာသော အမူအရာ၊ နှုတ်ခမ်းပေါ်မှ ခပ် ပြောင်ပျက်ပျက် အပြုံးစသည်များကို ထောက်ရှု၍ အစစ အရာရာ အဆင်ပြေပြီဟု သိနိုင်၏။ သူသည် ကုလားထိုင်ပေါ်၌ ပစ်ထိုင်ကာ သူ့ဘာသာသူ ထည့်သောက်နေလေသည်။

'အလုပ်တော့ပြီးပြီ၊ အနားမှာ လူတစ်ယောက်မှ မရှိဘူး တစ်ခါတလေတော့လည်း သိလား၊ ရာဇဝတ်မှုကို အားပေးသလို အခွင့်တွေသာနေတာတွေ ရှိတာပဲ၊ အလောင်းရှိတဲ့နေရာမှာ စမ်း ရေ စပ်စပ်ကလေး တွေ့တယ်၊ ဒါကြောင့် ဒီအနားမှာ သစ်ပင် ချုံဖုတ်တွေ ထူထပ်နေတာပေါ့၊ အဲ့ဒီ ရေစပ်စပ်ထဲကို သေနတ်ကို ပစ်ထည့်လိုက်တယ်'

ခင်ကအလောင်းအကြောင်းကို မေးချင်သည်။ သို့သော် ပါးစပ်ကမထွက်ချေ။ သူတို့သည် စကားမပြောကြဘဲ ထိုင်နေကြပြီး ကိုကျော့ဖေမှာမူ စီးကရက်ကို လေးလေးပင်ပင် ရှိုက်ဖွာကာ အရက်ကို ပျော်ရွှင်စွာ စုပ်နေ၏။

'ညက ဖြစ်ပျက်တဲ့အတိုင်း ကိုကျော့ဖေကို ခင်ပြောပြချင်တယ်' ဟု ခင်ကဆိုလိုက်လေသည်။

'မလိုပါဘူးဗျာ. . . အရေးကြီးတာတွေကို ကျွန်တော်တွေးယူ နိုင်ပါတယ်၊ ကျန်တဲ့အပိုင်းက သိပ်အရေးမကြီးတော့ဘူး မဟုတ်လား'

'ဒါပေမယ့် ခင်ပြောချင်တယ်၊ အဆိုးဆုံးဖြစ်တယ်ဆိုတာကို ပြောချင်တယ်၊ သနားစရာ. . . ကောင်လေးဘာဖြစ်လို့ သူ့ကိုယ်သူ သတ်သေရတယ်ဆိုတာ ခင်ဖြင့် နားမလည်ဘူးဖြစ်နေတယ်၊ နောက်ပြီး ခင်ဖြင့် နောင်တရလို့မဆုံးလည်း ဖြစ်နေတယ်၊ စိတ်လည်း ထိခိုက်နေတယ်'

ကိုကျော့ဖေသည် ခင်ပြောပြသည်ကို စကားတစ်ခွန်းမျှ ပြန်မမေးဘဲ နားထောင်နေ၏။

သူ၏စိတ်ငြိမ်သော မျက်လုံးများသည် ခင့်အပေါ်၌ စူးစိုက်၍ထား၏။ ခင်သည် အိမ်အပြန် ကားမောင်းအလာ ခင်၏ကမူ စွန်းကျွန်းပင်ရိပ်အောက်၌ စတွေ့သည်ကား စတင်၍ အိပ်ရာထဲမှ သေနတ်သံကြားရသည်အထိ အဖြစ်အပျက်များကို တစ်လုံးတစ်ပါဒမျှမကျန် ပြောပြလေသည်။

တစ်ချို့နေရာများကို ပြန်ပြောရန်ခက်ခဲ၏။ သို့သော် သူစိုက်၍နားထောင်နေပုံမှာ သူမသည်အမှန်၏ အပိုင်းအစ တစ်

ခုတစ်လေကို ချန်ထားစေဦး သိမည်ဟူ၍ အောက်မေ့ရ၏။ ရှက် စရာပင် ကောင်းနေသော်လည်း ဖွင့်ဟ ပြောပြလိုက်ရသဖြင့် သက် သာရာရကာ ပေါ့ပါးသွားသည်။

ခင်ပြော၍ဆုံးသောအခါ ကိုကျော့ဖေသည် နောက်ကိုမှီ ငေးကာ သူမှုတ်ထုတ်လိုက်သော စီးကရက်မှ မီးခိုးအကွင်း ကလေးများကို စိတ်ဝင်စားနေသည်ဟု မှတ်ရလေ၏။

နောက်ဆုံး၌ သူကပြော၏။

'ဘာဖြစ်လို့သူ့ကိုယ်သူ သတ်သေလဲသိလား၊ သူ့မှာ အိမ်မဲ့ အိုးမဲ့၊ အထီးကျန်တစ်ယောက်တည်း၊ ပိုက်ဆံကလည်း တပြားမှ မရှိ၊ ငတ်ပြတ်နေတယ်၊ သူ့မှာ လောကကြီးမယ် ဆက်နေ စရာ အကြောင်းမရှိတော့ဘူး၊ အဲ့ဒီတုန်း ခင်ရောက်လာတာပဲ၊ ဒီလောက် လှတဲ့ အမျိုးသမီးကိုလည်း တစ်သက်မှာတစ်ခါမတွေ့ ဖူးဘူးထင်ပါရဲ့၊ ခင်ကသူ့ကို အိပ်မက်ထဲမှာတောင် မမက် ဖူးတာကိုပေးလိုက်တယ်၊ ခင်ကသူ့ကို ချစ်တယ်ဆိုတော့ သူ့အဖို့ရာ အကြီးအကျယ်ပြောင်းလဲ သွားတယ်လေ၊ ခင့်ကိုယ် ကို သူ့ကိုအပ်လိုက်တာဟာ အချစ်မဟုတ် ဘူးလို့ သူဘယ်တွေး မလဲ၊ ချစ်မေတ္တာမဟုတ်ဘူး၊ သနားတာကို ပြောလိုက် တာကို၊ ဒီမယ်ခင်. . .ယောကျ်ားတွေဟာ အခြောက်တိုက် မာနကြီးတတ်တယ်၊ အဲ့ဒါကို ခင်သိရဲ့လား၊ အထူးသဖြင့် ငယ်ရွယ်တဲ့ ယောကျ်ားပျိုကလေးတွေဟာ သာပြီးတော့ အဲ့ဒီ စိတ်မျိုး ရှိသေးတယ်၊ ခင်ကမခံရပ်နိုင်အောင် နှိမ်လိုက်တာ မျိုးပဲ၊ ဒါကြောင့် ပထမခင့်ကို ဒေါသထွက်တယ်၊ သတ်

တောင်ပစ်ချင်တယ် မဟုတ် လား၊ ခင်ကပထမသူ့ကို ကြယ်ပွင့်ထဲရောက်အောင်ပို့ပြီး၊ နောက် တော့ အမှိုက်မြောင်းထဲ ကန်ချပစ်လိုက်တာကိုး၊ အကျဉ်းသမား တစ်ယောက်ကို ထောင်မှူးကို အကျဉ်းထောင် တံခါးဝခေါ်သွားပြီး လွတ်လပ်တော့မဟဲ့ ဆိုပြီး အပေါက်ကထွက်မယ်လည်းလုပ်ကော သူ့ပါးကို ရိုက်ချလိုက်တာနဲ့ တူနေတယ်။ အဲ့ဒီတော့ သူကမ္ဘာကြီးမှာ ဘယ်ဆက်နေချင်တော့မှာတုန်း'

'အဲ့ဒီအတိုင်းသာ မှန်ရင်တော့ ခင့်ကိုယ်ခင် ဘယ်တော့မှ ခွင့်မလွှတ်နိုင်တော့ဘူး'

'အဲ့ဒါအမှန်ဘဲ၊ ဒါပေမယ့် အမှန်တစ်ခုလုံးတော့ မဟုတ်ဘူး၊ ဒီပြင့်ဟာလည်း ရှိသေးဦးမယ်၊ သူ့ရဲ့ဘဝအတွေ့အကြုံ အနေအထား ကလည်း မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်တတ်တာ ဟုတ်ချင်မှ ဟုတ်မယ် သူကိုယ်တိုင်ကလည်း ဒင်ပြည့်ကျပ်ပြည့် စိတ်မှန်ချင်မှ မှန်မယ်၊ ကြောင်ချင်လည်းကြောင်မယ် နောက်ပြီးရှိသေးတယ် ခင်က သူ့ကို ပီတိဟုန်ပေးပြီးတဲ့နောက် သူကသိပ်ကျေနပ်သွားပြီး နောက်ဒါမျိုး ဘယ်တော့မှ ရတော့မှာ မဟုတ်ဘူးလို့ ရှိမယ်၊ ခင် တစ်ခုကြားဖူးတယ် မဟုတ်လား၊ လူဆိုတာ ကျေနပ်စရာ တစ်ခုခု ပြည့်ပြည့်ဝဝ တွေ့ကြုံပြီးရင် သေပျော်ပါပြီဗျာလို့ ပြောတတ်ကြတာလေ၊ အဲ့ဒီလိုပဲ အဲ့ဒီအချိန်အခါမှာ သူလဲ ဒီလိုခံစားမှုမျိုးဝင်လာပြီး သေပစ်လိုက်တာနဲ့တူတယ်'

ခင်သည် ကိုကျော့ဖေအား အံ့သြစွာ ကြည့်လိုက်သည်။

ဤစကားမျိုးပြောသောသူသည် ပျော်ပျော်ပါးပါး ပေါ့ပေါ့လွင်လွင် ဂျပိုးဆန်ဆန်နေတတ်သော ကိုကျော့ဖေမှ ဟုတ်ရဲ့လား။ သူမသိခဲ့သော ကိုကျော့ဖေ။

'ဘာဖြစ်လို့ခင့်ကို ဒါတွေပြောနေရတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ ဖြစ်သမျှကို သိပ်ပြီးတော့လည်း စွဲလန်းမထားစေချင်တာကလဲ တစ်ကြောင်းပဲ၊ အခုအခြေ အနေမှာ တော့ ဘာမှတတ်နိုင်တော့မှာလဲ မဟုတ်ဘူးလေ၊ မေ့ပစ်တာ အကောင်းဆုံးပဲ မဟုတ်လား စိတ်ထဲမှာ စနိုး စနောင့်မရှိပဲ မေ့ နိုင်လေ ကောင်းလေပေါ့'

ကိုကျော့ဖေသည် ခင့်အား ပေါ့ပျက်ပျက်ပင် ပြုံးကာ ကြည့် နေသည်။ ခင်သည် သူ၏အပြုံးကို နားလည်ပေပြီ။

'နောက်တစ်ကြောင်းကတော့ ကျွန်တော် သောက်တာ များနေပြီ'

ခင်က ဘာမျှပြန်မပြောချေ။ ဦးရဲအောင်ထံမှ သံကြိုး စာကို လှမ်းပေးလိုက်သည်။ ကိုကျော့ဖေသည် သံကြိုးစာကို ဖတ်နေ၏။

'ဦးရဲအောင်ကို လက်ထပ်တော့မလား'

'ဒီနေရာက အမြန်ဆုံးခွာချင်တယ်၊ ဒီအိမ်ကြီးကိုလဲ မုန်း နေတယ်၊ အိပ်ခန်းထဲများ ဝင်သွားရင် မအော်မိအောင် မနည်းချုပ်ထားရတယ်'

'ခမာပြည်ဆိုတာ အဝေးကြီးပဲ'

'ဦးရဲအောင်ဟာ သတ္တိကောင်းတဲ့လူတစ်ယောက်၊ လူတော် လူကောင်းပဲ၊ နောက်ပြီး သူကလဲ ခင့်ကို သိပ်ချစ်တယ် ကို

ကျော့ဖေ၊ ခင့်ကို ကြင်နာယုယတာခံချင်တယ်၊ ခင်က အားကိုးရတာ လိုချင် တယ်'

'ကဲ. . . ဒါဖြင့်လဲ ဒီပြဿနာကို ဖြေရှင်းလိုက်ပေါ့ဗျာ၊ ဟုတ်တယ် ဟုတ်လား'

သူဘာဆိုလိုသည်ကို အသေအချာမသိ။ ခင်ကသူ့ကို ငေးကြည့်နေစဉ် သူကပြုံး၍ ပြန်ကြည့်နေလေ၏။

ခင်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒါပေမယ့် သူက ခင့်ကို လက်ထပ်ချင်တာ မဟုတ်ဘူးထင်ပါရဲ့'

'ခင် ဘာတွေပြောနေတာလဲ၊ သူက ခင့်ကို သိပ်ကြိုက်နေတာပဲ မဟုတ်လား'

'ခင်က သူ့ကို ဖြစ်ပျက်သမျှ ပြောရမှာပဲ ကိုကျော့ဖေ'

'ဘာဖြစ်လို့လဲ'ဟု သူက အံ့အားသင့်လျက်ရှိ၏။

'ဒီအရုပ်ကြီးတန်းလန်းနဲ့ သူ့ကို ခင် လက်ထပ်ဖို့မဖြစ်ဘူး၊ ခင့်စိတ်ကလဲ မသန့်ဘူး၊ ခင်လဲ စိတ်အေးတော့မှာမဟုတ်ဘူး'

'စိတ်အေးဖို့ဟုတ်လား၊ သူကတော့ စိတ်အေးမယ် ထင်သလား၊ ခင်ကပြောပြလို့ သူက ခင့်ကို ကျေးဇူးတင်မယ်များထင် သလား၊ အခုအတိုင်းက ဘာမှမဖြစ်ဘူး၊ ကောင်းတယ်၊ ဒီဒုံမင်း ဆရာလေး သေရတာ ခင်နဲ့ ဘယ်လိုမှ ဆက်စပ်ခြင်း မရှိတော့ ပါဘူး'

'အို. . . ခင်က ရိုးသားရမှာပေါ့'

ကိုကျော့ဖေက မျက်မှောင်ကုတ်လိုက်လေသည်။

'ခင် အများကြီးမှားတာပဲ၊ နန်းတော်ကြီးတည်ဆောက်မယ့် ဗိသုကာတွေကို ကျွန်တော်သိပါတယ်။ သူတို့မှာ ဂုဏ်သိက္ခာ၊ ရိုသေ ခြင်းတို့၊ အမည်းစက် မှည့်တစ်ပေါက် မစွန်းထင်းရခြင်းတို့ ဘာတို့ဆိုတာတွေရှိတယ်၊ ခင် ဒီလိုမှားရတာမျိုးကို သူဘယ်လိုလုပ် သိမှာတုံး၊ သူခင့်အပေါ်ယုံကြည်နေတာကို ဖျက်ဆီးမပစ်ချင်ပါနဲ့၊ ခင့်ကို သူကမြတ်နိုးတယ်၊ ခင်ဟာ အပြစ်ကင်းတယ်လို့ သူထင်တယ်၊ ပြီးရောပေါ့ ထင်ပစေပေါ့'

'ခင်ကမှ မသန့်ရှင်းပဲဟာ'

'ဒီမယ်ခင်. . . လောကကြီးမှာ လူတွေက အကောင်းထင်ရင် အကောင်းထင်ရအောင်လဲ ကိုယ့်ကိုယ်ကို လုပ်ရတာပဲ၊ ဦးရဲ့ အောင်မှာ အင်မတန် ထူးချွန်တဲ့ အရည်အချင်းတွေ ရှိပါတယ်၊ ဒါပေမယ့် ကျွန်တော့်ပြောစကားကို နားမထောင်ရင်တော့ ခက် တာပဲ၊ သူဟာ ပြတ်သားတယ်၊ ဒါပေမယ့် မိုက်မဲတာဖြစ်မယ်၊ ခင်က သူ့နယ်အပြင်ကဟာကို တောင်းဆိုနေတာ၊ ခင်က မိန်းမတွေရဲ့ အာရုံခံစားမှုဝက်ပါကို နားလည်ပါလို့ ပြောနေတာ'

'သူခင့်ကိုချစ်ရင် ပြီးရမှာပေါ့'

'ထင်သလား၊ဒီမယ်ခင်. . . ခင်ကြိုက်သလိုလုပ်၊ကျွန်တော်သာ မိန်းမဆိုရင်တော့ သူလိုလူမျိုး မယူဘူးဗျာ၊ ဒါပေမယ့် ခင်ကတော့ ခင်ယုံတာကို လုပ်ပါ၊ စိတ်ထဲရှိတာကိုသာ လုပ်ပါ၊ အကောင်း ဖြစ်ချင်ရင်တော့ ကျွန်တော်ပြောတာကို လုပ်ပါ'

ကိုကျော့ဖေသည် တစ်ချက်ပြုံးကာနေရာမှထ၍လျှော့ရဲရဲ ပေါ့ပါး ဖျတ်လတ်သော အမူအရာဖြင့် ထွက်သွားလေသည်။

ခင်က သူ့ကို ဘယ်တော့မှ တွေ့ရမည်မဟုတ်ဟု အောက်မေ့ မိလိုက်သည်။ ခင်သည် ဟင်းခနဲ သက်ပြင်းချလိုက်လေသည်။

* * *

(၈)

နောက်တစ်နေ့ညနေ လေးနာရီ၌ခင်သည်စိတ်တည်ငြိမ်မှု ရအောင် ပန်းခြံထဲတွင် ဇာထိုးလျက်ရှိစဉ် မနန်းခိုင် ရောက်လာ ကာ ဦးရဲအောင်က ကမ္ဘောဇဟိုတယ်မှ တယ်လီဖုန်း ဆက်မေး ကြောင်း ပြောလာ လေသည်။ ဦးရဲအောင်က ခင်နှင့် တွေ့နိုင် မတွေ့နိုင် စုံစမ်းခြင်းဖြစ်လေသည်။

လေယာဉ်ပျံ ဘယ်အချိန်ဆိုက်မည်ကို အတိအကျမသိ၍ ထမင်းစားပြီးကတည်းက သူ့ကို မျှော်နေလေသည်။ ခင်က အချိန် မရွေး လာတွေ့နိုင်ကြောင်း ပြန်ကြားလိုက်လေသည်။ သူမ၏ရင် သည် တဒိတ်ဒိတ် ခုန်လာလေသည်။

ခင်သည် လက်ပွေ့အိတ်ထဲမှ ကြည့်မှန်ကလေးကိုထုတ်ကာ ကြည့်သည်။ သူမသည် ဖြူဖတ်ဖြူလျော် ဖြစ်နေ၏။ သို့သော်

သူမသည် ပါးဆိုးဆေးကို သိပ်မတင်ရဲချေ။ ဦးရဲအောင်က ပါးဆိုးဆေး တင်သည်ကို မကြိုက်သည်ကို သူသိသည်။

ထို့ကြောင့်ပင် ပေါင်ဒါသ,ကာ နှုတ်ခမ်းကိုသာ နှင်းဆီ ရိပ်ကလေး ခြယ်သထား၏။ ခင်သည် စကားဝါရောင် ဆွယ်တာ ကလေးကို ဝတ်ထားသည်။ ပုံမှာ ရိုးရိုးကလေး ဖြစ်သည်။

ထိုအခိုက် ကားမောင်းလာသံ ကြားရကာ မကြာမီ ဦးရဲအောင် ပေါ်လာလေသည်။ ခင်သည် နေရာမှထ၍ သူ့ကို သွား နှုတ်ဆက်သည်။ ခါတိုင်းကဲ့သို့ပင် ဦးရဲအောင်သည် မီးခိုး ရောင် သက္ကလပ်ဘောင်းဘီရှည်၊ ဆွယ်တာ အပြာနုကလေးနှင့် ဖြစ်သည်။

မြက်ခင်းစပ်မှ သူလျှောက်လာသည်ကို ကြည့်ရသည်မှာ ကြည့်ကောင်းနေသည်။ အရပ်အမောင်း ကောင်းကောင်း၊ တောင့် တောင့်တင်းတင်း၊ သူ၏ ဆံပင်များမှာ နက်မှောင်ပြီး လှိုင်းထနေ၏။ သူ၏မျက်လုံးများမှာ နက်မှောင်၍ တောက်ပ နေကြ၏။ ခါတိုင်း ကဲ့သို့ တည်ကြည်သော ဣန္ဒြေကြီးနှင့် မဟုတ်ဘဲ ခပ်ချိုချို ပြုံးထား ၏။

'ခင့်ကြည့့်ရတာ သိပ်လန်းဆန်းတာပဲ၊ ခင်က ပန်းချီကား ထဲကလိုကို ချောနေတာပဲကွာ'

ဦးမိုးသီးကလည်း ဤစကားလုံးဟောင်းကြီးပင် သူနှင့် တွေ့ တိုင်း ပြော၏။ ယခုလည်း ဦးရဲအောင်ထံမှ ဤစကားလုံး ပင် ကြားရ၍ အနည်းငယ် အခံရခက်သွား၏။ အသက်များစွာ

ငယ်သော မိန်းကလေးများအပေါ် ယောကျ်ားကြီးများ၏ သုံးနေကျစကားလုံးများ ဖြစ်ဟန်ရှိပေသည်။

'ထိုင် လေးလေး၊ မနန်းခိုင် လက်ဖက်ရည် တော်ကြာယူလာ လိမ့်မယ်၊ ဘယ့်နှယ်လဲ ခရီးလမ်းပန်း လာတယ် မဟုတ်လား'

'ပြန်တွေ့ရတာ သိပ်ဝမ်းသာတယ်၊ နှစ်တစ်ရာလောက်ကြာ သွားတယ် ထင်ရတယ်'

'သိပ်မကြာပါဘူး လေးလေးရဲ့'

'လေးလေးကတော့ ခင်ဘာလုပ်နေတယ်ဆိုတာ၊ ဘယ်အချိန် မှာ မေမီဘာလုပ်မယ် ညာလုပ်မယ်နဲ့ မေမီရှိလေရာကို စိတ်ကူးနဲ့ မှန်း ကြည့်နေတာ'

ခင်က ပြုံးနေ၏။

'လေးလေးကတော့ သိပ်အလုပ်များမယ် ထင်တယ်'

'များတာပေါ့၊ ဝန်ကြီးချုပ်နဲ့က အတော်ကြာ စကားပြောနေ ရတယ်၊ အခုတော့ ပြီးပြတ်သွားပါပြီ၊ ရှေ့နှစ်လလောက်ပေါ့၊ ဆိုပါ တော့ မေလထဲမှာ သွားရမယ်၊ ဝန်ကြီးချုပ်ကလဲ သံတမန်အဖြစ်နဲ့ ခက်ခဲတဲ့တာဝန်တွေ ရှိတယ်ဆိုတာ အကုန်ဖွင့်ပြောတယ်၊ ဒါ ကြောင့်မို့လဲ လေးလေးကို ခန့်တာတဲ့၊ ဝန်ကြီးချုပ်ပြောတာတွေ အကုန်ပြန်ပြောရရင်တော့ မေမီပျင်းနေပါ့မယ်ကွယ်'

'ပြောပါ၊ မေမီ စိတ်ဝင်စားပါတယ်၊ မေမီလဲ နားထောင်ချင်ပါတယ်'

'ဝန်ကြီးချုပ်က ပြောတာက အခုလို အာရှ အာဖရိက တိုင်း ပြည်တွေ၊ လွတ်လပ်ခါစ အမျိုးသား နိုင်ငံသစ်တွေရဲ့ အင်အား စည်းလုံးရေးဟာ အရေးကြီးနေတဲ့အခါမှာ အခြေ အနေကို သုံး သပ်ပြီး စေ့စပ်ရေးမှာ ပျော့ပျောင်းစွာ ကိုင်တွယ် တတ်သူ၊ တစ်ချိန် တည်းမှာပဲ နိုင်ငံတော်ဝါဒကို ခိုင်ခိုင်မြဲမြဲ လက်ကိုင်ထားနိုင်သူ၊ အဲဒီ အရည်အချင်းနှစ်မျိုး ပေါင်းစပ် ထားတဲ့ လူမျိုးကို ရှာတော့ လေးလေးကိုပဲ တွေ့သတဲ့'

'သူပြောတာ မှန်သားပဲ'

'သူ ပြောတဲ့အတိုင်း ဆိုရင်တော့ သွေးမြောက်စရာပေါ့၊ တကယ်ကတော့ လေးလေးရဲ့ သက်တမ်းဟာလဲ မငယ်တော့ ဘူး၊ ပြဿနာ အမျိုးမျိုးတွေကို ဖြေရှင်းပေးခဲ့ရတာပဲ၊ အခု အလုပ်ဟာ တာဝန်လဲကြီးတယ်၊ သူကလဲ လေးလေးကို စောင့် ကြည့်နေတာပဲ၊ ဒါသာ အောင်မြင်ရင် လေးလေးထင်တယ်၊ ရှေ့အပတ်ကျရင် ဒုတိယဝန်ကြီးချုပ် နေရာကို ရာထားတယ် ထင်တယ်'

'ဟုတ်မှာပေါ့'

'လေးလေးကလဲ တာဝန်တော့ မကြောက်ပါဘူး၊ ကိုယ့် ကိုယ်ကို ယုံတာရှိတယ်လေ၊ ခက်ခဲလေ လုပ်နိုင်လေပဲ'

'ဟိုတစ်နေ့ညက ထမင်းစားပွဲမှာတောင် ဗိုလ်မှူးကြီး တင် မောင်ထွန်းက လေးလေးရာထူးကြီးကျယ်ကြောင်း ပြောသေး တယ်'

'သံအမတ်ဆိုတာကနိုင်ငံတော်ရဲ့ကိုယ်စားလှယ်ပဲ၊ဝန်ကြီးနဲ့ တန်းတူ နိုင်ငံရေးရာထူးပဲ မေမီရဲ့'

သူတို့သည်လက်ဖက်ရည်သောက်ပြီးကြ၍ဦးရဲအောင်သည် လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ်ချလိုက်လေသည်။

'အဲဒီတော့ဒီလိုကြီးလေးတဲ့တာဝန်တွေတာဝန်တွေထမ်းဆောင်ရမှာ၊ ကြီးကျယ်တဲ့ရာထူးကို လက်ခံရမှာ ဝမ်းသာစရာ ဂုဏ်ယူစရာကြီးပေ့၊ ဒါပေမယ့် မေမီ ဒါတွေဟာ လေးလေးနဲ့အတူ မေမီပါ ပါလာတာလောက် တစ်ဝက်တောင် တန်ဖိုးမရှိပါဘူး'

ခင်၏ရင်သည် လှိုက်ဖိုလာသည်။ လာချေပြီ။ သူမသည် စိတ်တည်ငြိမ်အောင် စီးကရက် မီးညှိ၍ သောက်လေသည်။ ခင်သည် သူ့ကိုမကြည့်၊ သို့သော် သူ၏ကြင်နာ ပြုံးပြသောမျက်လုံးသည် ခင့်အပေါ်၌ စူးစိုက်ကြည့်နေသည်ကိုကား သိနေလေ၏။

ဦးရဲအောင်က ပြုံးကာ 'ပြန်လာရင် စကားပြန်မယ်လို့ မေမီ ကတိပေးထားတယ် မဟုတ်လား၊ ချက်ချင်းပြန်လာတာကိုကြည့်၊ တစ်ရက် နှစ်ရက်တောင် မဆိုင်းနိုင်တော့ဘူးလေ'

ခင်သည် မီးညှိစ စီးကရက်ကို လွှင့်ပစ်လိုက်သည်။ ထို့နောက် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'မေမီ စကားမပြန်ခင် လေးလေးကို ပြောချင်တာတွေရှိတယ်၊ ဒါကို ကြားရရင် လေးလေးစိတ်ပျက်ချင်လဲ ပျက်သွားမယ်၊ မေမီပြောတုန်းကို အသာနားထောင်နေပါ၊ ဘာမှ ပြန်မမေးပါနဲ့၊ ပြောစရာ မေးစရာရှိရင် မေမီပြောပြီးမှ မေးနော် လေးလေး'

ဦးရဲအောင်၏ မျက်နှာသည် တည်ကြည်ခက်မာလာကာ ခင့်ကို ခက်ထန်ထန်ကြည့်လိုက်သည်။

'ဘာမှ မပြောပါဘူး'

'ဖြစ်ပျက်သမျှကို မေမီအစကအဆုံး ပြောပြမယ်၊ ဒီလိုမှ မပြောပြရင် မေမီဟာ ရိုးသားမှာမဟုတ်ဘူး၊ မေမီပြောပြတဲ့ အချက်အလက်တွေကို ထောက်ရှုပြီးတော့ လေးလေးကြိုက်သလို ဆုံးဖြတ်ပေတော့'

'လေးလေး နားထောင်နေပါတယ်'

ကိုကျော့ဖေကို ပြောပြသကဲ့သို့ပင်ခင်သည်ဒုတိယအကြိမ်သူမ၏ ဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြလေသည်။ ခင်သည် တစ်လုံးတစ်ပါဒ ချွင်းချန်ခြင်းမပြု၊ ချဲ့လည်းမချဲ့ထွင်၊ အကျဉ်းလည်း မရုံး၊ သို့သော် ဦးရဲအောင်ကို ပြောပြရာ၌ကား ပို၍ ခက်ခဲသည်။

ဦးရဲအောင်သည် တုတ်တုတ်မျှ မလှုပ်ဘဲ နားထောင်နေသည်။ သူ၏မျက်နှာသည် မှုန်ကျကာ တင်းမာနေ၏။ မျက်လုံးသည် တစ်ချက်မျှ လှုပ်ရှားခြင်းမပြု၍ သူဘာစဉ်းစားနေသည်ကို မသိနိုင်။ ခင်သည် ကိုကျော့ဖေအား ပြောပြနေစဉ်ကနှင့် မတူ ခံစား ရသည်။ အမှန်ကို ပြောပြနေသည် ဆိုချက်ကိုပင် ယုံမှယုံပါ့မလား ဟု တွေးမိသည်။

ကိုကျော့ဖေနှင့်အတူ အလောင်းကို တင်ယူကာ တောင်ခြေ ရှိနေရာ၌ သို့ဝှက်ထားသည်ကို ပြောပြရာ၌ ခင်သည် လူပြောစရာ ဖြစ်နေပါကလားဟု သိမြင်လာလေသည်။ လူပြောမခံရအောင် တခြား ဘာများ လုပ်စရာရှိသလဲ ဆိုသည်ကို

ခင်သည် မသိ။ အကယ်၍ ပုလိပ်က ဘာများထင်မြင်မည်လဲ ဆိုတာလည်း မပြော တတ်။

သို့သော် ခင့်လို အမျိုးသမီးသည် သည်လိုဖြစ်ပျက်လိမ့်မည်။ တကယ့်လောကကြီး၌ သည်လို ကြုံတွေ့ရလိမ့်မည်ဟု မထင်အပ် လောက်အောင် ဆန်းကြယ်နေသည်။ ထမင်းလုံးတစ္ဆေ ခြောက်သော အိပ်မက်ထဲ၌သာ သည်လိုဟာမျိုး ကြုံတွေ့ရ တတ်ပေသည်။

နောက်ဆုံး ခင်၏ပြောပြချက်သည် ဆုံးသွားလေတော့ သည်။

ဦးရဲအောင်သည် စကား တစ်ခွန်းမျှ ပြန်မပြောဘဲ ငြိမ်သက် စွာ နားထောင်နေသည်။ ထို့နောက် ထလိုက်ကာ စိမ်းသော မြက် ခင်းပေါ်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ နေသည်။ သူသည် ခေါင်းကို ရှေ့သို့ ငိုက်ကာ လက်နှစ်ဖက် နောက်ပစ်ထားသည်။ သူ၏မျက်နှာသည် တစ်ခါမျှ မတွေ့ဖူးသော တင်းမာခြင်း၊ အံ့မှိုင်း ခြင်း အမူအရာကို ဆင်ယင်ထား သည်။ သူသည် ရုတ်ခြည်း အိုကျ သွားသည်ဟု မှတ်ရလေ သည်။

နောက်ဆုံး၌ ဦးရဲအောင်သည် သူ့ရှေ့၌ ရပ်လိုက်သည်။ သူသည် ခင့်ကို ငုံ့၍ကြည့်သည်။ သူ၏ နှုတ်ခမ်းပေါ်၌ နာကျင်သော အပြုံးရိပ်ပေါ်နေသည်။ သူ၏အသံမှာ ပျော့ပျောင်းညင်သာ၍ ခင်သည် စိတ်ထိခိုက်သွားသည်။

'လေးလေး မယုံနိုင်လောက်အောင် အံ့ဩသွားတယ်ဆိုရင် လေးလေးကို ခွင့်လွှတ်ပါကွယ်၊ မေမီဒီလိုလုပ်လိမ့်မယ်ဆိုတာ

ကမ္ဘာပေါ်မှာ လေးလေးမထင်ဆုံးပဲ၊ မေမို့ကို ငယ်ငယ် အပြစ်ကင်း တဲ့ အရွယ်၊ လှပတဲ့အရွယ်ကတည်းက သိကျွမ်းခဲ့ရတာ၊ အခုလိုဆို တော့ကွယ်၊ လေးလေးဖြင့် မယုံနိုင်လောက် အောင်ပါပဲကွယ်၊ မေမို့လို့. . .’

သူသည် စကားကို ရပ်လိုက်သည်။ သို့သော် ခင်သည်သူ့ စိတ်ထဲ၌ ဘာရှိသည်ဆိုတာကိုကား သိလေသည်။ တေပေနေ သော ဂျပိုးကလေးတစ်ယောက်၏မယား ဖြစ်ခဲ့ရသည်ကို မယုံ အောင်ရှိနေဟန် ရှိပေသည်။

‘မေမို့ကိုယ်ကိုလဲ မေမီခွင့်လွှတ်လို့မရပါဘူး’

‘သိပ်မိုက်တာပဲ’

‘အဆိုးဆုံးအထိကို မိုက်တာပါပဲ လေးလေးရယ်’

‘ဒီရောက်အောင်တော့ မတွေးကြပါစို့နဲ့နော်၊ မေမို့ကို နားလည်လောက်အောင်၊ ခွင့်လွှတ်နိုင်လောက်အောင် မေမို့ကို လေးလေး ချစ်တယ်လို့ထင်တယ်’

ဤနေရာ၌ စကားသည် ပြတ်သွားလေသည်။ အပြုံးသည် နူးညံ့၍ လာ၏။

‘မေမီက စိတ်ကူးယဉ်လူမိုက်ပဲ၊ ဒီကောင်လေး သူ့ကိုယ်သူ သတ်သေသွားပြီးတဲ့ အခြေအနေမှာ ဒီလိုပဲ လုပ်ရမယ်ဆိုတာ လေးလေးယုံပါတယ်၊ စွန့်စွန့်စားစား လုပ်ရတာ ဟုတ်ပါ တယ်၊ မေမို့မှာ မေမို့ကို စောင့်ရှောက်ဖို့ လူတစ်ယောက် သိပ်လိုအပ်နေ တယ်’

ခင်က သံသယဖြင့် သူ့ကို ကြည့်လိုက်လေသည်။

'ဒါတွေ အကုန်ကြားပြီးတော့ မေမီ့ကို လက်ထပ်ချင်သေးလား'

ဦးရဲအောင်သည် တွေနေ၏။ သည် တိုတောင်းလှသော အချိန်ကလေးကို ခင်မှတစ်ပါး မည်သူမျှ သတိထားမိမည်မဟုတ်။

'ဒီလိုအခက်အခဲကြားထဲမှာ မေမီ့ကို ထားရစ်ပါ့မလား၊ ဒီလို မဟုတ်ပါဘူး မေမီ'

'မေမီတော့ သိပ်ရှက်နေတယ်'

'မေမီ လေးလေးကို လက်ထပ်စေချင်တယ်၊ မေမီ့ကို ပျော်အောင် တတ်နိုင်သလောက် လေးလေးထားမယ်၊ ရာထူး ဌာနန္တရ ဆိုတာ အခါခပ်သိမ်း အရေးအကြီးဆုံး မဟုတ်ပါဘူး၊ အမှန် ကတော့ လေးလေးဟာ မငယ်တော့ဘူး၊ တိုင်းပြည် အတွက် ကောင်း ရာကောင်းကြောင်းအများကြီး ထမ်းဆောင်ခဲ့ပြီးပြီ၊ အခုနေအခါ အေးအေး နေနိုင်ပါပြီ၊ လက်အောက် လူငယ်ကလေး တွေကို တက်ဖို့ အခွင့်အရေး ပေးထိုက်ပါပြီ'

ခင်သည် သူ့ကို အံ့သြစွာ ငေးကြည့်နေ၏။

'လေးလေး ဘာပြောနေတာလဲ'

ဦးရဲအောင်သည် ပြန်ထိုင်ကာ ခင်၏လက်ကလေးများကို ဆုပ်ကိုင်ထားလိုက်သည်။

'ဒီမယ် မေမီ၊ အခြေအနေက နည်းနည်းတော့ ပြောင်းလဲသွားပြီ၊ သံအမတ်ရာထူးကို လက်ခံလို့တော့ မဖြစ်ဘူး၊ ဘယ် တရား ရာ ရောက်မလဲ၊ တကယ်လို့ဖြစ်ပျက်ခဲ့တာ သိသွားကြရင် ဆိုးဆိုးရွားရွားတွေ ဖြစ်ကုန်လိမ့်မယ်'

ခင်သည် ပါးစပ်အဟောင်းသားနှင့် ဖြစ်နေ၏။

'မေမီတော့ လေးလေးပြောတာ နားမလည်ဘူး'

'ဒါတွေပူမနေပါနဲ့၊ ဝန်ကြီးချုပ်ဆီကို ကျွန်တော်လက်ထပ် တော့မယ်၊ ခမာပြည် သံတမန်အဖြစ်နဲ့ မသွားနိုင်တော့ဘူးလို့ သံကြိုးရိုက်လိုက်မယ်၊ မေမီ့ကျန်းမာရေးကို ကောင်းကောင်း အကြောင်းပြနိုင်တယ်၊ လေးလေးမျှော်မှန်းထားသလို ရာထူး ဂုဏ် သိန်တော့ မပေးနိုင်တော့ဘူးလေ၊ ဒါပေမယ့် ယမုနရဋ္ဌမှာ အိမ် ကလေး တစ်လုံးဝယ်မယ်၊ ပဲ့ချိတ်စက်မော်တော်ကလေး တစ်စင်း ဝယ်ပြီး ငါးမျှားမယ်၊ အပျော်လျှောက်ပြီး အင်းကြီးတစ်ပတ် စီးမယ်၊ လေးလေးတို့ ပျော်နိုင်ကြတာပဲ မဟုတ်လား'

'ဒါပေမယ့် တောင်ထိပ်ဖျားပေါ်ရောက်မှ အကုန်လုံးကို လွှင့်ပစ်တော့မှာလား'

'သေသေချာချာနားထောင်၊ လေးလေးပြောမယ်၊ လေးလေး အခုလက်ခံတဲ့ အလုပ်က သိမ်မွေ့တယ်၊ ဉာဏ်ပညာ အမြော်အမြင် လဲ လိုတယ်၊ တည်ကြည်မှုလဲလိုတယ်၊ အခုဟာက ဘယ်တော့ အမှု ပေါ်မလဲဆိုတာ စိုးရိမ်နေရမှာ၊ မီးတောင်ထိပ်ဝပေါ် တက်ရပ်နေရတာမျိုး'

'ဘယ်အမှု ပေါ်ရမှာလဲ'

'သေနတ်ပေါ့မေမီရဲ့၊ ပုလိပ်တွေကလေးလေးသေနတ်မှန်း သိကြမှာပေါ့'

'ဟုတ်တယ် မေမီလဲ တွေးမိပါတယ်၊ ယမုန်နာမှာတုန်းက မေမီ့လက်ပွေ့အိတ်ထဲက ယူတာလဲ ဖြစ်နိုင်တာပေါ့'

'အေးလေ၊ ဖြစ်နိုင်တာတွေကို တွေးတော့ တွေးနိုင်တာပေါ့၊ ဒါပေမယ့် အဲဒါတွေကို ရှင်းလင်းချက် ထုတ်ရဦးမှာပေါ့၊ လေးလေး က ဒါမျိုးလဲ မလုပ်ချင်၊ လိမ်တာ ညာတာတွေလဲ မလုပ်ချင်၊ မေမီရဲ့ လျှို့ဝှက်ချက်တင် မဟုတ်ဘူး၊ ကိုကျော့ဖေကလဲ ဝင်ပါနေသေးတယ် မဟုတ်လား'

'သူ့ကို မယုံလို့လား'

'အဲဒါခက်တယ်၊ ဒီလူက မူရှိတဲ့လူမျိုးမဟုတ်ဘူး၊ သုံးဖြုန်းတေလေနေတဲ့လူ၊ သူကမိန်းမတွေနဲ့က အမြဲတွဲနေတယ် မဟုတ်လား၊ သူက မိန်းမတစ်ယောက်ယောက် ယုံကြည်လို့ ပြောတာပဲ၊ အဲဒီ မိန်းမကတစ်ဆင့်၊ နောက်တစ်ဆင့် တစ်ဆင့် လျှောက်ပြောပြီး ပွကုန်မှာ၊ ခမာပြည်မရောက်ခင် ရန်ကုန်တစ်မြို့လုံး နှံ့နေမှာ'

'မဟုတ်ဘူးလေးလေး၊ လေးလေးမှားနေပြီ၊ လေးလေး သူ့ကို အထင်အမြင်လွဲနေတာ၊ သူတေတာ လေတာ ဂျပိုးကျတာ သိပါတယ်၊ ဒါပေမယ့် မေမီ့ကိုသူကယ်တာ၊ သူက မဖောက်ပါဘူး၊ ဒါကို တော့ မေမီယုံတယ်၊ သူသေရင်သာ အသေခံမယ်'

'မေမီက ငယ်သေးတယ်၊ လူ့သဘောသကန်ကို ကောင်းကောင်းမသိသေးပါဘူး၊ လေးလေးပြောမယ်၊ ဒီလူမျိုးက မပြောဘဲကို မနေနိုင်ဘူး'

'ဒီလိုဆိုရင် အလုပ်ကထွက်ရင်ကော ဘာထူးဦးမှာလဲ'

'လူတွေ ပြောကြဆိုကြမှာတော့ ရှိတာပေါ့၊ ဒါပေမယ့် ရာထူးနဲ့ မဟုတ်တော့ ဘာကိစ္စရှိသလဲ၊ သံအမတ်အနေနဲ့ဆိုရင်

ခက်တာပေါ့၊ အခုဟာက ရာဇဝတ်မှုဖြစ်နေတယ်။ အတိုက်အခံဘက်က အပြစ် ရှာနေကြတာ၊ ဒါပေါ်သွားရင် ရှုတ်ချလိုက်မယ်ဖြစ်ခြင်း၊ မေမို့ကိုလဲ ဒီကောင်လေးကို သတ်တယ်လို့ စွပ်စွဲကြမှာပေါ့'

သူသည် ခင့်ကို ခပ်တင်းတင်းစိုက်ကြည့်နေရာ သူမသည် တုန်လှုပ်မိလေသည်။

ဦးရဲအောင်က ဆက်လက်၍ 'လေးလေးက တရားလမ်းကျကျ လုပ်ရမှာပေါ့၊ အစိုးရက လေးလေးကိုယုံကြည်တယ်၊ လေးလေး ကလဲ ယုံကြည်မှု ခံထိုက်ရမယ်ပေါ့၊ အခုလက်ခံထားတဲ့ ရာထူးအနေနဲ့က လေးလေးရဲ့ အကျင့်စာရိတ္တရော၊ သူ့ဇနီးရဲ့ အကျင့်စာရိတ္တရော ဘာမှပြောစရာ မရှိဘူး၊ အပြစ်ကင်းရမယ်၊ ခမာပြည် အနီးအနား တဝိုက်မှာကလဲ လွတ်လပ်ခါစ နိုင်ငံသစ် ကလေးတွေ ဝန်းရံနေတယ်၊ အဲဒီနိုင်ငံတွေအပေါ်မှာလဲ လေးလေး က သံအမတ်အဖြစ်နဲ့ ပူးတွဲတာဝန်ယူရမှာ၊ လေးလေးရဲ့ ဂုဏ် သိက္ခာမှာ ထိခိုက်နေတယ်ဆိုရင် ဘယ်လိုလုပ် မြန်မာပြည်ရဲ့ ဂုဏ် သြဇာကော ကြီးမားနိုင်ပါ့မလဲ၊ လုပ်နေရင်းက တစ်ခါ နုတ်ထွက် ရတယ်ဆိုရင်သာဆိုးတာပေါ့၊ ဒါတွေကိုတော့ အငြင်းပွားမနေကြပါနဲ့တော့၊ မှန်တယ်လို့ထင်တာကိုတော့ လုပ်ရပေလိမ့်မယ်'

သူ၏အသံသည် ပြောင်းလဲလာ၏။ မျက်နှာတင်းမာသကဲ့သို့ စကားများမှာလည်း တင်းမာ၍လာပေသည်။

ယခု ခင်သည် ဦးရဲအောင်၏ ကျော်ကြားသော ပြတ်သားသည့် စိတ်ဓာတ်ကို နားလည်လာပေပြီ။ သူ၏တင်းမာသော

မျက်နှာထားအသွင်အပြင်ကို စေ့စေ့စပ်စပ် ကြည့်ရင်း သူ၏ ဝမ်းတွင်းခံစားမှုကို ဖွင့်ဟပြောပြနေသော မျက်လုံး၏ တောက်လက်ခြင်းကို မြင်လာကာ သူ၏အတွင်းစိတ်ကို နားလည်လာလေသည်။

သူမ၏ ဖွင့်ဟဝန်ခံချက်ကြောင့် ဦးရဲအောင်သည် ပျက်ပြားသွားလေပြီဟု ကောင်းကောင်းကြီး သိနေပေပြီ။ သူမ၏ လူအများ သင်္ဂြိုဟ်ကဲ့ရဲ့စရာ ဖြစ်နေသော အပြုအမူကို သက်သက်ညှာညှာ မမြင်တတ်။ သူမ၏အပေါ် ယုံကြည်ကိုးစားခြင်း ကိုလည်း ဖျက်ဆီး ပစ်လိုက်လေပြီ။ နောင်ကိုလည်း သူမအပေါ် ယုံကြည်တော့မည် မဟုတ်တော့။

သို့သော် ဦးရဲအောင်သည် ကတိကိုဖျက်သူမဟုတ်၊ သူ့စကား ကို ရုတ်သိမ်းသူမဟုတ်။ ခင်က ဖြစ်သမျှကို ဖွင့်ဟပြောသောအခါ သူသည် သဘောထားကြီးစွာဖြင့် နားထောင်နေသည်။ ခင့်ကို လက် ထပ်ရန်အတွက် သူ၏ရာထူးကို စွန့်လွှတ်သည်။ ဘဝတက်လမ်း အလားအလာကို စွန့်လွှတ်သည်။ ခင်က သံသယ ဖြစ်သည်ကား သူ့ကိုချစ်လွန်းလှ၍ ယခုလို စွန့်ခြင်းမဟုတ်ဘဲ သူ၏မာန်ကို မြင့်မား အောင်လုပ်ရန် စွန့်လွှတ်ခြင်းသာ ဖြစ်မည်ဟု ထင်ခြင်း ဖြစ်လေ သည်။

ခင် အသေအချာသိသည်မှာ သည်လောက်စွန့်လွှတ်ပြီးခါမှ သူ့ကိုတော့ ဘယ်တော့မှ အပြစ်တင်မည်ကားမဟုတ်။ သို့သော် သူ၏ ဉာဏ်ရည်၊ စွမ်းရည်၊ တက်ကြွမှုနှင့် အကြံကြီးကျယ်ခြင်း များ ရှိသေးရာ ဆုံးရှုံးသွားသော အခွင့်အရေးများကို တ,သ မနေမြောဘဲနေမည်ကား မဟုတ်။ သူက ခင့်

ကို တကယ်ချစ်၏။ ခင့်ကို လက်မထပ်လျှင် ရက်စက်ရာလည်း ကျမည်ဖြစ်၏။ သို့သော် သူ့ကို ခင်မြင်တာ တစ်ခုရှိ၏။ သူ ကား သန့်ရှင်းစင်ကြယ်ခြင်း၏ ကျေးကျွန်ဟူသော အချက် ပင်တည်း။

ခင်သည် မျက်လွှာချထား၏။ သူ့မျက်လုံး၏ ရွှင်ပျပျ အရောင်ကို ဦးရဲအောင်မမြင်စေရန် ဖြစ်၏။ ဆန်းကြယ်ပေစွ။ အခြေအနေသည် လမ်းတစ်ခုကို ပြောင်းလွဲစေသည်။ အခြေ အနေ တွေက ဘယ်လောက်ပင် ကောင်းကောင်း ဦးရဲအောင် အတွက် စိုးရိမ်ကြောင့်ကျစရာ ဘာမျှပေါ်စရာပင် မရှိ မရှိ။ မနက်ဖြန်ပင် ဒုတိယဝန်ကြီးချုပ်ရာထူး ရစေ ရစေ။ ဦးရဲ အောင်ကို ခင်သည် လက်မထပ်ချင်တော့။

ခင်သည် သူ့အပေါ်ခင်မင်သည်ကား မှန်၏။ ခင်ဖြစ်ပျက် သမျှကို မပယ်၍ ကျေးဇူးကား တင်ပါ၏။ အကယ်၍များ တတ်နိုင်လျှင် သူစိတ်ထိခိုက်ခြင်း မဖြစ်စေချင်။ သို့သော် သူနှင့် ကား မဖြစ်တော့၊ ခေါင်းမာနေဦးမည်ဖြစ်၏။ ခင်၏ ကန့်ကွက်ချက် များကို လွှမ်းမိုးကာ အတင်း လက်ထပ်လိမ့် မည်ဖြစ်၏။ အကယ်၍ အဆိုးတကာ့ အဆိုးဆုံးဖြစ်လာလျှင် သူမအပေါ် အထင်ရှိတာ ကလေးများကိုပင် စွန့်လွှတ်ရမည်ဖြစ်၏။ ဤ သည်ကား သိပ် မကောင်းလှ၊ ခင့်ကို အထင်သေးလျှင် သူ့ အတွက်ကောင်း ဦးမည် ဖြစ်၏။

ခင်သည် သက်ပြင်းတစ်ချက်ချ၍ ကိုကျော့ဖေအား တွေး မိ၏။ မူမရှိဘူးဆိုသော တေလေဂျပိုးနှင့် ဆက်ဆံရသည်ကား

လွယ်သေး၏။ သူ၌ မည်မျှ အပြစ်အနာအဆာတွေ ရှိသည် ဖြစ်စေကာမူ သူကား အမှန်ကို ကြောက်သူမဟုတ်။

'ဒီမယ်လေးလေးရယ်. . .၊လေးလေးရဲ့လုပ်ငန်းကြီးတွေကို ထိခိုက်တာ မေမီတော့ စိတ်မကောင်း သိပ်ဖြစ်မိတာပဲ'

'ဒါတွေကို စဉ်းစားမနေပါနဲ့တော့ မေမီရယ်၊ လေးလေး တို့ အငြိမ်းစားနေရင် ဒါတွေကို မပြောဘူးဆိုတာ ကတိပေး ပါတယ်'

'မေမီတို့ လေးလေးတို့ အရေးလို့သာ စဉ်းစားလို့ မရ တော့ ဘူး၊ တိုင်းပြည်အနေနဲ့ တွက်ရလိမ့်မယ်ထင်တယ်၊ တိုင်း ပြည်ကိုက လေးလေးကို အလိုရှိနေတာ၊ ပုဂ္ဂိုလ်ရေးတွေကို ဖယ်ထားပြီး ဒီ တာဝန်ကို ထမ်းဖို့က လေးလေး ဝတ္တရားပဲ ထင် တယ်. . .'

'အို. . . လေးလေးရှိမှ ဖြစ်တာ မဟုတ်ပါဘူး မေမီရယ်၊ လေးလေးက ဒီလောက်လဲ ကိုယ့်ကိုယ်ကို အထင်ကြီးတာ မဟုတ်ပါဘူး'

'လေးလေးကို မေမီ လေးစားတယ်. . .၊ နေရာထားတယ်၊ ဒီလောက်တိုင်းပြည်မှာလိုအပ်နေတဲ့နေရာက စွန့်ခွာတာ မေမီတော့ မခံနိုင်ဘူး. . .၊ အဲဒါ အားနည်းတယ် ပျော့တယ်လို့ ထင်တယ်'

ဦးရဲအောင်သည် အနည်းငယ် တုန်လှုပ်သွားလေသည်။ ခင်က သူပြောချက် ဝင်သွားပြီဟု သိလိုက်လေသည်။

'အခုဟာက ဒီအပြင် လုပ်စရာ မရှိတော့ဘူး၊ ဒီအခြေအနေနဲ့လက်ခံလိုက်ရင် ပိုပြီးဂုဏ်ယူစရာ ဖြစ်တော့မှာပေါ့ မေမီ'

'ဒါပေမယ့် လုပ်စရာရှိပါသေးတယ်၊ မေမီ့ကို လေးလေး လက်မထပ်နဲ့ပေါ့'

ဦးရဲအောင် သူ့ကို ကြည့်လိုက်ပုံမှာ လျှင်မြန်လွန်း၍ အဓိပ္ပာယ်ကိုပင် မခန့်မှန်းနိုင်တော့ပေ။ သူသည် သူ၏ အမူအရာကို ထိန်းချုပ်၍ထားသည်။ သူပြန်ကြားသောအခါ သူ၏ နှုတ်ခမ်းသည် ပြုံးနေ၍ သူ၏မျက်လုံးများသည် နူးညံ့ပျော့ပျောင်း နေလေသည်။

'ဒါပေမယ့်. . မေမီ့ကို လေးလေးလက်ထပ်ချင်တယ်၊ ဒါဟာ ဆန္ဒအပြင်းဆုံးပဲ၊ ဒီထက်ပြင်းထန်တာ မရှိဘူး'

ခင်သည် အချက်ကို ကိုင်လိုက်လေတော့သည်။

'ဒီမယ်လေးလေး. . . လေးလေးကို မေမီ နှစ်သက်တယ်၊ ကျေးဇူးလဲ အများကြီးတင်တယ်၊ မေမီရဲ့ အခင်ဆုံး အတော်ဆုံး မိတ်ဆွေလဲဖြစ်တယ်၊ လေးလေးဟာ မေမီ့အပေါ်မှာ သစ္စာရှိတယ်၊ ကြင်နာတယ်ဆိုတာတွေလဲ သိတယ်၊ ဒါပေမယ့် မေမီ လေးလေးကို ချစ်မှ မချစ်ဘဲ'

'ဟုတ်တယ်၊ မေမီက လေးလေးထက် အသက်အများကြီး ငယ်တယ်၊ သက်တူရွယ်တူ ပျိုပျိုငယ်ငယ်ကို ချစ်သလောက် လေးလေးကို မချစ်နိုင်ဘူးဆိုတာ လေးလေးသိပါတယ်၊ ဒါပေမယ့်. . . လေးလေး ပေးစွမ်းနိုင်တာတွေနဲ့ ကျေမယ်ထင်တာကိုး၊ ဒါပေမယ့် မေမီ့အဖို့ လက်မခံနိုင်တာ ဝမ်းနည်းပါတယ်'

၂ ဦးရဲအောင်ရယ် ဘာဖြစ်လို့ ဘွင်းဘွင်းမပြောချလိုက်သလဲ၊ လက်မထပ်ခင်က ခင်ဟာ အလကား ပေါ့ပျက်ပျက် မိန်းမ မှန်း သိရတယ်လို့ ပြောလိုက်ရောပေါ့၊ ကောင်းပြီ တဲ့တိုးပဲ ပြောရတော့ မှာပဲလေ၊ မျက်စိမှိတ်ပြီး ပြောရပေတော့မည်။

'အဲ့ဒီတော့ လေးလေးရယ် ရှင်းရှင်းနဲ့ဘွင်းဘွင်းပဲ ပြောကြရအောင်ပါ၊ သံအမတ်နဲ့ နိုင်ငံခြား သွားရတော့မယ်ဆိုတော့ မေမီလဲ သဘောကျသလို ထင်မိတယ်၊ လေးလေးနဲ့ မေမီနဲ့က သဘောတိုက်ဆိုင်တာတွေလဲ အများကြီး ရှိကြသားပဲ၊ ဒါက မချစ်ပေမယ့် ကိစ္စမရှိပါဘူး'

လိုရင်းအချက်ကို ရောက်လာပေပြီ။

'ဒါပေမယ့် အငြိမ်းစားယူပြီး ခမာပြည်မှာ ဒီယမုနရဋ္ဌမှာ အေးအေးဆေးဆေး နေကြမယ်ဆိုရင်တော့ လေးလေးက မေမို့ အပေါ် ချစ်သလောက် လေးလေးအပေါ် ချစ်ဖို့လိုလိမ့်မယ်၊ ချစ်မှ လဲ ဖြစ်နိုင်မှာမဟုတ်လား'

'ယမုနရဋ္ဌမှာ မဟုတ်ပါဘူး၊ မေမီကြိုက်တဲ့နေရာမှာနေနိုင်ပါတယ်'

'ဒါကဘာထူးဦးမှာလဲ'

ဦးရဲအောင်သည် အတန်ကြာ ငြိမ်သက်၍နေလေသည်။ ခင့်ကို ကြည့်လိုက်သောအခါ သူ၏မျက်လုံးများသည် အေးစက်၍ နေလေသည်။

'မေမီက ခမာပြည်သူ့ အမတ်ကိုသာ လက်ထပ်မယ်၊ အငြိမ်းစား အတွင်းဝန်ချုပ်တစ်ယောက်ကိုတော့ လက်မထပ်ဖူးပေါ့ ဟုတ်လား'

'ဟုတ်တယ် လေးလေး ဘွင်းဘွင်း ပြောရရင်တော့ ဒီအတိုင်းပဲ'

'ဒီလိုဆိုရင်တော့ ရှေ့ဆက်လက် မဆွေးနွေးကြစို့နဲ့တော့'

'အကျိုးမထူးပါဘူး'

ဦးရဲအောင်သည် ငြိမ်သက်၍ နေပြန်သည်။ သူ့မျက်နှာသည် ထန်းလျက်ရှိသည်။ သူဘာတွေတွေးနေသည်ကို အကဲခတ်၍ မရ။ အဘိုးကြီးမှာ အနိုမ်ခံရသလို ဖြစ်နေ၏။ သနားစရာ။ ခင့် အပေါ်လည်း စိတ်နာကာ စိတ်ပျက်နေ၏။ သို့သော် ခင်ကမူ သူ သက်သာရာရသည်ဟု သိနေ၏။

'လေးလေးလဲ ယမုနရဋ္ဌမှာ ဆက်နေဖို့ အကြောင်း မရှိတော့ဘူး၊ ဟို. . . သူ့ကိုယ်သူသတ်သေတဲ့အမှုနဲ့ ပတ်သက်ပြီးလို အပ်ရင်တော့. . .'

'ဟင့်အင်း၊ ကိစ္စမရှိပါဘူး မလိုတော့ပါဘူး'

'ဒါဖြင့်၊ မနက်ဖြန်လေးလေးရန်ကုန်ပြန်တော့မယ်၊ကဲ. . . နှုတ်ဆက်ခဲ့ပါတယ်'

'သွားပေတော့လေးလေး၊ မေမို့ကိုခွင့်လွှတ်ပါ'

'ခွင့်လွှတ်ပါတယ်'

ဦးရဲအောင်သည် ခင်၏လက်ကိုကိုင်ဆုပ်လိုက်သည်။ ထို့နောက် ဦးရဲအောင်သည် မြက်ခင်းစိမ်းစိမ်းကို ဖြတ်လျှောက်ကာ နောက်သစ်ပင်ကွယ်သွား၏။ ခင်သည် မကြာခင် ကားမောင်းထွက်သွားသံကို ကြားရလေသည်။

* * *

## (၉)

ဦးရဲအောင်နှင့်တွေ့ပြီးနောက် ခင်သည်ပင်ပန်းနေ၏။ ည လုံးပေါက် မအိပ်ရသည်မှာ နှစ်ညပင်ရှိလေပြီ။ လေတိုက်၍ ကမ်းစပ်သို့ လှိုင်းရိုက်သံ သစ်ပင်များ ကြားထဲသို့ လေတိုးဝှေ့သော အသံများဝယ် ခင်သည် အိပ်ပျော်သွားလေသည်။ တစ်နာရီခန့် ကြာသောအခါ နိုးလာပြီး လန်းဆန်းလာလေသည်။ ခင်သည် ငု နီလာပင်အောက် လမ်းလျှောက်နေပြီးနောက် ရေစပ်နားရှိ မြက်ခင်းသို့ ဆင်းကာ ညနေစောင်းနေရောင်၌ လှပသော ယမုန ရဋ္ဌမြို့ကို ငေးမောနေရန် စိတ်ကူးရလာလေသည်။

အိမ်ဝရောက်သောအခါ ဦးကြာပွင့် ထွက်လာလေသည်။

'ကိုကျော့ဖေ တယ်လီဖုန်းက စကားပြောနေတယ်'

'မှာစရာရှိတာ မှာခဲ့ဖို့ ပြောလိုက်ပါ'

'သူက လူကိုယ်တိုင်နဲ့ စကားပြောချင်သတဲ့'

ခင်သည် ပခုံးတွန့်မိလေသည်။ ယခုအခါတွင် ကိုကျော့ဖေနှင့် စကားမပြောချင်သေး။ သို့သော် သူက သူမအားပြောစရာများ ရှိနေသလား။ တောင်ခြေ သစ်ပင်ချုံများအကြား၌ လဲလျောင်းလျက် ရှိနေသော အလောင်းကို သွားသတိရနေသည်။ ခင်သည် တယ်လီဖုန်းရှိရာသို့ သွားလေသည်။

'ခင့်အိမ်မှာ ရေခဲရေ ရှိသလား'ဟု ကိုကျော့ဖေကမေး၏။

'ဘာလဲရှင့်. . .။ ခင်စကားပြောအောင် လုပ်တာလား'ဟု ခင်က အေးစက်စက် ပြန်ဖြေ၏။

'မဟုတ်ရပါဘူးဗျာ၊ နောက်ပြီး ဂျင်ကော ရှိသေးလား မေး ချင်လို့'

'နောက်ကော ဘာပြောစရာ ရှိသေးလဲ'

'ကျွန်တော် အခုလာရင် သောက်ရမလား၊ အရက်မျိုးစုံ စပ်တာလေ'

'ခင့်မှာ ဒီပြင်လုပ်စရာတွေ ရှိသေးတယ်'

'ကောင်းပြီ၊ ကျွန်တော်လာပြီး စပ်မယ်'

ခင်သည် အရက် စပ်သောက်ရန် ယူလာခဲ့ဖို့ ဦးကြာပွင့်အား မှာကြားပြီး မြက်ခင်းဘက်သို့ ဆင်းလာခဲ့လေသည်။ ခင်သည် ယမုနရဋ္ဌမှ အမြန်ဆုံး ထွက်ခွာချင်နေသည်။ ယခု ခင်သည် ယမုန ရဋ္ဌကို မုန်းနေလေပြီ။ ယမုနရဋ္ဌမှ ထွက်လျှင် လူတွေသိကာ ပွစိပွစိ မဖြစ်စေချင်။ ကိုကျော့ဖေကိုကော ပြော

ရမည်လား၊ နာမည်ပျက်နေ သော ကိုကျော့ဖေအပေါ် ယုံကြည်ရမည်လော။

အတန်ကြာသောအခါ ကိုကျော့ဖေရောက်လာလေသည်။ မြက်ခင်းကို ဖြတ်လျှောက်လာသော ကိုကျော့ဖေကို ဦးရဲအောင်နှင့် နှိုင်းယှဉ်ကြည့်မိသည်။ ဦးရဲအောင်သည် အရပ်အမောင်းကောင်း၍ ထင်ရှားပြတ်သားသော အသွင်အပြင်ရှိသည်။ နှစ်ပေါင်းများစွာ အများ၏ ရိုသေခြင်းခံလာရသော ခန့်ငြားခြင်းရှိသည်။ လူအများ ကြားထဲမှာပင် သူ၏ရုပ်သွင် ဣန္ဒြေသည် မပြောဘဲနှင့် သိနိုင် လောက်အောင် ပေါ်လွင်ပေသည်။ ကိုကျော့ဖေမှုကား အနည်းငယ် ပု၍ အဝတ်အစား ဝတ်ပုံမှာ ထူးခြားခြင်းမရှိ။ သူသည် လက်နှစ် ဘက်ကို ကုတ်အင်္ကျီအိတ်ထဲထည့်ကာ ဘာမျှမဖြစ်သလို ခပ်ပေါ့ပေါ့ ခပ်လွင်လွင် ခပ်ကြော့ကြော့ အမူအရာရှိသည်။ ခင်က စွဲမက်စရာကောင်းသော ရုပ်ဟု မြင်လာမိသည်။ သူ၏ နှုတ်ခမ်းပေါ်၌ အပြုံးရှိ၍ မျက်လုံးမှာ ပြောင်သလိုရှိသည်။ လေးလေးနက်နက် ယူရသော လူမျိုးကား မဟုတ်။ သို့သော် သင့်မြတ်လွယ်သော လူမျိုးဖြစ်၏။

ခင်သည် သူ့ကိုကြည့်ကာ သူ့ကိုနှစ်လိုသောစိတ် ဝင်လာလေ သည်။ သူနှင့်ကား ဣန္ဒြေကြီးထားကာ ဟန်ဆောင်နေစရာမလို။ သူ့ကို ညာပြောတာဆိုလျှင် သူက ရယ်မောလိုက်ပေလိမ့်မည်။ သူကလည်း ဘယ်တော့မှ ဟန်ဆောင်မည်မဟုတ်ပေ။

ကိုကျော့ဖေသည် အရက်များကို ကိုယ်တိုင်စပ်နေလေသည်။ စပ်ပြီးနောက် တစ်မော့သောက်ကာ ပက်လက်ကုလားထိုင် အနီ ကလေး၌ ကိုယ်ကိုမြှုပ်ကာ အေးအေးလူလူ မှီထိုင်နေလေသည်။ သူက ခင့်အား ပြုံး၍ကြည့်လိုက်သည်။

'နန်းတော်တည်ဆောက်မယ့် ဗိသုကာကြီးက ပယ်လိုက်ပြီ မဟုတ်လား'

'ရှင် ဘယ့်နှယ်လုပ် သိသလဲ'ဟု ခင်က မြန်မြန်မေးလိုက်၏။

'နှစ်နဲ့နှစ် ပေါင်းလိုက်တာပေါ့၊ သူကမွှောဇဟိုတယ်မှာတည်း တာမဟုတ်လား၊ ဟိုတယ်ပြန်ရောက်တော့ ဟဲဟိုးက ိုသွားမယ့် ကား မေးနေသံကြားတယ်၊ အစောကြီး လေယာဉ်ပျံထွက်မှာကိုး၊ ဒီမယ် ခင်. . .၊ ဒီလိုလူမျိုးက ခင်ပြောတဲ့ ဇာတ်ကြောင်းကို လက်ခံမယ် လို့ ဘယ်မျှော်လင့်လို့ရမလဲ ခင်ရဲ့'

ခင်ကား ဘာမျှ အထူးအထွေပြောစရာမရှိတော့။ကိုကျော့ဖေက ပေ့ါပေ့ါပင် ပြောလိုက်သည်။ ခင်က ပြုံးနေလေသည်။

'ဦးရဲအောင်က ယဉ်ကျေးပါတယ်'

'ဟုတ်တာပေ့ါ၊ ကျွန်တော်ယုံတယ်၊ သူဟာ လူကြီးလူကောင်းတစ်ယောက်လိုကို ယဉ်ကျေးတယ်'

'လူတော်လူကောင်း တစ်ယောက်ပဲရှင့်'

'ကျွန်တော်နဲ့ကတော့ သိပ်ကွာခြားတာပေ့ါ၊ ကျွန်တော်က ဇာတိအားဖြင့်တော့ လူကြီးလူကောင်းပါပဲ၊ ဒါပေမယ့် သဘာဝက မဟုတ်ဘူး'

'ဒါတွေပြောစရာ မလိုပါဘူး ကိုကျော့ဖေ'

'စိတ်မထိခိုက်ဘူး မဟုတ်လား'

'ခင်လား မထိခိုက်ပါဘူး၊ ခင်ပြောတာ ယုံပါလို့တော့ မပြော ချင်ဘူး၊ သူနဲ့ စကားပြောပြီးတော့ ဘာပဲဖြစ်ဖြစ် ခင် သူ့ကိုမယူဘူး လို့ ဆုံးဖြတ်ချက်ချလိုက်တယ်'

'ကောင်းတယ်၊ ခင်က သူ့ကိုလက်ထပ်မယ်လို့ လုပ်ထား တော့ ကျွန်တော်လဲ သိပ်ပြီး ဝင်မပြောချင်ဘူး၊ အမှန်ဘဲ၊ လက်ထပ်မိရင်လဲ ခင်ငြီးငွေ့ပြီး သေချင်မှာပဲ၊ ကျွန်တော် မိန်းမတွေအကြောင်းကို သိပါတယ်၊ ခင့်လိုလူက နန်းတော် ဆောက်မယ့် ဗိသုကာမျိုးနဲ့ မတော်ပါဘူး'

'သူက လူတော်တော့ လူတော်ပဲ ကိုကျော့ဖေ'

'ဟုတ်တယ် ကျွန်တော်သိတယ်၊ သူကကြီးကျယ်တဲ့ လူမျိုး ကိုး၊ ကြီးကျယ်အောင်လဲ လုပ်နေမှာပဲ'

'ခင်ဒီကထွက်သွားချင်တယ် ကိုကျော့ဖေ'

'ဟုတ်တာပေ့ါ၊ ခင့်အဖို့အပြောင်းအလဲလိုတယ်'

'ကိုကျော့ဖေကတော့ ခင့်အပေါ် သိပ်ကောင်းတာပဲ၊ ကိုကျော့ဖေကို သတိရနေဦးမှာပဲ'

'အို. . . နောက် နောက်တွေ့ကြဦးမှာပါဗျာ'

'ဘာဖြစ်လို့ ဒီလိုထင်တာလဲ'

'ဒီမယ်. . . ကျွန်တော် သိရသလောက်တော့ခင်ကျွန်တော့် ကို လက်ထပ်ဖို့ကလွဲပြီး တခြားမမြင်ဘူးဗျ'

ခင်သည် နေရာမှထလိုက်ကာ သူ့ကို စိုက်ကြည့်နေသည်။

'ရှင်ဘာပြောတာလဲ'

'အဖြစ်အပျက်တွေ အများကြီး ဖြစ်ပျက်ခဲ့ပြီ။ ခင့်မှတ်ဉာဏ် ထဲမှာတော့ ရှိချင်မှ ရှိတော့မယ်၊ ဒါပေမယ့် ဟိုညက ခင် ကျွန်တော့် ကို လက်ထပ်ဖို့ ပြောခဲ့ပြီးပြီ၊ ခင့်အဖြေကို ကျွန်တော်က နောက်ဆုံး လို့ မထင်ပါဘူး'

'ခင်ကတော့ ရှင် နောက်နေတယ် အောက်မေ့တယ်၊ အခု ရှင် ခင့်ကို လက်မထပ်ချင်တော့ဘူး မဟုတ်လား'

ကိုကျော့ဖေသည် စီးကရက်ကို ရှိုက်ဖွာလျက်ရှိလေသည်။ သူ့နှုတ်ခမ်းပေါ်၌ အပြုံးသည် ထင်နေသည်။ သူ၏ သဘောကောင်းခြင်းကို ဖော်ပြသောမျက်လုံးသည် တောက်ပလျက်ရှိသည်။ သူ၏ ပြောသောစကားသံမှာ ပေါ့ဆဆနိုင်၍ ပြောင်ပြက်ပြက် ပြောနေသည်ဟု မှတ်ရလေသည်။

'ကျွန်တော့်ကို လူတွေက အပြစ်ဆိုကြတယ်၊ သူတို့ဟာ အပြစ်ပြောစရာအကြောင်းလဲ ရှိကြမှာပေါ့လေ၊ ကျွန်တော်တော့ ကျွန်တော်ဟာ လူတွေကို အန္တရာယ်ပေးတယ်လို့ မထင်ပါဘူး၊ မိန်းမ တွေက ကျွန်တော့်ကို ကြိုက်ကြတယ်၊ ကျွန်တော်ကလဲ နဂို ကတည်း က ခင်မင်တတ်တယ်၊ အဲဒီတော့ရင်းနှီးသွားတာပေါ့၊ ဒါပေမယ့် ကျွန်တော့်ဘက်ကတော့သူများကို ဘယ်တော့မှ မကဲ့ရဲ့တတ်ဘူး၊ အပြစ်မတင်တတ်ဘူး၊ ကိုယ်ယုံတာ ကိုယ်လုပ်ပြီး နေကြ၊ အဲဒါ ကျွန်တော့် ဆောင်ပုဒ်ပဲ၊ ကျွန်တော်က နန်းတော်တည်ဆောက်မယ့် ဗိသုကာဆရာကြီး မဟုတ်ဘူး၊ တိုင်းပြည်အကျိုးဆောင်ကြီး မဟုတ် ဘူး၊ ကျွန်တော်က အစွန်းအထင်း ကင်းမဲ့တဲ့ ထင်ရှားကျော်စောသူ တစ်ယောက်လဲ မဟုတ်ဘူး၊ ငွေလေးနည်းနည်းပါးပါးရှိ

တယ်၊ အဲဒါနဲ့ ပျော်သလိုနေတဲ့ သူတစ်ယောက်ပဲ၊ ခင်က ပြော တယ်၊ ကျွန်တော်က ဘော်ကြော့သမားတဲ့၊ အဲဒီဘဝကို ခင် က မပြုပြင်ပေးချင်ဘူးလား၊ ရန်ကုန်သမိုင်းဘက်မှာ စီးကရက် အလုပ်ရုံတစ်ခု ထပ်တိုးဆောက် နေတယ်၊ အဲဒီမှာ မန်နေဂျာနဲ့ လွှဲထားရမှာ၊ အလုပ်ရုံနဲ့ကပ်လျက် ခြံကြီးတစ်ခြံဝယ်ထား တယ်၊ အကျယ်ကြီး၊ ရေကန်လဲရှိတယ်၊ အဲဒီ အိမ်ကြီးမှာ ကျွန်တော်တစ်ယောက်တည်းရယ်၊ ခင်လဲ အဲဒီနေရာကို သိပ်ကြိုက်မယ်၊ နွေကျတော့ ဒီလာနေနိုင်တာပဲ၊ ဒါမှမဟုတ်လဲ ပြင်ဦးလွင်မှာ ဆေးစိုက်တဲ့မြေတွေရှိတယ်၊ အဲဒီသွားနေရင်လဲ ရတယ်၊ ကျွန်တော်လဲ အတည်တကျနေချင်ပါပြီ'

သူသည် ပြောပြီးနောက် ခင်ဘာပြောမည်လဲဆိုသည်ကို စောင့်နေ၏။ သို့သော် ခင်သည် ဘာမျှပြန်မပြော။ ခင်မှာ မမျှော် လင့်ဘဲ ကြားရသဖြင့် အံ့သြနေတာ သူ့ကို ငေးကြည့် နေမိလေသည်။ သူသည် ဆက်၍ပြောလေသည်။

'ခင်ပြောတာမှန်တယ်၊ ပထမ ခင်နဲ့ ဖြစ်ချင်တာပဲရှိတယ်၊ ဘာဖြစ်လို့လဲသိလား၊ ခင်ကသိပ်လှတယ်၊ ဒါပေမယ့် ဟိုညက ခင်နဲ့ အတူ ကားမောင်းသွားတုန်း ခင်ပြောတဲ့စကားတစ်လုံး နှစ်လုံးဟာ ကျွန်တော့်စိတ်မှာ ထိခိုက်သွားတယ်၊ ခင်ဟာ ချစ်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ'

'အဲဒီနောက် အဖြစ်အပျက်တွေ အများကြီးဖြစ်ပျက်ခဲ့ တာပဲ'

'ဟုတ်တယ်လေ. .၊ တစ်ခါတုန်းက ခင့်ကို သိပ်စိတ်ဆိုး တာပဲ'

ခင်သည် မျက်လုံးလှန်၍ ကြည့်လိုက်သည်။

'ဒါကြောင့် ခင့်ကို နထင်ရိုက်တာပေါ့လေ'

'ငိုမယ်လုပ်တုန်းကလား၊ ဒါက မငိုအောင်လုပ်ရတာပါ'

'တော်တော့နာသွားတယ် သိလား'

'နာအောင်ပဲ လုပ်တာပဲ'

ခင်သည် မြက်ခင်းကို စိုက်ကြည့်နေ၏။ ဦးရဲအောင်အား သူမ၏ အဖြစ်အပျက်များကို ပြောပြစဉ်က ဦးရဲအောင်၏ မျက်နှာ သည် ညှိုးငယ်ကာ တင်းမာ၍နေ၏။ သူသည် အံ့အား သင့်လျက် ရှိ၏။ သူ အင်မတန်အဖိုးထားသော သန့်ရှင်းမှုသည် ညစ်ညမ်းသွား သည့်အတွက် စိတ်ပျက်နေသည်ဟု ခင်ကသိနေ၏။ အမှန်ကား ယခုခင့်ကို သူသည် ချစ်သည်မဟုတ်။ ငယ်ငယ်က ချောကလက် လေးများပေး၊ ရုပ်ရှင် ဆပ်ကပ်များသို့ တကားကား ခေါ်သွားတတ် သည့် အပျိုပေါက်ကလေး မေမီကိုသာလျှင် သူက ချစ်ခြင်းဖြစ် သည်။

ကိုကျော့ဖေက သူ့ကိုနရင်းချလိုက်ခြင်းကား ယောကျ်ားတို့၏ လိင်နှင့်ပတ်သက်သော မနာလိုမှုကြောင့်ဖြစ်ပေမည်။ ခင်ကလည်း မိန်းမတို့၏ဉာဏ်ဖြင့် သိလိုက်သည်မှာ ဆန်းနေပေသည်။ သူတို့၏ မျက်လုံးများသည် တွေ့ဆုံမိကြလေသည်။ ခင်က ပြုံးနေ၏။

ခင့်ကို စိတ်မဆိုးတော့ပါဘူး၊ ခင် ဒုက္ခတွေ့နေတုန်း ကျွန်တော့်ကို ခေါ်လိုက်တာ သဘောကျပါတယ်၊ နောက်ပြီး. . . ခင့်စိတ် ဓာတ်ကိုလဲ ကြိုက်တယ်၊ တစ်ခါတစ်ရံ ပေါက်ကွဲတော့ မတတ် ဖြစ်ပေမယ့် ကြံ့ကြံ့ခံနိုင်တာ ရှိတာပဲ၊ စိတ်ကူးယဉ်

လွှန်းပြီး အရူးလို ဖြစ်သွားတာလဲ ရှိတာပဲ၊ ဒါပေမယ့် အမှန် ပြောရရင် ခင့်နှလုံးသား က လူတစ်ဖက်သားအပေါ်မှာ စေတနာကောင်းတယ်၊ ကျွန်တော် တွေ့ဖူးတဲ့ မိန်းမတွေထဲမှာ ဒါမျိုးရှားတယ်၊ ခင့်ကို ကျွန်တော် ချစ်နေပြီဗျာ'

ခင်က သက်ပြင်းချလိုက်၏။

'ယောကျ်ားတွေဟာ သိပ်ဆန်းတာပဲနော်၊ ရှင်ကော ဦးရဲအောင်ကောဟာ အရေးမကြီးတာတွေမှာ သိပ်အရေးတကြီးထား တာ တွေ့ရတယ်၊ အရေးကြီးတယ်ထင်တာ ခင့်စိတ်ထဲမှာ ထိခိုက်နေ တာကတော့ ခင့်ပယောဂကြောင့် အထီးကျန်မောင်ဝေဇင်တစ် ယောက် တောင်နံ့ဘေးမှာ မသင်္ဂြိုဟ်ရဘဲ ပစ်စလက်ခတ် နေရတဲ့ အဖြစ်ပဲ'

'သင်္ချိုင်းမှာလိုပဲ ကောင်းကောင်း နေရတာပါပဲဗျာ၊ အဆောင် အယောင် အခမ်းအနားမရှိတာ တစ်ခုပါပဲ၊ သူ့ဘဝကိုကြေကွဲနေစရာ မလိုပါဘူး၊ ဒါကဖြစ်နိုင်တာလဲမဟုတ်တော့ပါဘူး၊ ခင့်အဖို့သူက ဘာအရေးကြီးဦးမှာလဲ၊ နောက်တစ်နေ့ လမ်းမှာတွေ့ရင် ခင်က မှတ်တောင်မှ မှတ်မိချင်မှ မှတ်မိမှာပါ၊ ဒီအစွဲအလမ်းတွေကို ပယ်လိုက်စမ်းပါဗျာ. . .၊ ဒေါက်တာ ဂျွန်ဆင်က အဲဒီလို ဩဝါဒပေးဖူးတယ်၊ သူက ပြောတာ မှန်တယ်ဗျ'

ခင်သည် မျက်လုံးကျယ်လာလေသည်။

'အမယ် ရှင်က ဒေါက်တာဂျွန်ဆင်များ ဖတ်သလား'

'ကျွန်တော့်မှာ အချိန်တွေက ပိုနေတာပဲ၊ စာဖတ်ဖို့ပဲရှိတာပေါ့၊ အဘိုးကြီးကို ကျွန်တော်အကြိုက်ဆုံးပဲ၊ သူ့အတွေး

အခေါ်က လူဆန် တယ်၊ သူက လူ့သဘာဝကို ကောင်း ကောင်းသိတယ်'

'ကိုကျော့ဖေ၊ ရှင့်မှာ ခင်မမျှော်လင့်တာတွေ အများကြီး ရှိပါ ကလား၊ ခင်က ရှင်ဟာ ဘောပွဲသတင်းတို့ မြင်းပွဲသတင်း တို့ပဲ ဖတ်တယ်ထင်နေတာ'

'ခင်က ကျွန်တော့်ကို အထင်သေးနေတာကိုး၊ ကုန်ပစ္စည်း အားလုံးကို ကျွန်တော်က ပြတင်းပေါက်မှာ ချိတ်ဆွဲ ဘန်းပြ ထား တာ မဟုတ်ဘူးဗျ၊ ကျွန်တော်နဲ့ လက်ထပ်ရင် ခင်ထင် သလို ပျင်း စရာတော့ မကောင်းပါဘူးနော်'

ပေါ့တိပေါ့ဆ မှတ်ချက်ကို ကြားရ၍ ခင်သည် ဝမ်းသာ သွား၏။

'အပြောကတော့ ဟုတ်ပါပေ့ရှင်'

'ဒီလောက်ဆိုရင် တော်ပြီ၊ ရန်ကုန်မှာလာပြီး စီးကရက် ဘုရင်မ လုပ်မလား၊ ပြင်ဦးလွင် ဗာဂျီးနီးယား ဆေးရွက်ခြံထဲ မှာ တော၏နတ်သမီး လုပ်မလား၊ ကြိုက်ရာရွေးပေတော့ ဗျား'

ခင်က သူ့ကို တွေ၍ကြည့်နေ၏။

'ဘာဖြစ်လို့ ခင့်ကိုလက်ထပ်ချင်ရတာလဲ၊ ခင်နဲ့နေရတာ ပျော်တယ်၊ ခင့်ကိုချစ်တယ်ဆိုရင် ရှမ်းပြည်လျှောက် ကားနဲ့ လည် ကြမလား၊ ကျိုင်းတုံဖြစ်ဖြစ်၊ လောပိတဘက်ဖြစ်ဖြစ်၊ ခင်လိုက်ခဲ့ မယ်လေ'

'ဒါက ဘာလုပ်ဖို့လဲခင် စိတ်ကူးတွေပါ'

'ဒါဖြင့် ရှင်က ဘာတွေလိုချင်တာလဲ'

'ကျွန်တော်က ခင်နဲ့လက်ထပ်ပြီး အတည်တကျ နေချင်တာပဲ'

'အို. . . ကိုကျော့ဖေ၊ ခင်က ရှင်ကို ချစ်မှမချစ်ဘဲဟာ'

'အဲညကပြောတဲ့အတိုင်းပေါ့၊ စမ်းကြည့်ဦးပေါ့'

ခင်သည် သူ့ကို အတန်ကြာ ငေးကြည့်နေသည်။ ပထမ သူ့ကို သံသယနှင့်ကြည့်နေသည်။ ထို့နောက် ရှက်သည့် အရောင်ကလေး သန်းလာကာ သူမ၏မျက်လုံးသည် အပြုံးဖြင့် တောက်ပလာ၏။

'ရှင်ပြောတာမှန်မယ်ထင်တယ်၊ ဟိုညက ကားနဲ့အရက်မူးသမားတွေ ဖြတ်လာတုန်း ခင်တို့က ကားထဲမှာ မဟုတ်လား၊ ကြောက်ကလဲ သိပ်ကြောက်နေတုန်းလေ၊ အမှန်ပြောရရင်တော့လေ. . . ရှင်ဖက်ထားတုန်း. . . ခင်မပြောချင်ပါဘူး. . . သိပ်တော့မဆိုးပါဘူး၊ မချစ်ပေမယ့်. . . စိတ်ထဲကတော့. . .'

ကိုကျော့ဖေသည် ကုလားထိုင်မှ ခုန်ထလိုက်ကာ ချက်ချင်း ခင်ခြေရင်းရောက်လာပြီးခင့်ကိုဖက်လိုက်သည်။ ထို့နောက် သူသည် ခင့်ကို နမ်းလေသည်။

'ကဲ. . . ဘာပြောချင်သလဲ'

'ရှင်က လက်ထပ်ချင်ရင်တော့ စွန့်ချင်စွန့်ကြည့်လေ'

'ဒီမယ်ခင်. . . လူ့ဘဝဆိုတာစွန့်ကြည့်ရတာမျိုးပဲ၊လောင်းကစားသလိုပေါ့'

**ဒဂုန်တာရာ**

**(W. Somerset Maungam ၏ ''Up at the Villa " မှ)**

# သတို့သမီး မြကေခိုင်သက်

## ဒဂုန်တာရာ

(၁)

ညဥ့်ဦးယံ၊ ကိုးနာရီပင် ထိုးပေတော့မည်။ လပြည့်ဝန်း သည် ပန်းခြံပေါ်၌ ထိုးရိုက်တောက်ပလျက် ရှိနေပေသည်။ 'သန္တစံအိမ်'၌ ဘွားသူဇာ စီစဉ်သော ညဥ့်ဦးယံ ဘုရား ဆု တောင်းပွဲမှာ ခုတင် ပြီးသွားပြီဖြစ်၍ မြကေခိုင်သက်သည် တစ်မိနစ်မျှပင် ပန်းခြံထဲသို့ လစ်ထွက်လာခဲ့သည်။

ထမင်းစားခန်းထဲ၌ ညဥ့်နက်စာ အေး ပြင်ဆင်နေသည်ကို လှမ်းမြင်နေရသည်။ ဇင်းမယ်ထမီ၊ ဇာပုဝါ၊ ပန်းနုရောင် တလွင် လွင်ဖြင့် ဘွားသူဇာသည် ထမင်းစားပွဲ အနီးတစ်ဝိုက်၌ ဝေ့ပတ် လျက်ရှိသည်။ ဇေတဝန်ကျောင်းဒကာ ဦးအောင်ပွင့် သည် မြကေ ခိုင်သက်၏မိခင် ဒေါ်ယုယုနှင့် စကားပြောလျက်

ရှိသည်။ မီးရောင် အောက်၌ ပြတင်းပေါက်မှ လှမ်းမြင်နေရသော ဒေါ်ယုယုမှာ နုပျို ရုပ်ပေါက်နေသည်။ သူမ၏ဘေး၌ ဂရုတစိုက်နှင့် နားထောင်နေသော ကျောင်းဒကာ၏သား မောင်အေးစက်။

ပန်းခြံထဲ၌ကား အေး၍တိတ်ဆိတ်လျက်၊ အရိပ်နက်များသည် မြေအပြင်၌ ငြိမ်းချမ်းလေးဆေးစွာ ထိုးကျလျက်ရှိနေ၏။ ခပ်လှမ်းလှမ်း အဝေးကြီး မြို့ပြင်ဘက်ဆီမှ ဖားအော်သံများကို သဲ့သဲ့မျှ ကြားနေရ၏။ မေလ၏ခံစားမှုရသ လေ ရှိနေ၏။ လေထဲ၌ မေလ၏ရနံ့သင်းနေ၏။ လေကို ပြင်းပြင်းရှိုက်ယူလိုက်ကာ တစ် နေရာကို စိတ်ကူးကြည့်မိ လိုက်တတ်ကြရန်ကော၊ သစ်ပင်ထိပ်ဖျား များအပေါ်၊ လယ်ကွင်းထဲ၊ သစ်တော မြိုင်ယံထဲ၊ နွေဦးပေါက်သည် သူ၏ဘဝကို စနေပြီဖြစ်၏။ အသိခက်သော၊ သိမ်မွေ့လှပေသော ဘဝ၊ ကြွယ်ဝသော သန့်ရှင်းစင်ကြယ်တော်မူသောဘဝ၊ အကုသိုလ် ကျူးလွန်သူ လူသားများမှ ပိတ်ပင်ထား၏။ တစ်ဖက်သားကို ငိုစေ၏။

မြကေခိုင်သက်မှာ နှစ်ဆယ့်သုံးနှစ်ရှိပေပြီဖြစ်သည်။ ဆယ့်ခြောက်နှစ်လောက်ကတည်းက သူမသည် လက်ထပ်ထိမ်းမြားခြင်း ကို စိတ်အားထက်သန်စွာ အိပ်မက်မက်နေခဲ့သည်ကော။ နောက် ဆုံး၌ကား ယခုထမင်းစားခန်းထဲ၌ ရပ်လျက်ရှိသော ယောကျ်ားပျို မောင်အေးစက်နှင့် စေ့စပ်ကြောင်းလမ်းထားပြီး ဖြစ်နေပေပြီ။ မြကေခိုင်သက်က သူ့ကိုနှစ်သက်သည်။ ရှေ့လာမယ့် ဇူလိုင်လ (၇) ရက်၌ လက်ထပ်ပွဲ ကျင်းပရန်ပင် သတ်မှတ်ထားပြီး ဖြစ်ပေ သည်။ သို့သော် သူမသည်

ပျော်ရွှင်မှုမခံစားရ၊ ကောင်းကောင်းပင် အိပ်မပျော်၊ ရွှင်ပျ မှုသည် သူမထံမှ စွန့်ခွာခဲ့ပေပြီ။

ဖွင့်ထားသော မီးဖိုချောင်အဆောင် တံခါးပေါက်မှ ယောက်ယက်ခတ် ရွေ့လျားနေသော အသံပလံများ ပန်းကန်သံ၊ ဇွန်းသံ၊ ခားချင်းထိခတ်သံများ၊ ပွင့်လိုက်ဖွင့်လိုက် ဖြစ်နေသော တံခါးသံ များ ထွက်ပေါ်လာကြသည်။ ကြက်ဆင်ကောင်လုံးနှပ်ကြော်ရနံ့ ချယ်ရီသီးနှင့်ကရဝေး ကြက်သွန်ဖြူ သင်းထားသော ရနံ့များ ပျံ့မွှေးလာသည်။ ဒီအတိုင်းပဲ ဘယ်တော့မှ မပြောင်းလဲပဲ အမြဲတမ်း သွားနေမည့် ပုံပါကလား။

တစ်စုံတစ်ယောက်သည် အိမ်ထဲမှ ထွက်ကာ ဆင်ဝင်အောက်၌ ရပ်နေသည်။ သူကား မောင်တင့်မော်။ လူအများက သူ့အားခေါ်သလို 'ကိုကိုတင့်' ဟုခေါ်တတ်ကြသည်။ လွန်ခဲ့သော (၁၀)ရက်ခန့်ကမှ ရတနာပုံမြို့မှ အလည်အပတ်ရောက်လာသူ။ လွန်ခဲ့သော နှစ်ပေါင်းများစွာက သေးသေးသွယ်သွယ်၊ နူးညံ့ပျော့ ပျောင်းသော၊ လှိုသော ဆင်းရဲနွမ်းပါးသည့် အထည်ကြီးပျက် ဒေါ် သောင်းရီသည် ဘွားသူဇာထံလာ၍ လည်ပတ်တတ်သည်။ ဘွား သူဇာနှင့်လည်း ဆွေမျိုးနီးစပ်တော်သည်။ ဒေါ်သောင်းရီက အလှူခံတတ်သည်။ သူမ၌ မောင်တင့်မော် အမည်ရှိ သားကလေး တစ်ယောက်ရှိသည်။

လူအများကမူ မောင်တင့်မော်မှာ ပါရမီထူးချွန်သော ပန်းချီ ဆရာတစ်ယောက်ဟု ပြောကြသည်။ သူ့အမေ ဆုံးသွားသောအခါ ဘွားသူဇာက ကုသိုလ်ဆက်သည့်အနေဖြင့် မောင်

တင့်မော်ကို ရတနာပုံမြို့ရှိ သုခုမကျောင်း၌ ထားပေးသည်။ ပညာအလျှုသဘော တစ်-နှစ်၊ နှစ်-နှစ်ခန့်ရှိသောအခါ ပန်းချီကျောင်းသို့ ပြောင်းကာ ယင်းကျောင်း၌ ဆယ့်ငါးနှစ်ခန့် နေသည်။ နောက်ဆုံး၌ ဗိသုကာ အတန်းသို့ရောက်ခါ စာမေးပွဲကို ကြံဖန်အောင်သွားသည်။ သူသည် တစ်ခါမျှ ဗိသုကာ အလုပ်ကိုကား မလုပ်။ ရတနာပုံမြို့တော်ရှိ ပန်းချီဆေးရိုက်ဌာနတစ်ခု၌ အလုပ်ရရှိသွားသည်။ ငွေဦးပေါက်ဆိုလျှင် ဘွားသူဇာထံ လာနေကာ (လာနေစဉ် နေမကောင်းဘဲ ရှိတတ် ကာ) အနားယူတတ်၊ နာလန်ထတတ်သည်။

မောင်တင့်မော်သည် အနားဖွာနေသောလက်နှင့် ကုတ်အင်္ကျီရှည် စိမ်းစိမ်းကြီးကို ကြယ်စေ့အစုံတတ်၍ ဝတ်တတ်သည်။ အရောင်မှိန်နေပြီဖြစ်သော ရခိုင်လုံချည်ဖြင့် သူ၏ ရှပ်အင်္ကျီမှာ ဘယ်တော့မှ မီးပူတိုက်ထားသည်မရှိ။ အဝတ်အစား ပုံပန်းမှာ ညစ်ထေးထေး၊ လူကပိန်လျှလျှ၊ တောက်ပသော မျက်လုံးကြီးများ ဖြင့် လက်ချောင်းများမှာ အရိုးပေါ်ပြီး ရှည်ရှည်သွယ်သွယ်၊ အသားကညိုညို၊ မုတ်ဆိတ်ကျင်စွယ်မွှေးများဖြင့်၊ ရုပ်ကချောချော။ ‘သန္တ စံအိမ်’ ၌သူသည် တစ်စိမ်းတရံစာကဲ့သို့ မဟုတ်ဘဲ အိမ်သား တစ် ယောက်ကဲ့သို့သာ၊ သူ့ဆွေမျိုးထဲ နေထိုင်ရသလို။ သူလာလျှင်နေ သော အခန်းကလေးမှာ သူ၏ အခန်း၊ ကိုကိုတင်၏ အခန်းဟု အများကသိနေကြသည်။

သူသည် မြကေခိုင်သက်ကို ဆင်ဝင်အောက်မှ လှမ်းမြင်ကာ သူမရှိရာသို့ လျှောက်လာသည်။

'ဒီနေရာလေးက သိပ်သာယာတာပဲနော်' ဟု မောင်တင့်မော်က ပြောလိုက်သည်။

'ဟုတ်တယ် ကိုကိုတင့်၊ အမြဲတမ်း သာယာနေတာပဲ၊ ရှင်လဲ ဆောင်းဦးပေါက်အထိ နေဦးပေါ့'

'ဟုတ်တယ်၊ ကျွန်တော်သိပါတယ်၊ နေမယ်လို့လဲ စိတ်ကူးထားပါတယ်၊ သက်တို့နဲ့အတူ စက်တင်ဘာလလောက်အထိ နေဖြစ်ပါလိမ့်မယ်'

သူသည် အကြောင်းထူးမရှိလှပဲ ရယ်မောကာ မြကေခိုင်သက် နံဘေး၌ ဝင်ထိုင်လိုက်သည်။

မြကေခိုင်သက်က ဆက်၍ 'သက်လဲ ဒီနေရာကနေပြီး မေမေ့ကို ကြည့်နေတယ်၊ မေမေက ကြည့်ရတာ ငယ်ငယ်လေးလို ပဲနော်၊ သိပ်နုပျိုတာပဲ၊ တကယ်တော့ မေမေ့မှာ အားနည်းချက်ကလေးတွေ ရှိတာ သက်လည်းသိပါတယ်'

ခဏရပ်နားပြီးမှ'ဒါပေမယ့်. . . ဒါပေမယ့်လေ. . . မေမေဟာ သိပ်အံ့ဩဖို့ကောင်းတဲ့ မိန်းမပဲ'

မောင်တင့်မော်က ဤအချက်တွင် သဘောတူသည်။ 'ဟုတ်တယ်သက်၊ သက်တို့မေမေဟာ သိပ်တော်ပါတယ်၊ သူ့နည်းနဲ့သူပေါ့၊ သဘောကောင်းတယ်၊ ကြင်နာတတ်တယ်၊ ဒါပေမယ့်. . . ကျွန် တော်ဘယ်လိုပြောရမလဲ မသိဘူး၊ ဒီလိုလေ မနက်အစောကြီး ကျွန် တော် မီးဖိုချောင် အဆောင်ထဲ ရောက်သွားတယ် အစေခံ လေး ယောက်စလုံး ကြမ်းပြင်ပေါ်မှာ ဒီအတိုင်းအိပ်နေကြတယ်၊ အိပ်ရာ လဲ မရှိဘူး၊ အဝတ်စုတ်တွေ ပေါ်မှာ လှဲနေကြရတယ်။ အနံ့အသက် ဆိုတာကလည်းမကောင်း၊

ကြမ်းပိုးတွေ၊ ပိုးဟပ်တွေကလည်း ပြေးလွှားလို့၊ ဟိုး. . . လွန်ခဲ့တဲ့ အနှစ်-နှစ်ဆယ်တုန်းကလိုဘဲ ဘာတစ်ခုမှ ပြောင်းလဲခြင်းမရှိဘူး၊ အဲ. . . ဘွားသူဇာကိုတော့ အပြစ်ပြောလို့မရဘူး၊ သူက ကြီးပြီ မဟုတ်လား၊ ဒါပေမယ့် သက်တို့မေမေ. . . သက်တို့မေမေဟာနော်. . . ပြင်သစ်စကားလဲ တတ်တယ်၊ သဘင် အနုပညာလည်း တတ်သလောက်တတ်တယ်၊ သူ့လို လူမျိုးကတော့ သိဖို့ကောင်းတာပေ့ါဗျာ. . . နော်'

မောင်တင့်မော်သည် စကားပြောသောအခါ သူ၏ သွယ်လျ ရှည်လျားသော လက်ချောင်းများကို သူ့စကားနားထောင်သူ ဘက်သို့ ညွှန်ပြထားသည်။ သူကဆက်၍ ပြောသည်။

'ကျွန်တော့အဖို့ရာတော့ ဒီမှာက အားလုံးဟာ ဆန်းနေကြတယ်ဗျာ၊ တွေ့နေကြ၊ မြင်နေကြ၊ မဟုတ်လို့လဲ ဖြစ်ပါလိမ့်မယ်၊ ဒီမှာက ဘယ်သူမှ ဘာမှ မလုပ်ကြဘူး၊ သက်မေမေလဲ ဘာမှမလုပ် ဘူး။ ဟိုဒီ လမ်းလျှောက်သလားနေတာပဲ၊ တကယ့်မြို့စားကတော် ကြီးကျနေတာပဲ၊ ဘွားသူဇာလဲ ဒီလိုပဲ၊ ခင်ဗျားလဲ ဒီလိုပဲ မဟုတ် လား၊ ခင်ဗျားလက်ထပ်ယူမယ့်သူကလဲ ဒီလိုပါပဲ'

မြကေခိုင်သက်သည် ဒီစကားမျိုးကို မနှစ်ကလည်း ကြားဖူးနေပြီဖြစ်သည်ကို အမှတ်ရနေ၏။ တစ်နှစ်ကလည်း ဒီစကားပဲ ဖြစ်၏။ မောင်တင့်မော်၏ စိတ်က ဒီလိုပဲအလုပ်လုပ်နေသည်ကို သူမသည်သိပြီးဖြစ်နေ၏။ တစ်ခါကတော့ ဒီစကားများ

သည် သူမ ကို ရွှင်ပျစေခဲ့၏။ ယခုအခါမူ အကြောင်းတစ်ခု ကြောင့် သူမကို စိတ်တိုစေ၏။

သူမက ထိုင်ရာမှ ထလိုက်ကာ'တော်ပါတော့ရှင်၊ ဒီစကား တွေက ဟောင်းအိုနေပါပြီ၊ ကျွန်မတော့ ကြားပဲ မကြားချင်တော့ ပါဘူး၊ ရှင်ကလည်း အသစ်အဆန်းကလေးများ မစဉ်းစား တတ်တော့ဘူးလား'

မောင်တင့်မော်ကလည်း ရယ်မောကာ နေရာမှ ထ,လိုက် သည်။ ထို့နောက် သူတို့သည် အိမ်ကြီးဆီသို့ အတူသွားကြ သည်။

ကြည့်ကောင်းသော အရပ်မြင့်၍သွယ်လျသော ကျန်းမာ ၍ တစ်ဖက်သား ရူးသွားအောင်ပင် ဝတ်စားဆင်ယင်ထား သော မြ ကေခိုင်သက်။ သူနှင့်ယှဉ်တွဲ၍လာသည်။ သူမသည် သူမ ပြောလိုက်မိသည်ကို သတိထားမိကာ ဝမ်းနည်းနေ၏။ တောင်းပန်ချင် နေ၏။

'ကိုကိုတင့်ကလဲ မဟုတ်က ဟုတ်ကတွေ လျှောက်ပြောနေ လိုက်တာ၊ ကိုကိုတင့် ပြောလိုက်တာက သက်လူ ကိုအေးစက် အကြောင်း ဘာတစ်စက်မှ မသိတာပဲဟာ တကယ်ပါဘဲ'

'သက်လူ. . . ဟုတ်လား၊ သက်လူ ကိုအေးစက်က ကိစ္စမရှိပါ ဘူးဗျာ၊ ကျွန်တော်က သက်ရဲ့ နုပျိုငယ်ရွယ်တဲ့ ဘဝကို နှမြောမိတာပါ'

သူတို့နှစ်ယောက် ထမင်းစားခန်းကြီးထဲသို့ ဝင်သွား သောအခါ အားလုံးမှာ စားပွဲ၌ အသီးသီး ထိုင်လျက် ရှိကြ ပေပြီ၊ မြကေခိုင်သက်၏ အဘွား၊ အားလုံးသိသော အိမ်

သားများက ‘မေမေကြီး’ ဟုခေါ်ကြသော ဘွားသူဇာမှာ ဝဝဖိုင့်ဖိုင့် မျက်ခုံးမွေး ထူထူ၊ ရိုးရိုးယဉ်ယဉ် စကားပြော လျှင် ကျယ်လောင်စွာပြောသည်။ သူမ၏အသံဟန်ကပင် လျှင် သူမသည် အိမ်၏အကြီးအကဲ တစ် ယောက်ဆိုသည်မှာ ထင်ရှားစွာ ဖော်ပြလျှက် ရှိနေပေသည်။ သူမ သည် ဗဟိုဈေး ထဲ၌ ဆိုင်ခန်းများစွာကို ပိုင်ဆိုင်သည်။ တိုင်လုံး ကြီးများ နှင့်တိုက်အိမ်ကြီး ခြံကြီးများမှာ သူပိုင်။ သို့သော် နံနက် တိုင်း သူမ၏ ဥစ္စာဓနများ ပျောက်ပျက်မတိမ်းပါးသွားဖို့ ဘုရားသခင်ထံ၌ ဆုတောင်းမြဲ။

ဘွားသူဇာ၏ချွေးမ မြကေခိုင်သက်၏ မိခင် ဒေါ်ယုယု ကား အသားလတ်လတ် ကိုယ်လုံးကိုယ်ပေါက်က တိတိရိရိ ပေါ်လွင်ထင် ရှားစေသော အတွင်းခံ အသားကပ်အင်္ကျီကို ဝတ်ဆင်လျက် ရွှေ မျက်မှန်နှင့် လက်ချောင်းများအားလုံး၌ စိန်လက်စွပ်များ ဝတ်ထား သည်။ ကျောင်းဒကာ ဦးအောင်ပွင့်ကား ခပ်ကိုင်းကိုင်း၊ သွားမရှိ သော အဘိုးကြီး၊ ရယ်စရာ၊ မောစရာ တစ်ခုခု ပြောတော့မယ့် ဟန်ပန်ဆောင်နေ၏။ မောင် အေးစက်။ သူ့သား၊ မြကေခိုင်သက်နှင့် စေ့စပ်ကြောင်း လမ်းထားသူ။ ကိုယ်လုံးကိုယ်ထည် တောင့်တောင့် တင်းတင်း။ ဆံပင်ကောက်များဖြင့် ချောမောလှပသူ။ ဇာတ်မင်းသား သို့မဟုတ် ပန်းချီဆရာနှင့် တူနေသည်။ သူတို့ သုံးဦးသည် စိတ်ညှို့အိပ်မွေ့ ပညာရပ်အကြောင်း ပြောနေကြသည်။

ဘွားသူဇာက မောင်တင့်မော်အား ပြောနေ၏။

'တစ်ပတ်လောက်ကြာရင် မင်းဝလာမှာပါ၊ ဒါပေမယ့် မင်း ပိုပြီးစားရမယ်ကွယ့်၊ အခု မင်းကိုမင်း ပြန်ကြည့်ပါဦး၊ အခုကြည့်ရ တာ တစ်မျိုးပဲ၊ တကယ်တော့ မင်းဟာ တစ်ခါတစ်ခါ လှည့်လည်ပြီး ရောက်လာတဲ့ ခရီးသည်ကြီးပဲ'

ကျောင်းဒကာကြီးအောင်ပွင့်က စကားကိုကြားဖြတ်ဝင်ပြီး မလိုတမာ လုပ်ကြံကာ စကားလုံးကို ဖြည်းဖြည်းချင်း ထွက်ကာ မျက်လုံးကို တစ်ဖျတ်ဖျတ်ခပ်ကာ 'သူက ဖြူန်းနေတာကိုဗျာ၊ သူ့ကို လယ်ထဲဆင်းပြီး ဝက်စာကျွေးခိုင်းတာကို'

မောင်အေးစက်က သူ့ဖခင်ပုခုံးကို ပွတ်ပြီး 'ဒါကြောင့် ဖေဖေကို ကျွန်တော်ချစ်တယ်။ တကယ့်လူကောင်းအဘိုးကြီး ဗျာ'

ဘယ်သူမှ ဘာမျှ မပြောကြ။ မောင်တင့်မော်သည် ရုတ်တရက် ရယ်မောကာ နှုတ်ခမ်းနှင့် လက်သုတ်ပုဝါကို ကပ်ထားလိုက်၏။

ဦးအောင်ပွင့်ကဒေါ်ယုယုဘက်လှည့်ကာမေးနေ၏။

'မယုယု စိတ်ညို့ပညာကိုယုံလား'

ဒေါ်ယုယုက တကယ့်လေးနက်သော၊ အရေးမကြီးသော ဟန်ယူလျက်၊ 'တစ်ကယ့်ယုံကြည်တယ်လို့တော့ တိတိကျကျ မပြော နိုင်ပါဘူးရှင်၊ ဒါပေမယ့် သဘာဝမှာ လျို့ဝှက်နက်နဲတာတွေ၊ အသိခက် တာတွေ ရှိတယ်ဆိုတာကို တော့ အသိအမှတ်ပြုရလိမ့်မယ် ထင် တယ်'

'ကျုပ်လည်းအဲ့ဒါတော့သဘောတူတယ်၊ဒါပေမယ့်ပေါ့လေ၊ ထပ်ဖြည့်ပေးလိုက်ချင်တာက ယုံကြည်ချက်ဟာ လျို့ဝှက်နက် နဲမှု နယ်ပယ်ကိုတော့ ကျဉ်းမြောင်းစေတာပဲ'

အဆီရွှန်းသော ကြက်သားပန်းကန်စားပွဲပေါ် ရောက် လာ သည်၊ ဦးအောင်ပွင့်နှင့် ဒေါ်ယုယုတို့သည် ဆက်လက် ၍ စကား ကောင်းနေကြသည်။ ဒေါ်ယုယုလက်မှ စိန်များ တဖျတ်ဖျတ် လက် နေပြီး သူမ၏မျက်လုံးတွင်လည်း မျက်ရည် များ လက်နေသည်၊ သူမသည် စိတ်ထိခိုက်နေ၏။

'ကျွန်မကတော့ ဦးအောင်ပွင့်နဲ့တော့ မငြင်းနိုင်ပါဘူး၊ ဒါပေမယ့် လောကမှာ အဖြေရှာမရတဲ့ ပုစ္ဆာတွေကတော့ အများကြီး ရှိနေတာပဲရှင်၊ ဟုတ်တယ်မဟုတ်လား'

ညစာစားပွဲ ပြီးသောအခါ မောင်အေးစက်က တယော ကိုင်ကာ ဒေါ်ယုယုက စန္ဒယားလိုက်တီးပေးသည်။ မောင် အေးစက် မှာ လွန်ခဲ့သော ဆယ်နှစ်ကပင် တက္ကသိုလ်မှ ဘာသာ ဗေဒသိပ္ပံဘွဲ့ ရရှိသည်။ ယခုအထိ အလုပ်အကိုင်မရသေး။ အလှူ ငွေအတွက် က,သော က,ပွဲများတွင် တယောထိုးသည်။ မြို့ ကမူ သူ့ကို ဂီတပညာရှင် တစ်ယောက်အဖြစ် ပြောစမှတ်ပြု လျှက် ရှိကြသည်။

မောင်အေးစက် တယောထိုးနေစဉ် အားလုံးက ငြိမ်သက် စွာသူ့တယော ထိုးသံကို နားထောင်နေကြသည်။ အငွေ့တလူလူ ဖြင့် စားပွဲပေါ်သို့ လက်ဖက်ရည်အိုး ရောက်လာသည်။ မောင်တင့်မော် တစ်ယောက်သာလက်ဖက်ရည်ငှဲ့သောက်နေ သည်။ ညဆယ့်နှစ်နာရီ ထိုးသော အခါ တယောကြိုးသည်

ထောက်ခနဲ အသံမြည်သွားသည်။ လူတိုင်း ရယ်မောကြကာ အိမ်ပြန်သံ နှုတ်ဆက်သံများဖြင့် ညံစီသွားသည်။

မြကေခိုင်သက်သည် သူမ၏သတို့သားလောင်းအား နှုတ်ဆက်ပြီး အပေါ်ထပ် သူ့အခန်းသို့ တက်သွားသည်။ သူမသည် မိခင်နှင့် တစ်ထပ်တည်းနေသည်။ အောက်ထပ်၌ ဘွားသူဇာ၊ အောက်ထပ်၌ မီးများအားလုံး ငြိမ်းကုန်နေပြီ။ ထမင်းစားခန်းထဲ၌ ကား မောင်တင့်မော်သည် ထိုင်ကာ လက်ဖက်ရည်သောက်လျှက် ရှိသည်။ သူသည် အကြာကြီးထိုင်ကာ ရတနာပုံမြို့က ဟန်အတိုင်း လက်ဖက်ရည်ခြောက်ခွက်၊ ခုနှစ်ခွက်ဆက်တိုက် သောက်လျှက်ရှိ တတ်သည်။ မြကေခိုင်သက် အဝတ်အစားလဲပြီးကာ အိပ်ရာထဲ ဝင်၍ အတော်ကြာသည့်တိုင် အောက်ထပ်မှ အစေခံများ စားပွဲသိမ်းနေသံများကို ကြားနေရသေးသည်။ ဘွားသူဇာ၏ ဟောက်သံကိုပင်ကြားနေရသည်။ သို့သော် အောက်ထပ်မှ ချောင်းဆိုးသံ ရံဖန်ရံခါ ကြားနေရမြဲ။ မောင်တင့်မော်အခန်းမှ ဖြစ်ပေသည်။

* * *

## (၂)

မြကေခိုင်သက် နိုးလာသောအခါ သုံးနာရီခန့်လောက်ရှိပေ ပြီ။ လင်းအရုဏ်ပင် မကြာမီကွဲပေတော့မည်။ အဝေးဆီမှ ညစောင့် ဒရဝမ်၏ သံချောင်းခေါက်သံသည် ကြားနေရသည်။ မြကေ ခိုင်သက်ကား အိမ်၌မပျော် သူမ၏ အိပ်ရာမှာ သက်တောင့် သက်သာလှဲဖို့ နူးညံ့လွန်းနေသည်ဟု ထင်ရပေသည်။ အရင့်အရင် က နွေနှောင်းရက်များက လုပ်သကဲ့သို့ သူမသည် အိပ်ရာ၌ ထထိုင်ကာ စဉ်းစားခန်းဝင်နေခဲ့ပေသည်။ သူမစဉ်းစားနေသည် ကတော့ အရင့်အရင် ညများက အတိုင်းသာပင်။ ထပ်ခါတလဲလဲ ငြီးငွေ့ဖွယ်ကောင်းသော၊ အသုံးမကျသော အတင်းဖိစီး၍နေသော အတွေးများ။ မောင်အေးစက်ကသူ့ကို ပိုးပန်းနေတာတွေ၊ သူ့ကို ချစ်ရေးဆိုကာ

လက်ထပ်ရန်ပြောတာတွေ၊ သူကလက်ခံလိုက်တာ တွေ၊ တဖြည်းဖြည်း ဤကောင်းမွန်၍ လိမ်မာရေးခြားရှိသော လူ အဖြစ် သိလာတာတွေ၊ သို့သော်ဘာပဲဖြစ်ဖြစ် လက်ထပ် ပွဲက တစ်လလောက်သာ လိုတော့တာ။ ထိုအခါသူမသည် ကြောက်ခြင်း၊ မသက်မသာဖြစ်ခြင်း တစ်စုံတစ်ရာ ဝမ်းနည်း စရာက သူမကို စောင့်နေဘိအလား ခံစားလာရသည်။

ရှေးဟောင်းဟန်ဖြင့် ကျယ်ဝန်းကြီးမားသော ပြတင်း ပေါက် မှ ခြံဝင်းကြီးကို မြင်နိုင်သည်။ အေးမြသော လေ၌ တအားပွင့်နေ သောခရမ်းရောင်ပန်းများသည် အိပ်ငိုက်ကာ လေးတွဲ့ပျင်းရိ နေကြ ပေသည်။ ဖြူလွှနှင်းမြူတို့သည် ခရမ်း ရောင်ပန်းပွင့်များကို လွှမ်း ခြုံတော့ မည့်အလားငြိမ်သက် စွာစိုးမိုးချဉ်းကပ်လျက်ရှိပေသည်။တောကျီးကန်းများသည် အဝေးရှိသစ်ပင်များဆီမှ အော်နေကြ သည်။

'အိုး. . အရှင်ဘုရား၊ဘာကများတပည့်တော်မအားဝမ်း နည်းစေပါလိမ့်'

အမျိုးသမီးတွေ အားလုံးဟာ လက်မထပ်ခင်မှာ သည်လိုပဲ ခံစားကြရသလားကွယ်။ ဟုတ်များ ဟုတ်လေမလား၊ မသိ တော့လားနော်။ ဒါမှမဟုတ် ကိုကိုတင့်ကြောင့်များလား၊ သို့သော်လည်း ကိုတင့်မော်ကတော့ ဒီအကြောင်းကိုပဲ ထပ်ခါ တလဲ၊ နှစ်တိုင်းနှစ်တိုင်း အလွတ်ကျက်ထားသလို ပြောခဲ့တာပဲ မဟုတ် လား၊ သူပြောတတ်တာကတော့ ခပ်ထုံထုံ၊ ခပ်ဆန်း ဆန်းပဲ၊ ဘာကြောင့်များ သူ့ခေါင်းထဲက ကိုတင့်မော်

အတွေးကို ဖယ်ထုတ်လို့ မရရပါလိမ့်။ ဘာကြောင့်များ ပါလိမ့်။

ညစောင့်သည် ပတ်တရောင် မလှည့်တော့သည်မှာ ကြာသွားပေပြီ။ ကျေးငှက်များသည် ပြတင်းပေါက်၏ အောက်နားနှင့် သစ်ပင်ထိပ်ဖျားတို့ပေါ်၌ တကျည်ကျည် အော်မြည်နေကြပေပြီ။ ပန်းခြံထဲမှ နှင်းမြူများသည် ကွဲစင်သွားပေပြီ၊ အရာအားလုံးသည် နွေဦးပေါက်နေရောင်၌ ရွှေရောင်သ,ထားကြပေပြီ။ အရာအားလုံး တို့သည် ပြုံးနေသည်ဟု ထင်ကြရပေသည်။

များမကြာခင် နေမင်း၏ ယုယကြင်နာမှုကြောင့် ပူနွေးကာ ပန်းခြံကြီး တစ်ခုလုံးသည် အသက်ဝင် လှုပ်ရှားလာပေတော့မည်။ နှင်းစက်ကလေးများသည် သစ်ရွက်များပေါ်၌ စိန်ခဲရွှရွှ တောက်ပ ကြပေတော့မည်။ ဤနံနက်ခင်း၌ အိုမင်း၍ ပြုပြင်မွမ်းမံခြင်း ကင်းသော ပန်းဥယျာဉ်ကြီးသည် ပျိုမျစ်လန်းဆန်းလာပေသည်။

ဘွားသူဇာမှာ အိပ်ရာက နိုးပေပြီ။ ကိုတင့်မော်၏ စူးရှရှ ခပ်ပြင်းပြင်း ချောင်းဆိုးသံ ကြားရသည်။ အောက်ထပ်၌ကား အိမ် စေများ၏ လင်ပန်းယူလာသံ၊ ကုလားထိုင်များ ဖယ်ရှားသံ တို့ကို ကြားရသည်။

နာရီတို့သည် ဖြည်းလေးစွာ ကုန်လွန်သွားကြသည်။ မြကေ ခိုင်သက်သည် နိုးလာကာ ပန်းခြံထဲ၌ လမ်းလျှောက်နေသည်။ နံနက်ကာလသည် ဒရွတ်ဆွဲ၍ သွားနေသည်။

ဒေါ်ယုယုသည် မျက်ရည်ရွှန်းလျက် လက်က သံပုရာရည် ဖန်ခွက်ကိုင်ကာ ရောက်လာသည်။ သူမသည် နတ်ဒေဝတာ လိုက်စားသည်။ နေ လ ဝိဇ္ဇာ ခာတ်ဆေးပညာ လေ့လာသည်။ စာများစွာဖတ်သည်။ ဘာသာရေးရာ သံသယများကို ပြော ရမှာ နှစ်သက်သည်။

မြကေခိုင်သက်ကား ဤကိစ္စများ၌ လေးနက်သော၊ အသိ ခက်သော အကြောင်းရှိမည်ဟု တွက်ဆထားသည်။ သူမသည် သူမ အမေကို နမ်းလိုက်ပြီး ဘေး၌ ယှဉ်ကာ လမ်းလျှောက် လာသည်။

'မေမေ ဘာဖြစ်လို့ ငိုနေတာလဲဟင်'

'မေမေ ညက ဝတ္ထုတစ်ပုဒ်ဖတ်တယ် သမီးရဲ့၊ အဘိုးကြီး တစ်ယောက်နဲ့ သူ့သမီးအကြောင်း၊ အဘိုးကြီးက ရုံးတစ်ရုံး မှာ အလုပ်လုပ်တယ်၊ ဘယ်လိုဖြစ်သလဲသိလား၊ သူ့အထက်က အရာရှိ က သူ့သမီးနဲ့ ကြိုက်နေတယ်၊ ဆုံးတောင်မဆုံးသေး ပါဘူး၊ အဲဒီ နေရာလဲ ရောက်ကော မေမေလဲ မငိုပဲကို နေလို့ မရဘူး' ဟု ဒေါ်ယုယုက ပြောကာ ဖန်ခွက်မှ တစ်ငုံသောက် လိုက်ပြီး 'မေမေ တစ်မနက်လုံး သတိရနေတယ်။ အဲဒါနဲ့ ငိုနေ မိတာ'

'သမီးလဲ စိတ်သိပ်မသက်သာဘူး'ဟု မြကေခိုင်သက်က ခေတ္တနားပြီးမှ 'ဘာလို့များ အိပ်မပျော်ရပါလိမ့်'

'ဘယ်သိပ်ပါ့မလဲ သမီးသက်ရယ်၊ မေမေက အိပ်မပျော် ရင်တော့ ဟောသည်လို မျက်လုံးကို ကြပ်ကြပ်မှိတ်ထားလိုက် တယ်၊ ပြီးရင် စိတ်ကူးလိုက်တယ်၊ အီနောင် ဝတ္ထုထဲက

ပွက်စပါး မင်း သမီးကို စိတ်ကူးလိုက်၊ သူကြည့်ပုံ၊ ပြောပုံ၊ ဒါမှမဟုတ်. . . ရာဇဝင် ထဲက ဇာတ်လမ်းတစ်ခု၊ ရှေးပဝေသဏီ ခေတ်ဟောင်းထဲက. . .'

မြကေခိုင်သက်ကမူ မေမေက သူ့ကိုနားမလည်။ သူ့ကို နား လည်နိုင်ဖွယ် မရှိ အစက သည်လို တစ်ခါမျှ မခံစားဖူး။ ထိုအတွေး သည် သူ့ကို ကြောက်လန့်စေသည်။ သူသည် ဖုံးကွယ်ထားလိုသည်။ သူ့အခန်းသို့ သူပြန်သွားသည်။

ညနေ၌ကား ညစာစားကြသည်။ လကွယ် ဥပုဒ်နေ့ဖြစ်၍ ဘွားသူဇာသည် သတ်သတ်လွတ် စားသည်။ ခေါက်ဆွဲနှင့် ဂေါ်ဖီဟင်းချို၊ ကုလားပဲကြော်၊ အုန်းနို့ထမင်း။ သို့ရာတွင် မောင်တင့်မော်သည် ဘွားသူဇာကို စသောအနေဖြင့် ကြက် သားစွပ်ပြုပ်၊ အမဲသားနှပ်တို့ကို စားပြနေသည်။ ထမင်းစား နေစဉ် မောင်တင့်မော်သည် ပြက်လုံးထုတ်နေသည်။ သူ၏ပြက် လုံးများမှာ အသေး စိတ်ကျလွန်းသည်။ နုလွန်းသည်။ မှတ်စရာ သင်ခန်းစာ တစ်ခုခု ရည်ရွယ်ရင်းရှိသည်။ သည်တော့သိပ်ရယ်စရာ ကောင်းလှသည် တော့ မဟုတ်။ ဟာသကွက် တစ်ခု ပြောလိုက် သောအခါ သူ၏ ရှည်လျား၍ အရိုးငေါ်နေသော၊ လူသေ ဟန် ပေါက်နေသော လက် ချောင်းများကို ဝင့်၍ ထားတတ် သည်။ သူသည် လူမမာ တစ် ယောက်၊ ကြာကြာ လူ့ဘဝတွင် နေနိုင်တော့မည် မဟုတ်ပါလား ဟူသော အတွေးဝင်လာ သောအခါ သင့်စိတ်၌ ဝမ်းနည်းစိတ် ခံစားမိကာ ငိုချင်ပေ လိမ့်မည်။

ထမင်းစားပြီးသောအခါ ဘွားသူဇာသည် နားရန် သူ့အခန်း သို့ ပြန်သွားသည်။ ဒေါ်ယုယုသည် ခဏကြာမျှ စန္ဒယားတီးပြီးနောက် အခန်းထဲမှ ထွက်သွားလေသည်။

မောင်တင့်မော်က ထမင်းစားပြီး ပြောနေကျ အကြောင်းအရာကိုပင် ပြောနေသည်။

'သက်ရယ်. . . ကျွန်တော့်စကားကို နားထောင်ရင် သိပ်ကောင်းမှာပဲကွာ၊ အဟုတ်ပဲ၊ နားထောင်ရင်. . .'

မြကေခိုင်သက်ကား ရှေးဟောင်း ပက်လက်ကုလားထိုင်ကြီးပေါ်၌ ခွေ၍ထိုင်ကာ မျက်စိမှိတ်ထားသည်။ မောင်တင့်မော်မှာ အခန်းတည်း၌ ငြိမ်သက်စွာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက် လျှက် ရှိနေပေသည်။

'ဒီက ထွက်သွားပြီး လေ့လာစမ်းပါသက်ရယ်၊ ဥာဏ်အလင်း ရောင်ပွင့်ပြီး ဖြူစင် မြင့်မြတ်သူတွေဟာသာ စိတ်ဝင်စားဖို့ ကောင်း တာ၊ သူတို့လို လူမျိုးသာ လိုအပ်နေတာ သက်ရဲ့၊ ဒီလိုပုဂ္ဂိုလ်တွေ များလာလေ ကောင်းကင်ဘုံဟာ မြေပေါ်ရောက်လာမှာ၊ အဲဒီအခါ ကျတော့ ကျောက်ခဲတစ်လုံးမှ တစ်လုံးပေါ်တင်ပြီး ကျန်တော့မှာ မဟုတ်ဘူး သက်ရဲ့၊ သည်မြို့မှာ အရာအားလုံးဟာ ဇောက်ထိုး ပြောင်းပြန် ဖြစ်ကုန်တော့မှာ၊ မျက်လှည့်ပြလိုက်သလို အရာ အား လုံးဟာ ပြောင်းလဲကုန်မယ်၊ ခမ်းနားထည်ဝါပြီး ကြီးကျယ်တဲ့ အဆောက်အဦးတွေ၊ လှပတဲ့ ပန်းခြံတွေ၊ အံ့သြစရာကောင်းတဲ့ ရေပန်းတွေ၊ လူကောင်းသူကောင်းတွေ ရောက်လာလိမ့်မယ်၊ ဒါပေမယ့် ဒါတွေက အရေးကြီးတာ မဟုတ်ဘူး၊ အရေးကြီးတာက ဒီလူအုပ်ဆိုတာ

ရှိတော့မှာမဟုတ်ဘူး၊ အခုကျွန်တော်တို့ နားလည် သိရှိထားတဲ့ လူအုပ်ဆိုတဲ့ စကားလုံးအတိုင်းပေါ့၊ အခု သိထားတဲ့ မကောင်းမှုမျိုးက ကွယ်ပျောက်သွားရတော့မှာ လူတိုင်းမှာ ယုံကြည်ချက်ဆိုတာ ရှိလာမယ်၊ လူဟာ လူ့ဘဝမှာ ဘာအတွက်နေထိုင် အသက်ရှင်တယ်ဆိုတာ နားလည်လာမယ်၊ ဘယ်သူမှ ဒီလူအုပ် ဆိုတာဆီက ဘာအကူအညီမှ ရှာတော့မှာ မဟုတ်ဘူးသက်ရဲ့၊ ချစ် ချစ်ရယ်. . . ထွက်သွားစမ်းပါ၊ ဒီလိုဘယ်မှလဲ မစီးဆင်းပဲနဲ့ အိုင် နေတဲ့၊ အီနေတဲ့၊ မလန်းဆန်းတဲ့ ခြစားနေတဲ့ ဘဝကို တော်ပါပြီ ဆိုတာ ပြလိုက်စမ်းပါဗျာ. . .'

'မဖြစ်ပါဘူး ကိုကိုတင့်ရယ်၊ သက်က မကြာခင် လက်ထပ်ရတော့မှာပါ'

'ကိစ္စ မရှိပါဘူး၊ ဘာဖြစ်သေးလဲ'

သူတို့သည် ပန်းခြံထဲသို့ ဆင်းကာ လမ်းလျှောက်နေကြသည်။

'ဒါပေမယ့်သက်ရယ် စဉ်းတော့စဉ်းစားရမှာပေါ့၊ နားလဲ နားလည်ရမယ်၊ ဘယ်လောက်မုန်းစရာကောင်းတယ်၊ သက်ရဲ့ ဘဝဟာ ဘယ်လောက်ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းတယ်ဆိုတာလေ' ဟု မောင်တင့်မော်က ဆက်လက်၍ 'သက်ကော. . . သက် မေမေယုကော. . . သက်ဘွားသူဇာရောဟာ ပျင်းစရာ ဘာမှ မလုပ်ဘဲ နေကြတာဟာ တခြားသူတွေကတော့ သက်တို့အတွက် လုပ်ပေးနေကြတာဟာ သန့်ရှင်းရဲ့လား၊ ညစ်ညမ်းနေတယ်လို့ကော မထင်ဘူးလား သက်ရယ်'

မြကေခိုင်သက်ကမူ ပြန်ပြောချင်နေ၏။ 'ဟုတ်ပါတယ်၊ ကိုကိုတင့်ပြောတာတွေ မှန်ပါတယ်၊ မောင်တင့်မော်ပြောတာ နား လည်ပါတယ်'ဟု ပြန်ပြောချင်နေပါ၏။ သို့သော် မျက်ရည်များသာ မျက်လုံးအိမ်မှ ထွက်လာကာ ငြိမ်သက်နေသည်။ သူ့ကိုယ်က ကျုံ့ဝင်သွားသည်ဟု ထင်ရသည်။ သူမသည် အခန်းသို့ ပြန်တက် သွားသည်။

ညဉ့်ဦး၌ ကိုအေးစက် ရောက်လာသည်။ ခါတိုင်းလိုပင် တယောကို အကြာကြီး ထိုးလျက်ရှိသည်။ သူ၏ပင်ကိုယ်သဘာဝ ကားစကားနည်းသည်သူသည်တယောထိုးနေရတာနှစ်သက်မိသည်။ တစ်ကယ်ကတော့ တယောထိုးနေစဉ် စကားမပြောရသောကြောင့် ဖြစ်သည်။ ဆယ်နာရီထိုးပြီးသောအခါ အိမ်ပြန်ရန် အပေါ်ရုံ ကုတ်အကျီကိုယူရင်း မြကေခိုင်သက်ကို ဖက်ကာ သူမ၏မျက်နှာ၊ ပခုံးနှင့်လက်များကိုတပ်မက်သော အနမ်းများဖြင့် ရွာဖြိုးဝေလိုက် သည်။

'မောင်အချစ်ဆုံး. . . ချစ်ချစ်၊ မောင့်လှဧကရီ' ဟု နှုတ်မှ တတွတ်တွတ် တိုးညင်းစွာ 'သိပ်ပျော်တာပဲကွာ၊ မောင်တော့ ပျော်လွန်းလို့ ရူးသွားမယ်ထင်တယ်'

ဤအသံများကို ရှေးရှေးကတည်းက ကြားခဲ့သည်ဟု မှတ်ထင်ရပေသည်။ ယခုအခါ ဘယ်သူမှမဖတ်တော့ပြီဖြစ်သော၊ ဟောင်းနေပြီဖြစ်သော၊ စုတ်ပြတ်နေသော ဝတ္ထုအိုကြီးထဲမှ ဖတ်ခဲ့ဖူးတာဖြစ်မည်။

ထမင်းစားခန်းထဲ၌ကား မောင်တင့်မော်သည် ထမင်းစားပွဲ၌ ထိုင်ကာ လက်ဖက်ရည်သောက်လျက်ရှိပေသည်။ သူ၏

ရှည်သော လက်ချောင်းများဖြင့် အောက်ခံပန်းကန်ကို ကိုင်ထားသည်။ ဘွားသူဇာမှာ ပုတီးစိပ်နေသည်။ ဒေါ်ယုယုမှာ စာဖတ်နေ သည်။ ချိတ်ဆွဲထားသော မဟူရာမီအိမ်မှ ဇာမီးခြည်ရောင်သည် ဖြာကျထွန်းပ နေပေသည်။ အရာအားလုံးမှာ ငြိမ်သက်ကာ အနှောင့်အယှက် ကင်းမဲ့နေသည်ဟု ထင်ရပေ၏။ မြကေခိုင်သက် သည် သူ့အား နှုတ်ဆက်ကာ အိပ်ရာထဲဝင်ပြီး မကြာမီ အိပ်ပျော် သွားသည်။ သို့သော် သူမသည် အရုဏ်ရောင်တစ်စက်လက်လာ သောအခါ နိုးတော့သည်။ အိပ်၍မရတော့။ တစ်စုံတစ်ရာ လေးလံ သော မငြိမ်သက်သောအရာက သူ့နှလုံးကို ဖိစီးထားသည်။ သူမ သည်ထထိုင်ကာ ဒူးပေါ်၌ မျက်နှာအပ်ပြီး တွေးနေသည်။ သူနှင့် စေ့စပ်ထားသည့်အကြောင်း၊ သူ့လက်ထပ်ပွဲအကြောင်း၊ သူ့အမေက သူ့အဖေကိုချစ်သည့် အကြောင်း သတိရလာသည်။ အခုတော့လည်း ဘာမှမရှိတော့။ သူ့ယောက္ခမဖြစ်သော ဘွားသူဇာ အပေါ်၌သာ လုံးဝမှီခို၍သာ နေလေတော့သည်။ မြကေခိုင်သက်သည် ကြိုးစား ကြည့်သည်။ သူ့အမေကို ထူးထူးခြားခြား သဘောထားခဲ့မိသည်ကို နားမလည်နိုင်အောင် ဖြစ်မိတော့သည်။ တကယ်ကတော့ မေမေယု မှာ သာမန်စိတ်မချမ်းသာသော အမျိုးသမီးမျှသာဟု မသိမြင်ခဲ့။

အောက်ထပ်၌ကား မောင်တင့်မော်မှာလည်း နိုးနေပေသည်။ ချောင်းဟပ်သံကိုလည်း သူမသည် ကြားနေရသည်။ မြကေခိုင်သက်ကမူ ခပ်ရိုးရိုး အအ၊ လူထူးလူဆန်းတစ်ယောက်ဟု တွေး နေသည်။ မောင်တင့်မော်၏ အိပ်မက်စိတ်ကူးများမှာ

ယုံတမ်း ဆန်နေသလားပဲ။ ခမ်းနားကြီးကျယ်သော ပန်းခြံကြီးတွေ၊ အံ့သြ စရာကောင်းသော ရေပန်းကြီးတွေ။ သူ၏ရိုးအအ ယုံတမ်း အတွေး ထဲမှာပင် လှပတာတွေ ပါဝင်နေပါသလော။ ဒါကိုတွေးမိသောအခါ သူပြောသလို ဒီနေရာမှ ထွက်ကာ လေ့လာဆည်းပူးရမလားဟု ထင်မှတ်လာသည်။ ထိုအခါ သူမ၏နှလုံး၊ သူမ၏အသက်သည် ရေစင်အေးမြ ပက်ဖျန်းခြင်းခံရကာ လန်းဆန်းရွှန်းပလာသည်။ သူမသည် ပီတိဖြင့် ပြည့်ဖြိုးလာပေသည်။

ဒါတွေ မတွေးတာကောင်းတယ်။ မတွေးတာကောင်းတယ်ဟု တိုးတိုးကလေး ပြောမိသည်။

အဝေးရှိ ဇောတိကရုံကျောင်းမှ ကုလားတက်ခေါက်သံ ပေါ်လာပေသည်။

* * *

(၄)

ဇွန်လလယ်၌ကား မောင်တင့်မော်သည် ရုတ်တရက်ပင် ငြီးငွေ့ခြင်းက အနိုင်ရကာ ရတနာပုံမြို့တော်သို့ ပြန်တော့မည်ဟု ပြောလာပေသည်။

သူက မှုန်ရီစွာ ပြန်ပြောလိုက်သည်။

'ဒီမြို့မှာ ကျွန်တော်တော့မနေချင်တော့ဘူးဗျာ၊ ရေဘုံဘိုင်လည်းမရှိဘူး၊ ရေဆင်းမြောင်းတွေလည်း မရှိဘူး၊ ညစာလည်း စားလို့မရဘူး၊ မီးဖိုချောင်ဆိုရင် ပြောမဖြစ်အောင် ညစ်ပတ်ပေရေနေတာပဲဗျာ'

ဘွားသူဇာက တိုးတိုးကလေး 'နည်းနည်းနေပါဦး. . . ခရီး သည်သားရယ်၊ မင်္ဂလာလက်ထပ်ပွဲက ခုနှစ်ရက်နေ့မှာ ရှိမှာ'

'မဖြစ်လို့ပါ ဘွားသူဇာရယ်'

'မင်းအရင်ပြောတော့ စက်တင်ဘာလကုန်အထိ ဒို့နဲ့အတူ နေဦးမယ်ဆို'

'ခုတော့မနေချင်တော့ဘူး၊ ကျွန်တော့်မှာ လုပ်စရာတွေ က ရှိသေးတယ်'

နွေနှောင်းပြီးနောက် အေးလာကာ မိုးလည်းရွာလာ၏။ သစ်ပင်များမှာ အမြဲတမ်း ရေစက်လက် ယိုစီးလျက်၊ ပန်းခြံကြီးမှာ အုံ့မှိုင်းကာ မိတ်ဆွေမပီသပုံ ရနေလျက်။ ဒီကထွက်ကာ အလုပ်လုပ် လိုခြင်းမှာ သဘာဝပင်၊ မကြားဘူးသော အမျိုးသမီး အသံစိမ်းများ ကို အခန်းများ၌ ကြားနေရသည်။ အပေါ်ထပ်၊ အောက်ထပ်၊ အပ်ချုပ်စက်နင်းသံများ၊ ဘွားသူဇာအခန်းမှ ကြားရသည်။ သတို့ သမီး ဝတ်စားဆင်ယင်မှု တန်ဆာပလာများအတွက် အလုပ် ရှုပ်နေ ကြခြင်း။ ဆောင်းရာသီ အနွေးထည် ဝတ်စုံကပင် ခြောက်စုံ။ ဈေးအပေါ်ဆုံး ကပင်လျှင် တစ်ထည်သုံးရာကျော်တန်ဟု ဘွားသူဇာက ကြွားနေ၏။ ဤသို့ယောက်ယက်ခတ် နေကြခြင်းများမှာ မောင်တင့် မော်ကို စိတ်အနှောက်အယှက်ဖြစ်စေပေသည်။ သူသည် အခန်း ထဲ၌ ငူငူကြီး မကြည်စွာ ထိုင်နေသည်။ သူတို့က မောင်တင့်မော်ကို ဘယ်မှမသွားအောင် ဖြားယောင်းလျက်ရှိကြရာ သူက ဇူလိုင်လ တစ်ရက်နေ့မတိုင်မှီ မထွက်ခွာရန် ကတိပေး လိုက်ရလေသည်။

အချိန်ကာလတို့သည်လျင်မြန်စွာပင်ဖြတ်သန်းသွားသည်။ လေ့တော်ပြိုင်ပွဲနေ့ တစ်နေ့၌ ညစာစားပြီးနောက် မောင်

အေးစက် သည် မြကေခိုင်သက်ကို ခေါ်ကာ သူတို့လင်မယား နှစ်ယောက် နေရန် ငှားထားသော ရတနာပုံလမ်းရှိ အိမ်တစ် အိမ်သို့ သွား ကြည့်ကြသည်။ နှစ်ထပ်အိမ်၊ အပေါ်ထပ်သာ လျှင် အိမ်ထောင် ပရိဘောဂတို့ဖြင့် ပြင်ဆင်ထားသည်။ အက ခန်းမထဲ၌ကား ကြမ်းပြင်မှာလျှာထိုးပျဉ်ဖြင့် ဖယောင်း ပုဆိုးကွက် ဖော်ထားသကဲ့သို့ ဆေးသုတ်ထားကာ ဝင်းပ တောက်ပြောင်၍ နေပေသည်။ ထင်းရှူး နီသား ကုလားထိုင် များ၊ သုံးချောင်းထောက် စန္ဒယားကြီးတစ်လုံး၊ တယောထိုး သူအတွက် ဂီတသင်္ကေတ စာအုပ်ထားရန် စင်များ ရှိကြသည်။ သဘော်ဆေးနံ့ပင် ရနေပေသည်။ နံရံပေါ်၌ ကြီးမားသော ရွှေဘောင်ကွပ် ဆီဆေးကားကြီးတစ်ချပ်။ လက်ကိုင်ပဲ့နေ သော ပန်းအိုးခရမ်းရောင်ဘေးမှ ကိုယ်လုံးတည်း အမျိုးသမီး တစ်ဦး၏ပုံ။

'သိပ်လှတဲ့ပန်းချီကားဘဲ၊ ဆရာဘဉာဏ်ရေးထားတာ' ဟု မောင်အေးစက်က အံ့ဩသော လေသံတိုးတိုးဖြင့် ပြောလိုက် သည်။

ထို့နောက် ဧည့်ခန်းသို့ ရောက်လာကြသည်။ စားပွဲတစ်လုံး ဆိုဖာတစ်ခု၊ အပြာရောင်ပန်းပွင့် အဝတ်များနှင့် ကြိမ်ကုလား ထိုင်များ။ ဆိုဖာ၏အထက်၌ ဇေတဝန်ကျောင်းဒကာ ဦးအောင်ပွင့်၏ ပုံကြီးချဲ့ထားသော ဓာတ်ပုံကြီး ချိတ်ဆွဲထား သည်။ ဦးအောင်ပွင့်မှာ ကျက်သရေဆောင် ရွှေစလွယ်ကို ဆင်ယင်ထားသည်။ ရင်ဘတ်၌ လည်း အရဟံ ရွှေတံဆိပ်များ တပ်ဆင်ထားသည်။

ထို့နောက် ကြောင်အိမ်လှလှများနှင့် ထမင်းစားခန်းကို ဖြတ် ကာ ထိုမှတဆင့် အိပ်ခန်းသို့ သွားကြည့်ကြသည်။ အလင်း ရောင် ဝိုးတဝါး၌ နှစ်ယောက်အိပ် ကြေးကုတင်ကြီးကို လှမ်းမြင် လိုက်ရ သည်။ ဤမောင်နှံစုံ အိပ်ရာကို ပြင်ဆင် သူသည် လောက၌ အမြဲ တမ်းပဲ ပျော်ရွှင်စွာ နေရမည်။ အခြား ဘာမှမဖြစ်တော့ဟု မှတ်ယူ ထားသည့်အလား ဖြစ်အောင် မွမ်း မံသထားပေသည်။

မောင်အေးစက်သည် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံ ပြသရာ၌ မြကေခိုင်သက်၏ ခါးကို လက်ကမလွှတ်။ မြကေခိုင် သက်ကား အားနည်းသလို အပြစ်ရှိသလို ခံစားနေမိသည်။ ဤအခန်းများ၊ အိပ်ရာကုတင်များ၊ ကုလားထိုင်များကို မုန်း နေ သည်။ နံရံရှိ ဝတ်လစ်စလစ်နှင့် အမျိုးသမီး ပန်းချီကားချပ် ကလည်း သူ့ကို ဖျားစေသည်။ သည်တော့မှ သူမသည် မောင် အေးစက်ကို မချစ်ဘူးဆိုတာကို ရှင်းလင်းစွာ သိမြင်လာတော့ သည်။ အခုမှသာ မဟုတ်၊ ဘယ်တုန်းကမှလည်း သူ့ကို မချစ်ခဲ့ ပါတကား။ သို့သော်ငြား လည်း သူမသည် ဘာမျှမလုပ်တတ်။ ဘယ်လိုပြောရပ့ါမလဲ။ ဘယ် သူ့ကို ပြောရမလဲ။ ဘာကြောင့် လို့ပြောရမလဲ။ သူမသည် တစ်နေ့လုံး တစ်ညလုံးဒီ အကြောင်းများကို စဉ်းစားတွေးတောနေမိသော်လည်း သိရှိ ခြင်းတို့ကာ မရောက်လာ။ မောင်အေးစက်သည် သူမ၏ ခါးကို ဖက်ကာ ညင်သာတိုးညင်းစွာ ကြင်နာစွာ ပြောလျှက်ရှိသည်။ အိမ်ထဲလျှောက်ရင်းလည်း ပျော်ရွှင်နေသည်။ သူကတော့

ဒီလို ငြိုးငွေ့ဖွယ်ရာကောင်းသော၊ တုံးသော၊ ထုံအသော ရုန့်ရင်းကြမ်း တမ်းမှု၊ သီးခံ၍မရသော ရုန့်ရင်းကြမ်းတမ်းမှု ဟာသာ သိမြင်နေပေသည်။ သူမအားဖက်ထားသော လက် မောင်းမှာလည်း သံကွင်းကြီး ကဲ့သို့ အေးစက်မာကြောနေ သည်ဟု ထင်မှတ်နေမိသည်။ ချက်ချင်း သည်နေရာမှ ထွက် ပြေးကာ ပစ်၍ငိုရှိုက်ပြီး ပြတင်းပေါက်မှ ခုန်ချလိုက်ချင်စိတ် ပေါ်ပေါက်လာသည်။ မောင်အေးစက်က သူမကို ရေချိုး ခန်းသို့ခေါ်ကာ နံရံကပ်ထားသော ရေဘုံဘိုင်ခေါင်းကို လှည့်ဖွင့်လိုက်သည်။ ရေများပန်းထွက်လာသည်။

မောင်အေးစက်က ရယ်မောကာ 'မကောင်းဘူးလား ခိုင် လေးရယ်၊ ကြည့်စမ်းပါဦး၊ ကြွေဇလုံကြီးလည်း တပ်ထားတယ်၊ ရေတွေအများကြီး လှောင်ထားနိုင်တာပေါ့'

သူတို့သည် ခြံထဲ၌ ခဏလောက် လမ်းလျှောက်နေကြပြီး နောက် လမ်းမပေါ်သို့ ရောက်သွားကြသည် လမ်းပေါ်၌ မြင်း ရထားတစ်စင်းတွေ့၍ ခေါ်လိုက်သည်။ ဖုံများသည် ထူ ထပ်စွာ ကာဆီးကာ ပိတ်မှောင်လာသည်။ မိုးပင်ရွာချတော့ မလို။

မောင်အေးစက်က ဖုံများ ဝင်မလာအောင် နည်းနည်း မျက်စိကို ကျဉ်းလိုက်ကာ 'အေးသလားခိုင်လေး' ဟုမေး သည်။

မြကေခိုင်သက်က ဘာမျှ ပြန်မဖြေ။

'မနေ့က ကိုတင့်မော်ပြောတာ မှတ်မိသေးလား၊ ကိုယ့်ကို ဘာမှမလုပ်ဖူးလို့ အပြစ်တင်တာလေ'ဟုပြောကာ နည်းနည်း နားပြီးမှ . . .

'သူပြောတာမှန်တယ်၊ သိပ်ကိုမှန်တယ်၊ ကိုယ်ကဘာမှ မလုပ်ဘူး၊ ဘာလုပ်ရမှန်းလည်း မသိဘူး ခိုင်ချစ်ချစ်ရယ်၊ ဘာဖြစ် လို့လဲသိလား၊ ရုံးတစ်ရုံး အစိုးရဌာနတစ်ခုခုသွားပြီး အပေါ်အကျႌ တောင့်တောင့်နဲ့ သွားရမှာ တွေးရင်းတောင် ဖျားလာတယ် သိလား . . . ခိုင်လေး၊ ဝတ်လုံတော်ရ တစ်ယောက် ယောက် သက္ကဋ္ဌဆရာ တစ်ယောက်ယောက်၊ ဒါမှမဟုတ် မြို့တော်ဝန် တစ်ယောက် ယောက် တွေ့ရဆုံရမှာကို ခံလို့မရ ဘူး၊ အို . . . မိခင် တမ္ဗဒီပ၊ မိခင် တမ္ဗဒီပ၊ သင်၏ရင်ခွင်၌ လူပျင်းများ၊ လူ့ပေါက်ပန်းများ ဘယ် လောက်များ လွယ် ထားရပါလိမ့်၊ ကိုယ့်လိုကောင်မျိုးပေါ့၊ ကြာရှည်လေးမြင့် စွာဝေဒနာခံစားနေရသူ. . .'

သူသည် သူ၏ ပျင်းရိခြင်းကို သဘောတရား ထုတ်ပြနေ ပေသည်။ ယင်းသည် ခေတ်၏ အမှတ်လက္ခဏာအဖြစ် မြင် နေသည်။

သူက ဆက်လက်၍ 'ကိုယ်တို့ လက်ထပ်ပြီးရင်တော့ ကျေးလက်သွားနေမယ်နော် ခိုင်ချစ်ချစ်ရယ်၊ အဲဒီမှာ အလုပ် လုပ်ကြမယ်၊ ခြံကလေးနဲ့၊ စမ်းချောင်းကလေးနဲ့ မြေတစ်ကွက် ဝယ်မယ်၊ အဲ့ဒီ မြေကွက်မှာ ထွန်ယက်စိုက်ပျိုးပြီး ဘဝကို လေ့လာအကဲခတ်ကြမယ်၊ ဘယ်လောက်များ ချစ်စရာကောင်း လိုက်ပါသလဲကွယ်. . .'

သူသည် ဦးထုပ်ကို ချွတ်လိုက်သည်။ လေအဝှေ့၌ သူ၏ ဆံပင်လှိုင်းတွန့် လိပ်သွားသည်။ မြကေခိုင်သက်ကမူ သူပြော နေတာနားထောင်ရင်းတစ်ချိန်လုံးတွေးနေသည်။ အို. . . ဘုရားသခင် အိမ်မြန်မြန်ပြန်ရပါစေ။ အို. . ဘုရားသခင် သူ တို့သည် အိမ် ပြန်ရောက်သောအခါ ဘုရားဒကာ ဦးအောင်ပွင့် ကိုမှီသည်။ မပြန်သေး။

မောင်အေးစက်က ဦးထုပ်ကို ချွတ်ရင်း ရွှင်လန်းပျော်မြူး သော အသံဖြင့် ‘ဟော. . ကြည့်လိုက်စမ်းခိုင်၊ အဲဒါ ကိုယ့် ဖေဖေ. . .၊ ဖေဖေကြီးကို ကိုယ်က သိပ်ချစ်တာ၊ တကယ်ပြော တာဗျ’

သူသည် ရထားသမားအား ပိုက်ဆံလှမ်းပေးရင်း‘ဖေဖေက တကယ့်လူကောင်း အဘိုးကြီးဗျာ’

မြကေခိုင်သက်သည် နေမကောင်းစွာ၊ ဟာသကင်းမဲ့စွာ အိမ်ထဲဝင်သွားသည်။ တစ်ညချမ်းလုံး ဧည့်သည်များကို ဧည့်ခံရမှာ ပါကလားဆိုတာ မေ့၍မရပဲ ရှိနေပေသည်။ ဧည့် သည်များကို ပြုံးပြရမည်၊ တယောသံကို နားထောင်ရဦးမည်။ ဘာမဟုတ် ညာ မဟုတ် ပေါက်တတ်ကရစကားများကိုလည်း ကြားရဦးမည်။ လက် ထပ်ပွဲမှတစ်ပါး ဘွားသူဇာကတော့ ဖဲဇာပွ အင်္ကျီလက်ရှည်ကြီးနှင့် တောင့်တောင့်ခန့်ခန့်၊ မာန လျှမ်းသော ဟန်အပြည့်ဖြင့်၊ ဧည့်သည် များရှေ့၌ ထားလတ် သော အိန္ဒြေကြီး တည်တည်ဖြင့်။ ဘုရားဒကာ ဦးအောင်ပွင့် သည် သိမ်မွေ့သောအပြုံးဖြင့် အခန်းထဲ ဝင်လာသည်။

သူက ဘွားသူဇာအား ‘ကျွန်တော်ဖြင့် မေမေကြီးကို ခုလို ကျန်းကျန်းမာမာ တွေ့ရတာ ဝမ်းလဲသာတယ်၊ နှစ်သိမ့်လဲ နှစ်သိမ့် ကြည်နူးမိပါတယ်ခင်ဗျာ’ ဟုတစ်ကယ်လား၊ ပြောင်တာလား ခွဲခြား ရန်ခက်သော စကားဖြင့် ပြောကြားလိုက်ပေသည်။

* * *

## (၄)

လေသည် မှန်ပြတင်းပေါက်နှင့်အမိုးအား ရိုက်ခတ်လျက်ရှိသည်။ မေ မိုးဦး လေချွန်သံများကို ကြားရသည်။ အိမ်စောင့်နတ်သမီးသည် ခေါင်းတိုင်မှနေ၍ လွမ်းဆွတ်ဖွယ်တေးကို သီကျူး နေသည်။ အချိန်မှာ သန်းခေါင်ကျော်၊ လင်းအားကြီးလဲ မရောက် သေး၊ တစ်နာရီ၊ တစ်အိမ်လုံး အိပ်ရာထဲရောက်ကုန်ကြပြီ။ သို့သော် အိပ်မပျော်ကြသေး။ မြကေခိုင်သက်စိတ်ထဲ၌ကား အောက်ထပ်မှ တယောသံကြားရသည်ဟု တွေးတောနေမိသည်။ အပြင်ရောက်မှ စူးရှသော အသံတစ်သံကြားရသည်။ တရုတ်ကပ် တံခါးရွက်တစ်ခု ပတ္တာမှ ပြုတ်၍ ကျသံ။ တစ်မိနစ်ခန့်ကြာသောအခါ ဒေါ်ယုယု သည် ရှင်မီး အင်္ကျီနှင့် ဖယောင်းတိုင်မီး ကိုင်ကာ သူ့သမီးအခန်းသို့ ရောက်လာသည်။

'ဘာသံလဲသမီး'

မေမေဒေါ်ယုယုမှာ ဆံပင်ကျစ်ဆံမြီး တစ်ထုံးတည်းနှင့် တုန်ရီစွာ ပြုံးလျက်ရှိသည်။ ဤမုန်တိုင်းထန်သော ညဉ့် ပို၍ အိုမင်း လာသည်။ ပို၍ပုလာသည်ဟု မှတ်ထင်ရသည်။ မကြာ သေးမီကပင် သူ့မေမေယုသည် ထူးခြားသော အမျိုးသမီး ဖြစ်ပြီး သူ့စကားများကို နားထောင်ရသည်မှာပင် ဂုဏ်ယူ စရာဟု ယူဆခဲ့ပေသည်။ ယခု ကား သည်စကားလုံးများကို မမှတ်မိတော့။ မှတ်မိသမျှမှာလည်း အားနည်း ဖျော့တော့ပြီး အစစ်အမှန်မဟုတ်တကား။

ခေါင်းတိုင်မှ အိမ်စောင့်နတ်သမီး၏ အသံမှာ ဘယ်သံဖြင့် ကြီးလာကာ 'အို. . . ဘုရားသခင်'ဟူသော မြည်တမ်းသံပင် ပီသ လာသည်။ မြကေခိုင်သက်သည် အိပ်ရာမှ ထထိုင်ကာ ဆံပင် များကို လက်ဖြင့်ဆွဲလိမ်ပြီး ရှိုက်လျက်. . .

'မေမေ. . . မေမေရယ်၊မေမေ့သမီးဘယ်လိုခံစားနေရတယ် ဆိုတာကို သိရင်တော့ သမီးမေမေ့ကို တောင်းပန်ချင်တယ်၊ သမီး တခြား ထွက်သွားပါရစေနော်'

မေမေယုကလန့်သွားကာ သူမ၏ ခုတင်စောင်း၌ ထိုင်ချ လိုက်ရင်း 'ဘယ်သွားမှာလဲ သမီးရယ်'

သူမသည် ပြောရင်းငို၍ငို၍ နေမိကာ စကားလုံးများပင် ထွက်၍ မရတော့။

နောက်ဆုံး၌ 'သမီးဒီမြို့က ထွက်သွားပါရစေတော့ မေ မေရယ်၊ လက်ထပ်ပွဲလည်း မလုပ်ပါနဲ့တော့၊ ယုံပါ. . . သမီးဒီလူ့

ကို ကြိုက်လည်း မကြိုက်ဘူး၊ သူ့အကြောင်းပြောတာကို မခံ နိုင်တော့ဘူး'

ဒေါ်ယုယုက ပို၍လန့်သွားကာ၊ မြန်မြန်ပင် 'ချစ်သမီး လေး ရယ်. . . စိတ်ထိန်းမှပေါ့၊ ခုဟာက သမီးလေး စိမ်မငြိမ် မသက် ဖြစ်နေတုန်း ခဏမို့ပါ၊ ဒါတွေက လွန်မြောက်သွား မှာပါ၊ ဒီလိုပဲ ဖြစ်တတ်တာမျိုးဘဲ၊ သမီးက မောင်အေးစက်နဲ့ စိတ်ကောက်ကြပြီ ထင်တယ်၊ ချစ်သူတို့ရဲ့ ရန်ပွဲဟာ အနမ်းနဲ့ အဆုံးသတ်တာမျိုးပါ ကွယ်. . . နော်'

မြကေခိုင်သက်က ရှိုက်ရင်း 'မေမေ. . . သွားတော့'

ဒေါ်ယုယုက နားနေပြီးက 'အေးပါ. . . သွားပါ့မယ်၊ မနေ့ ကပဲ သမီးလေးက ကလေးလေး၊ အပျိုပေါက်ကလေး၊ အခုက သမီး သတို့သမီး ဖြစ်နေပြီ သိလား၊ ဘဝဆိုတာ ပြောင်းလဲ နေတာ တဖြည်းဖြည်း ကြေညက်သွားတာပေါ့၊ ကြီးပြင်းလာ ရမှာပေါ့၊ ဟော. . . ကိုယ်ကသာ မသိလိုက်တာ၊ ကလေးအမေ ဖြစ်လာမယ်၊ နောက် မိန်းမကြီး ဖြစ်လာမယ်၊ နောက်ကျ တော့ မေမေ့ကို ဒုက္ခ ပေးတဲ့သမီး၊ သမီးတစ်ယောက်ရလာ ဦးမယ်'

မြကေခိုင်သက်က 'မေမေက ကြင်နာလဲကြင်နာတတ်တယ်၊ ဉာဏ်လည်းကောင်းတယ်၊ သိတတ်မြင်တတ်တယ်၊ ဒါပေမယ့် မေမေဟာ မပျော်ခဲ့ပါဘူး၊ သမီးသိပါတယ်၊ မေမေဟာ အမြဲ တမ်း စိတ်မချမ်းမသာ ဖြစ်နေတာပါ၊ ဘာဖြစ်လို့ ဒီဖြစ်ရိုး ဖြစ်စဉ်တွေ လျှောက်ပြောနေတာလဲ ပြောစမ်းပါဦး'

ဒေါ်ယုယုသည် စကားပြောရန် ကြိုးစားသည်။ သို့သော် စကားတစ်လုံးမှ ထွက်မလာ၊ ရှိုက်ငိုကာ သမီးအခန်းထဲမှ ထွက် သွားသည်။ ခေါင်းသံမှ တဖန် သီချင်းညည်းသံ ဘယ်သံ ညြညြကြီး ထွက်ပေါ်လာပြန်သည်။ မြကေခိုင်သက် ရုတ်တရက် တော့ ထိတ် လန့် သွားသည်။ သူမသည် အိပ်ရာမှ ဆတ်ခနဲ ခုန် ထကာ မေမေ ယုအခန်းသို့ ပြေးထွက်သွားသည်။ ဒေါ်ယုယု မှာ ငိုထားသဖြင့် မျက်လုံးများ ရောင်ရမ်းနေကာ အိပ်ရာ ပေါ်၌ စောင်အပြာကြီး လွှမ်းခြုံကာ လှဲရင်း လက်ကလည်း စာအုပ်တစ်အုပ်ကိုင်လျက် ဖြစ်နေသည်။

'မေမေ. . . သမီးပြောတာ နားထောင်ပါဦး၊ သမီးကို နား လည်စမ်းပါ မေမေရယ်၊ စဉ်းစားပါဦး၊ သမီးတောင်းပန် ပါတယ်၊ သမီးတို့ဘဝဟာ ဘယ်လောက် လျှောကျနိမ့်ဆင်း နေသလဲဆိုတာ စဉ်းစားကြည့်ပါဦး၊ သမီးအခုမျက်လုံးပွင့် သွားပြီ၊ အခု အကုန်လုံးကို ကြည်ကြည်လင်လင် မြင်ရပြီ၊ မေမေ့ ကိုအေးစက်ကတော့ ဘယ်လို လူလဲသိလား၊ နည်းနည်း မှ ဥာဏ်မရှိဘူး မေမေရယ်၊ အို. . . ဘုရားသခင်၊ စဉ်းစားပါ မေမေရယ်၊ ဒီလူက မိုက်မဲတယ်၊ တုံးတယ်'

ဒေါ်ယုယုသည် ဆတ်ခနဲ ထလိုက်သည်။

'ညည်းဘွားဘွားနဲ့ ညည်းက ကျုပ်ကို နှက်နေတာပဲ'ဟု ရှိုက်သံဖြင့် ပြောနေသည်။

'ငါနေချင်သေးတယ်. . .၊ ငါ နေချင်သေးတယ်. . .'ဟု ထပ်ကာထပ်ကာ ပြောပြီး ရင်ဘတ်ကို လက်နှင့်ထုလျက် 'ငါ့ကို လွတ်လပ်ခွင့်မပေးချင်ဘူးလားကွယ်၊ မေမေဟာ ငယ်

သေးတယ်၊ လူ့ဘဝကို နေချင်သေးတယ်ကွယ်၊ သမီးက မေမေ့ကို အမယ်အိုကြီး ဖြစ်အောင် လုပ်နေတာ'

ဒေါ်ယုယုသည် သည်းထန်စွာ ရှိုက်ငိုကာ ကိုယ်ကို လှဲချလိုက်ပြီး စောင်တွင်လှိမ့်ကာ ပတ်သည်။ သနားစရာ မိုက်မဲလှပါဘိ။ မြကေခိုင်သက်သည် သူ့အခန်းသို့ ပြန်သွားကာ အဝတ်လဲသည်။ ထို့နောက် ပြတင်းပေါက်နားသွားပြီး မိုးလင်းရန် စောင့်စားနေ လိုက်သည်။ တစ်ညလုံးထိုင်ကာ တွေးတောနေ၏။ တစ်စုံ တစ် ယောက်က တရုတ်ကပ်ပြားအပြင်မှ ခေါက်ကာ လေချွန်နေသလို မှတ်ထင်ရလေသည်။

နောက်တစ်နေ့ နံနက်၌ ဘွားသူဇာက မိုးသည် သစ်တော်သီးများကို ချွေချပစ်ကြောင်း၊ ဆီးသီးပင် ကိုင်းကြီးကို ချိုးဖဲ့ပစ်ကြောင်း၊ ညည်းတွား ပြောဆိုနေသည်။ ဝေမှိုင်းသော၊ မိုးခိုး ရောင်လွှဲသော၊ ရွှင်လန်းခြင်းကင်းမဲ့သော နံနက်ခင်း။ မနက်ခင်း မှာပင် မီးအိမ်ထွန်းညှိရသော နေ့မျိုး။ လူတိုင်းက ချမ်းအေးခြင်းကို ညည်းညူကြရသည်။ မိုးရေစက်များသည် ပြတင်းမှန်တံခါးကို ရိုက်ခတ်နေကြသည်။ နံနက်စာ စားပြီးသောအခါ မြကေခိုင် သက်သည် မောင်တင့်မော် အခန်းသို့ သွားကာ ဘာစကား တစ်ခွန်း မျှ မပြောဘဲ အခန်းထောင့်ရှိ ကုလားထိုင်တစ်ခု ရှေ့၌ ဒူးထောက် ထိုင်ချပြီး မျက်နှာကို လက်ဝါးနှင့် အုပ်ထားသည်။

'ဘာဖြစ်လို့လဲဟင်'ဟု မောင်တင့်မော်က မေးလိုက်သည်။

'ကျွန်မတော့ ဒီအတိုင်းမနေနိုင်တော့ဘူးရှင်၊ ဘယ်နည်းနဲ့မှ နေနိုင်မှာ မဟုတ်တော့ဘူး အရင်က ဒီမှာ နေခဲ့ရတာကိုတောင် ဘာဖြစ်လို့ နေမိပါလိမ့်လို့ နားမလည်တော့ဘူး၊ ကျွန်မနဲ့ စေ့စပ် ထားတဲ့လူကိုလည်း ရွံတယ်၊ ကိုယ့်ကိုယ်လဲ ရွံတယ်၊ ကျွန်မ ဘဝတစ်ခုလုံးကိုလဲ ရွံတယ်၊ အနှစ်သာရမရှိတဲ့ ဘဝတစ်ခုလုံး. . .'

မောင်တင့်မော်က စကားကိုဖြတ်ကာ သူမ ပြောသမျှအား လုံး နားမလည်ခင်ကပင် 'ဟုတ်ကဲ့. . . ကိစ္စမရှိပါဘူး၊ ဖြစ်ပါတယ်'

'မြကေခိုင်သက်က ဆက်လက်၍ 'ဒီဘဝကို ကျွန်မတော့ သိပ်မုန်းတာပဲ၊ တစ်ရက်တောင် ကျွန်မတော့ သည်းမခံနိုင်တော့ဘူး ရှင်၊ မနက်ဖြန်ပဲ ကျွန်မထွက်တော့မယ်၊ ရှင်သွားရင် ကျွန်မကို ခေါ်သွားပါလားရှင်'

မောင်တင့်မော်သည် အံ့ဩခြင်းဖြင့် မြကေခိုင်သက်ကို စိုက်ကြည့်နေသည်။ နောက်ဆုံး၌တော့ မောင်တင့်မော်သည် အမှန်တရား လင်းအရုဏ်ရောင်ခြည်ကို ခံစားလိုက်သည်။ သူသည် ကလေးငယ်ကဲ့သို့ ပျော်သွားကာ လက်များကို ဝှေ့ယမ်းမြှောက်လိုက် သည်။ ဝတ်ထားသော ရှေ့ထိုးဖိနပ်ကိုလည်း ဖွဖွလေးနင်းကာ ရှပ်တိုက်လှုပ်ရှားပြီး က,ခုန်နေသည်။ ပျော်မြူးသွားသဖြင့် က, တာမျိုး။

သူသည် လက်များကိုပွတ်ကာ 'သိပ်ကောင်းတာပဲဟေ့နော်. . . အို. . . ဘုရားသခင်၊ လှပတင့်တယ်ပါပေ၏ တကား'

မြကေခိုင်သက်သည် မျက်လုံးကိုဖွင့်ကာမျက်တောင်မခတ်ဘဲ သူ့ကိုစိုက်ကြည့်နေသည်။ ချစ်မေတ္တာအပြည့်၊ သူ့ကို စွဲငြိသွားသလို၊ တစ်စုံတစ်ရာ အရေးပါသော၊ အဓိပ္ပာယ်ရှိသောစကားတစ်ခွန်း ထွက်လာမည်ကို စောင့်စားနေမိသည်။ သူကမြကေခိုင်သက်ကို ဘာမျှတော့ မပြောခဲ့သေး။ သို့သော် သူ့ထံမှ အသစ်အဆန်း တစ်ခု၊ ကျယ်ပြန့်သော၊ အရင်က မထင်ခဲ့ဖူးသော တစ်စုံတစ်ရာ ရမည်ဟု ခံစားနေသည်။ သူ့ကိုမျှော်လင့်ချက် အပြည့်ဖြင့်ကြည့်နေမိသည်။ ဘာမဆို အဆင်သင့်။ သေခိုင်းဦးတော့. . . .

မောင်တင့်မော်သည် အနည်းငယ် ရပ်နေပြီးမှ. . .

'ကျွန်တော် မနက်ဖြန် သွားတော့မယ်၊ ကျွန်တော့်ကိုနှုတ် ဆက်ရင်း ဘူတာကို လာခဲ့ပေါ့၊ သက်ပစ္စည်းတွေကိုကျွန်တော့် သေတ္တာကြီးထဲ ထည့်ယူလာခဲ့မယ်၊ သက်အတွက်လဲလက်မှတ် ယူထားမယ်၊ တတိယခေါင်းလောင်းထိုးတော့ သက်တွဲပေါ်တက်ခဲ့၊ ဟုတ်လား၊ ရတနာပုံအထိ ကျွန်တော်နဲ့အတူလိုက်ခဲ့၊ ရာမညဝတီ မြို့ကိုတော့ သက်ဘာသာ သွားပေါ့၊ မှတ်ပုံတင်ရှိတယ် မဟုတ်လား'

'ရှိပါတယ် ရှင်'

မောင်တင့်မော်ကား စိတ်အားထက်သန်စွာပင်. . .

'သက် ဘယ်တော့မှ ကိုယ်လုပ်မိတာကို ဝမ်းနည်းမိမှာမဟုတ်ပါဘူး၊ နောင်တရမှာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ပြော ရဲပါတယ်၊ တကယ်ပါ၊ ဒီကထွက်သွားပြီး လေ့လာဆည်းပူးပါ၊ နောက် ကိုယ့်လမ်းကြောင်းပေါ် ကိုယ်ရောက်

သွားမှာပါ၊ ကိုယ့်ဘဝ ကို ထက်အောက် ပြောင်းပြန် လုပ်ပစ်လိုက်ရင် အားလုံးဟာ ပြောင်းလဲသွားမှာပါ၊ တကယ့်မဟာလုပ်ငန်းက သက်ဘဝကို ပြောင်းပြန်လှန်ပစ်လိုက်ခြင်းပါ၊ တခြားဘာမှ မဟုတ်ဘူး၊ ကဲ. . . ကျွန်တော်တို့ မနက်ဖြန်ထွက်ကြမယ်'

'ဟုတ်တယ်၊ ဘုရားသခင် ကိုယ်တော်အတွက်'

မြကေခိုင်သက်သည် များစွာစိတ်လှုပ်ရှားတက်ကြွနေကာ သူမ၏ရင်သည် အရင်က ခုလောက်မလေးပင်ခဲ့သည်ကို တွေးမိနေသည်။ ယခုလို ထွက်ခွာခါနီးအချိန်၌ သူမသည် ဝေဒနာခံစားစိတ် ဖြင့် ထုထောင်းညှဉ်းပန်းခြင်းခံရမည်ဟု ထင်မိသည်။ သို့သော် အခန်းပြန်ရောက်ပြီး အိပ်ရာထဲ လှဲချလိုက်သည်နှင့် တစ်ခါတည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားတော့သည်။ မျက်နှာ၌ မျက်ရည် စများစွန်းပေကာ နှုတ်ခမ်းပေါ်၌ အပြုံးရိပ် သမ်းနေလျက်၊ နောက်တစ်နေ့ နံနက်အထိ။

* * *

(၅)

မြင်းရထား ရောက်လာသည်။ မြကေခိုင်သက်သည် စိန်ကတ္တီပါ အနွေးထည်၊ ဖဲပုဝါ ခေါင်းစည်း ဆင်ယင်လျက် အပေါ်ထပ် တက်သွားသည်။ နှစ်ပေါင်းများစွာ အတူနေခဲ့သော သူ့အမေအား နောက်ဆုံး ကြည့်ချင်သေးသည်။ သူမ အခန်းသို့ဝင်ကာ ခုတင်ဘေး ၌ ရပ်နေသည်။ မွေ့ရာများ ပူနွေးလျက် ရှိနေသေးသည်။ ထို့နောက် အသာကလေး မေမေယုအခန်းသို့ သွားသည်။ ဒေါ်ယုယုကား အိပ်တုန်း၊ အခန်းများ တိတ်ဆိတ်လျက်ရှိပေသည်။ မေမေယု၏ ပါးကို ရွှတ်ခနဲအသာနမ်းကာ ဆံပင်ကို သပ်ပေးပြီးနောက် မြကေခိုင်သက်သည် တစ်မိနစ်၊ နှစ်မိနစ်ခန့် ရပ်နေမိသည်။ ထို့နောက် အသာဖြည်းညင်းသော ခြေလှမ်းဖြင့်လှမ်းကာ အောက်ထပ်သို့ ဆင်းသွားသည်။

မိုးသည် ပြင်းထန်စွာတရစပ် ရွာသွန်းလျက် ရှိသည်။ ရေစက်လက်နှင့် မြင်းရထားသည် ဆင်ဝင်အောက်၌ ရပ်လျက် ရှိသည်။

မြင်းရထားထဲသို့ အခိုင်းအစေများက သေတ္တာပစ္စည်းများ တင်နေသောအခါ ဘွားသူဇာက. . .

'ဟဲ့. . . မြကေခိုင်၊ ထိုင်စရာတောင် နေရာမရှိတော့ပါလား၊ ဝန်စည်စလွယ်တွေနဲ့ ပြည့်ကြပ်နေပြီ၊ လိုက်ပို့လို့ဖြစ်ပါ့မလား ဟယ်၊ မိုးတွေလေတွေကလဲ သဲသဲမဲမဲ၊ ကြည့်စမ်းပါဦး၊ ဒီလို ရာသီမျိုးနဲ့များ လိုက်ပို့ချင်ရတာ အံ့ပါရဲ့ဟယ်'

မြကေခိုင်သက်က တစ်စုံတစ်ရာ ပြောရန် ကြိုးစားသည်။ သို့သော် မပြောနိုင်။ မောင်တင့်မော်က ရထားပေါ်သို့ မြကေခိုင် သက်ကို ခေါ်သည်။ သူသည် မြကေခိုင်သက်ဘေး၌ ဝင်ထိုင်လိုက် သည်။

ဘွားသူဇာက ဆင်ဝင်ထိပ်မှနေ၍ လှမ်းအော်လိုက်သည်။

'သွားပေတော့ ကိုကိုတင့်ရေ၊ ဘုရားသခင် စောင့်ရှောက်တော်မူပါစေ'

မောင်တင့်မော်က မြကေခိုင်သက်ဘက်လှည့်ကာ-

'ကြည့်စမ်းပါဦး၊ ရာသီဥတုကလဲ'

သည်တော့မှ မြကေခိုင်သက်သည် ငိုကြွေးစပြုတော့သည်။ တကယ် ထွက်ခွာလာပြီဆိုတာ သိရှိလာသည်။ သွားမည်ဟု ယုံပင် မယုံစရာ၊ ဘွားသူဇာအား နှုတ်ဆက်စဉ်၊ သို့မဟုတ် မေမေယု အပါး၌ ရပ်နေစဉ်ပင် သွားရမည်ဟုမယုံသေး။ နေရစ်ပေတော့ သာဂရမြို့ကလေးရေ။ အရာအားလုံးတို့သည် သူမ

ထံသို့ တစ်ဟုန် ထိုး ရောက်လာကြပေသည်။ ကိုအေးစက်။ သူ့ဖခင်။ အိမ်သစ်။ ပန်းအိုးနှင့် ဝတ်လစ်စလစ် အမျိုးသမီး။ သို့သော် အရာ အားလုံး တို့သည် သူမကို ကြောက်စရာမကောင်းစေတော့။ မဖိစီးတော့။ သာမန်ရိုးရိုးအသေးအမွှားလေးမျှသာ၊ အတိတ်ဆီသို့ နောက်ဆုတ် သွားကြပေပြီ။ ရထားထဲသို့ရောက်သွားကာ မီးရထား ထွက်စပြု လာသောအခါမူ ဤကြီးမား၍ အရေးပါသော အတိတ် အားလုံး တို့သည် အတုံးသေးသေး၊ အတုံးကလေးအဖြစ်သို့ ရှုံ့ဝင်သွားကာ ပြတ်သား ထင်ရှားခြင်း နည်းသေးသော၊ ကျယ်ပြန့် သော အနာဂတ် သည် သူမရှေ့၌ ပွင့်လင်းလျက် ရှိနေပေပြီ။ ရထားပြတင်း၌ မိုးရေစက်များရိုက်ပက်နေကြသည်။ ဘာမျှ မမြင်ရ။ စိမ်းသော လယ်ကွင်းများ၊ တရိပ်ရိပ် ဖြတ်သန်းသွားသောကြေးနန်းခေတ်တိုင်များ၊ သံကြိုးပေါ်၌ နားနေသော ကြေးငှက်များသာတွေ့ရသည်။ ရွှင်လန်းမှုအားကြောင့် ရုတ်တရက် အသက်ရှူလို့ပင် မရ။ သူမသည် လွတ်လပ်တော့မည်ဆိုတာကို သတိရလာသည်။ လေ့လာဆည်းပူးရတော့မည်။ ရှေးစကားကတော့ ‘ရပ်ရွာကခွာ၊ တက္ကသိုလ်ကို၊ ပညာသင်သွား’။ သူမသည် ရယ်မောကာ၊ ငိုရှိုက် ကာ၊ ဆုတောင်းကာ။

မောင်တင့်မော်က ပြုံးကာ. . .

‘ကောင်းတယ်၊ ရောက်လာတာ ကောင်းတယ်’

* * *

(၆)

မိုးနှောင်း ကုန်လွန်သောအခါ ဆောင်းဟေမန္တ ရောက်လာသည်။ မြကေခိုင်သက်သည် အိမ်လွမ်းစိတ် ပြင်းပြလာကာ နေ့တိုင်း ပင် မေမေယုနှင့် ဘွားသူဇာကို သတိရနေပေသည်။ မောင်တင့်မော် ကိုလည်း သတိရပါသည်။ အိမ်ကလာသော စာများ မှာ လက်ခံခြင်း၊ ကြင်နာခြင်းများ ပါသည်။ အရာအားလုံးကို ခွင့်လွှတ်ကာ မေ့ ပျောက်ထားကြသည်။ ပထမနှစ်ဝက် စာမေးပွဲ အောင်မြင်ပြီး နောက် ကျန်းမာပျော်ရွှင်စွာ အိမ်သို့ပြန်လာသည်။ ရတနာပုံမြို့ ခရီးဖြတ်ကာ မောင်တင့်မော်နှင့် တွေ့သည်။ သူကား မနှစ်က ကဲ့သို့ပင် မုတ်ဆိတ်မွေးနှင့်၊ မသပ်မရပ်၊ ပွယောင်းယောင်း၊ ရှေးဟန် ကုတ်အင်္ကျီရှည်ကြီးနှင့်။ ဘောင်းဘီက အထည်ကြမ်း အရင်က အတိုင်းပင်။ မျက်လုံး

များက ကျယ်ကာ လှပလျက်။ သို့သော် သူ့ကြည့်ရသည်မှာ မကျန်းမာပုံ၊ သောကရောက်နေပုံပေါက်နေသည်။ ပို၍အိုမင်းလာကာ ပိန်၍လည်းလာသည်။ ဆက်တိုက် ချောင်းဆိုးတတ်သည်။ မြကေခိုင်သက်အဖို့ကား သူသည် ညစ်ပတ် ပေရေကာ တောဂိုက်ပေါက်နေသည်။

'ဘာဖြစ်နေတာလဲ၊ မြကေခိုက်သက်ပေ့ါ၊ကျွန်တော့်ချစ်ချစ် ကျွန်တော့ကလေးမ' ဟု မောင်တင့်မော်က ရွှင်ပျစွာရယ်မောပြီး နှုတ်ဆက်လိုက်သည်။

ဆေးတံမီးခိုးနှင့် ပုံနှိပ်မင်နံ့နံသော ဆေးဆိုးပန်းရိုက်ပန်းချီအလုပ်ခန်းထဲသို့ သူတို့နှစ်ယောက်သည် အတူ ထိုင်လျက်ရှိ ကြသည်။ ထို့နောက် သူတို့သည် မောင်တင့်မော်၏ အခန်းသို့ သွားကြသည်။ သူ့အခန်းမှာလည်း ဆေးလိပ်နံ့နံကာ ရှုပ်ပွေ ညစ် ပတ်ဖွာလန်ကြဲနေ၏။ စားပွဲပေါ်၌ကား ကွဲနေသော ပန်းကန်ပြား အပေါ်၌ စက္ကူအမည်းတစ်ရွက် တင်လျက်။ စားပွဲပေါ်နှင့် ကြမ်းပြင်ပေါ်တွင် ယင်ကောင်အသေများ။ ဤအရာ အားလုံးက မောင်တင့်မော်သည် သူ၏ ပုဂ္ဂလိကဘဝကို ဂရုမစိုက်ဘဲ အမြဲ တမ်း ပစ်စလက်ခတ် ဗလပွနေထိုင် စားသောက်ပုံကို ဖော်ပြနေ သည်။ အကယ်၍ တစ်စုံတစ်ယောက်က သူ တစ်ယောက်၏ ပျော် ရွှင်ချမ်းမြေ့မှု နှင့် ပုဂ္ဂလိက ဘဝ အကြောင်းပြောခဲ့လျှင် သူ့ကို ချစ်မည့်သူ မရှိဘူးလားဟု မေးခဲ့လျှင် သူကမဖြေတတ် ဖြစ်ရကာ ဘာကိုဆိုလိုသလဲဟုဆိုကာ ရယ်မောပစ်လိုက်ပေမည်သာ။

မြကေခိုင်သက်က. . .

'အားလုံး အကုန်ကောင်းမွန်စွဲပဲ ပြီးဆုံးကွန်လွန်သွားပါပြီရှင်၊ မေမေ ရာမညဝတီကို လာတယ်၊ မိုးနှောင်းရာသီကပေါ့၊ မေမေက ပြောတယ်၊ ဘွားသူဇာက စိတ်မဆိုးပါဘူးတဲ့၊ ဒါပေမယ့် ကျွန်မအခန်းကို အမြဲတမ်းသွားပြီး နံရံတွေပေါ်မှာ ဘုရားရှင်တော် အမှတ်အသားတွေ ကပ်ထားတယ်တဲ့'

မောင်တင့်မော်က ဝမ်းသာကျေနပ်စွာ သူ့ကိုကြည့်နေသည်။ သို့သော်သူသည် ချောင်းဆိုးကာ အသံအက်အက်ဖြင့် ပြောသည်။ မြကေခိုင်သက်ကတော့ သူတကယ်ပဲ နေမကောင်းဖြစ်နေတာလား၊ သို့မဟုတ် စိတ်ကထင်နေတာလားဟု အံ့သြနေသည်။

'ကိုကိုတင့်. . . ရှင် နေမကောင်းဘူးလား'

'နည်းနည်းပါးပါးပါ၊ သိပ်အရေးမကြီးပါဘူးဗျာ၊ သိပ်မဟုတ်ပါဘူး'

မြကေခိုင်သက်က လှုပ်ရှားသော အသံဖြင့်. . .

'ဘာဖြစ်လို့ ဆရာဝန်နဲ့မပြရတာလဲရှင်၊ ဘာဖြစ်လို့ ကိုယ့်ကျန်းမာရေးကို ဂရုမစိုက်ရတာလဲ ကိုကိုတင့်၊ သက်ချစ်ချစ်ရယ်'ဟု တိုးညင်းစွာပြောကာ မျက်လုံးအိမ်တွင် မျက်ရည်များစီးကျလာသည်။ မောင်အေးစက်၊ ပန်းအိုးနှင့် ဝတ်လစ်စလစ်အမျိုးသမီးနှင့် သူမ၏ ကလေးငယ်ဘဝကဲ့သို့ အဝေးကြီးတွင် ကျန်ရစ် ခဲ့ပြီဖြစ်သော အတိတ်အားလုံးသည် သူမ၏ရှေ့စိတ်ကားချပ်ထဲ၌ ပေါ်လာကြကုန်သည်။ သူမသည် ရှိုက်ငိုလိုသည်။ ဘာကြောင့်လဲ ဆိုတော့ မောင်တင့်မော်မှာ မနှစ်တုန်း

ကကဲ့သို့ ပင်ကိုယ် ကောင်း သော၊ ဉာဏ်ထက်မြက်သော၊ စိတ်ဝင်စားစရာ ကောင်းသောသူ၊ မဟုတ်တော့ပြီကော။

'ကိုကိုတင့်ရယ်. . . ရှင်လေသိပ်ကိုမမာမကျန်းဖြစ်နေပြီပါလားကွယ်၊ ဒီလောက် ပျော့တော့တော့ ဖြစ်အောင်၊ ပိန်ကျလာအောင် မဖြစ်အောင် ဘာဖြစ်လို့များ ဘာမှမလုပ်မိပါလိမ့်နော်၊ ရှင့်ကျေးဇူးတွေ ကျွန်မမှာ အများကြီးရှိ တယ်၊ ရှင်ကတော့ ကျွန်မ အတွက်အများကြီး လုပ်ပေးတယ်ဆိုတာ သိမှသိပါလေစ၊ ကိုတင့် မော် ချစ်ချစ်ရယ်၊ ကျွန်မတစ်သက်မှာ ရှင်ဟာ ကျွန်မရဲ့ အရင်းနှီး ဆုံး အချစ်ခင်ဆုံးသူပါရှင်'

သူတို့သည် ထိုင်ကာစကားပြော၍ ပြောနေကြပေသည်။ ယခုအခါ ရာမညဝတီ ဆောင်းရာသီအလွန်၌ သူပြောသမျှအား လုံး၊ သူ့အပြုံးလည်းကောင်း၊ သူ့တစ်ကိုယ်လုံးလည်းကောင်း တစ်စုံတစ်ရာ ခေတ်နောက်ကျ ကျန်နေတာ၊ ရှေးဆန်နေတာ၊ ပြီးဆုံးနေတာ၊ တစ်စုံတစ်ရာ ဆိုပါတော့၊ သချိုင်းထဲ၌ တစ်ဝက် ရောက်နေတာတွေ ရှိနေပါကလားဟု ခံစားနေမိသည်။

မောင်တင့်မော်က. . .

'သန်ဘက်ခါကို သံလွင်မြစ်ရိုးတစ်လျှောက်ခရီးထွက်လိုက် ဦးမယ်၊ နောက်ပြီး တစ်နေရာသွားပြီး နို့ချဉ်စတုမဓူခဲတွေစားရ မယ်၊ ကျွန်တော် နို့ခဲ စားချင်နေတယ်၊ ကျွန်တော့်သူငယ် ချင်းနဲ့ သူ့အမျိုးသမီးလဲပါမယ်။ သူ့အမျိုးသမီးက သိပ်အံ့သြဖို့ ကောင်းတာဗျ၊ သူ့ကိုလဲ အိမ်ကထွက်ပြီး လေ့လာ

ဆည်းပူးဖို့ သွေး ဆောင်နေရ တာ၊ သူ့ဘဝကို ထက်အောက် ပြောင်းပြန် လှန်ပစ်စေချင်တယ်’

သူတို့သည် စကားပြောကြပြီးနောက် ဘူတာရုံသို့ ဆင်းခဲ့ကြပေသည်။ မောင်တင့်မော်က သူ့ကို လက်ဖက်ရည် တိုက်သည်။ သစ်တော်သီးများ ဝယ်ပေးသည်။ ရထားထွက်သော အခါ သူသည် ပြုံးကာ လက်ကိုင်ပဝါနှင့် ဝှေ့ယမ်းပြသည်။ သူ၏ခြေထောက်များ မတ်တတ်ရပ်လျက်ကို ကြည့်ခြင်းအားဖြင့် သူဘယ်လောက် မမာနေသည်ဆိုတာကို မြကေခိုင်သက် ကောင်းစွာမြင်နိုင်သည်။ သူကြာကြာခံလိမ့်မည်မထင်။

နောက်တစ်နေ့ နေမွန်းတည့်ချိန်၌ မြကေခိုင်သက်သည် သူ့မွေးရပ် သာဂရမြို့သို့ ရောက်သွားသည်။ ဘူတာရုံမှ နေအိမ်သို့ ရထားစီးလာသောအခါ လမ်းများမှာ အချိုးမညီမျှစွာကျယ်နေ သည်။ အိမ်များမှာ သေးငယ်နေကာ ပြားချပ်နေသည်ဟု မှတ်ထင် ရပေသည်။ လမ်းတွင် ဘယ်သူနှင့်မျှ မတွေ့။ လူတစ်ယောက်သာ သူတွေ့သည်။ သူက စန္ဒရား ကြိုးညှိဆရာ ဂျာမန်လူမျိုး။ အပေါ် အင်္ကျီဟောင်းကြီး ချေးလက်နှစ်သစ်နှင့်။ အိမ်များမှာ ဖုန်မှုန့်များ ကပ်ထူလျက်။ တကယ်အိုနေပြီဖြစ်သော ဘွားသူဇာမှာ အရင်တုန်း ကကဲ့သို့ပင် တောင့်တောင့်။ မြကေခိုင်သက်ကိုဖက်ကာ အတော် ကြာ ငိုနေသည်။ မြကေခိုင်သက် ပခုံးတွင် သူမ၏ပါးအပ်လျက်။

သူ့မြေးမနှင့် မခွဲနိုင်သကဲ့သို့၊ ဒေါ်ယုယုမှာလည်း တော်တော်အိုစာသွားကာ ကျုံ့ဝင်သွားသည်ဟု မှတ်ထင်ရသည်။

သို့သော် ဇာအကျီဝတ်မြဲဝတ်ကာ လက်မှ စိန်ရောင်များ ဝင်း ပလျက် ရှိနေမြဲ။

ဒေါ်ယုယုသည် ကိုယ်များ ယိမ်းလှုပ်ကာ. . .

'မေမေ့သမီး။. . . မေမေ့ချစ်ချစ်'

ထို့နောက် သူတို့သည် ထိုင်ကြကာ တိတ်ဆိတ်စွာ ငိုကြွေး ကြသည်။ တကယ်ကတော့ ဘွားသူဇာနှင့် မေမေယုတို့သည် အတိတ် ကား ပြန်မမြင်ရအောင် ဆုံးရှုံးခဲ့ကြကြောင်း နားလည် သိရှိကြပေပြီ။ သူတို့၏ လူမှုဆက်ဆံရေးအနေအထား၊ သူတို့၏ ထူးခြားသော ဂုဏ်ပုဒ်၊ သူတို့၏ ဩဇာသည်များကို ဖိတ်ကြား သော အခွင့်အရေး များကား ဆုံးရှုံးခဲ့ကြပေပြီ။ အေးအေး သက်သာ လွတ်လပ်စွာ၊ အပူအပင်ကင်းမဲ့စွာ နေထိုင်နေကြစဉ် တစ်ညနေ ရဲတို့သည် အိမ်ကို တက်ရှာကာ ငွေကြေးအလွဲသုံးစား မှု၊ သို့မဟုတ် လိမ်လည်မှု တစ်ခု တွေ့ရသောအခါ လူများခံစား ရသလို သူတို့သည် ခံစားလျက် ရှိကြ ပေသည်။ သွားရစ်ပေ တော့။ အေးအေးသက်သာ လွတ်လပ်သော၊ အပူပင်ကင်းမဲ့ သောဘဝ။

မြကေခိုင်သက်သည် အပေါ်ထပ် သူ့အခန်းသို့ တက်သွား သည်။ အိပ်ရာမှ အရင်အတိုင်း။ မှန်ပြတင်း ခန်းစည်းစက လည်း ယခင်ကအတိုင်း တည်ငြိမ်လေးနက်သော အဖြူရောင် ပင်။ ပြတင်း ပေါက်ကနေကြည့်လျှင် မြင်ရသော ရှုခင်းမှာလည်း ယခင်က အတိုင်းပင်။ နေရောင်သည် ဖိတ်လျံကျနေသော ရွှင်ပျ ဆူ ညံလျက် အသက်ဝင်နေပေသည်။ သူမသည် သူမ၏ စာရေး စားပွဲကို ထိ ကိုင်ကာ ထိုင်ပြီး ငေးမောတွေးတော မေ့လျော့

နေမိသည်။ သူမ သည် ကောင်းမွန်သော ညစာစားသည်။ ပြီးနောက် အရသာ ရှိသော မလိုင်ကိတ်မုန့်ဖြင့် လက်ဖက်ရည် သောက်သည်။ သို့သော် တစ်ခုခုကား လိုနေပေသည်။ အခန်း များမှာ မပြည့်စုံ။ မျက်နှာ ကျက်တို့မှာ နိမ့်နေကာ သူမကို လာရိုက်နေသည်။ ညဘက် အိပ်ရာ ဝင်ပြီး စောင်ခြုံလိုက်သော အခါ ယခုလို နွေးထွေး၍ နူးညံ့ အိစက် လွန်းသော အိပ်ရာ၌ လဲလျောင်းနေရသည်မှာ ရယ်စရာ ကောင်းသေးတော့။

ဒေါ်ယုယုသည် ခဏဝင်လာကာ အိပ်ရာဘေး၌ထိုင်လိုက် သည်။ အပြစ်ရှိသူကဲ့သို့ တုန်ရီနေကာ ဖရိုဖရဲအကြည့် ဖြင့် ကြည့်နေပေသည်။

'သမီး ခိုင်လေး. . ဘယ့်နှယ်လဲ၊ ပျော်ရဲ့လား၊ တကယ့်ကို ပျော်ရဲ့လားဟင်'

'ပျော်ပါတယ် မေမေ'

ဒေါ်ယုယုသည် ထလိုက်ကာ မြကေခိုင်သက်နှင့် ပြတင်း ပေါက်ပေါ်၌ ဘုရားရှင်တော်အား ပူဇော်ဟုန် လက်ယှက် အမှတ် အသား လုပ်ပြသည်။

'မေမေတော့ ဘာသာရေးဘက် လိုက်တော့မယ်၊ အခု ဒဿနဗေဒတွေ လေ့လာနေတယ်၊ အဲဒီတော့ တွေးတောနေ တာ များတယ်၊ အခုတော့ အရာအားလုံးဟာ နေအရောင်လို ကြည်လင် ပြတ်သားနေပြီ သမီး၊ အရေးအကြီးဆုံးကတော့ လူ့ဘဝဆိုတာကို မှန်ကူကွက်ကနေ ကြည့်သလို မြင်ရမယ် ခိုင်လေး'

'မေမေ. . ဘွားသူဇာကော ဘယ့်နှယ့်လဲ'

'ကောင်းပါတယ်၊ သမီးမောင်တင့်မော်နဲ့လိုက်သွားပြီး သမီးဆီက သံကြိုးစာဖတ်ရတော့ မေမေကြီးက တစ်ခါတည်း လဲကျသွားတာပါပဲ၊ သုံးရက်လုံးလုံး မလှုပ်မယှက် အိပ်ရာထဲ လဲနေတယ်၊ ပြီးနောက်တော့ငိုတယ်၊ ဘုရားမှာဆုတောင်း တယ်၊ အခုတော့ ကောင်းသွားပြီလေ'

မြကေခိုင်သက်သည် ထကာ အခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။

ဇေတဝန်ကျောင်းတိုက်မှ ကုလားတက်ခေါက်သံ ထွက် ပေါ်လာသည်။

'အရေးအကြီးဆုံးကတော့ လူ့ဘဝကို မှန်ကူကွက်ကနေ ကြည့်သလို မြင်ရမယ်သမီး၊ တစ်နည်းပြောရရင် မေမေတို့ရဲ့ လူ့ အသိစိတ်ကို ခွဲခြမ်းစိတ်ဖြာပြီး ပြင်ကြရမယ်၊ မှန်ကူကွက် ကနေ ကြည့်ရင် အလွယ်ဆုံးအရင်းခံ ဒြပ်စင်တွေနဲ့ပေါင်းစပ် ထားတာ၊ အခြေခံ ခုနစ်ရောင်လိုပေ့ါ သက်တန့်ရောင်ကို တစ်ရောင်စီ၊ တစ်ရောင်စီ လေ့လာစူးစမ်းရမယ်'

ဒေါ်ယုယု ဘာတွေဆက်ပြောနေတယ်၊ ဘယ်တုန်းက ထွက် သွားတယ်ဆိုတာ မြကေခိုင်သက်သတိသည် မသိလိုက်။ အိပ်ရာ ပေါ် ခေါင်းချသည်နှင့် အိပ်ပျော်သွားတော့သည်။

မေလကုန်လွန်သွားကာ ဇွန်လဆန်းလာသည်။ မြကေခိုင် သက်မှာ အိမ်၌နေရတာ အသားကျလာပေပြီ။ ဘွားသူဇာ သည် ငွေလက်ဖက်ရည် ကရားကြီး ရှေ့အပါး၌ ထိုင်နေကာ၊ လက်ဖက် ရည်ငှဲ့သောက်ပြီး သက်ပြင်းရှည်ကြီး ချတတ်သည်။ ညဘက်၌ ဒေါ်ယုယုသည် သူမ၏ ဒဿနဗေဒအကြောင်းပြော

သည်။ သူမ သည် မှီခိုသူအဖြစ်ပဲနေကာ တစ်ကျပ်တစ်ပြားလို လျှင် ဘွားသူဇာ ထံတောင်းသည်။ အိမ်မှာ ယင်ကောင်များ ဖြင့် ပြည့်နေကာ မျက်နှာ ကျက်သည် တစ်နေ့တခြားနိမ့်ကျ လာသည် မှတ်ထင်ရသည်။ ဘွားသူဇာနှင့် ဒေါ်ယုယုသည် အိမ့်ပြင်ကို မထွက်ကြ။ မောင်အေး စက်နှင့် ဘုရားဒကာ ဦး အောင်ပွင့်တို့နှင့် တွေ့မှာ စိုး၍ ဖြစ်သည်။ မြကေခိုင်သက်သည် ပန်းခြံထဲနှင့် လမ်းဝ၌ လမ်းလျှောက်သည်။ အိမ်များနှင့် မှိုင်းညို့သော ခြံစည်းရိုးများကို လှမ်းမြင်နေရပေသည်။ သူမ အတွက် ဤအိမ်မှာ ဟောင်းနွမ်း အိုမင်းသည်မှာ ကြာလှပေ ပြီ၊ အရွယ်ပင်လွန်နေပြီ။ အဆုံးသတ်ကို ရောက်နေလျက်ရှိပြီ။ သို့မ ဟုတ် လန်းဆန်းနုပျိုသောအစ၊ သစ်လွင်သော သန့်ရှင်း စင်ကြယ် သော ဘဝကို စတင်ရန်အတွက် ရှေ့သို့သာ တိုက်ခိုက် ချီတက်ရ ပေမည်။ ရဲရဲရင့်ရင့် ကြည့်မြင်ကာ မိမိလုပ်တာ မှန် သည်ဟုလည်း ယုံကြည်ထားရပေမည်။ သို့မှသာ ပျော်ရွှင် ကာ လွတ်လပ်ပေမည်။ သည်ဘဝကား အနွေးနှင့်အမြန် ရောက်လာရပေမည်။ အချိန် ကာလတစ်ခုကား မလွဲမသွေ ရောက်လာရပေမည်။ ယင်းအချိန် တွင်ကား ဘွားသူဇာ၏ အိမ်၊ သည်စံအိမ်ကြီး၌ ဘာမျှမကျန်ရစ် တော့။ အစေခံ လေးဦး၏နေစရာကား မြေအောက်ထဲရှိ အခန်းတစ်ခန်း ညစ်ပတ်ပေရေခြင်းတို့ဖြင့် ဝန်းရံပတ်လျက်။ ဤ အိမ်ကြီး၏ အစအနခြေရာရိပ်ပင် မထင်ရစ်တော့။ ယင်းအခါ၌ကား အားလုံးကလည်း မေ့နေကြပြီ။ သတိရသူများဆိုတာလည်း မကျန်ရစ်တော့။ မြကေခိုင်သက်အား နှောင့်ယှက်နေတာ

တစ်ခုတော့ရှိ သည်။ သူမသည်ခြံထဲ၌ လမ်းလျှောက်လျက်ရှိ စဉ် တစ်ဘက် အိမ်မှ ကလေးများ ဝင်းခြံလာကစားရင်း သူမ ကို မြင်လျှင် ရယ်မောကာ 'သတို့သမီးလာပြီဟေ့' ဟု အော် လိုက်ကြသည်။

မောင်တင့်မော်ထံမှ စာရောက်လာသည်။ ယိုင်နဲ့ကောက် ကွေးသော လက်ရေးဖြင့် သံလွင်မြစ်ရိုးတစ်လျှောက် ခရီး နှင်ရ သည်မှာ အောင်မြင်ကြောင်း၊ သို့သော် နေမကောင်း ၍အသံပျောက်သွားကြောင်း၊ နမ့်ခမ်းဆေးရုံတွင် သီတင်း နှစ်ပတ်တက် ရကြောင်း၊ စာရေးလိုက်သည်။ စာ၏ဆိုလိုရင်း ကို သူမကနား လည်လိုက်သည်။ ပျက်စီးခြင်း တစ်ခုခုအကြောင်း တွေးရသည်မှာ အရင်တုန်းကလောက် စိတ်မထိခိုက်တော့။ ရာမညဝတီမြို့တော်ကို အောက်မေ့လာသည်။ သည်မြို့တွင် နေချင်လာသည်။

မောင်တင့်မော်နှင့် ခင်မင်ရခြင်းများသည်မျက်စိတစ်မှိတ် မျှသာ။ ကိုကိုတင့်ကို ငြိတွယ်သော်လည်း သူကား အဝေး ကြီး တွင်နေရစ်ခဲ့ပေပြီ။ သူမသည် တစ်ညလုံး အိပ်၍မရ။ နောက်တစ် နေ့နံနက်၌ ပြတင်းပေါက်ဝ၌ထိုင်ကာ တစ်စုံ တစ်ရာကို နားစွင့်နေမိ သလို။ တစ်ကယ်ပင် အောက်ထပ်မှ အသံများ ကြားလာရသည်။ ဘွားသူဇာသည် လျှင်မြန်သော ညည်းညူသောအသံဖြင့် ပြောနေ သည်။ ထို့နောက် တစ် ယောက်က ငိုကြွေးသည်။ မြကေခိုင်သက် အောက်ထပ်သို့ ဆင်းလာသောအခါ ဘွားသူဇာသည် အခန်းထောင့် ၌ ဆု

တောင်းကာရွတ်ဖတ်နေသည်။ သူမ၏မျက်နှာမှာ မျက်ရည်ဖြင့် စွန်းပေလျက်။ စားပွဲပေါ်၌ကား သံကြိုးစာတစ်စောင်။

မြကေခိုင်သက်သည် သံကြိုးစာကို ကောက်ယူကာ မဖတ်ခင် ဘွားသူဇာ ငိုနေသည်ကို နားထောင်ကာ အခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန်လမ်းလျှောက်နေသည်။ သံကြိုးစာက မနေ့နံနက်က မောင်တင့်မော်သည် နမ့်ခမ်း၌ ချောင်းဆိုးသွေးပါရောဂါဖြင့် ကွယ် လွန်အနိစ္စရောက်ကြောင်း ဖော်ပြထားပေသည်။

ဘွားသူဇာနှင့် ဒေါ်ယုယုတို့သည် ဘုရားရှိခိုးကျောင်းသို့ သွားကာ သွားလေသူအတွက် သပိတ်သွတ်ရန် စီစဉ်မှုပြုကြသည်။ မြကေခိုင်သက်သည် အခန်း၌ အတော်ကြာ လမ်းလျှောက်ကာ တွေးတောနေသည်။ မောင်တင့်မော်ဆန္ဒရှိသလို သူမ၏ဘဝသည် ထက်အောက်ပြောင်းပြန် ဖြစ်သွားသည်ကား အမှန်ဟု ထင်လင်းစွာ သိမြင်သွားသည်။ သူမကား တစ်ကိုယ်တော်၊ သူစိမ်း။ ဤနေရာ၌ သူ့ကိုအလိုမရှိကြ။ သူလိုချင်သမျှသည် ဤနေရာ၌မရှိ။ အတိတ် သည် အစိတ်စိတ်အမြွာမြွာ ကွဲပျက်ကာ ပျောက်ကွယ်သွား ခဲ့ပြီ။ မီးလောင်ကျွမ်းသော ပြာတို့သည် လေ၌လွင့်ပါးကုန်ကြပေပြီ။ သူမသည် မောင်တင့်မော်၏အခန်းသို့သွားကာ ရပ်နေသည်။

'နှုတ်ဆက်လိုက်ပါတယ် ကိုကိုတင့်. . ချစ်ချစ်ရေ. . .'ဟု သူမကဆိုလိုက်သည်။

သူမရှေ့၌ လူ့ဘဝသည် သစ်လွင်စွာ၊ ကျယ်ပြောစွာ၊ တစ်ဝန်းတစ်လျား ဖြူးပြန့်၍နေပေသည်။ ယင်းဘဝသည် အမြဲ

ဝိုးဝါး၍ လျှို့ဝှက်နက်နဲပေသော်လည်း သူမကို ဖိတ်ခေါ် လျက် ရှိသည်။ လာလှည့်ပါ။ ကြည့်လှည့်ပါ။

မြက်ကေခိုင်သက်သည်အပေါ်ထပ်သို့တက်ကာထုပ်ပိုးပြင် ဆင်သည်။ နောက်တစ်နေ့နံနက်၌ အိမ်သားများကို နှုတ်ဆက် ပြီး သာဂရမြို့မှထွက်ခွာလာခဲ့ပေသည်။ စိတ်ဓာတ်တက်ကြွမှု အပြည့်၊ ရွှင်လန်းမှုအပြည့်၊ ဘယ်တော့မှ ပြန်မလာဘူးဆိုတာ ကတော့ သူမသည် သေချာလှပေသည်။

**[Anton Chekhow ၏ The Bride (၁၉၀၃) မှ ]**

**ဒဂုန်တာရာ**

# ကြွေဝေတို့ ညီအစ်မ

## ဒဂုန်တာရာ

(၁)

လွန်ခဲ့သော ခြောက်နှစ် ခုနှစ်က အဖြစ်အပျက်။ ကျွန် တော် မောရဝတီတိုင်းတွင် နေတုန်းက မြေပိုင်ရှင်ကိုဟသ်ာ၏ ခြံမြေ။ သူကလူငယ်။ မနက်အစောကြီးထ, ပြီးတော့ တောသား အကျီ ခပ်ဖားဖားကြီးဝတ်ကာ လျှောက်သွားနေတတ်သည်။ ညဦးဦး ယံတွင် ဗျစ်ရည်သောက်သည်။ သူဘယ်နေရာရောက်ရောက် သူ့ကို ကြင်နာမည့်သူ မတွေ့ဟု အမြဲတမ်း ညည်းညူနေသူ။ သူက ဥယျာဉ် ကြီးထဲရှိ တိုက်အိမ်ကြီးမှ အဆောင်ထုတ်ထားသော တွဲဘက် အဆောင်တွင် နေသည်။ ကျွန်တော်ကတော့ တိုက်အိမ်အိုကြီးထဲရှိ တိုင်လုံးကြီးများ

ရှိသော ကပွဲဆောင် ခန်းမကြီးထဲ၌နေသည်။ ဘာ အိမ်ထောင် ပရိဘောဂမျှ မရှိ။ ကျယ်ဝန်းသော ဆိုဖာကြီးပေါ်၌ ကျွန်တော်အိပ်သည်။ စားပွဲတစ်လုံး၊ ကျွန်တော် ငြိမ်သက်စွာ ငေးမောရာ ရှေးဟောင်း မီးလင်းဖိုကြီးမှာ အော်မြည်နေ၏။ အစိတ်စိတ်အမြွှာမြွှာ ပဲ့ကျတော့မည်ကဲ့သို့။ အဲသည်လို မုန်တိုင်း ထန်သည့် ညအခါတော့ ကြောက်စရာကောင်းပါဘိ၊ ကြီးမား ကျယ်ပြန့်သော ပြတင်းပေါက်ကြီး ဆယ်ခုမှာ လျှပ်ရောင်တွင် လင်းနေကြ၏။

ပျင်းစရာဘဝမှာ ကျွန်တော့် ကံကြမ္မာက အဆုံးသတ်နေပေသည်။ ကျွန်တော်သည် ဘာမျှမလုပ်။ တစ်ခါဆိုလျှင် နာရီပေါင်းများစွာ ပြတင်းပေါက်မှနေ၍ ကောင်းကင်၊ ကျေးငှက်၊ ဥယျာဉ်ထဲရှိ လူသွားလမ်းတို့ကို စိုက်ငေးကြည့်နေ၏။ စာတိုက်မှ ရောက်သမျှစာကို ဖွင့်ဖတ်သည်။ ထို့နောက် အိပ်လိုက်သည်။ တစ်ခါတစ်ရံတော့ အိမ်ကြီးမှ ထွက်ကာ ညဥ့်နက်အထိ လျှောက်လည်နေလိုက်သည်။

အဲသည်လို လျှောက်လည်ရာမှအပြန် ကျွန်တော်တစ်ခါမျှ မရောက်ဖူးသော ခြံမြေတစ်ခုတည်း ရောက်သွားဖူးသည်။ နေဝန်းသည် လျှောကျနေပြီဖြစ်၍ ညနေစောင်း နေညိုရိပ်များသည် ဖူးစ မုရော စပါးကောက်နှံများအပေါ် ထိုးကျနေသည်။ ရှေးကျသော၊ မြင့်မား မိုးထိုးနေသော ရွက်မျှင်ထင်းရှူးတန်းများမှာ ကပ်၍ စိုက်ထားရာ ခိုင်မာ သိပ်သည်းသော၊ ထုထည်ရှိသော နံရံတံတိုင်းကြီးများ ဖြစ်ပြီး ကြား

လူသွားလမ်းမှာ မှိုင်းညို့ မှောင်ရီသော အလှဖြင့် ဖြစ်ပေါ်နေသည်။ ကျွန်တော်သည် ကာထားသော သံတန်းကို အလွယ်တကူပင် ကျော်လိုက်သည် ဤလမ်းကလေး တလျှောက် လာခဲ့ပေသည်။ မြေကြီးပေါ်၌ တစ်လက်မ, လောက် ထူထပ်သော အပ်မျှင် ထင်းရှူးရွက် ကော်ဇောပေါ်၌ ကျွန်တော့်ခြေများက ချော်နေသည်။ တစ်ကယ်က ငြိမ်သက်ကာ မှောင်နေ၏။ သို့ရာတွင် ပင့်ကူမျှင်ထဲ၌ သက်တန့်ရောင် ဖြစ်နေသော နေ၏ ရွှေရောင်က ဝင်းပနေ၍သာ လင်းကွက်ကလေး ရေးရေးရှိနေ သည်။ ရွက်မျှင် ထင်းရှူးပင်၏ ရနံ့က သည်နေရာလေးကို ထုံယစ်ကာ လွှမ်းမိုးနေပေသည်။

ကျွန်တော်သည် ရှည်လျားသော သံပရာပင်တန်းကြီးရှိသော မြင်ကွင်းဘက်သို့ ကွေ့လိုက်သည်။ ဤနေရာ မြင်ကွင်းမှာ လည်း နှစ်ပေါင်းအတော်ကြာ ဂရုမစိုက် မပြုပြင်ဘဲ ပစ်ထားခြင်းကို ဖော်ပြနေ၏။ ကျွန်တော်၏ ခြေအောက်၌ မနှစ်က သစ်ရွက်များ သည်ပင် ဝမ်းနည်းသံဖြင့် အသံတိုးတိုးပြုနေကြ၏။ ဆည်းဆာ ရောင်ဝယ် အရိပ်တို့သည် ပင်စည်လုံးပတ်များအကြား၌ ပုန်းဝှက်နေကြသည်။

ကျွန်တော်၏ ညာဘက်ရှိ ရေးကျသော ဥယျာဉ်ပန်းခြံကြီးထဲ၌ ရွှေဝါငှက်သည် ဖျော့လျတိုးညင်စွာ၊ စိတ်မပါစွာနှင့်တေးသီ လျက်ရှိသည်။ ငှက်မှာ ဤပတ်ဝန်းကျင်ကဲ့သို့ပင် အိုမင်းနေသည်။ ထို့နောက် သံပုရာပင်တန်းကြီးသည် ဝရံတာနှင့်အမိုးဘုံနှစ်ဆင့်ခံ အိမ်ကြီးတစ်ဆောင်ရှေ့၌ ဆုံးသွားသည်ကိုတွေ့ရသည်။ ကာရံ ထားသော ခြံဝင်းကြီးကို ဘွားခနဲ မြင်တွေ့

လိုက်ရသည်။ ထို့နောက် ကျယ်ဝန်းသော ရေကန်ကြီး၊ သည်ဘက်ကမ်း၌ ရေချိုး ဆိပ်ခံ တံတားတွေ့ရပြီး စိမ်းမြသော မိုးမခပင်များ စီကပ် ပေါက်နေ ကြသည်။ တစ်ဘက်ကမ်းရှိ ရွာကလေးအလယ်၌ မြင့်မားသော ဘုရားရှိခိုးကျောင်း ခေါင်းလောင်းစင် ချွန်ချွန်က ထိုးထွက် နေ သည်။ နောက်ဆုံး ထွက်ခွာမည့် နေရောင်၌ လက်ဝါးကပ်တိုင်ကလေးများ ဝင်းလက်နေကြပေသည်။

ထိုအခါတွင် ကျွန်တော်မှာ အရင်က မြင်ဖူးနေသလို၊ လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာကပင် သိရှိနေသလို၊ ငယ်စဉ်ကပင် တွေ့ဖူးနေသော ရှုမျှော်ခင်းဟု တစ်စုံတစ်ရာ ခံစားနေမိသည်။ ယင်းခံစားမှုက ကျွန်တော့်အား ဖမ်းစားထားလိုက်သည်။

ခြသေ့်ရုပ်များဖြင့် မွမ်းမံထားသော ခိုင်ခံ့သော ကျောက်ဖြူ တံခါးပေါက်ကြီးမှ ထွက်လိုက်လျှင် လယ်ကွင်းဘက်ရောက်သည်။ ယင်းတံခါးပေါက်၌ အမျိုးသမီးငယ်နှစ်ယောက် ရပ်နေကြပေသည်။ အကြီးမက သွယ်သွယ်လျလျ ဖြူဖျော့ဖျော့၊ အတော်ကလေးချော၏။ ရွှေညိုရောင် ဆံပင် အခွေအကောက်ကလေးက ဝိုက်ဝေ့ဝဲကာ ရှေ့မှကျနေ၏။ ပါးစပ်က ခပ်တင်းတင်း ခပ်သေးသေး။ စည်းကမ်း တော်တော်ကြီးသော အမူအရာရှိပြီး ကျွန်တော့်ကို သတိထားမိပုံမရ။ အငယ်မကတော့ တော်တော်ငယ်ငယ်၊ ရှိလှမှ ၁၇-၁၈၊ ခပ်ဖြူလျော့လျော့ ခပ်သွယ်သွယ် လျလျပင်၊ သို့သော် ပါးစပ်ကြီးကြီး၊ ရှက်သော အမူအရာရှိပြီး အဝေးကပင် အံ့ဩသော မျက်လုံးများဖြင့်

ကျွန်တော့်အား ငေးကြည့်နေသည်။ ကျွန်တော် သူတို့အနား ဖြတ် လျှောက် သွားသောအခါ အငယ်မက အင်္ဂလိပ်စကားလုံး တစ်လုံး နှစ်လုံး ပြောလိုက်သည်။ ဤချစ်ဖွယ်ရာ မျက်နှာကလေး များကို ခပ်ဝေးလံသော အတိတ်က မြင်ခဲ့ဖူးသလိုလို၊ ကျွန် တော့်မှာ ပျော် ရွှင်စရာ အိပ်မက်မက်ရသလို ခံစားမိကာ အိမ်သို့ ပြန်လာခဲ့ပေ သည်။

ရက်အနည်းငယ်အကြာ တစ်ညနေခင်း၌ ကိုဟာသ်ာနှင့် ကျွန် တော်တို့သည် ထိုအိမ်ရှေ့၌ လမ်းလျှောက်လာကြစဉ် ဝင်းခြံဘက် သို့ လှည့်ထားသော ပက်လက် ရထားတစ်စီး၏ ဘီးအောက်၌ မြက်ရှည်ပင်များနှင့် တိုးသံကြားရသည်။

ရထားပေါ်၌ ကျွန်တော်မြင်ဖူးသော ကောင်မလေး တစ် ယောက်၊ အကြီးမ ထိုင်လျက်ရှိနေသည်။ သူမသည် မီး ဘေးဒုက္ခ သည်များ ထောက်ပံ့လှူဒါန်းရန် အလှူရှင် စာရင်း စာရွက်တစ်ရွက် ကို ယူလာပြသည်။ သူမသည် ကျွန်တော်တို့ကို မကြည့်ဘဲ လေးနက် ရင့်ကျက်သော လေ့ကြန့်ဖြင့် အင်ကြင်းတော ရှာတွင် အိမ်ဆယ်အိမ် မီးလောင်သွားသည်။ ယောကျ်ား၊ မိန်းမ ကလေးဘယ်နှစ်ယောက် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။ မီးဘေးကယ်ဆယ်ရေး ကော်မတီက ဘယ်အစီအစဉ်များ ရှိ သည်။ ယင်း ကယ်ဆယ်ရေး ကော်မတီတွင် သူမလည်းပါသည် စသည်များ အသေးစိတ် ကျွန်တော်တို့အား ရှင်းလင်းပြောပြ နေပေသည်။ စာရင်းစာရွက်ထဲမှ ကျွန်တော်တို့ လက်မှတ် ထိုးရန် နေရာပြပြီး စာရွက်ကို ပြန်ယူကာ ပြန်ရန် ပြင်ဆင် သည်။

သူမသည် ကိုဟသ်ာဘက်လှည့်ကာ လက်ကမ်းပေးရင်း 'ကိုဟသ်ာက ကျွန်မတို့ကို မေ့သွားပြီထင်တယ်၊ ဟုတ်လား နော်. . .၊ ဝေတို့ဆီလဲ လာလည်ပါ၊ ဒီကအစ်ကို ကိုစံမိုးလဲ သူ့ ပန်းချီကားတွေကို အံ့ဩချီးမွမ်းတဲ့ ပရိသတ်အချို့နဲ့ တွေ့ ချင်ရင် လာပါ၊ ဝေတို့အနေနဲ့ ဝေတို့ကလဲ သူ့ကို တွေ့ရရင် သိပ်ဝမ်းသာမှာပါပဲရှင်'

ကျွန်တော်က ခေါင်းကို ညွှတ်လိုက်သည်။

သူမပြန်ထွက်သွားသောအခါ ကိုဟသ်ာကသူမအကြောင်း ပြောပြနေသည်။ သူမသည် မျိုးကောင်း ဆွေကောင်းမှ ဖြစ် ကြောင်း နာမည်က ဝေဝေစိုး။ သူတို့နေသော ခြံမြေကြီးနှင့် ရေကန်တစ် ဘက်ရှိ ရွာကို 'စိမ်းမြရိပ်'ဟု ခေါ်သည်။ သူ့ဖခင်မှာ မန္တလေးမြို့ တော်၌ ထင်ရှားသူတစ်ယောက်။ ဆုံးတော့ အထက်လွှတ်တော် အမတ်။ သူတို့မှာ ချမ်းသာသော်လည်း တောရွာ၌ပင်တစ်နှစ်လုံး နေထိုင်ကြသည်။ မဝေဝေစိုးမှာ စိမ်းမြရိပ်ရွာရှိ မူလတန်းကျောင်း ၌ပင် ကျောင်းဆရာမ, လုပ် ကာ တစ်လလခတစ်ရာကျော် ထုတ်ရ သည်။ သူ့အတွက် သူ့ လခနှင့်သူ သုံးသည်ကို ဂုဏ်ယူသည်။

ကိုဟသ်ာက 'သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ မိသားစုဗျ၊ သူတို့အိမ်တစ်ခါလောက် သွားလည်ကြရအောင်၊ ခင်ဗျား သွားရင်လဲ သူတို့က ဝမ်းသာကြမှာ. . .'

တစ်နေ့နေ့လည်စာ နောက်ကျစားသောက်ပြီးနောက် စိုးတို့ မိသားစုကို သတိရကြကာ၊ ထိုနေ့က လပြည့်နေ့က စိမ်းမြရိပ်ဘက် သို့ ထွက်ခဲ့ကြပေသည်။ ညီအစ်မနှစ်ယောက်ရော

မိခင်ပါ အိမ်မှာ အဆင်သင့်တွေ့ရသည်။ မိခင်ဖြစ်သူ ဒေါ်မင်းယာမှာ ငယ်ငယ်က ချောမောဟန်ရှိသည်။ အသက်အရွယ်က တောင်းဆိုသည်ထက် ကြံ့ခိုင်နေပြီး စကားပြောလျှင် အသက်ရှူမဝသလို ဖြစ်တတ်သည်။ ခပ်မှိုင်မှိုင် အမူအရာ၊ သတိမေ့တတ်သည်။ သူမက ကျွန်တော့အား အနုပညာအကြောင်း ပြောပြကာ တတ်နိုင်သမျှ ဧည့်ခံရှာသည်။ စိမ်းမြရိပ်သို့ တစ်နေ့ ကျွန်တော်လာမည်ကို သူ့သမီးမှတစ်ဆင့် မျှော်လင့်နေသည်။ မန္တလေး ပန်းချီပြပွဲမှ သူမကြည့်ခဲ့ရသော ကျွန်တော်၏ ရှုမျှော်ခင်း ပန်းချီကား နှစ်ကားကို မှတ်မိကြောင်း ပြောသည်။ နောက် ထိုပန်းချီကားများတွင် ကျွန်တော်က ဘာရည်ရွယ်သလဲဟု မေးသည်။ ဝေဝေစိုး။ အိမ်အခေါ်ကတော့ ဝေ။ ကျွန်တော့်ထက် ကိုဟသ်ာနှင့် စကားပြောများသည်။ သူမ မျက်နှာက ရင့်ကျက်တည်ငြိမ်ကာ ပြုံးပင်မပြုံး။ ဝေက ကိုဟသ်ာ ဘာကြောင့် စိမ်းမြရိပ်ကကျောင်းတွင် စာမသင်သလဲ၊ အစည်းအဝေးများတွင် တစ်ခါမှလဲ မတွေ့စသည်ဖြင့် ပြောနေသည်။

ဝေက အပြစ်တင်သော လေသံဖြင့် 'မဟုတ်သေးဘူး၊ ထင်တယ် ကိုဟသ်ာ၊ တစ်ကယ်ပြောတာ၊ ရှင်ဘာမှ မလုပ်တာ မတော်ဘူး ထင်တာပဲလေ'

သူ့အမေကလည်း ဝေနှင့် သဘောတူသည်။

'ဟုတ်တယ်ဝေ. . . ဝေပြောတာမှန်တယ်'

ဝေကဆက်လက်ပြောနေသည်။

'ဒီနယ်တစ်ခုလုံးက ဦးဝေလင်းလက်ထဲ ရောက်နေတယ်၊ တကယ်ပဲရှင်၊ သူက တိုက်နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ မဟုတ်လား၊ သူ့တူတွေ၊ သူ့သမက်တွေ အကုန်လုံး တိုက်နယ် အလုပ်တွေမှာ ခန့် ထားတာပဲ၊ သူ့သဘော သူအကုန်လုပ် နေတာ၊ ဒါကို ကျွန်မတို့က ခံနေလို့ဖြစ်မလား၊ ကန့်ကွက်ရ မယ်၊ ကျွန်မတို့ လူငယ်တွေက အား ကောင်းကောင်း အုပ်စု တစ်စု ဖွဲ့ထားရမှာရှင့်။ သိပ်ဆိုးတာပဲရှင်'

အငယ်မကြွေကြွေစိုးကတော့စိမ်းမြရိပ်သာပြဿနာများတွင် ဘာမျှဝင်မပြော။ သူ့ကို လူလားမြောက်ပြီဟု အိမ်သားများက သဘောထားကြပုံမရ။ သူ့ကို ငယ်ငယ်ကလေးကတည်းက ခေါ်ကြ သလို 'ကြွေရုပ်ကလေး'ဟုသာ ခေါ်နေကြမြဲ။ ကြွေ ကြွေစိုးက ကျွန် တော့်ကိုသာ စိုက်ကြည့်ကာ ကျွန်တော်လှန် လှောကြည့်နေသော မိသားစုဓာတ်ပုံစာအုပ်ကို လက်ကလေး များနှင့်ထောက်ပြီး 'ဒါက ဘကြီး၊ ဒါကဦးလေး' စသည် ဖြင့် ပြောပြနေပေသည်။ ပြောရင်း သူမသည် အမှတ်မထင် သူ့ပုခုံးနှင့် ကျွန်တော့်လာထိကာ သူမ၏ ဖွံ့ဖြိုးသော ရင်၊ သူမ၏သွယ်လျသောပခုံး၊ သူမ၏ ကျစ်ဆံမြီး ဆံပင်ခွေ၊ သူမ၏ ပိန်သော တစ်ကိုယ်လုံး၊ ကိုယ်နေကိုယ်ထား၊ ခါးပတ် တင်း ကျပ်စွာ ပတ်ထားသောခါး စသော ပုံသဏ္ဍာန်များကို အထင်း သား မြင်ရစေသည်။

ကျွန်တော်တို့သည် ကြက်တောင်ရိုက်ကြသည်။ ခြံထဲလမ်း လျှောက်ကြသည်။ လက်ဖက်ရည်သောက်ကြသည်။ ထို့နောက်

စားပွဲတွင် ထိုင်ကာ အစားအသောက်စားကြပြီး အကြာကြီး စကားစမြည် ပြောဆိုနေကြသည်။ ကျယ်ဝန်းသောတိုင်လုံးကြီး များဖြင့် ဆင်သ, ထားသော၊ ဘယ်သူမှမရှိသော က, ပွဲဆောင် ခန်းမကြီးထဲ၌ နေခဲ့ရ သော ကျွန်တော်မှာ ဤအိမ်ကလေး၌ သက်တောင့်သက်သာ ရှိလှ ပေသည်။

နံရံတို့၌ ဆီဆေးပန်းချီကားချပ်များလည်း မရှိ။ဝေဝေစိုးနှင့် ကြွေကြွေစိုးတို့က ပတ်ဝန်းကျင်ကိုသန့်စင်စေ၊ နူပျိုလတ်ဆတ် စေသည်ဟု ထင်ရကာ အရာအားလုံးတို့သည် ကြည်လင်သန့်ရှင်း ကြပေသည်။ ညဥ့်နက် ညနေစာ စားသောက်ကြရင်း ဝေဝေစိုးက စိမ်းမြရိပ်ကျောင်း အကြောင်း၊ တိုက်နယ် ကော်မတီ ဥက္ကဋ္ဌ ဦးဝေလင်း အကြောင်း၊ ကျောင်းစာကြည့်တိုက် အကြောင်း ကိုဟသ်ာအား ပြောပြနေသည်။သူမသည် တက်တက်ကြွကြွရှိသည်။ ရိုးသားသည်။ သူမ၏ ယုံကြည်ချက်၌ အားကောင်းသည်။ သူမသည် စကားများများ ပြောသော်လည်း စိတ်ဝင်စားဖွယ် စကားပြောကောင်း။ စကားကိုကားခပ် ကျယ်ကျယ် ပြောတတ်သည်။ ကျောင်း၌ စာသင်ရသောကြောင့် ဖြစ်ပေမည်။ ကျွန်တော့်မိတ်ဆွေ ကိုဟသ်ာကတော့ ကျောင်းသား ဘဝတုန်းက အကျင့်အတိုင်းပင်။ အငြင်းအခုံ လုပ်သည်။ စောဒက တက်သည်။ သူသည် ပျင်းရိစရာ၊ ငြီးငွေ့စရာကောင်းစွာပင် သူတော်ကြောင်း၊ သူ၏ တိုးတက်သောအယူအဆများကို ရှည် လျားစွာ ပြောနေပေသည်။သူသည် လက်ဟန်နှင့် ပြောရင်းက သူ၏ အင်္ကျီလက်နှင့် အချဉ်အစပ်ပန်းကန်ပြားကလေး တိုက်မိကာ စားပွဲခင်းပေါ်၌အရည်များ

ဖိတ်ကျသွားသည်။ ကျွန်တော်မှတစ်ပါး မည်သူမျှ မသိလိုက်ကြ။

ကျွန်တော်တို့အိမ်ပြန်ကြသောအခါ မှောင်ကာ တိတ်ဆိတ်နေပေပြီ။

'မိတ်ကောင်းဆွေကောင်း လက္ခဏာဆိုတာ ထမင်းစားပွဲပေါ် အချဉ်ပန်းကန်ဖိတ်ကျတာတို့ ဘာတို့မပါပါဘူးဗျာ၊ ဒါပေမယ့် တကယ်လို့ ဖိတ်ကျမိရင်လဲ သတိမထားမိတာတို့ပေါ့လေ' ဟု ကိုဟသ်ာက သက်ပြင်းတစ်ချက်ချကာ ပြောလိုက်သည်။

'ဟုတ်တယ်၊ တကယ်တော့ ဒီမိသားစုက ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်သာသာ နေတတ်တယ်၊ ယဉ်ကျေးတယ်၊ ကျွန်တော် လည်းလူကောင်းတွေနဲ့ အဆက်ပြတ်နေတယ်၊ အဲဒါသိပ်မကောင်း ဘူးပေါ့၊ ဆိုတ်ယုတ်တဲ့ သဘောပေါ့ဗျာ၊ တကယ်က လုပ်စရာတွေ အ များကြီးရှိနေတာပဲ၊ အများကြီးကိုပဲ'

သူသည် စံပြမြေရှင်တစ်ယောက်ဖြစ်လိုလျှင် လုပ်ရမည့်လုပ်ငန်းများကို ပြောပြနေသည်။ ကျွန်တော်ကမူ သူကိုပျင်းသော၊ စီမံခန့်ခွဲမှုမတတ်သောသူအဖြစ် ထင်နေသည်။ သူသည် လေး နက်သော အကြောင်းအရာမျိုးကိုပြောလျှင် သူ၏စကားထဲ၌ အဲ . . . အဲ ဟုလေးလေးပင်ပင် ကြိုးစား ညှပ်ထည့်ကာ ပြောတတ် သည်။ သည်လိုပဲ ခပ်လေးလေးပင် ပြောတတ်သည်။ အဆုံးသတ် အထိ မပြောဘဲ ကျန်ရစ်နေတတ်သည်။ သူသည် နည်းနည်းမျှ လက်တွေ့မကျဘဲ စာတစ်စောင် ပေးလျှင်ပင်

သူသည် မထည့်ဘဲ သူအိတ်ထဲတွင် ရက်သတ္တပတ် များစွာ အောင်းထားတတ်သည်။

ကျွန်တော်နှင့် ဘေးချင်းယှဉ်ကာ လမ်းလျှောက်လာရင်း ညည်းတွားပြောဆိုလာသည်။

'အဆိုးဆုံးက ဘာလဲသိလား၊ခင်ဗျား အလုပ်တွေလုပ်၊ လုပ်သာလုပ်နေ ဘယ်သူ့ဆီကမှ ကြင်နာမှုမရဘူးဗျ၊ ကြင်နာမှု ဘယ်တော့မှ မရဘူးဗျ'

* * *

(၂)

ကျွန်တော်သည် ကြွေဝေတို့ ညီအစ်မအိမ်သို့ အလည် ရောက်တတ်နေသည်။ ကျွန်တော် အမြဲတမ်းနေသော နေရာလေး ကား ဝရံတာဘက်သို့ထွက်သောနေရာ။ ကျွန်တော့်မှာ နောင်တ၏ မျိုဝါးခြင်းခံနေရသည်။ လျင်မြန်စွာနှင့်အချည်းနှီး ကုန် လွန်သွားခဲ့ ရသော ကျွန်တော့်ဘဝ ကိုကျွန်တော်မကျေနပ်၊ ဝမ်းနည်းမိသည်။ဝန်ထုပ်ဝန်ပိုးအဖြစ် လေးနေသော ကျွန်တော့်အသည်းနှလုံးကို ဆုတ်ခွဲ ဖြဲချလိုက်နိုင်လျှင် အကောင်းသားဟု ကျွန်တော့်ကိုယ် ကျွန်တော် အမြဲတမ်း ပြောနေမိသည်။ အချိန်တိုင်းလိုပင် ဝရံတာ၌ စကားသံများ၊ ထဘီစ

ချင်း ထိခတ်မိသော အသံများ၊ စာရွက်ချင်း ပွတ်ထိသံများ ရှိနေပေသည်။ ကျွန်တော်မှာ ဝေဝေစိုး လုပ်နေကျ များကိုသိ နေ ပြီ။ သူမသည် ကူညီလုပ်ကိုင် ဆောင်ရွက်ပေးစရာ တပည့် များ၊ လူနာများနှင့် တွေ့ဆုံသည်။ စာအုပ်များပေးသည်။ နေ့လည်ဆိုလျှင် ပုသိမ်ထီးကလေးဆောင်းကာ ရွာထဲသို့သွား ပြီး ညနေဘက်တွင် စိမ်းမြရိပ်ရွာ အကြောင်း၊ ကျောင်း အကြောင်း ကျယ်လောင်သော အသံနှင့် ပြောနေတတ်သည်။ ဤသွယ်လျသော၊ ကြည့်ကောင်းသော၊ အခါမလပ်လေးနက် သော မိန်းကလေးသည် လက်တွေ့အကြောင်း အရာများကို ပြောနေတတ်သည်။

'ရှင်က ဒါမျိုး စိတ်ဝင်စားမှာလဲ မဟုတ်ပါဘူး'ဟု နိဒါန်း ပျိုးကာ အေးစက်စွာ ကျွန်တော့်အား ပြောလေ့ရှိသည်။

သူမက ကျွန်တော့်ကို မကြိုက်။ ကျွန်တော် ရှုမျှော်ခင်း ပန်းချီဆရာဖြစ်ခြင်း၊ ပန်းချီကားထဲ၌ လူတို့၏လိုအပ်ချက် များ ကို မဖော်ပြခြင်းများကို သူမကမကြိုက်။ထို့အပြင် သူမြဲမြံစွာ ယုံကြည်နေသည့် အရာအားလုံးကို ကျွန်တော်က ဂရုမထား။ တစ်ခါက ကျွန်တော် အောင်ပင်လယ်ကန်ကြီး မြင်းစီးသွား ရင်း လမ်း၌ ကတ္တီပါ ဘောင်းဘီနက်ပြာ၊ ရှပ်အင်္ကျီနက်ပြာနှင့် တွေ့လေသည်ကို သတိရမိသည်။ ကျွန်တော်က ရှမ်းအပျိုမလေး ထံက သူ့လက်ထဲမှ ဝါးဆေးတံကလေးရောင်းရန်ပြောသည်။ ရှမ်းမကလေးက ကျွန် တော်၏ ဥရောပဆန်ဆန် ဝတ်ဆင် ထားသော အဝတ်အစားကို မထီမဲ့မြင်ကြည့်ပြီးဘာမျှပြန်မပြောဘဲ

ကျွန်တော်နှင့် တစ်မိနစ် လောက် စကားပြောရသည်ကိုပင် စိတ်ပျက်ငြီးငွေ့ဟန်ဖြင့် တစ် ချက်ကို မြင်းအော်သံပေးကာ ကဆုန်ပေါက် ပြေးထွက်သွားသည်။ ဝေဝေစိုးသည်လည်း သူ ကျွန်တော်နှင့် စိမ်းနေသည်ကို ခံစားမိပေ သည်။ အပြင်ပန်း အားဖြင့်ကား သူ ကျွန်တော့်ကို မကြိုက်ကြောင်း မဖော်ပြ။ သို့သော် သူ ကျွန်တော့်ကို မနှစ်သက်သည်ကိုကား ခံစားသိရှိနေသည်။ ကျွန်တော်သည် ဝရံတာ အောက်ဖက်၌ ထိုင်ရင်း စိတ်အနှောင့်အယှက်ဖြစ်နေသည်ကို ဖယ်ရှားပစ်ကာ မိမိကိုယ်၌က ဆရာဝန် မဟုတ်ဘဲ ရွာသားများကို ဆေးဝါးပေးနေခြင်းမှာ ရွာ သားများအပေါ် လှည့်စားရာကျကြောင်း၊ မြေဧကများစွာ ချမ်းသာ လျှင် လှူဖို့တန်းဖို့မှာ လွယ်ကူလှကြောင်း ပြောလိုက်သည်။

သို့သော် သူ့ ညီမ ကြွေကြွေစိုးကတော့ လောကကြီးတွင် ဘာကိုမျှဂရုမစိုက်၊ ခပ်အေးအေးပင် ကျွန်တော့်လို အချိန်ကိုကုန်လွန်သည်။ မနက်ခင်း အိပ်ရာကထလျှင် ကြွေကြွေစိုးသည် ဝရံတာဘက်ရှိ ပက်လက်ကုလားထိုင်ကြီး၌ ကြမ်းပြင်ကိုပင် ခြေထောက် မထိဘဲ ကိုယ်တစ်ဝက်မြုပ်ထိုင်ကာ စာဖတ်သည်။ သို့မဟုတ် ကလည်း သံပုရာပင်တန်းအကြား၌ ဧကစာစာတစ်အုပ်နှင့်။ သို့ တည်းမဟုတ် တံခါးပေါက်ကို ဖြတ်ကျော်ကာ လယ်ကွင်းဘက်သို့ ထွက်သွားသည်။ သူမသည် စာမျက်နှာများကို တစ်ရွက်ပြီး တစ်ရွက် လှန်လှောကာ လောဘတကြီး တစ်နေကုန် ဖတ်သည်။ ညိုးလျလျ အကြည့်၊ နွမ်းနေသော မျက်နှာတို့က စိတ်ပင်ပန်းနေသည်ကို ဖော်ပြနေတတ်သည်။

ကျွန်တော်ရောက်လာ၍ သူမသည် ကျွန် တော့်ကိုမြင်လျှင် ရှက်သွေးဖြင့် ခပ်ဖျော့ဖျော့နီမြန်း သွားတတ်မြဲ။ စာအုပ်ဖယ်လိုက်ကာ ကျွန်တော့်အား မျက်လုံးကြီးများ ဖြင့် စိုက်ကြည့်ပြီး ကျွန်တော် နောက်ဆုံး သူနှင့်တွေ့ကတည်းက ဘာ တွေဖြစ်ခဲ့သည်ကို ပြောပြတတ်သည်။ အခိုင်းအစေများ တန်းလျား၌ မီးစက် မီးထလောင်ကြောင်း၊ အလုပ်သမားတစ်ယောက် ရေကန်ထဲမှငါးကြီး တစ်ကောင်ရကြောင်း စသည်များကိုပြောပြ တတ်သည်။ ကြားရက်များတွင် သူမသည် ပန်းနုရောင်၊ ငုဝါရောင် ဆင်ယင်ထားတတ်မြဲ။ သူမနှင့် ကျွန်တော်တို့ လမ်းအတူလျှောက် တတ်ကြသည်။ ချယ်ရီသီးများ ကောက်လျှင်ကောက်၊ သို့မဟုတ်က ကန်ထဲလှေလှော်ကြ၊ ထိုင်ကာ ချယ်ရီသီးကို ခုန်ခူးဆွတ်လျှင်။ ဒါမှမဟုတ် လှော်တက်ကို ခါးညွတ်ကာ ကုန်းယူ လိုက်လျှင် သူမ၏ သေးသွယ်သော၊ နူးညံ့သော လက်မောင်းသားများ အိုးကျယ်သော ဇာနားတပ် အင်္ကျီလက်မှ ထင်ရှားစွာ ပေါ်ထွက်လာတတ်မြဲ။ ထိုအခါများတွင် ကျွန်တော်က ယင်းပုံ သဏ္ဌာန် အနေအထားကို ပုံလောင်းသည်။ ကြွေက ကျွန်တော့် ဘေးလာရပ်ကာ အချောပြန်ရေးသည်ကို အံ့သြစွာငေးမောနေ တတ်ပေသည်။

တနင်္ဂနွေနေ့တစ်နေ့။ ဝါဆိုလကုန်တစ်ရက်၌ ကြွေဝေတို့ ညီအစ်မ အိမ်သို့ နံနက် ကိုးနာရီ လောက်က ထွက်ခဲ့ပေသည်။ အိမ်နှင့်ဝေးနိုင်သမျှဝေးသော ခြံကြီးတစ်နေရာဘက်သို့ လျှောက်ကာ မိုးဦး၌ ပေါက်တတ်သော ကောက်ရိုးမှိုများကိုရှာသည်။ မှိုပွင့်ရှိသော နေရာများကို တုတ်ကလေးများဖြင့်

မှတ်သားထားခဲ့သည်။ ကြွေနှင့် အတူ လိုက်ရှာရန်ဖြစ်သည်။ မိုးဦး အေးမြသော လေကလေးသည် တိုက်ခတ်လျက်ရှိသည်။ ကြွေနှင့်သူ့အမေသည် ခပ်မှိုင်းမှိုင်းဆင် ယင်ထားကြသည်ကို မြင်လိုက်ရသည်။ ဘုရားရှိခိုးကျောင်းမှ ပြန်လာကြခြင်းဖြစ်သည်။ ထို့နောက် အသံဗလံများ ကြားရကာ သူတို့သည် ဝရံတာ၌ လက်ဖက်ရည်သောက်နေကြပေသည်။

လွတ်လွတ်လပ်လပ် အပူအပင်ကင်းကင်း နေချင်သော ကျွန်တော့်လိုကောင်မျိုးအဖို့ နွေအကုန်ရက်များ၌ ခပ်အေးအေး အစီအစဉ်မရှိ နေဖို့ရာ ဟန်ကျနေသေးတော့သည်။ သည်လို တနင်္ဂနွေနေ့မျိုး မိုးရက်များ၌ သည်လိုတောကျေးလက်ခြံကြီးမှာ အထူးချစ်စရာ စွဲမက်စရာ ကောင်းနေပေသည်။ မိုးရေစက်ဖြင့် စိမ်းမြဝင်းပနေသော ဥယျာဉ်ကြီးမှာ နေရောင်၌ ရွှန်းစိုလန်းဆန်း ပျော်ရွှင်နေသောအခါ အိမ်ဘေးရှိ စံပယ်နှင့် တတိုင်းမွှေးရနံ့က သင်းပျံ့ပျံ့လှိုင်နေသောအခါ၊ လူငယ်ပေါက်ကလေးများ ဘုရားရှိခိုး ကျောင်းမှ ပြန်လာကြပြီး၊ ခြံထဲ၌ လက်ဖက်ရည်သောက်နေကြ သောအခါ၊ လူတိုင်းသည် ရွှင်ပျကာ စွဲမက်စရာ ဝတ်စားဆင်ယင် ထားကြသောအခါ၊ သည်လိုကျန်းမာသော၊ အစားကောင်း အသောက်ကောင်း စားကာ၊ ဝလင်သော၊ ကြည့်ကောင်းသော လူများသည်. . . တကယ်ကတော့ ဘဝတစ်လျှောက်လုံး ဘာမျှမလုပ်ကြဘဲနေသည်ကို ကျွန်တော်သည် သတိရလာကာ အမြဲတမ်း ဤဘဝမျိုး ဖြစ်နေရန် တောင့်တနေမိပေသည်။ အထူးသဖြင့် သည်နံနက်၌ သည်အတွေးများကို စဉ်းစားကာ. . . ခြံကြီး

အတွင်း ဦးတည်ချက်မရှိဘဲ ထင်ရာ လျှောက်နေချင်သည်။ တစ်နေ့လုံး တစ်ရာသီလုံး။

ကြွေကြွေစိုးသည် ခြင်းကလေးဆွဲကာ ပေါ်လာသည်။ သူ့ အမူအရာက ဤခြံကြီးထဲ၌ ကျွန်တော်ရှိနေမှာပဲဟု ခံစား သိရှိသည့် ပုံမျိုး။ ကျွန်တော်တို့သည် မှိုပွင့်များကောက်ကြ သည်။ စကားပြော ကြသည်။ မေးခွန်းတစ်ခုခု ကျွန်တော့်ကို မေးသောအခါ ကျွန်တော့် မျက်နှာကို တည့်တည့်မြင်ရအောင် ကျွန်တော့်ရှေ့လာရပ်သည်။

'ရွာထဲမှာလေ. . . အထူးအဆန်းတွေ ဖြစ်နေတယ် သိလား၊ ခြေတော့နဲ့နဲ့ ဒေါ်သင်းထုံကြီးလေ၊ တစ်နှစ်လုံး မာတာ မဟုတ်ဘူး၊ အဲဒါ ဘယ်ဆေးဆရာမှလဲ မလာဘူး၊ ဘာဆေး မှလဲ မသောက် ဘူးနော်၊ အဲဒါသိလား. . .၊ မနေ့က ပညာ တတ်တဲ့ မိန်းမကြီး တစ်ယောက်က နားနားကပ်ပြီး မန်းမှုတ် တာနဲ့ နောက်ဘာမှမဖြစ်တော့ဘူး၊ အကောင်းပကတိရှင့်'ဟု သူမက ပြောပြနေသည်။

ကျွန်တော်က 'ဒါ ဘာဟုတ်လို့လဲကွာ၊ နေမကောင်း ရင်၊ အသက်ကြီးလာရင် သည်လိုအထူးအဆန်းတွေ မလုပ် သင့်ပါဘူး ကွာ၊ ကျန်းမာရေးဆိုတာကလဲ ထူးဆန်းတာပဲ ပေါ့၊ ဟုတ်တယ် မဟုတ်လား၊ အသက်ဆိုတာကကော၊ တို့ နားမလည်တာတွေဟာ အထူးအဆန်းတွေပဲပေါ့ ကြွေရာ'

'ကိုယ် နားမလည်တာတွေကို အစ်ကို. . . မကြောက်ဘူး လား'

'မကြောက်ပါဘူး၊ ဘာဖြစ်လို့ကြောက်ရမှာလဲ၊ ကိုယ်မသိတဲ့ အချင်းအရာတွေကို ရဲရဲစူးစမ်းရှာဖွေရတယ် ကြွေရဲ၊ ဘယ်တော့မှ လက်မလျှော့ရဘူး၊ ကိုယ်တို့က ဒါတွေရဲ့ အထက်က လူသားဆိုတာ ခြင်္သေ့တွေထက်ကော၊ ကျားတွေထက်ကော၊ ကြယ် တာရာတွေ ထက်ကော ဆိုပါတော့ကွာ၊ သဘာဝ လောကဓာတ် တစ်ခုလုံးထက်ကော၊ အားလုံးထက်ကော မြင့်တယ်လို့ သဘော ထားရမယ်၊ ကိုယ်မသိ ရှိသေးတာ အထူးအဆန်း အံ့ဩဖွယ်ရာလို့ ထင်ထားတာတွေထက်လဲ မြင့်တယ်၊ ဒီလိုမှမဟုတ်ရင် အဲဒီလူဟာ လူမဟုတ်တော့ဘူး၊ ကြွက်ကလေး၊ အရာရာကို ကြောက်နေရတဲ့ ကြွက်စုတ်ကလေး တစ်ကောင်ပဲပေါ့လို့'

ကြွေကြွေစိုးက ကျွန်တော်သည် အနုပညာသမား တစ်ယောက် ဖြစ်သည့်အတွက် ကျွန်တော် အများကြီးသိသည်ဟု ယူဆ ထားသည်။ မသိတာတွေကို သိအောင်လုပ်နိုင်သည်ဟု ထင်နေ သည်။ ကြွေက သူ့ကို ထာဝရတည်ရှိနေသော၊ အလွန်ကောင်း မွန်မြင့်မြတ်သော ကမ္ဘာလောကကြီးတစ်ခုသို့ လျှောခနဲ ခေါ်သွား စေချင်သည်။ သည်ကမ္ဘာကြီးအကြောင်း ကျွန်တော်က ကိုယ့်အိမ် သဖွယ် သိနေသည်ဟု သူမကထင်ထားသည်။ သူမက ဘုရားသခင် အကြောင်း ထာဝရ တည်ရှိနေသော ဘဝအကြောင်း၊ အထူး အဆန်း အံ့ဖွယ်ရာများ အကြောင်း ပြောသည်။ သေသွားပြီး သည့်နောက် ကျွန်တော့်ကိုယ်နှိုက်ကော. . . ကျွန်တော်၏ စိတ်ကူး များကော ပျောက်

ပျက်သွားမည်ဖြစ်ကြောင်း သူ့ကိုဝန်မခံချင်ဘဲ ပြောပြလိုက်ရတတ်သည်။

'ဟုတ်တယ်ကြွေရ၊ လူဆိုတာ ထာဝရတည်ရှိနေရမယ်၊ ဟုတ်တယ်ကြွေ၊ လူ့ဘဝဟာ အမြဲတမ်း သစ်လွင်နေရမှာပေါ့'

ကြွေသည် ကျွန်တော်ပြောသမျှစကားကို နားထောင်ကာ ယုံကြည်နေသည်။ ဘယ်တော့မျှ စောဒကမတက်။ အကြောင်းပြချက် မမေးမြန်း။

အိမ်ဘက် လှည့်ပြန်လာကြသောအခါ သူမသည် လမ်းလျှောက်နေရာမှ ရပ်ကာ ကျွန်တော့်အား ပြောလိုက်သည်။

'မမဝေဝေစိုးဟာ မတော်ဘူးလားဟင်. . . သူ့ကို ကြွေသိပ်မြတ်နိုးတာပဲ သူ့အတွက်ဆိုရင် ကြွေတော့ အသက်တောင် ပေးချင်တယ်၊ ဒါပေမယ့်. . .'

ကြွေသည် ကျွန်တော့ အင်္ကျီကို လက်ဖြင့် ဆွဲထားကာ 'အစ်ကိုက ဘာဖြစ်လို့ သူနဲ့ငြင်းရခုံရတာလဲဟင်၊ အစ်ကိုက စိတ်တို တတ်သလား'

'သူပြောတာတွေ၊ လုပ်နေတာတွေက မှားနေတာကိုးကြွေရ'

ကြွေကြွေစိုးသည် သဘောမကျဘဲ ခေါင်းခါနေသည်။ ပြီးနောက် မျက်လုံးတွင် မျက်ရည်များ စို့လာပေသည်။

'နားမလည်ကြတာ သိပ်ခက်တာပဲကွာ' ဟုသူမကဆိုလိုက်သည်။

ထိုအခါတွင် ဝေဝေစိုးသည် တစ်နေရာရာမှ ပြန်ရောက်လာကာ ဆင်ဝင်အောက်၌ ရပ်လျက် ရှိနေသည်။ သူမ၏ သေး သွယ်သော၊ ချောမောလှပသော ပုံပန်းသည် နေရောင်၌ ဝင်းပ နေသည်။ သူမသည် အလုပ်သမား တစ်ယောက်အား ခိုင်းစေ အမိန့်ပေးလျက်ရှိနေသည်။ သူမသည် လူနာနှစ်ယောက် သုံး ယောက်ကို ကမန်းကတန်း တွေ့ဆုံသည်။ စကားကျယ်ကျယ် ပြော သည်။ သူမသည် တစ်ခန်းပြီး တစ်ခန်းအလုပ်သဘော ဆန်ဆန် ဝင်ထွက်ကာ အဝတ်ဗီရိုများကို တစ်ခုပြီး တစ်ခုဖွင့်သည်။ ထို့နောက် အမိုးဘုံနှစ်ဆင့်ခံ အဆောင်ဘက်သို့ ထွက်သွားလေသည်။ စော စောစားနေကျ ညနေစာကို အတော်ကြာကြာ စောင့်ခေါ်ယူရ သည်။ ကျွန်တော်တို့မှာ ဟင်းတစ်ပန်းကန်စီပင် ကုန်နှင့်နေပေပြီ။ ဟင်းချိုတစ်ပန်းကန်ပင် ကုန်သွားပြီ။ ကျွန်တော်သည် ဤသို့သော၊ အရေးမကြီးလှသော အသေးစိတ်ကလေး များကိုပင် ချစ်ဖွယ်ရာ အဖြစ် သတိတရ မှတ်မိ နေသေးသည်။ ဘာမျှ အထူးအခြား မဖြစ်ပျက်ခဲ့သော်လည်း ဤနေ့ကို အသက်အပါဆုံးဟု အောက်မေ့ နေမိပေသည်။ စားသောက်ပြီး ကြသောအခါ ကြွေကြွေစိုးသည် ပက်လက်ကုလားထိုင်ကြီးပေါ်တွင် စာထိုင်ဖတ်နေသည်။ ကျွန်တော်က ထိုင်နေကျ ဝရံတာဆောင်၌ ထိုင်နေသည်။ မည်သူမျှ စကားမဆိုကြ။ မိုးကောင်းကင်သည် တိမ်တိုက်များဖြင့် လွှမ်းခြုံထားပေသည်။ မိုးဖွဲကလေးပင် ကျနေပေသည်။ နည်းနည်း နွေးနေကာ ရှေ့လျှောက်သည်လိုပဲ သွားလိမ့်မည်ဟု မှတ်ထင်ရသည်။ ကြွေဝေတို့အမေ ဒေါ်မင်းယာသည် အိပ်ချင်မပြေသေးသည့်

ပုံ၊ လေးလေးပင်ပင်ဖြင့် ယပ်တောင်ခတ်လျက် ဝရံတာဘက်မှ ပေါ်လာသည်။

ကြွေကြွေစိုးက သူ့အမေ၏လက်ကိုနမ်းကာ'အို့ . . မေမေက ညနေစောင်းကြီးမှ အိပ်တာ ဘယ်ကောင်းပါ့မလဲ'ဟု ဆိုလိုက်သည်။

သူတို့သားအမိသည် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်မြတ်နိုးကြသည်။ တစ်ယောက်ခြံထဲဆင်းသွားလျှင် တစ်ယောက်က အသေအချာပင် ဝရံတာမှ ပေါ်လာတတ်ကာ လှမ်းအော်ခေါ် သည်။ သစ်ပင်များအကြားသို့ လိုက်ကြည့်ကာ 'ဟေး . . ကြွေ' သို့မဟုတ်'မေမေ . . မေမေ . . ဘယ်ကလဲ'သူတို့သားအမိသည် အတူတူဘုရားဝတ်တက်ကြသည်။ဘာသာရေး၌ ညီတူ ကိုင်းရှိုင်းကြ သည်။ စကားမပြောကြလင့်ကစား တစ်ယောက်ကို တစ်ယောက် နားလည်ကြသည်။ အခြားသူများအပေါ် ထင်မြင်ယူဆချက်များ လည်း အတူတူ။ မကြာခင်ပင် ဒေါ်မင်းယာသည် ကျွန်တော့်ကို လည်း ခင်မင်ကာ နှစ်ရက် သုံးရက် သူတို့အိမ်သို့ မရောက်လာလျှင် အခေါ်လွှတ်၍ ကျွန်တော်နေမှကောင်းရဲ့လားဟု မေးတတ်သည်။ ကျွန်တော်ရေးခြစ်ထားသော ပန်းချီကားချပ်များကို သူမက အံ့သြချီးမွမ်းသည်။ ကြွေကြွေစိုးကဲ့သို့ပင် ဖြစ်သမျှ အကြောင်းအရာကို ပွင့်လင်းစွာ၊ လွတ်လပ်စွာပြောပြတတ်သည်။ မကြာခဏပင် အိမ်တွင်းရေးများကို ယုံကြည်စွာ ဖွင့်ဟတတ်ပေသည်။

ဒေါ်မင်းယာသည် သူ့သမီးကြီးကို ကြောက်လည်း ကြောက်၊ လေးလည်းလေးစားသည်ဟု ဆိုရပေမည်။ ဝဝေ

စိုးမှာ ကြွင်နာ ယုယသော အမူအရာမရှိ။ လေးနက်သော အကြောင်းအရာများ ကိုသာ ပြောဆိုသည်။ သူမသည် သူ့ ဘာသာသူ၊ သူ့တရားနှင့်သူ သီးသန့်နေထိုင်သည်။ သူ့အမေနှင့် ညီမအဖို့ကား သူမသည် ပုဂ္ဂိုလ် ထူး၊ ပဟေဠိဆန်ဆန် လူ။ သဘော်သားများအတွက် အခန်းကလေးထဲတွင် ကိန်း အောင်းစံပယ်နေသော ရေတပ်ဗိုလ်ချုပ်ကြီး။

'သမီးဝေဝေက သိပ်တော်တာပဲနော်၊ ဘယ့်နှယ့်လဲ၊ မဟုတ် ဘူးလား'

အမေသည် တစ်စုံတစ်ရာ လျှို့ဝှက် ကြံစည်သောဟန်ဖြင့် အသံကိုနှိမ့်ကာ ဘေးပတ်ဝန်းကျင်ကို တုန်တုန်ယင်ယင် လှည့် ကြည့် ပြီး တီးတိုးသံဖြင့် 'ဝေက အံ့ဩဖို့ ကောင်းပါတယ်၊ သူ့လိုဟာမျိုး ကတော့ ရှားလောက်ပါတယ်၊ ဒါပေမယ့် သိလား၊ အဒေါ်တော့ လန့်မိတယ်၊ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ၊ စာအုပ်တွေ ချည်းပဲ၊ ဒါကတော့ တစ်ဆိတ် တစ်ဖက်စွန်း ရောက်မနေဘူးလား ကွယ်၊ သူ့အသက်က ငယ် တော့တာ မဟုတ်ဘူး၊ နှစ်ဆယ့်လေး၊ ကိုယ့်ရှေ့ရေးကို လေး လေးနက်နက် စဉ်းစားဖို့ အချိန်တော်ပြီ၊ အဲဒီစာအုပ်တွေ ဆေးပေးခန်းတွေက အချိန်ကို ပိတ်ဖုံးနေတာ၊ ဒီအရွယ်ဆို တော့ အိမ်ထောင်ပြုဖို့ ကောင်းနေ ပြီလေ'

ကြွေကား စာဖတ်လွန်းသဖြင့် ဖြူဖျော့ကာ ဆံပင်မှာ လည်း ပွယောင်းလျက်၊ ခေါင်းကိုမတ်လိုက်ပြီး သူ့ကိုယ်သူ ပြောသလို။ သို့သော် သူ့အမေကို ကြည့်၍. . .

'မေမေကလဲ၊ ကြွေတို့ဟာ ဘုရားပေးသမျှပေါ့'

ထို့နောက် ကြွေသည် စာအုပ်ထဲသို့ နစ်မြုပ်သွားပြန်သည်။

ပန်းထိုးရှပ်အင်္ကျီပေါ်၌ တောသား အပေါ်အင်္ကျီ ဝတ်ထား သော ကိုဟသ်ာသည် ပေါ်လာသည်။ ကျွန်တော်တို့သည် ကြက် တောင် ရိုက်ကြသည်။ မှောင်လာသောအခါ ထမင်းစားပွဲတွင် ဝိုင်းကာ အကြာကြီး ထိုင်လိုက်ကြသည်။ ဝေဝေစိုးသည် ကျောင်း အကြောင်း၊ တိုက်နယ်တစ်ခုလုံး သူ့လက်ခုပ်ထဲတွင် ထည့်ထားသော ဥက္ကဋ္ဌ ဦးဝေလင်းအကြောင်းတို့ကို ပြောနေပြန်သည်။ ထိုည ကြွေ ဝေတို့အိမ်မှ ထွက်ခွာလာသောအခါ ရှည်ကြာသော၊ ဘာမှ မဖြစ် သော နေ့တစ်နေ့အဖြစ် မှတ်သား ထင်ရစ်ကာ ထွက်လာခဲ့ပေ သည်။ မည်မျှပင် ရှည်ကြာလှပေသော်လည်း ဤကမ္ဘာလောက၌ အရာအားလုံးတို့သည် အဆုံးသို့ရောက်ပြီဟု မိမိကိုယ်ကိုမိမိ ဝမ်း နည်း တ,သစွာ ပြောကြားနေမိသည်။ ကြွေသည် ကျွန်တော်တို့အား ခြံတံခါး ပေါက်ဝအထိ လိုက်ပို့သည်။ ကျွန်တော်က တစ်နေ့လုံး၊ မိုးလင်းက မိုးချုပ် သူနှင့်အတူနေသောကြောင့်လည်း ဖြစ်ပေမည်။ ကြွေမရှိလျှင် ကျွန်တော့်မှာ အဖော်မဲ့နေသည်ဟု ခံစားစပြုလာ ပြီး ချစ်ဖွယ်ရာကောင်းသော ဤမိသားစုကလေးမှာ ခင်မင်လှပါ တကားဟု သိရှိနေမိပေသည်။ ဤနွေအကုန် မိုးအကူး၌ ပန်းချီကား တစ်ကားရေးမည်ဟု ပထမဆုံး ဖြစ်ပေါ်လာပေသည်။

အတူတူပြန်လာရင်း ကျွန်တော်က ကိုဟသ်ာအား 'ခင်ဗျား ဘဝက ဘာဖြစ်လို့ ငြီးငွေ့စရာ အရောင်အသွေး ကင်းမဲ့နေရမှာ လဲဗျ၊ ပြောစမ်းပါဦး၊ ဟုတ်တယ်၊ ကျွန်တော့်ဘဝကတော့ ပျင်း ခြောက်ခြောက် ငြီးငွေ့စရာ ထပ်တလဲလဲ၊ ကျွန်တော်ကတော့ အနုပညာသမားကို လူထူးလူဆန်း၊ ငယ်ငယ်ကတည်းက အားကျ မိတာတို့၊ ဝမ်းနည်းတာ၊ နောင်တရတာတို့ ကိုယ့်ပန်းချီကားကို မယုံကြည်တာတို့ကို ခံစားဖူးပြီ။ ကျွန်တော်ဟာ အမြဲတမ်းမွဲနေမှာပဲ၊ အိမ်ရာအတည်မရှိတဲ့ခြေသလုံးအိမ်တိုင်သမားပဲ၊ ဒါပေမယ့် ခင်ဗျားကတော့ ကျွန်တော်နဲ့ မတူဘူး။ ခင်ဗျားက ကျန်းမာသန်စွမ်းတဲ့ လူကပတိ၊ မြေပိုင်ရှင် လူကြီးလူကောင်း တစ် ယောက်၊ ဘာဖြစ်လို့ ထိုင်းမှိုင်းနေရတာလဲ၊ ခင်ဗျား ဘဝက ဘာမှ မဖြစ်ရတာလဲဟင်၊ ပမာဆိုပါတော့. . . ဝေဝေစိုး၊ ဒါမှ မဟုတ်ရင် ကြွေကြွေစိုးတစ်ယောက်ယောက်နဲ့ ဘာဖြစ်လို့ မချစ်ဘဲနေရမှာလဲ၊ ပြောစမ်းပါဦး'

ကိုဟသ်ာက 'ကျွန်တော် အမျိုးသမီးတစ်ယောက်နဲ့ ချစ်နေတယ်ဆိုတာ ခင်ဗျားက မေ့သွားပြီထင်တယ်' ဟု ပြောလိုက်သည်။

သူ ညွှန်းလိုက်သည်မှာ တိုက်အိမ်ကြီးမှ အဆောင်ထုတ်ထား သော တွဲဘက်အဆောင်၌ သူနှင့်အတူနေထိုင်သော မြကေသီ အမည်ရှိ အမျိုးသမီး၊ နေ့တိုင်း သူမကို ကျွန်တော်တွေ့သည်။ ကိုယ် လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း၊ မျက်နှာက ဝိုင်းစက်စက်၊ ခုံ့ခုံ့ထည်ထည်နေသူ၊ ပန်းခြံထဲ၌ လမ်းလျှောက်လျှင် ဘဲသွား သွား သည်။ ရှေးဆန်ဆန် ပိုးရှံသား

ဇာနားတပ် အင်္ကျီပွ၊ ဇင်းမယ်ထဘီ အစိမ်းနုနှင့်၊ ကျောက်စိမ်းလည်ဆွဲ ဆွဲထားတတ်သည်။ ပုသိမ်ထီး ဆောင်းတတ်သည်။ အစေခံများက သူ့ကိုထမင်း စား လက်ဖက် ရည်သောက် အမြဲခေါ်သံ ကြားရသည်။ လွန်ခဲ့သော သုံးနှစ်က ဤတွဲဘက်အဆောင်ကို နွေရာသီနေရန် ငှားရင်းက မြေပိုင်ရှင် ကိုဟသ်ာနှင့်အတူ လာနေတော့သည်။ သူမ ဘ၀ တစ်သက်လုံး နေမည့်ပုံ။ ကိုဟသ်ာထက် ဆယ်နှစ်ခန့်ကြီးသည်။ ကိုဟသ်ာမှာ သူ့လက်ခုပ်ထဲ ရောက်နေတော့သည်။ ကိုဟသ်ာ တစ်နေရာရာသွားမည်ဆိုက သူမထံ ခွင့်တောင်းရသည်။ သူမသည် ယောကျ်ားသံအသံကြမ်းကြမ်းဖြင့် ရှုက်ငိုနေ တတ်သည်။ ထိုအခါ ကျွန်တော်က အငိုမတိတ်လျှင် ဒီအခန်းမှာ ဆက်လက် နေထိုင်မည် မဟုတ်ဟု သွားရောက်ပြောခိုင်းရသည်။ သည်တော့မှ သူမလည်း အငိုရပ်သွားတော့သည်။

အိမ်ပြန်ရောက်သောအခါ ကိုဟသ်ာသည် ဆိုဖာပေါ်တွင် ထိုင်ကာမျက်မှောင်ကုတ်ပြီး စဉ်းစားနေသည်။ ကျွန်တော်က အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လို့နေသည်။ ကမ္ဘာ လောကကြီးမှာ ကျွန်တော်အဖို့ ချစ်သူရှိနေကညင်သာစွာ အဆွ ခံရမည်ကို စောင့်နေသကဲ့သို့ ခံစားနေပေသည်။ ကြွေကြွေတို့ အကြောင်း ပြောချင်သော ဆန္ဒကဖြစ်ပေါ်လာပေသည်။

ကျွန်တော်က ‘ဝေဝေစိုးကတော့ စိမ်းမြရိပ်က တစ်ယောက်ယောက် ဆိုပါတော့၊ သူလို ဆေးရုံတို့ ကျောင်းတို့မှာ စိတ်ထက် သန်သူ တစ်ယောက်ယောက်ကို ချစ်မှဖြစ်မှာ၊ ဒီလို

အမျိုးသမီး အတွက်ကတော့ အမျိုးသားက နတ်သမီးပုံပြင်တွေထဲက ချစ်သူလို သံဖိနပ်ဝတ်ပြီး လမ်းလျှောက်ချင်မှ ဖြစ်မှာလေ၊ ကြွေကကော. . ကြွေက သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေး။

ကိုဟသ်ာသည် အဲ. . သံဖြင့် အာလုပ်ပြုကာ ကျွန်တော်တို့ခေတ်၏ ရောဂါဖြစ်သော အဆိုးမြင်ဝါဒကို အရှည်ကြီးတွေးခေါ် ပြောဆိုနေပေသည်။ သူသည် ယုံယုံကြည်ကြည်ပြောသည်။ သူ့အသံ ကို ကြားခြင်းအားဖြင့် ကျွန်တော်က သူနှင့်ငြင်းခုံနေသည်ဟု မှတ်ထင်နေသည်။ အဆုံးမရှိ၊ တဆင်တည်းဖြစ်နေသော နေရောင် ဖြင့် ဝင်းလက်ဖြူဖွေးလျက်ရှိနေသောမြက်ခင်းပြင် တောကြီးပင် သူ့လောက်ငြီးငွေ့ စိတ်ပျက်စရာကောင်းမည်မဟုတ်ပေ။ သူသည် ထိုင်ကာ ဘယ်တော့မှ အဆုံးမသတ်မည့် ပုံပြင်ကို တပြောတည်း ပြောလျက် ရှိပေသည်။ ကျွန်တော်က စိတ်တိုစွာဖြင့် 'အဆိုးမြင် ဝါဒတို့၊ အကောင်းမြင်ဝါဒတို့ရဲ့ ကိစ္စမဟုတ်ပါဘူးဗျာ၊ ကိုးဆယ် ရာခိုင်နှုန်း၊ လူတွေဟာ ဦးနှောက် မရှိကြဘူး ဆိုတာက အချက်ပဲဗျ'

ကိုဟသ်ာသည် ကျွန်တော်၏ မှတ်ချက်ကို သူ့အား စော်ကားသည်ဟု ယူဆကာ ထွက်သွားလေသည်။

* * *

(၃)

ဝေဝေစိုးက ‘အထက်လွှတ်တော်အမတ် မင်းသားကြီး ထိပ်တင်ဦးရန်ပိုင် မောရဝတီရောက်နေတယ်၊ မေမေ့ကိုတောင် သူ့သတိရကြောင်း စကားလက်ဆောင် ပါးလိုက်တယ်’ ဟု သူ့ အမေ အား ပြောပြနေသည်။ သူမသည် တစ်နေရာမှ လည် ပတ်၍ ပြန်လာပြီး စိန်ကတ္တီပါ အပေါ်ရုံကို အသာချွတ်လိုက် သည်။

‘ဦးရန်ပိုင်ဟာ စိတ်ဝင်စားဖို့ကောင်းတယ်၊ မောရဝတီမှာ ဆေးဘက်ရာထူး တစ်နေရာထားဖို့ ပြဿနာကိုလာမယ့် ကော်မတီ အစည်းအဝေးမှာ တင်လိမ့်မယ်။ ဒါပေမယ့် သူက ပြောတော့ သိပ်တော့ မျှော်လင့်စရာ မရှိဘူးတဲ့၊ ခွင့်လွှတ်ပါ နော်’ ဟု သူမက ကျွန်တော့်ဘက်လှည့်ကာ ‘ကျွန်မတော့ ရှင် ဒါမျိုး စိတ်မဝင်စား ဘူးဆိုတာကို မေ့မေ့သွားလို့ပါရှင်။

ကျွန်တော်ဒေါသထွက်သွားသည်။

ကျွန်တော်က ပုခုံးတွန့်ကာ မေးလိုက်သည်။

'ဘာဖြစ်လို့ စိတ်မဝင်စားရမှာလဲ၊ ဝေဝေက ကျွန်တော့် အကြံဉာဏ်ကိုမှ ဂရုမစိုက်တာပဲ၊ ဒါပေမယ့် ကျွန်တော်ပြော ရဲ ပါတယ်။ ဒီပြဿနာကို ကျွန်တော် စိတ်ဝင်စားပါတယ်'

'တကယ်လား'

'တကယ်ပေါ့၊ တကယ်ကတော့ မောရဝတီမှာ ဆေးဘက် ရာထူး တစ်နေရာ မလိုဘူးလို့ထင်ပါတယ်'

ကျွန်တော့်ဒေါသက သူ့ကိုတုံ့ပြန်လိုက်သည်။ သူမသည် မျက်လုံးကျဉ်းဖြင့် ကျွန်တော့်ကို ကြည့်ကာ ပြောလိုက်သည်။

'ဒါဖြင့် ဘာများ လိုနေပါသလဲတဲ့ရှင့်၊ ပြောစမ်းပါဦး၊ ရှူမျှော်ခင်း ပန်းချီကားတွေလား'

သူမသည် စိန်ကတ္တီပါ အင်္ကျီကို လက်ကကိုင်ကာ အခုပဲ စာတိုက်က ရောက်လာသော သတင်းစာကို ယူဖတ်နေလိုက် သည်။ တစ်မိနစ်ခန့်ကြာသောအခါ သူမ၏ ခံစားချက်ကို ကြိုးစား၍ ထိန်း ကာ ညင်သာစွာ ပြောလိုက်သည်။

'အရင် တစ်ပတ်ထဲက လှခင်လေး ကလေးမွေးရင်းဆုံး သွား တယ်၊ တကယ်လို့သာ ဒီအနီးအနားတဝိုက်မှာ ဆေးဌာန တစ်ခု ရှိရင် ဘယ်ဆုံးပါးရမှာလဲ၊ ကျွန်မတော့ မတွေးပဲကို မနေနိုင်ဘူး၊ ရှူမျှော်ခင်း ပန်းချီဆရာတွေလဲ ဒီကိစ္စမျိုးမှာ ယုံကြည်ချက် တစ်ခု တော့ ရှိသင့်ပါတယ်'

'ကျွန်တော့်မှာ ယုံကြည်ချက် အတိအကျကို ရှိပါတယ်၊ ဒါ ကျွန်တော် ပြောရဲပါတယ်' ဟု ကျွန်တော်က ပြန်ပြောစဉ်

သူမကတော့ ကျွန်တော်ပြောတာကို နားမထောင်ချင်သလို သတင်းစာနှင့် မျက်နှာကွယ်ထားသည်။

'ကျွန်တော့ သဘောကတော့ ဆေးဌာနတို့၊ စာသင်ကျောင်း တို့၊ စာကြည့်တိုက်တို့၊ ဆေးပေးခန်းတို့ဟာ ဒီလက်ရှိ အခြေအနေ အောက်မှာ အချုပ်အနှောင်ခံနေရတဲ့ ကျွန်ဘဝ အဖြစ်ကိုသာ အား ပေးနေတာပဲဗျ၊ လူတွေမှာ ကြီးမားသော သံကြိုးကြီးတွေနဲ့ တုပ်နှောင်ခြင်း ခံနေရတယ်၊ ဝေဝေတို့ လုပ်နေတာက ဒီသံကြိုးကြီးတွေ ပြတ်သွားအောင် လုပ်နေတာ မဟုတ်ဘူး၊ သံကွင်း ဆက် အသစ်အသစ်တွေသာရစ်ပတ်နှောင်ဖွဲ့အောင် လုပ်ပေးနေတာ၊ အဲဒါ ကျွန်တော့် ယုံကြည်ချက်ပဲ'

ဝေဝေစိုးက ကျွန်တော့်မျက်နှာကို စိုက်ကြည့်ကာ သရော်ဟန်ဖြင့် ပြုံးပြသည်။ ကျွန်တော်က ကျွန်တော်၏ အခြေခံ သဘောထားများကို ရှင်းပြဖို့ ကြိုးစားသည်။

'အရေးကြီးတာက လူခြင် ကလေးမွေးရင်း ဆုံးတာတို့ မဟုတ်ဘူးဗျ၊ တကယ် အရေးကြီးတာက လူခြင်တို့၊ လူရင်တို့၊ လူကျင်တို့ နေဝင်ကနေထွက် တကုန်းကုန်းနဲ့ ရုန်းပြီး အလုပ်လုပ် ကြရတာ၊ အလုပ်ပင်ပန်းလို့ ဖျားရနာရတာဗျ၊ ထမင်းဝဝ မစားရတဲ့ မမာတဲ့သူတို့ ကလေးတွေအတွက် ပူရတာတို့၊ ဘယ်တော့ သေရ မယ် နာရမယ်ဆိုတာကို ကြောက်နေရတာတို့က တစ်သက်လုံး မကဘူး၊ ငယ်ငယ်နဲ့ ရောဂါရ၊ ငယ်ငယ်နဲ့ အို၊ သေတော့လဲ ညစ် ညစ်ပတ်ပတ် နံနံစော်စော်ထဲမှာ သေ၊

သူတို့က မွေးတဲ့ သားသမီး တွေကျတော့လဲ သူတို့ အမေတွေ လိုပဲ ဖြစ်နေကြရတာ၊ ဒီလိုပဲ ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်း ကုန်ဆုံးခဲ့ကြတာပဲ၊ သန်းပေါင်း များစွာသော လူတွေဟာ တိရစ္ဆာန်ထက် ဆိုးတဲ့ဘဝ၊ ထမင်း လေး တစ်ဆုပ်တစ်ခဲ အတွက် အမြဲ ထိတ်လန့်နေရတာ၊ တကယ် ကြောက်စရာ အကောင်းဆုံးကတော့ သူတို့ရဲ့ ဘဝကံကြမ္မာ၊ ဘုရားသခင် အကြောင်းတွေးဖို့ အချိန်မရတာပဲ၊ ဆာလောင်ခြင်းတို့၊ ချမ်း စီး တာတို့၊ အမြဲတမ်း မိုးသားတိမ်မည်းတွေ လမ်းမမြင် ကမ်းမမြင် ဖြစ်အောင် ဖုံးကွယ်ကာစီးနေတာ၊ တကယ့် စိတ် ပိုင်း လုပ်ငန်းတွေ မလုပ်နိုင်အောင်၊ ဒ့ါအပြင် တိရစ္ဆာန် ဘဝထက် မယုတ်ညံ့ရဖို့ လူဘဝနေပျော်ဖို့ မလုပ်နိုင်အောင် ကာဆီး ဖုံးကွယ် ထားနေတာပဲ၊ ခင်ဗျားက ဆေးရုံဆောက် တာတို့၊ စာသင်ကျောင်း ဆောက်တာတို့နဲ့ ကူညီထောက်ပံ့နေ တယ်၊ ဒါပေမယ့် ဒါတွေက သူတို့ရဲ့ နှောင်ကြိုးက လွတ် မြောက်အောင် လုပ်ပေးနေတာ မဟုတ်ဘူးဗျ၊ ပိုပြီးတော့ တောင် ကျွန်ဘဝက မထွက်အောင် လုပ်နေရာ ရောက်တယ်၊ သူတို့ ဘဝထဲကို အဲ့ဒီလို ထင်ယောင်ဟုတ်နိုး အတွေးသစ်တွေ ဝင်ရောက် စေခြင်းဖြင့် ခင်ဗျားဟာ သူတို့ရဲ့ တောင်းဆိုချက် တွေ ပိုပြီး တိုးပွား လာစေတယ်၊ ပိုတောင် ခက်ခက်ခဲခဲ ရုန်းကန် လှုပ်ရှားနေရ သေးတယ်'

ဝေဝေစိုးက သတင်းစာကို နှိမ့်ကိုင်ကာ 'ကျွန်မ ရှင်နဲ့ ပြိုင်ပြီး မငြင်းတော့ပါဘူး၊ ဘာမှမလုပ်ဘဲတော့ ထိုင်ပြီး မနေ နိုင်ဘူးရှင့်၊ ဟုတ်တယ်၊ ကျွန်မတို့ဟာ လူသားတစ်ရပ်လုံးကို

ကယ်တင်နေ တာတော့ မဟုတ်ဘူးပေါ့ရှင်၊ အမှားတွေလဲ အများကြီး ပါမှာပါပဲ၊ ဒါပေမယ့် ကျွန်မတို့လုပ်နိုင်သလောက်တော့ လုပ်နေတာပါပဲ၊ ဒါဟာ မှန်တယ်လို့လဲ ထင်ပါတယ်၊ ယဉ်ကျေးတဲ့ လူတစ်ယောက်ရဲ့ အမြင့်ဆုံးနဲ့ အမြတ်ဆုံးတာဝန်ကတော့ သူရဲ့ အိမ်နီးနားချင်းများကို အကျိုးပြုဖို့ပဲ မဟုတ်ဘူးလားရှင်၊ ကျွန်မ တို့မှာ အဲဒီ တာဝန်တွေကို ကိုယ်စွမ်းရှိသမျှ ထမ်းဆောင်နေကြတာပါ၊ ဒါကို ရှင်က မကြိုက်ဘူး၊ ဒါပေမယ့် တကယ်ကတော့ လူသားအားလုံး ကျေနပ်အောင် ဘယ်လုပ်နိုင်ပါ့မလဲနော်’

‘ဟုတ်တယ် ဝေဝေ၊ ဟုတ်တယ်’ ဟု သူမ၏ အမေက ဆိုလိုက်သည်။

ဒေါ်မင်းယာသည် သမီးဝေရှေ့၌ အမြဲတမ်း တုန်ယင်စိုးရွံ့ နေမြဲ။ သမီးဝေ စကားပြောနေစဉ် စိုက်ကြည့်နေကာ တစ်စုံတစ်ခု မပြောသင့်တာ ပြောမိမှာကို ကြောက်နေတတ်မြဲ၊ ဘယ်တော့မှ လည်း ဝေနှင့် ဆန့်ကျင်ဘက်မပြော။ ‘ဟုတ်တယ် ဝေဝေ၊ ဟုတ် တယ်’ ဟုသာ လိုက်ပြောလေ့ ရှိသည်။

ကျွန်တော်က ဆက်၍ ပြောလိုက်သည်။

‘တောသားတွေ စာမတတ်ကြတာ၊ သင်ခန်းစာပေး ခပ်ညံ့ညံ့တို့၊ လူကြိုက်များတဲ့ ဆုံးမစာတို့ပါတဲ့ စာအုပ်တွေ၊ ဆေးဝါး ထောက်ပံ့ရေးဌာနတွေဟာ သူတို့ရဲ့အသိဉာဏ်နည်းပါးမှု၊ ဒါမှမဟုတ် လူသေနှုန်းတွေကို လျော့သွားအောင် မလုပ်နိုင်ပါဘူးဗျာ၊ ခင်ဗျားအိမ်က ပြတင်းပေါက်က ဝင်လာတဲ့ အလင်းရောင်ကမှ ခြံဝင်းကြီးတစ်ခုလုံးကို လင်းလာ

အောင် ထွန်းညှိနိုင်ပါသေးတယ်၊ သူတို့ကို ခင်ဗျား ဘာမှ လုပ်မပေးနိုင်ပါဘူး၊ ဒီလူတွေရဲ့ဘဝကို ခင်ဗျားဝင်ရောက် စွတ်ဖက်ခြင်းအားဖြင့် တောင်းဆိုချက် အသစ်တွေသာ ပွား စေတာပဲဗျ'

ဝေဝေစိုးက စိတ်ဆိုးလာကာ သူမ၏လေသံထဲတွင် ကျွန် တော်၏ ငြင်းခုံချက်များမှာ သေးသေးနုပ်နုပ် စိတ်ပျက် စရာ ဟူသော သဘောသက်ဝင်နေသည်။

'ဒါပေမယ့် ကျွန်မကတော့ တစ်ခုခုလုပ်ပေးရမှာပေါ့ ရှင်'

'လူတွေဟာ လေးလံတဲ့အလုပ်ကြမ်းက လွတ်မြောက်စေရ မယ်ဗျ၊ သူတို့ကို ဖိစီးထားလည်း ဝန်လေးကြီးကို ပေါ့အောင် လုပ် ပေးရမယ်၊ အသက်ရှူပေါက်ရအောင် လုပ်ပေးရမယ်၊ သူတို့ ဘဝသက်တမ်း တစ်ခုလုံးကို မီးဖိုနားမှာ၊ ရေဘုံဘိုင်နားမှာ၊ လယ် တောထဲမှာ နစ်မြုပ်မနေအောင် လုပ်ပေးရမယ်၊ ဒါမှ အချိန် ကလေးရှိလာပြီး သူတို့နောင်တမလွန်ဘဝအကြောင်း၊ ဘုရားသခင် အကြောင်း တွေးတောနိုင်ပြီး စိတ်ပိုင်းလုပ်ငန်း တွေ လုပ်နိုင်ခွင့်ရ မှာပေါ့။ လူတိုင်းဟာ စိတ်အားလပ်ခွင့် ရှိရ မယ်ဗျ၊ ဒါမှ အနှစ် သာရကို ရှာဖွေနိုင်မယ်၊ သူတို့ကြမ်းတမ်းခက် ထန်တဲ့၊ ကာယ ပင်ပန်းတဲ့၊ ရုန်းကန်နေရတဲ့ အလုပ်က လွတ် မြောက်စေပြီး လွတ် လပ်ရေးအရသာကို ခံစားစေရလိမ့်မယ်။ ဒါမှဒီစာအုပ်တွေနဲ့ ဆေးပေးခန်းတွေဟာ တကယ်က ဘာလဲ ဆိုတာ၊ ဒါတွေရဲ့ ရယ် စရာကောင်းတာ ဆိုတာတွေကို သိရ မှာ၊ လူတစ်ယောက်ဟာ သူ့ရဲ့ အလုပ်ဟာ ဘာလဲဆိုတာကို

တကယ်ခံစားပြီး သိလာတော့မှ သူ့ကို ဘာကကျေနပ်စေသလဲ ဆိုတာ သိလာရမှာ၊ အဲ့ဒါက ဘာ သာရေး သိပ္ပံပညာ အနု ပညာပဲဗျ၊ အခုလို အသေးအမွှားမျိုးတွေ မဟုတ် ဘူး’

‘ပင်ပန်းတဲ့၊ ရုန်းကန်နေရတဲ့ အလုပ်ကြမ်းဘဝက လွတ် မြောက်ရမယ်ဟုတ်လား၊ ဒါတွေက အားကြီးဖြစ်နိုင်တာ ပေါ့နော်’ ဟု ဝေဝေစိုးကပြောင်သည်။

‘ဟုတ်တယ်၊ ဝေဝေကိုယ်တိုင် သူတို့အလုပ်တွေကို ဝင် လုပ် ကြည့်စမ်းပါနော်၊ ကျွန်တော်တို့အားလုံးဆိုပါတော့၊ မြို့ ကကော တောကကော ဘယ်သူမှ ချွင်းချက်မထားတမ်း၊ သူတို့ အလုပ်တွေ လူသားထုကြီး လုပ်နေရတဲ့ ရုပ်လိုအပ်ချက်ကို ဖြည့် စွမ်းတဲ့ လုပ်အားကို ဝင်လုပ်ကြည့်မယ်ဆိုရင် ကျွန်တော် တို့တစ်တွေ တစ်နေ့ကို နှစ်နာရီ သုံးနာရီထက် ပိုလုပ်နိုင်မှာ မဟုတ်ဘူး၊ စဉ်းစားကြည့် စမ်းပါ၊ တကယ်လို့သာ ကျွန်တော် တို့အားလုံး ချမ်းသာသူရော ဆင်းရဲသူရော တစ်နေ့ကို သုံး နာရီလုပ်ပြီး ကျန်တဲ့အချိန်ကို ကျွန် တော်တို့အတွက် ထားတယ် ဆိုကြပါစို့၊ တကယ်လို့ ကျွန်တော်တို့ ကိုယ်ကာယအပေါ် မှာ လျော့နည်းပြီး မှီခိုထားရအောင်၊ လျော့နည်းပြီး အလုပ် လုပ်ရအောင်၊ အလုပ်ကြမ်းသက်သာအောင် စက်ကိရိယာ တွေကို ထွင်ရရင် ကျွန်တော်တို့ လိုအပ်ချက်တွေကို အနည်းဆုံး အထိ လျှော့ချထားမယ်ဆိုရင် ဘယ်လိုဖြစ်မလဲဆိုတာ စဉ်း စားကြည့်စမ်းပါ၊ ကျွန်တော်တို့ကို ကျွန်တော်တို့ ခံနိုင်အောင် အပါအဝင်ပေါ့၊ ဆာလောင်တာ ဝလင်တာကို မကြောက် တော့ဘဲ ရှိမယ်၊ လူခင်တို့ မြခင်တို့ရဲ့ ကျန်းမာရေးကိုလည်း အမြဲ

တမ်း ပူပင်မနေရဘူးပေါ့၊ စဉ်းစားကြည့်စမ်းပါ။ ဆေးဝါး မသောက်ရဘူး၊ ဆေးပေးခန်းတို့၊ ဆေးလိပ်စက်ရုံတို့၊ အရက် ပေါင်းဖိုတို့ကို မထား ရဘူးဆိုရင် အချိန်တွေဘယ်လောက် ပိုနေလိုက်မလဲ၊ ဒီအချိန်ကို သိပ္ပံဘက် အနုပညာဘက် ဝိဇ္ဇာ ပညာ ဘက်မှာ ညီညီညွတ်ညွတ် ပေါင်းပေါင်းစည်းစည်းနဲ့ လုပ် နိုင်တာပေါ့၊ အဲ့ဒီတော့မှ အားလုံး သစ္စာတရားနဲ့ ဘဝ အဓိပ္ပါယ်ကို ရှာနိုင်မယ်လို့ ကျွန်တော် ယုံကြည်တယ်လေ၊ သစ္စာတရားဟာလဲ မကြာခင်တွေ့ရ မှာပဲ၊ လူသားတစ်ရပ်လုံး ဟာလဲ အမြဲတမ်းသေခြင်းကို ကြောက်နေရတဲ့၊ အမြဲ တမ်း ဖိစီးနှိပ်စက်နေတဲ့ ဒုက္ခကကင်းလွတ်ရမှာပဲ’

‘ဒါကတော့ ရှင်ပြောနေတဲ့ စကားကိုပဲ ရှင်ပြန်ဆန့်ကျင် နေပြီရှင့်၊ ရှင်က သိပ္ပံပညာကို ဟောပြောတယ်၊ ဟော. . . ရှင်က စာမတတ်သူ ပပျောက်ရေးကို ငြင်းပယ်တယ်’ ဟု ဝေဝေ စိုးက ပြောသည်။

‘စာဖတ်တတ်တော့ကော သေစာရှင်စာ ဖတ်တတ်မယ်၊ သူ နားမလည်တဲ့ တကယ့်စာအုပ်တွေ ဖတ်မယ်၊ ဒါ့ထက်မပိုပါ ဘူး ဗျာ၊ စာဖတ်တတ်တာက ဘိုးတော်ဘုရားလက်ထက်က တည်းက ရှိနေခဲ့တာပဲဟာ၊ ဂျိမ်း လှကျော်ရဲ့ ဝတ္ထုထဲက မောင် ရင်မောင် ဟာ စာဖတ်တတ်သားပဲ၊ ဒါပေမယ့် တောကျေးလက် ကတော့ ဘိုး တော်ဘုရားလက်ထက်နဲ့ ဘာများခြားနားနေ သေးလို့လဲ၊ ဒီ အတိုင်း ပဲမဟုတ်လား၊ ကျွန်တော်တို့ လိုအပ် နေတာက စာမတတ်သူ ပပျောက်ရေး မဟုတ်ဘူးဗျ၊ အချိန်ပို အချိန်အား၊ ကျွန်တော်တို့ရဲ့ စိတ်ပိုင်းအရည်အသွေးတွေကို

ဖော်ပြနိုင်ရေးပဲ၊ လိုအပ်နေတာက စာသင်ကျောင်းတွေ မဟုတ်ဘူး၊ တက္ကသိုလ် ကျောင်းတော်ကြီး တွေ. . .'

'ရှင်က ဆေးသိပ္ပံကို မလိုချင်ဘူးပေါ့'

'ဟုတ်တယ်၊ လိုချင်တာက သဘာဝအချင်းအရာ အဖြစ်ရှိနေတဲ့ ရောဂါကိုလေ့လာရေးပဲ၊ ရောဂါပျောက်ကင်းရေး မဟုတ် သေးဘူး၊ ဆေးဝါးကုသရေး လိုမယ်ဆိုရင်လိုပါတယ်၊ ဒါပေမယ့် ရောဂါဖြစ်ခြင်းရဲ့ ရင်းမြစ်အကြောင်းက ပိုလိုပါတယ်၊ အဓိကရင်း မြစ်အကြောင်းက ကာယအလုပ်ကြမ်းပဲဗျ၊ ဒါကိုရှင်းလိုက်ရင် ရောဂါဆိုတာ ရှိမှာ မဟုတ်တော့ဘူး၊ အနာရောဂါ ပျောက်ကင်း အောင် ကုသရေးကိုပေးတဲ့ အဲဒီ သိပ္ပံပညာကို ကျွန်တော်က အသိအ မှတ်မပြုဘူး'

ကျွန်တော်က ဆက်လက်၍ စိတ်လိုက်မာန်ပါ ပြောသည်။

'တကယ့်သိပ္ပံပညာ၊ တကယ့် အနုပညာဆိုတာ ယာယီသဘော တစ်ပိုင်းတစ်စိတ် သဘောကို ရည်ရွယ်တာ မဟုတ်ဘူး၊ အမြဲတမ်းနဲ့ အကုန်လုံးကို ရည်ရွယ်ထားတာ၊ သူတို့ဟာ အမှန်တရားကို ရှာကြတယ်၊ ဘဝရဲ့ အဓိပ္ပာယ်ကို ရှာကြတယ်၊ ဘုရားသခင် ကိုရှာကြတယ်၊ တကယ်လို့ တစ်ချိန်တစ်ခါ တစ်ခဏ အတွက် လိုအပ်လာပြီဆိုရင် အဲဒီဆေးပေးခန်းတို့၊ စာကြည့်တိုက်တို့နဲ့ ဖြေရှင်းလိုက်တယ်ဆိုပါတော့ ပြဿနာကရှုပ်ထွေးသွားမယ်၊ ဘဝကို လေးလံစေမယ်၊ ကျွန်တော်တို့မယ် ဆရာဝန်တွေ တစ်ပုံကြီး၊ ဓာတုဗေဒဆရာတွေ ဝတ်လုံတွေ တစ်ပုံကြီး၊ ခုဆိုရင် စာဖတ် သူတွေလဲ အများကြီး၊ ဒါပေမယ့် ဇီဝဗေဒပညာရှင်တွေ၊ သင်္ချာ ဗေဒပညာရှင်တွေ၊ အဘိဓမ္မာပညာ

ရှင်တွေ ကဗျာဆရာတွေက ရှိတာမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ ဦးနှောက်တွေ၊ စိတ်ပိုင်း ဆိုင်ရာ စွမ်းအားတွေကို ယာယီ ခဏ တဖြုတ် လိုအပ်ချက်တွေမှာ သွားပြီး ဖြုန်းတီးနေရတယ်၊ သိပ္ပံ ပညာရှင်တွေ၊ စာရေးဆရာတွေ ပန်းချီ ဆရာတွေက အားမာန် အပြည့်နဲ့ အလုပ်လုပ်ကြတယ်၊ သူတို့ကျေးဇူးကြောင့် နေ့စဉ် ဘဝဟာ နှစ်သိမ့်ချမ်းသာရာရတယ်၊ ကျွန်တော်တို့ရဲ့ ရုပ်အလို ဆန္ဒတွေ ပြည့်ဖြိုးလာရတယ်၊ ဒါပေမယ့် တကယ့် အမှန် တရားနဲ့ကတော့ ဝေးသေးတယ်လေ၊ လူတွေဟာ သတ္တဝါ တွေထဲမှာ အညစ်ပတ်ဆုံး လုယက်ဖမ်းစားတဲ့ သားရဲကောင် အဆန်ဆုံး၊ တစ်ခုလုံးခြုံကြည့်ရင် လူသားဟာ နိမ့်ကျတိမ်ကောမှုကို ဦးတည် နေပြီး ပြုပြင်မရအောင် စွမ်းအားလည်း ယုတ် လျော့နေပြီ၊ ဒီလို အခြေအနေမျိုးမှာ အနုပညာရှင်ရဲ့ဘဝဟာလဲ ဘာမျှ အဓိပ္ပာယ် မရှိတော့ဘူးဗျ၊ သူ့ရဲ့အနုပညာ အရည်အသွေး တောက်ပလေ ပိုဆိုး လေပဲ၊ သူ့လုပ်ငန်းဟာလဲ ပိုပြီး နား မလည်နိုင်စရာ ဖြစ်လေပဲ၊ အပြင်ပန်းကကြည့်ရင် သူ့လုပ်ငန်း တွေဟာ အဲဒီညစ်ပတ်တဲ့ သား ရဲကောင်းဆန်တဲ့ သတ္တဝါကို ဖြေဖျော်မှု ပေးနေတာ၊ အဲဒီလက်ရှိ စနစ်ကြီးကို ထောက်ပံ့ ပေးနေတာကိုးဗျ ကျွန်တော်လဲ ဘာမှ မလုပ်ချင် မကိုင်ချင် ဘူး၊ ဘာမှလဲ လုပ်မှာ မဟုတ်ဘူး၊ ဘာမှလဲ အလိုမရှိဘူး၊ ကမ္ဘာ လောကကြီး တဖျစ်ဖျစ်မြည်ပြီး မှုန့်မှုန့် ညက်ညက် အပိုင်းပိုင်း အစက်စက် ကျေပြုန်းသွားပါစေ'

'မိကြွေကြွေ . . . အနားမနေစမ်းပါနဲ့' ဟု ဝေဝေစိုးက သူ့ ညီမငယ်အား ငေါက်ပြောလိုက်သည်။ ကျွန်တော်၏ စကား

လုံး များမှာ ငယ်ရွယ်နုပျိုသေးသော သူ့ညီမ နားထောင်ရန် မသင့်ဟု ယူဆသဖြင့် ဖြစ်ပေသည်။

ကြွေကြွေစိုးသည် ဝမ်းနည်းသောအမူအရာဖြင့် သူ့အစ်မ မှသူ့အမေဆီသို့လှမ်းကြည့်ကာ နေရာမှထွက်ခွာသွားသည်။

'လူတွေဟာ သူတို့ရဲ့ ဘယ်ဘက်မှ စိတ်မဝင်စားဘူးဆိုတာ ပြချင်တာနဲ့ ကောင်းတာချည်း လျှောက်ပြောနေကြတာ ရှင့်၊ ရောဂါ ပျောက်ကင်းသွားအောင် ကုသရေးတို့၊ စာပေသင် ကြားရေးတို့ထက် ဆေးရုံတို့၊ စာသင်ကျောင်းတို့ အသုံးဝင်ပုံ ကို ငြင်းပယ်ရတာက ပိုလွယ်ကူတယ် မဟုတ်လား'

'ဟုတ်တယ် ဝေဝေ. . . ဟုတ်တယ်' ဟု သူ့အမေက ဆို လိုက်သည်။

ဝေဝေစိုးက ဆက်လက်၍ 'ရှင်က ရှင့်ပန်းချီကို စွန့်မယ်လို့ ပြောလိုက်တယ် မဟုတ်လား၊ ရှင်က ပန်းချီရဲ့တန်ဖိုးကို သိပ် မြှင့် ထားတာကိုး၊ ဒါကိုတော့ ရှင်နဲ့ မငြင်းချင်ပါဘူးလေ၊ ဘယ်တော့ မှလဲ သဘောတူကြမှာမှ မဟုတ်ဘဲ၊ ရှင်က ရှုတ်ရှုတ် ချချ ညွှန်းထား တဲ့ စာကြည့်တိုက်တို့ ဆေးပေးခန်းတို့ကို ကျွန်မက ရှင့်ရှုမျှော်ခင်း ပန်းချီကားတွေထက် ကမ္ဘာပေါ်မှာ တန်ဖိုးမြင့်တယ် လို့ ထင်နေ တာ'

သူမသည် ရုတ်တရက် စကားကိုဖြတ်ကာ သူမအမေဘက် သို့ လှည့်ပြီး လေသံတစ်မျိုးဖြင့် 'အထက်လွှတ်တော် အမတ် မင်း သားကြီး ထိပ်တင်ဦးရန်ပိုင် ဒီတစ်ခေါက်လာတာ ပိန် လိုက်တာ၊ သူ့ကိုပေလီသွားပြီး အနားယူခိုင်းရမယ်' ဟုပြော လိုက်သည်။

ကျွန်တော်နှင့် စကားပြောခြင်းကို ရှောင်ရှားကာ ဝေဝေသည် သူ့အမေဘက်လှည့်ကာ ပြောနေပေသည်။ သူမ၏မျက်နှာ နီမြန်းလျက်ရှိသည်။ စိတ်လှုပ်ရှားခြင်းကို ဖုံးကွယ်ရန် မျက်စိမှုန် သူအလား၊ စားပွဲကို ငုံ့ကာ သတင်းစာ ဖတ်ချင်ယောင်ဆောင် နေသည်။ ကျွန်တော်ရှိနေခြင်းမှာ သူမအဖို့ မနှစ်သက်သည်မှာ ထင်ရှားလှပေသည်။ ကျွန်တော်လည်း ထပြန်ခဲ့ပေသည်။

* * *

(၄)

မျက်နှာစာ မြက်ခင်းမှာ တိတ်ဆိတ်နေပေသည်။ ရေကန်တစ်ဖက်ရှိ ရွာမှာလည်း အိပ်စက်၍နေပေသည်။ မီးရောင်ဆို၍ ဘာမျှမမြင်ရ။ သို့သော် ကြယ်များ၏ ဖျော့တော့တော့ အရောင် သည် ရေပြင်၌ မထင်မရှား အရိပ်ထင်လျက် ရှိနေသည်။ ဝင်း တံခါးပေါက်ဝရှိ ခြသေ့်၌ကား ကြွေကြွေသည် မလှုပ်မယှက်ရပ်ကာ ကျွန်တော့်အား စောင့်စားနေသည်။

'တစ်ရွာလုံးကတော့ အိပ်နေကြပြီ ကြွေ'ဟု ကျွန်တော်က အမှောင်ထဲမှ ကြွေ၏ပုံပန်းကို ကြိုးစားကြည့်ရင်း ပြောလိုက်ပေ သည်။ သို့သော် မည်းနက်၍ ဝမ်းနည်းသော သူမ၏ မျက်လုံးအစုံက ကျွန်တော့်အား စိုက်ကြည့်နေသည်ကိုကား မြင်နေရပေသည်။

'ထမင်းဆိုင်ရှင်တို့၊ မြင်းသူခိုးတို့ကတော့ အေးချမ်းစွာ အိပ်ပျော်နေကြလေရဲ့၊ ဂုဏ်သရေရှိ သားသမီးကောင်းများ ဖြစ်၍ ကျွန်တော်တို့ တစ်တွေကတော့ တစ်ယောက်နဲ့ တစ်ယောက် စိတ်ဆိုးကြ ငြင်းကြခုံကြနဲ့နော်'

ဆွေးလျဖွယ်ကောင်းသော တော်သတင်းလ၏ည၊ တကယ်ပင် ဆွေးလျတယ်၊ မိုးရိပ်ကလေးများ လေထဲတွင် ခပ်ပါးပါး ရှိနေ သေးသည်။ လဝန်းသည် နီရဲသော တိမ်ထဲမှာ ထွက်ပြူနေသည်။ သို့သော်လည်း လမ်းကို အလင်းရောင် သိပ်မထွန်းပ လိုက်နိုင်။ တစ်ဖက်တစ်ချက်ကတော့ မိုးကုန်လယ်တောကြီး၊ ကြယ်များ သည် အဆက်မပြတ် ကြွေကျနေကြသည်။ ကြွေသည် ကျွန်တော် နှင့် ယှဉ်ကာ လမ်းလျှောက်လိုက်လာသည်။ အပေါ်ကိုကား မော့ မကြည့်၊ ကြွေကျနေသောကြယ်များကို မြင်မိက ကြောက်မှာစိုး၍။

ကြွေက ညနေစောင်း စိုထိုင်းမှုကြောင့် အနည်းငယ် ချမ်းသော အသံတုန်ဖြင့် 'အစ်ကိုပြောတာ မှန်ပါတယ်။ ကြွေတို့ အားလုံး သာ စိတ်ပိုင်းလုပ်ငန်းတွေကို အာရုံစိုက်ကြမယ်ဆိုရင်လေ၊ ကြွေတို့ တစ်ခုခုတော့ တွေ့ရှိရမှာပဲ'

'ဟုတ်တာပေါ့ကြွေ၊ အစ်ကိုတို့ဟာ အဆင့်မြင့်တဲ့ သတ္တဝါတွေ မဟုတ်ဘူးလား၊ တကယ်လို့သာ လူရဲ့ ထူးခြားတဲ့ ဉာဏ်စွမ်းအားကို နားလည်သိရှိပြီး မြင့်မားတဲ့ ရည်ရွယ်ချက်နဲ့သာ နေနိုင်မယ် ဆိုရင် တစ်နေ့မှာ နတ်ဒေဝတာတွေလို ဖြစ်လာရမှာပေါ့လေ၊ ဒါပေ မယ့် ဒါက မဖြစ်တော့ပါဘူး။ လူ့ဘောင်ကြီးက ဆုတ်ယုတ် လျော့ ကျနေပြီ၊ မကြာမီ ထူးခြားတဲ့ ပါရမီရှင်

ညာဏ်ဆိုတာ တစ်စက် တလေတောင်မှ တွေ့တော့မှာ မဟုတ်ပါဘူးကွယ်”

ဝင်းတံခါးကိုပင် မမြင်ရတော့သော နေရာသို့ရောက်သော အခါ ကြွေသည် ငြိမ်သက်စွာ ရပ်လိုက်ကာ ကျွန်တော်၏ လက်ကို အလျင်စလို ဖိကိုင်လိုက်သည်။

‘မနက်ဖြန် လာဦးနော်’

ကျွန်တော်သည် စိတ်အနှောင့်အယှက်ဖြစ်ကာ ကိုယ့်ကိုယ်ကိုရော သူများကိုရော မကျေမနပ်နှင့် တစ်ကိုယ်တည်း နေရမည် ကို ကြောက်နေသည် ကျွန်တော်ပင်လျှင် ကြယ်ကြွေသည်ကို မကြည့်ဝံ့တော့။

‘ကျွန်တော်နဲ့ နည်းနည်းနေပါဦး ကြွေရယ်၊ နော် နော်’

ကျွန်တော်သည် ကြွေကြွေစိုးကို ချစ်မိနေပြီ။ ကြွေ ကျွန်တော့်ကို လာတွေ့တာ၊ နှုတ်ဆက်ဖို့ စောင့်နေတာ။ ကျွန်တော့်အား ကြင်နာသော နှစ်သက်မြတ်နိုးသော အကြည့်ဖြင့် ငေးကြည့် နေတာတွေကို ချစ်မိနေပြီ။ သူမ၏ ဖျော့တော့သော မျက်နှာ၊ သေးသွယ်သော လည်တိုင်နှင့် လက်မောင်းအိုး၊ သူမ၏ နူးညံ့သိမ် မွေ့မှု၊ သူမ၏ ပျင်းရိမှု၊ သူမ၏ စာအုပ်များသည် ကျွန်တော့်အား ဆွဲငင်တော့သည်။ သူမ၏ စိတ်နေစိတ်ထားက ကောဗျာ၊ ဦးနှောက် ကတော့ သိပ်အစမကောင်းဟု သံသယ

ဖြစ်မိသည်။ သူမ၏ သဘောထား ကြီးမှု၊ အမြင်ကျယ်မှုကိုတော့ နှစ်သက်မြတ်နိုးမိသည်။ ချီးကျူးမိ သည်။ ကျွန်တော်က မကြိုက် သော၊ ခက်ထန်သော အလှအပမှာ ဝေဝေစိုးနှင့် ခြားနားစွာ တွေးတောတတ်သော ကြွေ၊ ကြွေက ကျွန်တော့်ကို ပန်းချီ ဆရာအဖြစ် ကြိုက်သည်။ ကျွန်တော် ၏ အနုပညာက သူ့ အသည်းနှလုံးကို အောင်ပွဲရလိုက်ခြင်း ဖြစ် ပေသည်။ ကျွန်တော် သည် တစ်ကိုယ်တည်း သူမအတွက် ပန်းချီကားများကို ရမ္မက် ကြီးစွာ ဆွဲချင်သော ဆန္ဒပြင်းပြနေမိသည်။ ကြွေကို ကျွန်တော်၏ ဘုရင်မ အဖြစ် စိတ်ကူး အိပ်မက်မက်နေမိသည်။ ကျွန်တော် သည် ကြွေ နှင့်အတူ ရှိနေသည်။ ဘုရင်မကလေး ကြွေသည် ဤရွာများ၊ လယ်ကွင်းများ၊ ဤနှင်းမြူ ဤညနေစောင်း၊ ဤ ဆည်းဆာအလှ တောက်ပမှုတို့ကို ပိုင်စိုးနေသူ။ ဤတော ကျေးလက်ရှုခင်း ကလေးကား သာ ယာပါဘိ။ လှပါဘိ။ ဤ ရှုခင်းအလယ်၌ ကျွန်တော့်မှာ တစ်ကိုယ်တည်း အနှစ်သာရ ကင်းမဲ့စွာ ရှိနေသည်ကို ခံစားရပေသည်။

"နည်းနည်းလေး နေပါဦးနော်၊ တစ်မိနစ် နှစ်မိနစ်ကလေး ပါကွာ" ဟု ကျွန်တော်က တောင်းပန်ထားရသည်။

ကျွန်တော်သည် ကျွန်တော်၏ ကုတ်အင်္ကျီကို ချွတ်ကာ သူမ၏ ချမ်းနေသော ပခုံးပေါ်သို့ ခြုံပေးလိုက်သည်။ ယောကျ်ား ဝတ်အင်္ကျီကြီး ခြုံရမှာ ရယ်စရာ အရုပ်ဆိုးဆိုးကြီး ဖြစ်နေမှာ စိုးသဖြင့် ကြွေသည် တခစ်ခစ်ရယ်မောကာ ဖယ်ပစ်နေသည်။ အစ်ကိုကလဲ၊ ကျွန်တော်သည် သူ့ကို လက်မောင်းဖြင့် ရစ်

ပတ်ကာ မျက်နှာ ပြင်ပေါ်သို့ အနမ်းမိုး ရွာချလိုက်မိသည်။ ပခုံးရော လက်ရောပင် မကျန်။

“မနက်ဖြန်လာဦးနော်’

သူမသည် ည၏ တိတ်ဆိတ်ခြင်းကို နှောင့်ယှက်မိမှာစိုးသဖြင့် သတိထားကာ တိုးတိုးသာသာကလေး ပြောနေသည်။

‘ကြွေတို့ထဲမှာ ဘာမှလျှို့ဝှက်တာဆိုတာ မရှိပါဘူးအစ်ကို။ အားလုံး မေမေရော၊ မမရော ပြောလိုက်မယ်။ ချစ်ချစ်ရယ်. . . ကြွေတော့ သိပ်ကြောက်တာပဲကွာ၊ မေမေကတော့ဟုတ်တယ်။ မေမေက ကြွေ့ကို သိပ်ချစ်တာ၊ ဒါပေမယ့် မမဝေကတော့’

သူမသည် ဝင်းတံခါးဆီသို့ ပြေးထွက်သွားလေပြီ။

‘ပြန်တော့နော်’ ဟု ကြွေက ငိုသံဖြင့် လှမ်းပြောသွားသေးသည်။

တစ်မိနစ် နှစ်မိနစ်ခန့် ကြာအောင်ပင်ကျွန်တော်သည်ခြေသံများ ဝေးသွားသည်အထိ ရပ်ကာ နားထောင်နေမိပေသည်။ ကျွန်တော်သည် အိမ်မပြန်ချင်သေး။ ကျွန်တော်သည် အတန်ကလေး လေးလေးနက်နက် တွေးတောရင်း ရပ်နေမိသည်။ ထို့ နောက် သူနေသော အိမ်ကြီးကို နောက်တစ်ခေါက် ငေးကြည့်ရင်း လေးဆေးစွာ ခြေလှမ်းခဲ့သည်။ ချစ်စွာသော၊ အပြစ်ကင်းသော အိမ်ဟောင်းကြီး ထပ်ဆင့်ဘုံ အမိုးအောက်မှ ပြတင်းပေါက်များမှာ မျက်လုံးကြီးများကဲ့သို့ ကျွန်တော့်အား ငုံ့ကြည့်နေကြသည်။ မျက်လုံး များက အားလုံးကို သိနေသလို။ ကျွန်တော်သည် ဝရံတာဘေးမှ ဖြတ်သန်းကာ ကြက်တောင်

ရိုက်ကွင်းအနီး မှောင်မှောင် မည်းမည်း မိုးမခပင်အို အောက်ရှိ ထိုင်ခုံမှာ ထိုင်နေမိသည်။ ဤနေရာမှ အိမ်ကြီးကို ငေးကြည့်နေမိပေသည်။ အမိုးနှစ်ထပ်နှင့် အိမ်ကြီး၏ ပြတင်းပေါက်တစ်ခု၊ ကြွေနေသော အခန်းမှ ပြတင်းပေါက်၊ မီးရောင်တစ်ခု တောက်ဝင်းဖြာကျနေသည်။ တစ်စုံတစ်ယောက်က မီးမှန်အိမ်ကို အစိမ်းရောင်အုပ်ဆောင်းဖြင့် အုပ်လိုက်သဖြင့် စိမ်းရင့်ရင့် အရောင်ထွက်လာသည်။ အရိပ်များ လှုပ်ရှားနေ၏။ ကျွန်တော်၏ရင်မှာ ချစ်ခင်ကြင်နာခြင်း၊ တည်ငြိမ်ခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်းများဖြင့် ဝေလျှံလာသည်။ ကျွန်တော်သည် ချစ်နိုင်စွမ်း ရှိပါတကားဟု ခံစားသိရှိကာ ကြည်မောရွှင်ပျမိသည်။ တစ်ချိန် တည်းမှာပင် ကြွေနှင့် မလှမ်းမကမ်းရှိ အခန်းတစ်ခန်း၌ ဝေဝေစိုး ဆိုသော သူငယ်မရှိနေပါတကား ဟူသောအတွေးက ကျွန်တော့်ကို သောကရောက်စေသည်။ ကျွန်တော်မကြိုက်သော၊ ပြောရရင် မုန်းတီးရွံရှာသော ဝေဝေစိုး မဟုတ်လား။ ကျွန်တော်သည် နားကို စွင့်ထားကာ ကြွေများ ပေါ်လာမလားဟု ထိုင်စောင့်နေမိသေး သည်။ အမိုးနှစ်ထပ် အိမ်ကြီးထဲ၌ စကားသံ များကိုပင် ကြားနေသည်ဟု အောက်မေ့မိပေသည်။

တစ်နာရီခန့် ကုန်လွန်သွားပေပြီ။ အစိမ်းရောင်မီးသည် ငြိမ်သွားကာ အရိပ်များ လှုပ်ရှားသည်ကို မမြင်ရတော့။ လဝန်းသည် အိမ်ခေါင်မိုးပေါ်၌ ရောက်ရှိနေကာ အိပ်စက်နေသော ခြံကြီးနှင့် လူသွားလမ်းများကို ဝင်းပလိုက်သည်။ အိမ်ကြီးရှေ့ရှိ ဒေလီယာနှင့် နှင်းဆီပန်းများသည် ပြတ်သားစွာပေါ်

နေကြသည်။ သို့သော် သူတို့ အရောင်များကတော့ အတူတူ။ လရောင်လည်း မသဲကွဲ၊ တော်တော် အေးလာပေပြီ။ ကျွန်တော် သည် လမ်းပေါ်မှ ကုတ်အင်္ကျီကိုကောက် ယူကာ ခြံကြီးထဲမှ ထွက်ပြီး အိမ်ပြန်လာခဲ့ပေသည်။

နောက်တစ်နေ့ ကျွန်တော် ကြွေတို့အိမ်သို့သွားသော အခါ ခြံဘက်သို့ဆင်းသော မှန်တံခါးကြီးမှာ ဖွင့်လျက်ရှိ သည်။ ကျွန်တော် သည် ကြွေများ ရုတ်တရက် ကြက်တောင် ရိုက်ကွင်းဘက်၌ ပေါ် လာမလားဟု စောင့်စားကာ ဝရံတာ၌ ထိုင်နေမိသည်။ ဒါမှမဟုတ် လူသွားလမ်းမှာများ တွေ့ရမလား။ အိမ်ထဲမှ သူ့အသံကို နားစွင့်နေ မိသည်။ ကျွန်တော်သည် ဧည့်ခန်းသို့သွားသည်။ ထို့ နောက် ထမင်းစားခန်းကြီးထဲသို့ သွားသည်။ ဘယ်သူမျှ မတွေ့။ ထမင်းစားခန်းမှ တဖန် ခန်းမ ကြီးသို့ သွားသော အခန်းကြား လမ်းကြားသို့ သွားသည်။ ထို့နောက် ပြန်ကွေ့လာသည်။ ဤလမ်းကြား၌ အခြားသော အခန်းများသို့ ရောက်နိုင်သော တံခါးများက ပွင့်နေကြ သည်။ အခန်းတစ်ခန်းမှ ဝေဝေစိုး၏ စကားသံ ကြားရသည်။

'ကျိုးကန်းသည် တစ်ခုသော တစ်နေရာ၌ ဒိန်ခဲပိုင်း တစ် ပိုင်း. . .'

သူမသည် သတ်ပုံခေါ်ပေးနေဟန် အသံကို အနိမ့်အမြင့် လုပ်ကာ ကျယ်လောင်ပြတ်သားစွာ ပြောလျက်ရှိပေသည်။

'ဒိန်ခဲတစ်ပိုင်းကို တွေ့ရလေသည်။ ကျိုးကန်းသည်. . . ဘယ်သူလဲ'

ကျွန်တော်၏ ခြေသံကို ကြားသဖြင့် ရပ်ကာ လှမ်းပြော လိုက် သည်။

'စံမိုးပါ'

'ဩော်. . ခွင့်လွှတ်ပါနော်၊ ရှင့်ဆီ ကျွန်မ မလာနိုင်သေးဘူး။ ဒီမှာ သူဇာ့ကို သတ်ပုံ ခေါ်ပေးနေရတယ်'

'အဒေါ် ဒေါ်မင်းယာကော ခြံထဲမှာရှိလား'

'မရှိဘူးရှင့်၊ မေမေကော ညီမလေးကော မနက်စောစော ကတည်းကပဲ ကျွန်မအဒေါ်ဆီ သွားလည်ကြတယ်။ အဒေါ်က ကျိုင်းတုံမှာ၊ ဆောင်းကျရင်လဲ နိုင်ငံခြား သွားကြလိမ့်မယ်'ဟု အသံ ခဏရပ်နေရာမှ . . .

"ကျီးကန်းသည် တစ်ခုသော တစ်နေရာ၌ ဒိန်ခဲအပိုင်း တစ်ပိုင်းတစကို တွေ့ရလေသည်။ ကဲ. . . ရေးချတော့"

ကျွန်တော်သည် ခန်းမကြီးထဲသို့ သွားကာ ရပ်နေမိသည်။ ရေကန်နှင့် အဝေးရှိ ရွာဘက်သို့ အဓိပ္ပာယ်မရှိ ငေးကြည့်နေစဉ် ကျွန်တော်၏ နားက သတ်ပုံခေါ်သံ၏ တိုက်ခိုက်ခြင်း ကိုခံနေရ သည်။

"ကျီးကန်းသည် တစ်ခုသော တစ်နေရာ၌ ဒိန်ခဲအပိုင်း တစ်ပိုင်းကို တွေ့ရလေသည်"

ကျွန်တော်သည် ပထမဆုံး ဤအိမ်ကြီးသို့ ရောက်ခဲ့သော လမ်းမကြီးမှ ထွက်လာခဲ့ ပေသည်။ သို့သော် ဆန့်ကျင်ဘက် ကြည့်က အိမ်မျက်နှာစာ မြက်ခင်းမှ ဥယျာဉ်ထဲသို့ အိမ်ကြီးကို ဖြတ်သန်း၍ လာခဲ့သည်။ သံပုရာပင်တန်းအထိ. .။ ဤနေရာသို့ ရောက်သောအခါ ကောင်လေးတစ်ကောင်က ပြေးလိုက်

လာကာ ကျွန်တော့်အား စာကလေးတစ်စောင် လာပေး သည်။

'ကြွေက မမကို အကုန်လုံး ပြောပြလိုက်တယ် အစ်ကို၊ သူက အစ်ကိုနဲ့ ခွဲရမယ်တဲ့။ သူ့စကားကို နားမထောင်ရင် မမ ဝမ်းနည်းမှာကို ကြွေမကြည့်နိုင်ဘူး။ ကြွေ့မှာ အဲသလောက် နှလုံး က မကောင်း ဘူး။ အစ်ကို ပျော်ရွှင် အောင် ဘုရားသခင်က စောင်မတော်မူပါ။ ကြွေ့ကိုလဲ အစ်ကိုခွင့်လွှတ်ပါနော်၊ မေမေနဲ့ ကြွေတို့ ဘယ်လောက် မျှားငိုနေကြတယ်ဆိုတာ အစ်ကိုသိရင်. . ' ဟု စာထဲတွင် ပါသည်။

ထို့နောက် ရွက်မျှင် ထင်းရှူးပင်လမ်း၊ ကျိုးပဲ့ပျက်စီးနေ သော သံတန်း၊ ထို့နောက် လယ်ကွင်းကြီး၊ မုယောစပါးဖြင့် ဖုံး စည်သော၊ ရွှေဝါငှက် တေးသီသော လယ်တောတွင် နွား များ လှည့် လည်ကာ၊ မြင်းများက ဘောက်ဆတ်ဆတ်သွား နေကြသည်။ တောင်စောင်းတွင်ကား ဆောင်းသီးနှံတို့က စိမ်းနေပေသည်။ ဘာမျှ မဆန်းသစ်သော ပျင်းရိဖွယ် နေ့စဉ် တွေ့နေကျ စိတ် အခြေအနေ က ကျွန်တော့်ကို ဖုံးလွှမ်းလိုက် သည်။ ကျွန်တော်သည် ကြွေဝေတို့ အိမ်ကြီး၌ ပြောခဲ့သမျှကို ရှက်နေမိသည်။ ဘဝသည် ငြီးငွေ့ဖွယ်ရာ ကိစ္စ တစ်ရပ်ဖြစ်လာ ပြနပေပြီ။ အိမ်ပြန်ရောက်သောအခါ ကျွန်တော်သည် အထုပ် အပိုးပြင်ကာ သည်ညမှ၌မန္တလေးမြို့တော်သို့ ထွက်လာခဲ့ ပေသည်။

ကျွန်တော်သည် သည်ကတည်းက ကြွေဝေတို့ကို မတွေ့ရတော့ပေ။ မကြာသေးခင်က ကျွန်တော် ရခိုင်ပြည်ဘက်သို့ ထွက် အလာ မီးရထားပေါ်၌ ကိုဟသ်ာနှင့် ဆုံမိသည်။ သူသည် ယခင် ကအတိုင်းပင် တောသားဝတ် အပေါ်အင်္ကျီ ခပ်ဖားဖား၊ ပန်းပွင့် ထိုးထားသော ရှပ်နှင့်ပင်။ ကျွန်တော်က သူ့အား 'ဘယ့်နှယ့်လဲ' ဟု မေးသောအခါ 'နေကောင်းပါတယ်၊ ခင်ဗျားဆုတောင်းမှု ကြောင့် ဆိုပါတော့' ဟု ဖြေသည်။ ကျွန်တော်တို့ စကားပြောဖြစ် ကြသည်။ သူသည် ယခင်မြေကြီးကို ရောင်းချလိုက်ကာ အသစ် ပြန်ဝယ်သည်။ ယခင်ကထက် သေးသေး။ မြကေသီနာမည်နှင့် ထားသည်။ ကြွေဝေတို့အကြောင်းကိုတော့ သူလည်း ကောင်းစွာ မပြောပြတတ်။ မဝေဝေစိုးက ဤအိမ်ကြီးမှာပင် နေထိုင်ကာ ရွာကျောင်း၌ စာသင်လျက်ရှိသည်။ သူမသည် တဖြည်းဖြည်း သူမ၏ အယူအဆနှင့် ကိုက်ညီသူများကို ဝိုင်းဝန်းလာအောင် ကြံဖန်လုပ်တတ်ကာ အစုအဝေးတစ်ခု ဖြစ်ပေါ်စေပြီး စိမ်းမြရိပ်နောက်ဆုံးအစည်းအဝေး၌ အရင်က ထိုဒေသ တစ်ခုလုံးကို သူ့ လက်ထဲထည့်ထားခဲ့သူ ကော်မတီဥက္ကဋ္ဌ ဦးဝေလင်းကို အပြတ် နိုင်လိုက်ခဲ့ကြသည်။ ကြွေကြွေစိုးနှင့် ပတ်သက်၍ သူသိတာကတော့ ကြွေကြွေစိုးသည် အိမ်ကြီးမှာမနေတော့။ ဘယ်ရောက်သွားသလဲ ဆိုတာလည်း မသိ။

ကျွန်တော်သည် အမိုးဘုံဆင့် နှစ်ထပ်နှင့် အိမ်ကြီးကိုမေ့ပျောက်စ ပြုလာပေပြီ။ သို့သော် တစ်ခါတစ်ရံ ပန်းချီဆွဲနေစဉ်၊ စာဖတ်နေစဉ်၊ အကြောင်းထင်ရှားမရှိဘဲ သတိရနေသည်။

www.burmeseclassic.com



ကား၊ ပြတင်းပေါက်မှ မီးအိမ်ရောင်အစိမ်း၊ ညကြီး၌ လယ်ကွင်းမှ ပဲ့တင် ရိုက်ခတ်နေသော ကျွန်တော်၏ ခြေသံများ၊ ထိုညက အိမ်အပြန် အချစ်စိတ်ဝေလျှံရင်း အေးသဖြင့် လက်များကို ဖန်တလဲလဲ ပွတ် နေရခြင်းများ၊ တစ်ယောက်တည်း အဖော်မဲ့နေသည့်အခါ၊ ဆွေး လျနေသောအခါ၊ တစ်ခါ တစ်ရံမှာ သတိရနေသည်။ မှုန်မှုန်မွှားမွှား အောက်မေ့ချက်များက ပေါ်လာရသည်။ ကျွန်တော့်ကိုလည်း သတိရပေလိမ့်မည်။ ကျွန်တော့်ကို စောင့်စားနေရှာရော့မည်။ နှစ်ယောက်တွေ့ဆုံကြဦးမည်ဟု ခံစားနေရပေသည်။

ကြွေ. . . မင်းဘယ်မှာလဲကွယ်. . .။

*　　*　　*

[Anton Chekhov ၏ The house with the mansard an artist's story (၁၈၉၆) မှ ]

ဒဂုန်တာရာ